www.burmeseclassic.com

PUBLISHED BY VIEW

# ပျူး

# ကလီယိုပက်ထရာနဲ့ဒုန်းစိုင်းခဲ့တဲ့ည

BURMESE CLASSIC



Original Art
Mg Kaung Go

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၂၅၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၇၁၁၀၀၉
အဖုံးဒီဇိုင်း - Idea Kyaw & Kyaw Oo
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ မတ်လ၊
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဗျ
ကလီယိုပက်ထရာနဲ့ဒုန်းစိုင်းခဲ့တဲ့ည/ဗျ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၉၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကလီယိုပက်ထရာနဲ့ဒုန်းစိုင်းခဲ့တဲ့ည

## အခန်း (၁)

"မင်း အသေအချာ စဉ်းစားပြီးပြီလား ဝသုန်"

မယ်မရဲ အကြည့်တွေနှင့် သူ့ကိုကြည့်ရင်း ကိုစိုးလွင် ထပ်မေးသည်။ သူ တည်ငြိမ်စွာပဲ ကိုစိုးလွင် မျက်ဝန်းတွေကို ရင်ဆိုင်ကြည့်ပြီး ပြတ်သားစွာ ခေါင်းညိတ် ပြသည်။

"ဟုတ်တယ် ကျွန်တော် ဆုံးဖြတ်ပြီးပြီ ကိုစိုး"

သူ့ခြေလှမ်းတွေ ရေကူးကန်ဘက်ဆီ ရွေ့လှမ်းတော့ ကိုစိုးလွင် မီးသေးကေ အရိပ်လို ကပ်ပါလာသည်။

ကြည်လင် ပြာလဲ့နေသော ကန်ရေပြင်ကို ကြည့်ကာ သူ အသက် ရပ်ငေးနေတော့

www.burmeseclassic.com



"ရေထဲ မဆင်းနဲ့ဦး အေးနေသေးတယ် ဝသုန်"

ကိုစိုးလွင် စကားကို နားခံစွာ သူ ကန်သောင်လေးမှာပဲ ဝင်ထိုင်လိုက်သည်။ ကိုစိုးလွင်ကလည်း သူ့နံဘေးမှာ ဝင်ထိုင်၏။

မိုးငွေ့မကင်းသော ဆောင်းနံနက်ခင်း၏ ရာသီဥတုက အေးစိမ့်စိမ့်။ ဒါပေမဲ့ မနက်ခင်းတိုင်း ရေကူးနေကျ သူကတော့ ပခုံးပေါ် သဘက်တင်ကာ ဘောင်းဘီတိုလေးနှင့် ရေကူးကန် နံဘေးရောက်နေသည်။

"ကြွယ်ဝချမ်းသာမှုနဲ့ ဥပေက္ခာကြားက အထီးကျန်ခြင်းဆိုတာကို ကိုစိုး နားလည်နိုင်လိမ့်မယ်လို့ ထင်တယ်ဗျာ"

"အေးစိမ့်စိမ့် ဖြစ်နေတာကို နေပူစာမလှုံတဲ့ ရေကူးကန်ဘက် မင်း ဆင်းလာကတည်းက မင်းရင်ထဲက အပူတွေကို ငါ နားလည် ခံစားနိုင်ပါတယ် ဝသုန်"

ကိုစိုး စကားကို သူလှောင်သလို တစ်ချက်ပြုံးရင်း

"ခင်ဗျားလည်း အမိန့်နာခံနေရတဲ့ လူတစ်ယောက်ပဲ မဟုတ်လား ကိုစိုးလွင်"

မျက်လုံးတွေပင့်ပြီး ကိုစိုးလွင် စိုက်ကြည့်သည်။ နှုတ်က ဘာ ဖြေရှင်းချက်မှ မပေးသေးဘဲ ပင့်သက်ရှိုက်လိုက်တာကို သူ မသိချင် ယောင်ဆောင်နေလိုက်ရင်း

"ဂုဏ်ဓနတွေ စည်းစိမ်ချမ်းသာတွေ အခြွေအရံတွေနဲ့ မင်း





သဝ ပြည့်စုံနေတာပဲလို့ မဖြေသိမ့်ပါနဲ့ဗျာ၊ ဟောဒီ 'စိန်မြရံခြယ်'စံအိမ်ကြီးထဲမှာ အရာရာ ပြည့်စုံပေမယ့် ကျွန်တော့်အတွက်တော့ အထီးကျန်လှောင်ပိတ်ခံနေသလို ခံစားနေရတယ်၊ ကိုစိုးတောင်မှ ဒီကျဉ်းကြပ်မှုတွေထဲက ရုန်းမထွက်နိုင်တာ ဆယ့်ငါးနှစ်ကျော် ကြာပြီမဟုတ်လား"

သူ ပြောသမျှ ငြိမ်သက်စွာ နားထောင်နေသည့် ကိုစိုးလွင် မှာလဲ့နေသော ကန်ရေပြင်ထဲကို အဓိပ္ပါယ်မဲ့ ငေးကြည့်နေရင်းမှ

"အင်း မင်း သုံးတန်းနှစ်အရွယ်ကတည်းက မင်းအနားမှာ အတူနေပြီး မင်းကို စောင့်ရှောက်ဖို့ ငါ အလုပ်လုပ်ခဲ့ရတာပဲလေ၊ အဲဒီတုန်းက မင်းထက် ငါ ခြောက်နှစ်ကျော်လောက် ကြီးတဲ့ ငါ့အတွက်တော့ မိသားစုဘဝဆိုတာကို ခံစားတတ်တဲ့ အရွယ်ရောက်နေပြီ၊ မိသားစုအတွက် အလုပ်လုပ်ခဲ့ရတာကို ငါ ပျော်လည်းပျော်တယ်၊ ဂုဏ်လည်း ယူခဲ့မိတယ်ကွ၊ ပြောရရင် ငါ အရမ်းကံကောင်းတယ် ထင်ခဲ့တာပေါ့၊ သန့်ရာတန်ကြေးထက် ပိုရတဲ့ လစာကြောင့် ငါ့ မိသားစုတွေလည်း အဆင်ပြေခဲ့တာ အမှန်ပဲ"

"အခုကော ဒီဘဝကို ခင်ဗျား ပျော်နေသေးသလား ကိုစိုး"

ဖြတ်မေးလိုက်သော သူ့စကားကြောင့် ကိုစိုးလွင် မျက်ဝန်းတွေ ညှိုမှိုင်းသွားခဲ့သည်။ ပြီးမှ နှုတ်ခမ်းတွေ တွန့်ကာ ပြုံးသည်။

"အင်း အခုတော့ နာတာရှည်ရောဂါသည် အဖေ့ကို မပြုစု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလို သေတော့လည်း ရက်လည်တောင် နေမပေးခဲ့ရတဲ့အတွက် စတွေးမိတိုင်း ငါ စိတ်မကောင်းဘူး။ ပြီးတော့ ကျန်ရစ်ခဲ့တဲ့ အမေနဲ့ညီမလေးနှစ်ယောက်ကို အနီးကပ် မစောင့်ရှောက်ပေးနိုင်လို့ တာဝန်မကျေသလို ငါ့စိတ်ထဲမှာ ခံစားနေရတယ်ကွာ''

ရင်ထဲက ခံစားချက်တွေကို ရိုးသေစွာ ဝန်ခံနေသည်။ ကိုစိုးလွင်ကို သူ နားလည်စာနာစိတ်စွာ ငေးစိုက်ကြည့်နေခဲ့မိသည်။ တကယ်ဆို ကိုစိုးလွင် ဘဝသည် သူ့အနားမှာ အရိပ်လိုပဲ ပေးဆပ်ရှိခဲ့တာ ဘဝသက်တမ်း တစ်ဝက်နီးပါးရှိခဲ့ပြီ။

"အဲဒါတွေအားလုံး ကျွန်တော့်ကိုပဲ စောင့်ရှောက် ဂရုစိုက်စေချင်တဲ့ မာမီကြောင့်ပဲ မဟုတ်လား''

''အဲဒီလို တစ်ဖက်တည်းကြည့်ပြီး ပြောလို့မရဘူး ဝသုန်၊ အန်ဇီက ငါ့ကို ထိုက်ထိုက်တန်တန် လစာပေးထားတယ်၊ ငါ့မိသားစုကို ထောက်ပံ့ပေးထားတယ်၊ ပြောရရင် ငါ့အဖေ လက်ထက်ကတည်းကဟောဒီ 'စိန်မြရုံခြယ်' စံအိမ်ကြီးမှာ အလုပ်လုပ်ခဲ့တာ ကျေးဇူးတရားတွေက ဆပ်မကုန်ဘူးလေ''

အကြိမ်ကြိမ် ကြားဖူးပြီးသော ဓာတ်ပြားဟောင်းကြီးကို ကိုစိုးလွင် ဖွင့်နေပြန်သည်။ သူ စိတ်ပျက်သလို ခေါင်းကို ခါရမ်းရင်း

"လောကကြီးမှာ ငွေကြေးဓနက အရေးကြီးနေသလားဗျာ"





ကိုစိုးလွင် သူ့ကို ကြည့်သည့် မျက်ဝန်းတွေထဲမှာ အရိပ်တွေကို သူမြင်နေသည်။ လောကကြီးအကြောင်း မင်း နားမလည်နိုင်သေးဘူး ဝသုန်လို့ ကိုစိုး ပြောချင်နေသည်လား။

"လူတစ်ယောက် ဘဝရှင်သန် ရပ်တည်ဖို့ ငွေကြေးကလည်း အင်အားတစ်ခုပဲ ဝသုန်၊ ငါတစ်ယောက်တင် မကဘူး ငါ့ကိုမှီခိုနေတဲ့ အမေနဲ့ ညီမလေး နှစ်ယောက်ရဲ့ ပညာရေး အဲဒါတွေအတွက် ငါ့ဘက်က တစ်ခုတော့ ဆုံးရှုံးခံရမှာပေါ့၊ သေချာတာက အန်တီ ဒေါ်စိန်မြလှိုင်ရဲ့ အမိန့်တွေကို ငါ မလွန်ဆန်ရဲတာ အမှန်ပဲ''

စူးစူးရှရှ မျက်ဝန်းတွေနှင့် အေးစက်မာကျောစွာ ပြောဆိုတတ်သည့် မာမီရဲ့ အမိန့်တွေကို သူလည်း လွန်ဆန်နိုင်ခဲ့တာမှ မဟုတ်တဲ့လေ။ ကိုစိုးလွင်နှင့် စိန်မြရုံခြယ် အရိပ်မှာရှိနေသည့် အလုပ်သမားတွေဆို ဝေလာဝေး။

ဒါပေမဲ့

''ကျွန်တော်ကတော့ ဒီနေ့ကစပြီး ဒီဘဝကြီးကို လွန်ဆန်ဖို့ ဆုံးဖြတ်ထားပြီးပြီ ကိုစိုး''

သူ့ ဆုံးဖြတ်ချက်ကို ကြားစက ကိုစိုးလွင် အံ့ဩထိတ်လန့်သွားခဲ့ဖူးပြီ။ အခုတော့ သိပ်မထူးဆန်းတော့သလို သူ့ကို မမှိတ်မသုန် ငေးကြည့်နေရုံမျှသာ။ ပြီးမှ သူ့ပခုံးကို ဖွဖွကလေး သိုင်းဖက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မြေခဲ့တဲ့ မင်းက ကြင်တော်းတဲ့ ဘဝတစ်ခုမှာ ဘယ်အချိန် ထိ နေချင်မှာလဲ ဝသုန်၊ စိတ်ကူးယဉ်ချင်တယ်ဆိုရင် မင်းစမ်းသပ်ကြည့် ပါ၊ ငါတို့ မင်းဆန္ဒကို မတားရက်ပါဘူးကွာ"

ကိုစိုးလွင် စကားကို နားထောင်ရင်း သူ့မျက်ဝန်းထဲမှာ အရိပ် ထင်လာသော ပုံရိပ်လေးကို မြင်ယောင်လာမိသည်။

အဆီပြန်ပြီး ဝင်းမွတ်နေသော မျက်နှာလေးက အပြစ်ဆိုစရာ မရှိအောင် လှပါသည်။ ရုပ်နီညိုကွက်ကို တံတောင်ဆစ်အထိ ခေါက်တင် ပြီး ခြောင်လုံချည် အနက်ကို ခပ်တိုတို ဝတ်ထားသည့် သူမရဲ့ စတိုင်လ်။

စလွယ်သိုင်းထားသော လွယ်အိတ်ကို ကျောအနောက် လွှဲပစ် ရမ်းပြီး စူးစူးရဲရဲ မျက်ဝန်းတွေနှင့် စိုက်ကြည့်သည့် ဟန်လေးက သူ့ အာရုံထဲက ဖျောက်မရသော ပုံရိပ်ကလေး ဖြစ်ခဲ့သည်။

"အဲဒီ ကောင်မလေးရဲ့ မျက်ဝန်းတွေကို ကျွန်တော် အရမ်း အားကျတယ်ဗျာ၊ အဲဒီ မျက်ဝန်းတွေထဲက အရိပ်တွေနဲ့ ဘဝလေးထဲကို ဝင်ပြီး ကျွန်တော် အတွေ့အကြုံ ရှာချင်တာဗျ"

"ဒါဆိုရင်လည်း အဲဒီကောင်မလေးကို မင်းရဲ့ကမ္ဘာမှာ အလုပ် ခန့်ပြီး"

"နိုး နိုး"

ကိုစိုးလွင် စကားတို့ အဆုံးမသတ်ခင် သူ လက်တကာကာနှင့်





ငြင်းဆိုတားမြစ်ရင်း ထရပ်မိသည်။

"ပန်းချာတစ်ပုဒ် အဲဒီလောက် လွယ်နေရင် ဘာဖြစ်လို့ စာမေးပွဲ စစ်နေတော့မလဲဗျာ၊ ကျွန်တော် အဲဒီကောင်မလေးကို စိတ်ဝင်စားတာ သက်သက် မဟုတ်ဘဲ သူ့ရဲ့ဘဝလေးကို မြင်တွေ့ချင်တာ၊ လွတ်လပ်တဲ့ ဆင်းရဲသားဘဝရဲ့ အရသာကို ခံစားကြည့်ချင်တာ၊ ကျွန်တော့်ဘဝရဲ့ ကျဉ်းကြပ်မွန်းနစ်နေမှုတွေနဲ့ ဘယ်လောက် ကွာခြားသလဲလို့"

"လှောင်ပိတ်နေတဲ့ ဘဝချင်းအတူတူ အသက်ရှူချောင်ဖို့ စဉ်းစားပါလား ဝသုန်ရာ"

"ကျွန်တော့်ဆန္ဒကို မတားပါနဲ့ဗျာ စိတ်ချ၊ ကိုစိုးလွင်တို့တွေ နာကျင်ရောက်အောင် ကျွန်တော် မလုပ်ပါဘူးလို့ ကတိပေးထားတာပဲ ယုံစမ်းပါ"

ပြောရင်း ပခုံးပေါ်က မြှလွှာသဘက်ကို ခွဲဖယ်တော့ ကိုစိုးလွင် အလိုက်တသိ လက်လှမ်းကာ လှမ်းယူသည်။

အပြာစင်း ဘောင်းဘီတိုလေးနှင့် ဗလာကျင်းနေသော ကျစ်လစ် သည့် ခန္ဓာကိုယ် အချိုးအဆစ်က မြင့်မားသည့် အရပ်အမောင်းနှင့် လိုက်ဖက်ပါသည်။

ကန်ပေါင်လေးအတိုင်း တစ်လှမ်းချင်း လျှောက်သွားသည့် မင်းစက်ဝသုန်ကို ကိုစိုးလွင် ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးယယ်စဉ်ကတည်းက အနားမှာ အရိပ်လို သူ စောင့်ရှောက်ထားခဲ့ရသော မင်းစက်ဝသုန်သည် ယောကျ်ားပီသ ရင့်ကျက်သော အရွယ် ရောက်နေပြီပဲ။

ဒါပေမဲ့

မိခင်ဖြစ်သူ၏ ထိန်းချုပ်မှု အရိပ်အောက်က မလွတ်ကင်းနိုင်သေးပါ။

ဒိုင်ဗင်ဘုတ်ပြားလေးပေါ်မှာ ခြေစုံရပ်ပြီး ကိုယ်ကို ကိုင်းညွတ်ကာ အရှိန်ယူသည်။ ပြီးတော့ လေထဲမှာ လှပစွာ တစ်ပတ်ကျွမ်းထိုးလိုက်သည့် မင်းစက်ဝသုန်ကို သူ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသေး။

ကန်ရေပြင်ထဲမှာ လှပစွာ နစ်မြုပ်သွားပြီးတော့ ကူးခတ်သွားပုံက တကယ် ကြည့်ကောင်းသည်။

ရေပြင် ပြာလဲ့လဲ့ထဲမှာ ဝါဝင်းသော မင်းစက်ဝသုန် အသားအရည်က ထင်းရှင်းနေ၏။

စိန်မြရံခြယ် စံအိမ်ကြီးရဲ့ အရှင်သခင် ဖြစ်လာမည့်သူ။

ဒေါ်စိန်မြလှိုင်ရဲ့ တစ်ဦးတည်းသော မျိုးဆက်။

အောင်မြင်နေသော စီးပွားရေး ကုမ္ပဏီကြီး သုံးခုကို ပိုင်ဆိုင်အမွေ ဆက်ခံခွင့်ရရှိထားသူ မင်းစက်ဝသုန်။

အရာရာ ပြီးပြည့်စုံသော မင်းစက်ဝသုန်ဘဝမှာ အကြီးမားဆုံး





သော တောင့်တမှုတစ်ခု ဆုံးရှုံးခဲ့ရတာ သူပဲ အသိဆုံး။

ဖခင်ဖြစ်သူ ဦးဝသုန်မိုးက ဝသုန် ငါးနှစ်သားပင် မပြည့်သေးခင်မှာ တိမ်းပါးသွားခဲ့သည်။

မိခင် ဒေါ်စိန်မြလှိုင်က ကျန်ရစ်ခဲ့သော စီးပွားရေးလုပ်ငန်းတွေကို အခြေမပျက် ဆက်ပြီး ဦးစီးသည်။

'စိန်မြရံခြယ်'ရဲ့ ဂုဏ်သိက္ခာနှင့် မျိုးရိုးကြီးမြတ်အောင် မိန်းမသားတန်မဲ့ ရုန်းကန်ရသည့် ဘဝက လွယ်ကူလှသည်တော့ မဟုတ်။ အားလုံးကို တွက်ဆချင့်ချိန်ပြီး မှဆိုးဖို ဦးနန်းမြင့်ဇော်ကို ဒေါ်စိန်မြလှိုင် လက်ထပ်ခဲ့ခြင်းဟု သူတို့ နားလည်နိုင်ခဲ့သည်။

ဒါတွေကို ခံစားနားလည်နိုင်ဖို့အတွက် ရင့်ကျက်နိုင်ခဲ့သေးသူက ငယ်ရွယ်သေးသော မင်းစက်ဝသုန်ပဲ ဖြစ်သည်။

အထိန်းတော်တွေ အချီအရံတွေ ပြည့်စုံစွာဖြင့် ဘဝက ရွှေပေါ်မြတင်ရှိနေသည့်တိုင် ဝတ်မှတ်ခဲ့သည့် မိခင်ရင်ခွင်က ကင်းဝေးခဲ့သည်။

နောက်ပိုင်းမှာ ခင်ပွန်းနေထိုင်သည့် ရေခြား မြေခြားမှာ နေထိုင်ရင်း 'စိန်မြရံခြယ်'ကို တစ်နှစ်နေမှ တစ်ခေါက်၊ နှစ်ခေါက်သာ ပြန်လာတတ်သည့် အမေ့ရဲ့ ဥပေက္ခာတွေကို ဝသုန် ဘယ်လိုခံစားရမည်ဆိုတာလည်း သူ နားလည်စာနာပေးနိုင်ခဲ့ပါသည်။

နိုင်ငံရပ်ခြားမှာ ကုမ္ပဏီနှင့် ချိတ်ဆက်ပြီး မြန်မာပြည်က



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေကို ဦးဆောင်နေနိုင်သော

တစ်ဦးတည်းသော သားရဲ့ဘ၀ကို အဝေးမှ လိုလေသေးမရှိ ညွှန်ကြားစောင့်ရှောက်ပေးနိုင်သော ဒေါ်စိန်မြလှိုင်ရဲ့ အရည်အသွေးကို တော့ အားလုံး မငြီးငွေ့တ်ဘဲ မနေနိုင်ခဲ့ကြပါ။

"ကျွန်တော်လိုချင်တာ အဲဒါတွေ မဟုတ်ဘူး ကိုစိုး၊ မာမီရဲ့ မေတ္တာ၊ အကြင်နာနွေးထွေးမှုတွေ။ သွေးမတော် သားမစပ်ဘဲ လိုလေ သေးမရှိ ပြုစုပေးနေကြတဲ့ သူတွေဆီက နွေးထွေးမှုထက် မာမီ့ရဲ့ ရင်ခွင် ကို ကျွန်တော် ခံစားခိုလှုံ ကြည့်ချင်တာ၊ ဒါပေမဲ့ အဲဒါတွေ ကျွန်တော် ဘယ်တော့မှ မရနိုင်တော့ဘူးဆိုတာ သိပါပြီ၊ မာမီရဲ့ ပုံစံခွက်ထဲက စက်ရုပ်တစ်ရုပ်ဘ၀နဲ့ ကျွန်တော်ကိုယ်တိုင် နေထိုင်နေခဲ့ရပြီလေ၊ ဒီ မွန်းကြပ်မှု ကမ္ဘာကြီးထဲက ကျွန်တော် အဝေးဆုံးကို ထွက်သွားကြည့် ချင်တယ် ကိုစိုးရယ်"

ဝေဒနာ ခံစားချက်တွေနှင့် ရင်ဖွင့် ပြောခဲ့ဖူးသော မင်းစက် ဝသုန် စကားတွေကို သူ နားလည်ပေးနိုင်ခဲ့ပါသည်။

ဒါကြောင့်လည်း

မင်းစက်ဝသုန် တောင်းဆိုလာသည့်အခါ သူတို့အားလုံး သိုဝှက် စွာနှင့် ဒေါ်စိန်မြလှိုင် မသိအောင် ဖုံးဖိထားပေးဖို့ လွယ်ကူစွာ ခေါင်းညိတ် ခဲ့ကြပြီးပြီ။





မင်းစက်ဝသုန် အနီးမှာ ဆယ့်ငါးနှစ်ကျော် ဒေါ်စိန်မြလှိုင် ချမှတ်ပေးထားသည့် စည်းကမ်းတွေအတိုင်း စောင့်ရှောက်နေခဲ့ရသော သူနှင့် မင်းစက်ဝသုန် ကြားမှာ သံယောဇဉ်လည်း ညီအစ်ကို ရင်းချာတမျှ ရှိခဲ့ကြပါသည်။

ပိတ်လှောင်နေခဲ့သော ငှက်ငယ်တစ်ကောင်၏ လွတ်လပ်စွာ ပျံသန်းလိုမှုကို သူ နားလည်စွာ ခွင့်ပြုခဲ့မိသည်။

ထို့အတွက်

ဖြစ်လာသမျှကို ရင်ဆိုင်ဖို့လည်း သူ ဆုံးဖြတ်ပြီးပြီ။

ငါကိုယ်တိုင် ပိုင်ဆိုင်ခွင့် မရခဲ့ဘူးတဲ့ လွတ်လပ်မှုရနံ့တွေကို မင်း အားပါးတရ ရှူရှိုက်ခံစားကြည့်ပါ မင်းစက်ဝသုန်ရယ်...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘုန်း"

"ခလွမ်း"

"ချွမ် ဂွမ်း"

"ဟဲ့ ဟဲ့ အို ဘာဖြစ်လာပြန်ပြီလဲ သမီးရယ်"

စိတ်စေရာ ပစ်ပေါက်လွှတ်ချလိုက်မိ၍ သံစုံမြည်သွားသော ပစ္စည်းတွေကြောင့် အမေ မမြင်မစမ်းနှင့် ရာရာ အနားထိ လေးဘက်တွား ရွေ့လာသည်။

"မမရာကတော့ လုပ်ပြန်ပြီ၊ နေ့တိုင်း ပြဿနာနဲ့ မိတ်ဖွဲ့နေတာပဲ ဗျာ"

စားပွဲပုလေးမှာ ကျောင်းစာ လေ့ကျင့်ခန်းတွေ ထိုင်လုပ်နေ





သော မောင်လေး ကောင်းစံပါ အနားရွေ့လျောက်လာရင်း ပြောသည်။

"အလကား စိတ်တိုနေတာ မဟုတ်ဘူး။ ရိုးရိုးသားသား ရှာဖွေစားတာကို နှိမ်ချင် နိုင်စားချင်တဲ့ သူတွေကြောင့် ဟဲ့"

"ဒေါသတွေလျှော့ပြီး ဘယ်သူနဲ့ ဘာဖြစ်လာတာလဲ အမေ့ကို ပြောစမ်းပါဦး သမီးရယ်"

ဒေါသစိတ်ကို လေပွအဖြစ် မှုတ်ထုတ်လျှော့ချပစ်ရင်း အမေ့ကို တွဲထူကာ ပက်လက်ကုလားထိုင်လေးမှာ ထိုင်စေလိုက်သည်။ ပြီးမှ အမေ့ခြေရင်းမှာ ရာရာ ခြေပစ်လက်ပစ် ထိုင်ချမိ၏။

ရာရာ ပစ်ချထားသည့် လွယ်အိတ်လေးကို မောင်လေးက ကောက်ယူပြီး အိမ်တိုင်က သံမှိုလေးမှာ ချိတ်သည်။

မပြေသေးသည့် ဒေါသသံလေးနှင့် ရာရာကတော့ အမေ့ကို ရှင်းပြနေမိဆဲ။

"(...)လိုင်းကား စပယ်ယာလေ ဒရိုင်ဘာက ကွမ်းနှစ်ရာဖိုးယယ်လို့ ရာရာက ပိုက်ဆံတောင်းတော့ ရိသဲ့သဲ့နဲ့ အချင်းချင်းတွေပဲ တစ်ခါတလေ အလကားကျွေးပါလားတဲ့၊ မကျွေးနိုင်ဘူး ပြောပြီး ရန်တွေ့ခလို့ ကြိမ်နေတုန်း ဒရိုင်ဘာကပါ ပြောင်သလို နောက်သလိုနဲ့ ကားကို အတင်းမောင်းပြေးသွားတယ် အမေရဲ့၊ ခရီးသည်တွေ ပါနေလို့ပေါ့၊ မိုးသို့ အုတ်ခဲနဲ့ ကောက်ထုပစ်တယ် ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ရှင်းပြရင်း တစ်လမ်းလုံး တနုံ့နုံ့ဖြစ်လာတဲ့ ဒေါသက ပြန်တိုးလာတာမို့ ရာရာ အသံလေးပါ တုန်လာရသည်။

အမေက ရာရာ စိတ်ကို သိနေတာမို့ ရာရာ ဆံပင်တွေကို ညင်သာစွာ ပွတ်သပ်ပေးလိုက်ရင်း

"သမီးကလည်းကွယ် ကားနံပါတ်မှတ်မိနေတာပဲဥစ္စာ၊ ဒီနေ့ မပေး နောက်နေ့ ပေးမှာပေါ့"

"အာ အမေကလည်း ပြန်ရင်းဖို့နဲ့ အိမ်စားဖို့အတွက် ပိုက်ဆံ နှစ်ရာဆိုတာ ဘယ်လောက် လိုအပ်သလဲ အမေ သိရက်နဲ့"

တစ်ချိန်လုံး ငြိမ်နားထောင်နေသော မောင်လေး ကောင်းစံက

"မမရယ် ဒီလောက်ငွေနှစ်ရာ တန်ဖိုးရှိမှန်းသိရင် ဟိုတလော က သူဌေးကားနဲ့ တိုက်မိပြီး လျော်ကြေးတောင်းတော့ တန်ကြေးထက် ပိုတောင်းလိုက်ပါလားဗျ။ ဟိုက စေတနာနဲ့ ပိုပေးတာတောင် မမက ရန်တွေ့ပြီး ပြန်ပေါက်ပေးခဲ့တယ် မှတ်လား"

ကောင်းစံ စကားကြောင့် ရာရာ မျက်ဝန်းလေးတွေ စူးလက် သွားပြီး ဆတ်ခနဲ မော့ကြည့်သည်။

"အဲဒါ သူများပိုက်ဆံကို အချောင်မလိုချင်လို့ပေါ့ဟဲ့၊ သူတို့လို သူဌေးတွေ ကားကို မဆင်မခြင် မောင်း၊ တိုးမိတိုက်မိတော့ လျော်ကြေး ပေးရင် ရတယ်ဆိုတဲ့ စိတ် မဝင်အောင် ငါ ပညာပေးလိုက်တာဟဲ့





သိလား"

ကောင်းစံ ပခုံးလေးတွန့် နှာခေါင်းရှုံ့ပြရင်း

"ဟိုက သူတို့ပညာရသွားပါပြီ ခင်ဗျလို့ မမကို အော်ပြော သွားခဲ့လို့လား"

"ငါလေ နင်တော့ နာတော့မယ်"

ရာရာ လက်ရွယ်တုန်းပဲ ရှိသေး၏။ ကောင်းစံက လှစ်ခနဲ အနားက ပြေးထွက်ကာ အိမ်ခန်းထဲ ရောက်သွားသည်။

အမေက မောင်နှမနှစ်ယောက် စကားတွေ နားထောင်ပြီး ပြုံးစိစိ။

သားသမီးတွေရဲ့ ကိုယ်ကျင့်တရားအတွက် ဂုဏ်ယူပြီး ပြုံးနေ တာပဲ ဖြစ်နိုင်သည်လေ။

မောင်လေးကို မွေးပြီးကတည်းက မျက်လုံးကို တိမ်ကွယ်ကာ မျက်စိနှစ်လုံးစလုံး ကွယ်ခဲ့သော အမေ့မှာ ဒီသားနဲ့သမီးကိုပဲ အားကိုး တွယ်တာလာခဲ့ရသည်။

ရာရာတို့ မောင်နှမနှစ်ယောက်က သုံးနှစ်ကျော်ပဲ ကွာသည်။ မောင်လေး ကိုယ်ဝန်ကြီးမှာပဲ အဖေ ဆုံးတာမို့ အမေ့ခမြာ နေပူမိုးရွာ မရှောင် ဈေးဘမ်းခေါင်းရွက် ရုန်းကန်ခဲ့ရသည်။

အမေ့ဒုက္ခ ဆင်းရဲတွေကို မြင်နေသည့် ရာရာ ရှစ်တန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဖြစ်ဖော့တဲ့ အိမ်တာဝန်ကို ယူခဲ့မိသည်။

ဘဝရဲ့ တာဝန်ဝတ္တရားများစွာကို ရာရာ ငယ်စဉ်ကတည်းက စောစီးစွာ လက်ခံယူခဲ့ရခြင်း ဖြစ်သည်။

အမေရှိစဉ်တုန်းကတော့ မပြည့်စုံပေမယ့် စားဝတ်နေရေးအတွက် ရာရာ မပူပန်ခဲ့ရပါ။

မိသားစုအပေါ် တွယ်တာလွန်းသော အဖေသည် ပွဲရုံတစ်ခုမှာ ရှိးသားကြိုးစားပြီး မိသားစုကို ရှာဖွေကျွေးမွေးခဲ့သူ ဖြစ်သည်။

မောင်လေး ကောင်းစံ လောကကြီးထဲ ရောက်မလာခင် တိမ်းပါးခဲ့သော အဖေသည် ရာရာ ကိုတော့ သိပ်ချစ်ပါသည်။

မွေးကတည်းက အသားကလေး နုညက်ဝင်းစိုပြီး မျက်နှာမျက်လုံး လှပလွန်းသော ရာရာကို အဖေက ချစ်စနိုးနှင့် ကလီယိုပက်ထရာ မင်းသမီးလေးဟု အမြဲခေါ်ဝေါ်သည်။

အလှဘုရင်မ 'ကလီယိုပက်ထရာ' မင်းသမီးနှင့် နှိုင်းယှဉ်ကာ သမီးကို အဖေခေါ်သည့် ထိုနာမည်ကပဲ အတည်ဖြစ်သွားခဲ့သည်။

အားလုံးကတော့ ရာရာ ဟုပဲ ခေါ်ကြသည်။

အဖေ့ရဲ့ မေတ္တာတရားကို ပိုင်ဆိုင်ခဲ့ရဖူးသော ရာရာ မောင်လေးကို စာနာသနားမိသည်က မောင်လေးဘဝမှာ အဖေ့ရဲ့ မေတ္တာကို မပိုင်ဆိုင်ခဲ့ဘူးတာကြောင့် ဖြစ်သည်။





ဒါကြောင့်လည်း မောင်လေး ပညာရေးအတွက် ရာရာ ရုန်းကန်ကြိုးစားခဲ့သည်။ အဖမဲ့ မောင်လေးဘဝကို ရာရာ မျှော်လင့်မိသည်က တစ်နေ့ ပညာတတ်ကြီး ဖြစ်စေချင်၏။

ဒါ ရာရာရဲ့ ရင်ထဲက ဆန္ဒ။

"မမ ရေချိုးတော့လေ သား ထမင်းခူးထားလိုက်မယ်၊ ဗိုက်ဆာပြီဗျ"

မောင်လေး အသံကြားမှ ရာရာ အတွေးထဲက ရုန်းထွက်ရင်း

"အေး အေး အမြန်ချိုးလိုက်မယ် မောင်လေး"

"သမီး နည်းနည်းအေးတယ်နော်၊ ရေစိမ်ချိုးမနေနဲ့၊ ဖျားနာနေမှာစိုးလို့"

"ဟုတ်ကဲ့ပါ အမေရဲ့"

အမေ စိုးရိမ်စွာ မှာသော စကားကို ခေါင်းညိတ်နာခံရင်း အခန်းလေးထဲ ရာရာ လှမ်းဝင်ခဲ့သည်။

မိုးလင်း မိုးချုပ် ဈေးရောင်းနေရသော ရာရာ အတွက် သည်လို ညစာစားချိန်ကလေးသည်ပဲ မိသားစု သုံးယောက် စုံညီ ကြည်နူးခွင့် အခါလေး ရနိုင်တာလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မောင်လေး နင် ကျောင်းမသွားခင် အမေ့အတွက် အားလုံး ပြင်ဆင်ပေးခဲ့နော်"

"မဘာသာ စိတ်ချလက်ချ သွားပါဗျာ၊ အမြဲတမ်း ကျွန်တော် ပြင်ဆင်ပေးနေကျ ဥစ္စာ"

"နင် မေ့နေမှာစိုးလို့ မှာတာပေါ့ဟဲ့၊ တကတည်း ဟုတ်ကဲ့ ပြောလိုက်ရင် ပြီးနေတာကို အထွန့်တက်နေလိုက်ရမှ"

ရာရာ မျက်စောင်းလေးထိုးကာ ပြောတော့ ကောင်းစံ ပြုံးဖြီးဖြီး နှင့် ဟက်ခနဲ ရယ်မောလိုက်ရင်း

"အဟဲ မမ ဆူတာပူတာကို မနက်စောစော ကြားချင်လို့





တမင် ပြောလိုက်တာပါဗျ။ ကိုယ့်အစ်မကို ချစ်လို့ စတာပါ"

ကောင်းစံ ဆိုတော့ ရာရာ သဘောကျစွာ ပြုံးရင်း ကွမ်းယာ ဘမ်းလေးကို လှမ်းယူလိုက်သည်။

"အမေ သမီး သွားပြီနော်"

"အေး အေး သမီး အရမ်းမိုးချုပ်ကြီးတော့ မနေနဲ့နော် သမီး"

ထုံးစံအတိုင်း အမေကတော့ ငိုးရိမ်စွာနှင့် မှာရှာသည်။ ဟုတ်ကဲ့ အမေ ဟု ပြန်ဖြေရင်း တဲအိမ်လေးပေါ်က ခပ်သွက်သွက်ကလေး ဆင်းခဲ့သည်။

မိသားစုအတွက် ရာရာ ပြေလည်အောင် ရုန်းကန်တတ်ခဲ့သည့်ကာ မောင်လေးတစ်သက် ရှိခဲ့ပြီ။

တတ်နိုင်သော အရင်းအနှီးကလေးနှင့် စီးပွားရှာဖွေရသော ရာရာ အတွက် ရာသီပေါ် သီးနှံတွေကို ဈေးဘမ်းလေး ခေါင်းရွက်လို့ လည်း ရောင်းခဲ့ဖူးသည်။ ပြောင်းဖူးပြုတ်၊ ဖရဲသီး၊ နာနတ်သီးကအစ ရေခဲပုံးလေး လွယ်ပြီးတော့လည်း မရှက်မကြောက် ရောင်းဖူးသည်။

ကားဂိတ်လေးမှာ ရေခဲရေ ကွမ်းယာ၊ စီးကရက် အော်ဟစ် ရောင်းချဖို့လည်း ရာရာ မရှက်မကြောက်ခဲ့ပါ။

သမာအာဇီဝနှင့် ရိုးသားစွာ ရှာဖွေ စားသောက်ရသော ဒသကို ရာရာ နေတတ်၊ နေပျော်နိုင်ခဲ့သည်။ ကိုယ့်ရဲ့ လုပ်အားနှင့် မိသားစုလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာကျွေးနိုင်တာကိုပဲ ရောင့်ရဲ ကြည်နူးခဲ့ပါသည်။

ဒါပေမဲ့ ရင်ထဲမှာ မကောင်းဖြစ်ရသည်က အမေရဲ့ မျက်စိကို မကုသပေးနိုင်တာကိုပဲ ဖြစ်သည်။

ရှာရာတို့ဘဝလေးမှာ ငွေကြေးအလုံးအရင်းဆိုလို့ လက်ထဲမှာ ဘယ်တော့မှ လေးငါးထောင်တောင် ပြည့်အောင် ကိုင်ဖူးသုံးစွဲဖူးတာ မဟုတ်။

အဖေ ဆုံးပါးတော့ အဖေ့ရဲ့ အလုပ်ရှင်က စာနာစိတ်ဂုဏ်လေး နှင့် နေထိုင်ခွင့်ပေးထားသော သည်ခြံလေးထဲမှ ထရံကာ ပျဉ်ခင်း အိမ်ကလေး ရှိနေတာကြောင့် နေထိုင်ဖို့အတွက် မပူမပန်ရတာ ကံကောင်း လှသည်။

အမေ့မျက်စိကို ဆေးကုသဖို့ ရည်စူးကာ ရာရာ စုထားသော ငွေကြေးတချို့ကလည်း မောင်လေးရဲ့ ပညာသင်စရိတ်ထဲ အမြဲပါသွား တတ်သည်ချည်း ဖြစ်သည်။

အမေကလည်း သားသမီးတွေ ပင်ပန်းဆင်းရဲစွာ ရုန်းကန်နေရ သော ဘဝလေးကို သိနေတာမို့ မျက်စိမြင်ပါရစေတော့လို့ တောင့်တတာ မျိုး မရှိခဲ့ပါ။

"အမေ့ သားလေး ပညာတတ်ကြီး ဖြစ်အောင် ကြိုးစားပါကွယ်၊ ဒါမှ အမေ့ သမီးကြီးလည်း ပင်ပန်းဆင်းရဲတဲ့ဘဝက လွတ်မှာကွဲ့"





သားကို အားကိုးစိတ်၊ သမီးကို စာနာစိတ်နှင့် အမေ တောင့်တာ ...မှာ ပြောတိုင်း ရာရာက မောင်လေးကို စနောက်ချင်တာကြောင့်

"အမေ့သားကို အားကိုးနေတာလား၊ အချိန်တန်ရင် မိန်းမ ...ယူသွားမှာကို အမေက အထင်ကြီးနေ၊ ရာရာတို့ကတော့ ကိုယ့် ...ကိုယ်ပဲ အားကိုးတယ် သိလား"

"မမနော် ကျွန်တော့်ကို အထင်သေးလိုက်တာ၊ ကျောင်းတောင် ...ချင်တာ မဟုတ်ဘူး။ အမေနဲ့ မမကို အလုပ်ထွက်လုပ်ပြီး ရှာကျွေး ...ချင်တာဗျ"

မောင်လေးက မခံချင်စိတ်နှင့် တုံ့ပြန်တော့ ရာရာ စိတ်ထဲမှာ ...နှုပ်ကြည်နူးသွားရစမြဲ။

"နောက်တာပါဟဲ့ ကိုယ့် မောင်လေး စိတ်ကို ကိုယ်မသိဘဲ ...နေမလား၊ အဟင်း ငါ့မောင်လေး ပညာတတ်ကြီး ဖြစ်မှ အမေနဲ့မမ ...ငြိမ့်သား ထိုင်စားမှာ အဟင်း ဟင်း"

မောင်နှမ နှစ်ယောက် စကားတွေကို ပြုံးပြုံးကြီး နားထောင် ...နှုပ်နေတဲ့ အမေ့ရဲ့ မေတ္တာတရားတွေကို ရာရာ နားလည်ခံစား ...နှုပ်ခဲ့ရတာ အမှန်။

"တီ တီ"

ကြားလိုက်ရသော ဟွန်းသံကြောင့် အတွေးစတို့ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



ချွင်းချက်ပြောကာ ရာရာ လှည့်ကြည့်မိသည်။

ရာရာ ထင်သလို မဟုတ်ပါ။ အဖြူရောင် ဆလွန်းကားကလေး ဖြစ်သည်။

ကားသံ ကြားရုံနှင့် မဆီမဆိုင် ကိုယ့် ကြုံခဲ့သော အဖြစ်ကို ပြန်သတိရလိုက်မိတာလေ။

မှတ်မှတ်ရရ လွန်ခဲ့သော နှစ်ပတ်ကျော်လောက်က ဖြစ်မည်။

ရာရာ ဈေးရောင်းနေကျ ကျောင်းဈေးလေးကို သွားရောင်းဖို့အတွက် နာနတ်သီးဘမ်းလေးကို ရွက်ကာ အလောတကြီး ခြေလှမ်းတွေနှင့် လှမ်းလျှောက်ခဲ့သည်။

ပလက်ဖောင်းပေါ်မှာ လမ်းသွားလမ်းလာတွေနှင့် နည်းနည်းရှုပ်ထွေးတာမို့ ကားလမ်းဘေးကပဲ ဆင်းပြီး လျှောက်ခဲ့၏။

"ကျွီ"

"ဟင်"

ရိပ်ခနဲ ကားဘရိတ်အုပ်သံနှင့်အတူ ရာရာ နံဘေးမှာ ပွတ်ကပ်ရပ်သွားသော ကားကြီးကြောင့် ထိတ်လန့်ကာ ပလက်ဖောင်းပေါ် ဖျတ်ခနဲ ခုန်ရှောင်လိုက်မိတော့

"ဂလုံ ဝွမ် ဝွမ်"

ခေါင်းပေါ်မှာ ရွက်ထားသော ဘမ်းလေးက ပလက်ဖောင်း





အတိုင်း သံစုံမြည်ကာ ပြုတ်ကျသွားခဲ့သည်။ ရာရာလည်း ကိုယ့်အရှိန်ကိုယ် မထိန်းနိုင်ဘဲ ချော်လဲကျသွားခဲ့၏။

"ကုန်ပါပြီ တော်"

နာကျင်မှု ဝေဒနာကို ဂရုမစိုက်နိုင်ဘဲ ပြန့်ကျဲကျန်သော နာနတ်သီးစိပ်တွေကို ကြည့်ကာ ရာရာ အထိတ်တလန့်ကလေး ရေရွတ်မိသည်။

တစ်ချိန်တည်းမှာပဲ ဒေါသစိတ်က ရင်ထဲ တိုးဝင်လာရင်း လဲကျနေရာမှ ရာရာ လူးလဲထရပ်သည်။

ရှူးရှူးရဲရဲ မျက်ဝန်းတွေက ကားတံခါး ဖွင့်ဆင်းလာသူထံ ဒိုင်းခနဲ ရောက်သွားခဲ့ပြီးပြီ။

"ဟို ညီမလေး ဘာမှမဖြစ်ဘူး မဟုတ်လားဟင်၊ ပလက်ဖောင်းပေါ် တက်လျှောက်ရောပေါ့ကွယ်၊ ဒီနေရာက ကားတွေရော ဆိုက်ကားတွေရော ရှုပ်ထွေးနေတာ"

မျက်ဝန်းတွေက စိုးရိမ်စိတ်တို့ အရိပ်ခိုနေပေမယ့် အပြစ်တင်သံထွက်သော နောက်ဆက်တွဲ စကားတွေကြောင့် ရာရာ လက်နှစ်ဖက် ခါးမှာထောက်ပစ်လိုက်ရင်း

"ပလက်ဖောင်းအောက် ဆင်းလျှောက်ပေမယ့် ကတ္တရာလမ်းနဲ့ အဝေးကြီးပဲ၊ ရှင့် မျက်လုံး ကန်းနေသလား"



www.burmeseclassic.com

www.burmeseclassic.com



သည်လို ပက်ခနဲ ပြန်ပြောမည့် ထင်မှတ်မထား၍ ထင်ပါသည်။ ဆင်းလာသော ပုဂ္ဂိုလ် ကြောင်အမ်းအမ်း ဖြစ်သွား၏။

အလုံ ပိတ်ထားသော ဖိမ်ခံကားကြီး၏ မှန်အနက်တွေ နောက်မှာ ထိုင်နေသော အရိပ်တစ်ခုကလည်း လှုပ်လှုပ်ရွရွတော့ ဖြစ်သွားခဲ့သည်။

ကြည့်ရတာ ပိုက်ဆံချမ်းသာသော လူ့မလိုင် အဆင့်အတန်းက ထင်သည်။ ထိုင်ရာက ထမလာတာမို့ ဘယ်ပုံ အဆင်းသဏ္ဌာန်ဆိုတာကို ရာရာ ခွဲခြား မသိနိုင်ပါ။

ကိန်းကြီးခန်းကြီး နိုင်ပုံထောက်ရှုလျှင် ကားပိုင်ရှင် သူဌေးပဲ ဖြစ်မည်။ ရာရာ ထံ ဆင်းလာသူက ဒရိုင်ဘာ အစေအခိုင်းမျှသာ ဖြစ်နိုင်၏။

ဆူပွက်ချင်နေသော ဒေါသကြောင့် ကားပေါ်က ထိုပုဂ္ဂိုလ်ကို မျက်စောင်းစူးစူးတော့ ထိုးမိသည်။

ကိုယ် မမြင်ပေမယ့် သင်းကတော့ မြင်မှာအသေအချာ။

"ဒီလိုပါ ညီမလေးရယ် အစ်ကိုတို့ကလည်း ဖွတ်တိုးကျော်တက်တဲ့ ဆိုက်ကားကို မထိမိအောင် ရှောင်လို့ လမ်းဘေးကို ကျော်သွားမိတာပါ၊ စိတ်မရှိပါနဲ့"

ရာရာ ဒေါသနှင့်စိတ်ကို ထွက်မိသွားသည်ထင်ရဲ့။ လေပြည်





ထိုး တောင်းပန်စကားဆိုရင်း ပြန့်ကျဲနေသော နာနတ်သီးစိပ်တွေကို ထိုပုဂ္ဂိုလ် ငုံ့ဝဲကြည့်သည်။

"ညီမလေး ဘာမှ မဖြစ်ဘူးဆိုရင် ဆုံးရှုံးသွားတဲ့ ပစ္စည်းတန်ဖိုးကို လျော်ပေးပါ့မယ်၊ ဘယ်လောက်လဲဆိုတာ ပြောပါ"

"ကိုစိုး ဒီကို ခဏလောက် လာပါဦးဗျာ"

ကားထဲက ပုဂ္ဂိုလ်ရဲ့ခေါ်သံ။ ကိုစိုး ဆိုသည့်လူ ကားဆီပြန်လှည့်သွားသည်။

မြေမခ မင်းသားလို လူကိုတော့ ရာရာ ကြည့်မရတော့တာ အမှန်။ ဘာတွေ တီးတိုးပြောလိုက်သည် မသိ။ ပြန်လှည့်လာသော ထိုလူ လက်ထဲမှာ တစ်ထောင်တန် ငွေစက္ကူ တစ်ထပ်ပါလာသည်။

"ဘယ်လိုမှ သဘောမထားပါနဲ့ ညီမလေး၊ ဟောဒီမှာ ငွေ တစ်သိန်းယူပါ"

"ဘာ"

ကမ်းပေးလာသည့်လက်ကို ရာရာ ပုတ်ထုတ်ပစ်လိုက်သည်။ မျက်ဝန်းတွေကလည်း ဒေါသရောင်စဥ်တွေ ပြိုးပျက်တောက်ပလာရင်း

"ဒီမယ် အလျော်လိုချင်လို့ တမင် ကားတိုက်ခံတယ် အောက်မေ့နေသလား ဆင်းရဲပေမယ့် လောဘမကြီးဘူး။ လမ်းကြောင်းကျွံလာတဲ့ ရှင်တို့ကို ယာဥ်ထိန်းရဲ တိုင်လို့ ရတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့မခံတတ်သော မာနစိတ်နှင့် ရာရာ မနားတမ်း ပြောပစ်လိုက်မိသည်။ ဒရိုင်ဘာ ပုဂ္ဂိုလ်က ထိတ်လန့်တကြား လက်ကာတားရင်း

"အဲ အဲလို မလုပ်ပါနဲ့ ညီမရယ်၊ ညီမလည်း ဘာမှ ထိခိုက်မိတာမှ မဟုတ်တာ၊ ဒီနေရာမှာပဲ အေးအေးဆေးဆေး ညှိနှိုင်းကြတာပေါ့"

"ကျွန်မလည်း တစ်နေကုန် ရှန်းကန်နေရတာမို့ အချိန်ပိုမရှိလို့ ပြဿနာ မဖြစ်ချင်ပါဘူး၊ နောက်ဆို ကားကို ရှင်တို့ ဆင်ဆင်ခြင်ခြင် မောင်းဖို့တော့ လိုလိမ့်မယ်"

ခပ်မာမာပဲ ပြောရင်း ပလက်ဖောင်းပေါ်က လင်ပန်းလေးကို ရာရာ ကောက်ယူကြည့်သည်။ အနားစပ်လေး တစ်ချက် ပိန့်သွားတာက လွဲလို့ ဘာမှမဖြစ်တာ တော်သေးသည်။

"ကျွန်မ လင်ပန်း ဘာမှမဖြစ်ပါဘူး၊ နာနတ်သီးစိပ်ဖိုးပဲ ရှင်တို့ပေးခဲ့၊ အားလုံး နှစ်ထောင့် ခုနစ်ရာ ကျတယ်"

ငွေတစ်သိန်းကို ငြင်းပယ်ပြီး နှစ်ထောင့်ခုနစ်ရာပဲ တောင်းနေတာမို့ ထိုပုဂ္ဂိုလ် အံ့ဩသွားတာတော့ အထင်အရှား။ ကားထဲက ပုဂ္ဂိုလ်လည်း သူမကို စူးစူးရဲရဲ ကြည့်နေမလား မသိပါ။

"တန်ဖိုး အတိအကျပဲ ကျွန်မ လိုချင်တယ်"

"ဟုတ် ဟုတ်ကဲ့"





တစ်သိန်းအုပ်ထဲက နှစ်ရွက်ကို အင်္ကျီအိတ်ထဲ နှိုက်ရှာဖွေရှိသော ခုနစ်ရာနှင့်ပေါင်းပြီး ရာရာကို လှမ်းပေးသည်။

"ရော့ ညီမ အစ်ကိုတို့ကို ခွင့်ပြုပါဦး"

နှုတ်ဆက်စကား ဆိုသွားတာကို ရာရာ အသိအမှတ်ပြု ခေါင်းကလေးတောင် မညိတ်ပြခဲ့ပါ။

ဖိမ်ခံကားနက်ကြီး နောက်ခန်းထဲမှ အရိပ်မျှသာ မြင်ရသည့်သူကိုတော့ မျက်ခုံးကလေးတွန့်၊ အံကလေးကြိတ်ကာ တမင် ဘုကြည့်ကြည့်ပစ်ခဲ့မိသေးသည်။

"ဟဲ့ ဘာဖြစ်လာတာလဲ ရာရာရဲ့"

ကားဂိတ်ကလေးကို ရောက်တော့ ရေခဲရေ ရောင်းသည့် မိဝါက ရာရာ ကို လှမ်းမေးသည်။

"ဘာမှမဖြစ်ပါဘူး"

"မသိပါဘူး နင့်မျက်နှာကြီးက မာတင်းနေလို့ တစ်ခုခု ဖြစ်လာသလားလို့ပါဟာ"

ကိုယ့်အတွေးနှင့်ကိုယ် ရာရာ ပြုံးလိုက်မိသည်။ မိဝါကိုလည်း ပြန်ရှင်းပြဖို့ အချိန်မရှိ၊ ကွမ်းဘမ်းလေးကို ပြင်ဆင်ခင်းကျင်း လိုက်သည်။

လက်လုပ်မှ ပါးစပ်လှုပ်ရမည့် ဘဝမှာ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကိုယ်လုံးပေါ် မှန်ရှေ့က ကိုယ့်ပုံရိပ်ကို ကိုယ် စူးစူးစိုက်စိုက် ငေးကြည့်နေမိသည်။ အရောင် လွင့်ပြယ်စပြုနေသည့် တီရှပ်လက်တို အပြာရောင်က ခပ်မှိုင်းမှိုင်း။ ဂျင်းဘောင်းဘီ အနက်ကလည်း တစ်ပတ်နွမ်းပဲ ဖြစ်သည်။

ဒါပေမဲ့ စိတ်ထဲမှာ သစ်လွင်တောက်ပနေသေးသည့် ကိုယ့်အသွင် ကိုယ် မကျေနပ်ချင်။

"မဟုတ်သေးဘူး ထင်တယ် ကိုစိုး၊ ဒီထက်စုတ်တဲ့ အဝတ်အစား ရှာမရတော့ဘူးလားဗျာ"

"ဒီထက်စုတ်တဲ့ အဝတ်အစားလည်း မင်းပုံစံက ဒီထက်ပိုပြီး ပြောင်းလဲလာမှာ မဟုတ်ဘူး ဝသုန်၊ မင်းရုပ်ရည် မင်းအသားအရည် အသွင်အပြင် အားလုံးက ဆင်းရဲတဲ့ပုံ မပေါက်ဘူးကွ"





သူ့ကိုကြည့်ကာ ကိုစိုးလွင် ပြောသည်။ သူ စိတ်ပျက်ညစ်ညူး စွာ ခေါင်းက ဆံပင်တွေကို ကုတ်ဖွပစ်မိ၏။

အလိုမကျစွာ တွန့်ကွေးနေသော မင်းစက်ဝသုန်၏ မျက်ခုံးစိမ်း ညို့ညို့တွေကို ကိုစိုးလွင် ငေးကြည့်မိသည်။

ဝင်းစိုသော အသားအရည်၊ မြင့်မားသော အရပ်အမောင်းနှင့် ဆိုက်ဖက်အချိုးကျသော ခန္ဓာကိုယ်၊ အားလုံးသည် ယောက်ျားတစ် ယောက်၏ ပြေပြစ်ချောမွေ့မှု အလုံးစုံကို ပိုင်ဆိုင်ထားသည်ဟု ဆိုရမည်။

မတိုမရှည် ဆံနွယ်ပျော့ပျော့တွေ ဝန်းခတ်အုပ်မိုးထားသည့် မင်းစက်ဝသုန် မျက်နှာက မြင်ရုံနှင့် အဆင့်အတန်းကို ခန့်မှန်းသိနိုင် သည့် ရုပ်သွင်မျိုး ဖြစ်နေတာ အသေအချာ။

မျက်နက်ဝန်း ပြာလဲ့လဲ့တွေထဲမှာ ပူပန်သောကတွေကို မခံစား ဆိုင်ဆိုင်ဘူးတာ သိနိုင်သည်။ နှာတံကျစ်ကျစ် စင်းစင်းအောက်က ခန်းနုသွေးရောင် နှုတ်ခမ်းအစုံက ထက်အောက်ညီညာ ပြေပြစ်သည်။

မွေးညှင်းစိမ်းတို့ ဖြာနေသော ပါးသိုင်းတလျှောက် စိမ်းမြမြ အရိပ်သမ်းနေပုံ အသွင်အားလုံးသည် မင်းစက်ဝသုန်၏ ချောမော ခန့်ထည်မှုကို ပိုလို့ ထင်ရှားစေသည်။

အရောင်မှိန်မှိန်နှင့် ဖျော့တော့နွမ်းဖတ်သော အဝတ်အစား တွေက ရှင်းသန့်ခန့်ထည်သော ရုပ်အဆင်းကို ပိုလို့ပေါ်လွင်စေသော



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆင်းရဲသားအသွင် ဟန်ဆောင်ဖို့ဆိုတာ မဖြစ်နိုင်သော ကိစ္စကြီး ပါပဲ။

"ကျွန်တော် ဘယ်လိုပြင်ဆင်ရမလဲ အကြံပေးပါဦး ကိုစိုးရဲ"

မင်းစက်ဝသုန်၏ အကြံဉာဏ်တောင်းဆိုသံကို ကြားမှ ကိုစိုးလွင် ပင့်သက်ရှိုက်ရင်း အကောင်းဆုံး အခြေအနေကို စဉ်းစားကြည့်သည်။

"မင်း အလုပ်သင့်ဆုံးက ချမ်းသာတဲ့မိဘတွေက ဆိုးပေမိုက်မဲ နေတဲ့ သားတစ်ယောက်ကို အမွေပြတ် နှင်ချလိုက်လို့ လေလွင့်ရောက်လာ တဲ့ ပုံစံမျိုးဖမ်းတာ အသင့်တော်ဆုံးပဲ၊ မင်း အဲဒီလို ဝင်ရောသင့်တယ်"

"သူ ယုံပါ့မလား ကိုစိုး"

ဝသုန် မဝံ့မရဲ မေးသည်။ ကိုစိုးလွင် ခေါင်းကိုခါရမ်းရင်း

"မင်း သူ့ကို စိတ်ဝင်စားတာ မဟုတ်ဘူးဆို ဘာကို စိုးရိမ်နေ တာလဲ ဝသုန်၊ ဂျစ်ပစီပုံစံမျိုးနဲ့ သူတို့ဘဝရဲ့ လွတ်လပ်မှုကို မင်း စမ်းသပ်ချင်တာ မဟုတ်လား"

"အဲဒါ အမှန်ပဲ၊ ကျွန်ုပ်ဖော် မြင်နေခဲ့ရတဲ့ သူ့မျက်နှာပေါ်မှာ ဆင်းရဲပေမယ့် အားမာန်အပြည့်ပဲ၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်တဲ့ အသွင်နဲ့ မာနကတော့ အရောင်ဖြာနေတာပဲဗျာ"

ဝသုန် တက်ကြွစွာ ဆိုနေပေမယ့် ကိုစိုးလွင် အရေးမကြီးသလို ပေါ့ပါးစွာ နားထောင်နေသည်။ ပြီးမှ





"မင်း စိတ်ဆန္ဒတွေ တခဏပဲ ပျော်ဝင်နိုင်မှာပါ ဝသုန်၊ ဦးရှင် 'စိန်မြရုံခြယ်' ကုမ္ပဏီကြီးရဲ့ လုပ်ငန်းတွေထဲ မင်းပြန်ရောက်ရ ဦးမှာပဲလေ၊ အဲဒါတွေကို အပြီးတိုင် စွန့်ခွာဖို့ မင်းခံနိုင်ရည် မရှိပါဘူး၊ နှုန်းသည်ပဲ ထားဦး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ မင်း သိတယ် ဝသုန်"

သူ မေ့ထားသောကိစ္စကို ကိုစိုးလွင် အသိပေးနေတာဟု သူ သိပါသည်။ တကယ်လည်း သူ့မှာ မငြင်းနိုင်သော အခြေအနေ။

"ကျွန်တော် ဒီဘဝကြီးကို မေ့ထားချင်တယ်၊ ရွှေပင်နားလို့ မှုတကျေးဖြစ်နေတာ သစ်ကိုင်းခြောက်မှာနားရင်ရော တမန်ကျေးတစ် ကောင် ဖြစ်ရမှာပေါ့"

ကိုစိုးလွင် နှုတ်ခမ်းတွေ ယဲ့ယဲ့ပြုံးရင်း သူ့ကို ကြည့်သည်။

"လောကခံရဲ့ နှိပ်စက်မှုကို ခံနိုင်တာ ငါတို့လို လူဆင်းရဲတွေ ပဲ ရှိတယ် ဝသုန်၊ ဒီလိုပဲ လောကခံကို အပြစ်တင်ဖို့ ဝန်မလေးတာလည်း မင်းတို့လို လူချမ်းသာတွေပဲ၊ မင်းဆန္ဒ ပြင်းပြနေလို့ ငါ မင်းမာဆီ အကြံကို ဥပေက္ခာပြုမိတာ၊ ဘဝမှာ ဒါ ပထမဆုံးပဲ၊ မင်းကြောက်ပါပြီလို့ နောက်ကျော့ ပြန်ပြေးလာရင်လည်း အဆင်သင့် ရွှေပုံပေါ်ပြန်နေနိုင် မယ့် ကိစ္စဆိုတော့ ဘာမှ ထိခိုက်နစ်နာစရာ မရှိဘူး ထင်တယ်လေ"

သူ့အနီးမှာ အမြဲတမ်း အရိပ်လို စောင့်ရှောက်ခဲ့သော ကိုစိုးလွင် သည် ဆင်ခြင်နိုင်သော အသိကြီးမားမှန်း သူ သိပါသည်။ အခုအခါစွမှာ



www.burmeseclassic.com

www.burmeseclassic.com



မာမို့ရဲ့ အမိန့်ကို ဆန့်ကျင်သည်ဆိုပေမယ့် ကိုစိုးသည် တွက်ချက်ချင့်ချိန်ပြီး ဖြစ်လိမ့်မည်။

အခုပဲကြည့် သူ မကြာခင် အရှုံးပေး ပြန်ရောက်လာမည်ဟု ကိုစိုးလွင် အကြွင်းမဲ့ ယုံထားသည့်ဟန် ရှိ၏။

"အစစအရာရာ စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်တယ် ကိုစိုးလွင်၊ ကုမ္ပဏီမှာရော အိမ်မှာရော ကိုစိုးလွင် ကြပ်ကြပ်မတ်မတ် ဂရုစိုက်ပေးပါ၊ မာမို့ဆီကိုတော့ ကျွန်တော့်ဘာသာပဲ အချိန်မှန် ဖုန်းဆက်ပါ့မယ်"

"အေးပါကွာ အားလုံး စိတ်ချစမ်းပါ"

သူ တပတ်နွမ်းကျောပိုးအိတ်လေးကို ကောက်လွယ်ပြီး ကိုစိုးလွင်ကို နှုတ်ဆက်ဖို့ပြင်တော့

"နှုတ်မဆက်ပါနဲ့ကွာ မင်း ပြန်လာမှာပဲဟာ"

"ကျွန်တော့်အနာဂတ်ကို ကိုစိုး ဗေဒင် တွက်ထားလို့လား အဟွန်း"

"မင်းစိတ်ဆန္ဒတွေ ညစ်ညူးသွားရင် မင်း ပြန်ရောက်လာမှာ သေချာပါတယ်ကွာ၊ ပြီးတော့ မင်းမာမီ သိသွားလို့ပဲ ဖြစ်ဖြစ်၊ မင်း ခံနိုင်ရည်မရှိလို့ပဲ ဖြစ်ဖြစ်၊ စိန်မြရှံခြယ် စံအိမ်ကြီးထဲကို မင်း ခြေလှမ်း လျှောက်ပြန်လို့တောင် ရနေတာပဲကွာ"





ကိုစိုးလွင်ကို သူ အငြင်းအခုန် စကားတွေနှင့် ခွန်းတုံ့မပြန်ချင်တော့ပါ။ ရင်ထဲမှာ နိုင်မာစွာ ဆုံးဖြတ်ထားသော ခံယူချက်အတိုင်းပဲ ပြောမိသည်။

"ကျွန်တော် ဘာမှ အသေအချာ မသိသေးသရွေ့ ပြန်မလာဘူး"

"ဘာကို ပြောတာလဲ ကောင်မလေးရဲ့ ဘဝကိုလား"

"နှစ်ခုစလုံးပဲ"

"ဟား ဟား ငါထင်သားပဲ မိန်းမတစ်ယောက်နဲ့ မပတ်သက်တဲ့ ယောကျ်ားတစ်ယောက်က မစွန့်စားပါဘူးလို့"

ကိုစိုးလွင် သဘောကျစွာ ဟားတိုက်ရယ်မောရင်း သူ့ပခုံးကို လှမ်းဖက်သည်။

"မလှောင်ပါနဲ့ဗျာ စိတ်တံခါးတွေ ချောင်ပိတ်ခံထားရတဲ့ ဘဝထဲက ခဏရုန်းထွက်ကြည့်ချင်လို့ပါ၊ ကျွန်တော် အသက်ဝဝ ရှူကြည့်ချင်လို့ပါ"

ပြုံးနေသော နှုတ်ခမ်းတွေကို လေးနက်အောင် ကိုစိုး ပြန်တည်ငြိမ်ရင်း

"လှောင်တာ မဟုတ်ပါဘူး ဝသုန်ရာ၊ ကဲ မင်းကို ငါကိုယ်တိုင် လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီ ကောင်မလေး မြင်လို့တော့ မဖြစ်ဘူးနော်၊ ကိုစိုး ပို့ပြီးတာနဲ့ ပြန်ပါ၊ ပြီးမှ ကျွန်တော့်ဘာသာ ဆက်လှုပ်ရှားမယ်''

နန်းဆောင်တမျှ ခမ်းနားထည်ဝါလွန်းသော အိမ်ကြီး အပေါ်ထပ် ကျွန်းလှေကားကြီးမှ သူနှင့် ကိုစိုးလွင် ဆင်းလာသည်ကို ထမင်းချက် မအေးတင်၊ သန့်ရှင်းရေး လုပ်သော မသန်း၊ ခြံစောင့် မာလီ ဦးဖိုးထိန်၊ ဒရိုင်ဘာ ကိုသောင်းအေးတို့က ရပ်ကြည့်နေခဲ့ကြသည်။

မင်းစက်ဝသုန် ဝတ်ဆင်ထားသည့် အဝတ်အစား နွမ်းဖတ်ဖတ်တွေကြောင့် သူတို့ မျက်ဝန်းတွေမှာ ဝမ်းနည်းရိပ်တွေ၊ အံ့ဩရိပ်တွေ အရိပ်ထင်နေကြသည်။

ကိုစိုးလွင် ပြောသလို နှုတ်မဆက်သင့်ဟု တွေးရင်း အားလုံးကို နှုတ်ဆက်ရန် နွေးထွေးစွာပဲ ပြုံးပြဖြစ်ခဲ့သည်။

''ကိုသောင်းအေး လိုက်မပို့နဲ့တော့၊ ကျွန်တော်ပဲ မောင်းပို့ပေးမယ်''

ဒရိုင်ဘာ ကိုသောင်းအေး ခေါင်းညိတ်ကာ ညှော့ခန်းထဲမှာ ကျန်ရစ်ခဲ့၏။ ကားတံခါးဖွင့်ပြီး သူ ဝင်ထိုင်တော့ ကိုစိုးလွင်ကလည်း မောင်းသူနေရာမှာ ဝင်ထိုင်သည်။

လင့်ခရူဇာ ဖိမ်ခံကားကြီး ငြိမ့်ခနဲ မောင်းထွက်သွားတော့ သူ့အာရုံထဲ ဖျတ်ခနဲ တိုးဝင်လာတာ မှတ်မှတ်ထင်ထင် ရှိနေဆဲ မျက်နှာ





လေး။

ကာလာရောင်စုံ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီရဲရဲတွေ ခြယ်သထားတာ မဟုတ်ပါဘဲ သနပ်ခါးရေကျဲနှင့် သွေးစို့နေသော အဆီပြန် မျက်နှာလေးရဲ့ အရိပ်။

အပြစ်ကင်းစင် အေးချမ်းမှုနှင့် ရိုးသားမှု မာနတွေ ပြည့်စုံနေခဲ့သော သူမ မျက်ဝန်းလေးတွေကို သူ မမေ့နိုင်ခဲ့။

ထိုမျက်ဝန်းလေးတွေထဲမှာ သူ လိုချင်သော လွတ်လပ်မှုတွေ ပြည့်စုံသောဘဝတွေ ရှိမည်ဟု သူ အကြွင်းမဲ့ ယုံကြည်သည်။

ငြိမ့်ခနဲ ကားလေး ထိုးရပ်သွားတော့မှ သူ ပတ်ဝန်းကျင်ကို ငေးကြည့်မိ၏။ ကိုစိုးလွင်က

''ငါ ဒီနေရာမှာပဲ ရပ်ပေးသင့်တယ် ထင်တယ် ဝသုန်''

''ဟုတ်သားပဲ ရပြီ ကိုစိုး ကျေးဇူးပဲ၊ ကျွန်တော် ဒီမှာပဲ ဆင်းနေခဲ့တော့မယ် ကိုစိုး''

တံခါးဖွင့်ပြီး သူ ချာခနဲ လှည့်ထွက်ခဲ့သည်။ ပလက်ဖောင်းအတိုင်း လျှောက်နေမိသည်။ ခြေလှမ်းတိုင်းမှာ ယုံကြည်ချက်တွေ အပြည့်နှင့်။

ကိုစိုး ရပ်ငေးကြည့်နေမည်လား။

ပြန်လှည့်မကြည့်ဖြစ်တာမို့ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မကြီး ရာရာ ကျွန်တော်တို့ကို အရှုံးလုပ်တယ်ဗျာ၊ ဒီနေ့

ဈေးစောစောသိမ်းပြီး ကျွန်တော်တို့နဲ့ ဆော့မယ်ဆိုလို့ လာလည်း ကြို

ရသေးတယ်"

"ဟုတ်တယ် သားတို့က မကြီးရာရာနဲ့ပဲ ဆော့ချင်တာ

တခြား ကောင်တွေက အနိုင်ကျင့်လို့ မဆော့ချင်ဘူး"

ရာရာ ဈေးရောင်းနေတဲ့ ဈေးထိပ်လမ်းဆုံအထိ ရောက်လာပြီး

ပြောနေတဲ့ ကလေးနှစ်ယောက် ကျေနပ်အောင်လည်း ရာရာ ချော့မော့

ပြောရသည်။

"အေးပါဟယ် ငါလည်း နင်တို့နဲ့ ဆော့ချင်တာပေါ့၊ အဲဒီ

ညဘက် နင်တို့နဲ့ ဆော့မှ တစ်နေကုန် ပင်ပန်းသမျှ အညောင်းအညာ





ပြေတာဟ၊ ဒီနေ့တော့ နေ့တွက်မကိုက်လို့ ဈေးရောင်းလိုက်ဦးမယ်နော်၊

မင်းတို့လည်း ပြန်ကြတော့၊ မင်းတို့အိမ်က ညမိုးချုပ်လို့ စိတ်ပူနေကြ

ဦးမယ်"

"နောက်နေ့ကျရင် သားတို့ လာလည်းကြိုမယ်၊ ကစားလည်း

ကစားမယ် နော် မကြီးရာရာ"

"အေးပါဟယ် ဒီနေ့တော့ စောစော ရေချိုးပြီး စာကျက်လိုက်ကြ

ရော့ သကြားလုံး နှစ်လုံးဆီ စားသွားကြနော်"

ကလေးနှစ်ယောက် ကျေနပ်စွာ ပြန်သွားကြတာပါပဲ။

ရာရာ ဈေးသိမ်းချိန်ဆို ရပ်ကွက်ထဲက ဒီကလေးတွေ လာကြို

ပေးကြသည်။ မောင်လေးကို တမင်မကြိုခိုင်းရတာက ဒီနှစ် ဆယ်တန်း

ကျောင်းသားကြီး ဖြစ်နေတာမို့ပါ။

ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနဲ့ အောင်စေချင်တာမို့

မောင်လေးရဲ့ စာကျက်ချိန်တွေကို မထိခိုက်စေချင်ပါ။

ဒီညနေတစ်နေ့လုံး ဈေးရောင်းမကောင်းတာ အမှန်။ တစ်ခါ

တလေ ဒီလိုပါပဲ။ ကျောင်းဈေးမှာလည်း သိပ်ရောင်းမကောင်း။ ကားဂိတ်

မှာ ကွမ်းယာရောင်းရတာလည်း သိပ်မကောင်း။ ဈေးသည်တွေက များ

လွန်းလာတော့ နေ့တွက် မကိုက်ချင်ပါ။

ကားဂိတ်မှာ ထိုးရပ်သည့် ကိုလှစိုး ကားကို မြင်လိုက်မှ ရာရာ



www.burmeseclassic.com

www.burmeseclassic.com



အသင့်ထုပ်ပေးထားသော ကွမ်းထုပ်ကို အပြေးလေး သွားပေးလိုက်၏။

"မနက်က နှစ်ရာဖိုး၊ အခု နှစ်ရာဖိုးနော် ကိုလှစိုး"

"အေး အေး ရော့ လေးရာ"

တစ်နာရီလောက် ရောင်းချပြီးတော့ အမှောင်ရိပ်က သမ်းချင်ပြီ။ ကွမ်းဘမ်းလေးကို သိမ်းဆည်းလိုက်သည်။

ဒီထက် နောက်ကျနေရင် အမေ စိတ်ပူနေမှာစိုးရသည်။ မောင်လေးကလည်းစိတ်မချ ဖြစ်ပြီး လာကြိုနေလျှင် စာကျက်ပျက်ပေလိမ့်မည်။

"ပြန်တော့မလား ရာရာ"

"အေး ပြန်ပြီ မိဝါ၊ သွားပြီဟေ့"

မိဝါကတော့ သူ့ခင်ပွန်းရှိတာမို့ မိုးချုပ်အထိ ရောင်းနိုင်သည်။

ကွမ်းယာဘမ်းလေး တစ်ဖက်၊ ကွမ်းယာပစ္စည်းတွေ စီးကရက်ဘူးတွေ စုထည့်ထားသည့် ခွဲခြင်းလေး တစ်ဖက် ဆွဲကာ ခပ်သုတ်သုတ်လေး ပြန်ခဲ့၏။

မနက်မိုးလင်းကတည်းက ကျောင်းဈေး ပြေးရောင်းလိုက်၊ ကားဂိတ်မှာ အပြေး ပြန်လာရောင်းလိုက်နှင့် လုံးချာလည်နေခဲ့တာမို့ ညောင်းညာနေခဲ့ပြီ။

"အ ကျွတ် ကျွတ် အီး"





"ဟင်"

ကတ္တရာလမ်းမကနေ အိမ်ဘက်သွားတဲ့ လမ်းချိုးလေးကို ချိုးကွေ့လိုက်တယ် ဆိုရင်ပဲ ရာရာ ခြေလှမ်းတွေ တုန့်ခနဲ ဖြစ်သွား၏။

"အား အင်း အီး"

အသေအချာ နားထောင်လိုက်တော့ လူတစ်ယောက်ရဲ့ ညည်းညူသံဆိုတာ ပိုထင်ရှားလာ၏။

ဒီလမ်း ဒီနေရာက ရာရာ ပြန်နေကြလမ်းမို့ သရဲတစ္ဆေ ခြောက်တာမျိုး မရှိပါ။ ဒါမျိုးကို ရာရာ ယုံလည်းမယုံ ကြောက်လည်း မကြောက်။

ဒါပေမဲ့

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။

"အား ကျွတ် ကျွတ် ကျွန်တော့်ကို ကူညီပါ ခင်ဗျာ"

မှောင်ရိပ်ကျကျမှာ လူတစ်ယောက် ဒူးကို ဆုပ်ကိုင်ပြီး ညည်းညူ အကူအညီတောင်းနေသံက အထင်အရှား။

ရာရာကို မိန်းမတစ်ယောက်မှန်း မသိလို့ အကူအညီတောင်းဆိုနေတာလား။ ဒါမှမဟုတ် အတော့်ကို နာကျင်ဒုက္ခ ရောက်နေခဲ့တာကြောင့်လား မသိပါ။

"အဟမ်း အဟမ်း"

တမင်တကာ ချောင်းဟန့် အသံပေးပြီးမှ အနားကို ရာရာ



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်သွားမိသည်။ လမ်းနံဘေး အမှောင်ထဲမှာ ငုပ်တုတ်ထိုင်နေသော ထိုလူက မော့ကြည့်မလာသေးဘဲ ဒူးကို လက်ဖြင့် ဆုပ်ကိုင် ညည်းညူနေဆဲ။

"ဒီမယ် ရှင် ဘာဖြစ်နေတာလဲ"

သည်တော့မှ လူရွယ် မျက်နှာ မော့ကြည့်လာသည်။ မသဲကွဲပေမယ့် ဖြူသော အသားအရည်ကြောင့် မျက်နှာက ထင်းခနဲ ပေါ်လွင်၏။

"ဒီလိုပါ ကျွန်တော့် နယ်ကပါခင်ဗျာ၊ မိဘတွေနဲ့ စိတ်ဆိုးပြီး အိမ်က ဆင်းလာတာပါ၊ ရန်ကုန်ရောက်တော့ ဘယ်သွားရမှန်းမသိ လျှောက်သွားရင်း ဒီနေရာကို ရောက်လာတာပါ၊ လူမိုက်အုပ်စုနဲ့ တွေ့တော့ ကျွန်တော့်ကို ဝိုင်းထိုးကြိတ်သွားကြတာပါ အ အင်း"

လူရွယ် ရှင်းပြသမျှ နားထောင်ပြီး စိတ်မကောင်းဖြစ်ရပေမယ့် မိဘနဲ့ စိတ်ဆိုး အိမ်ကဆင်းလာသူ ဆိုတာကြောင့် စာနာချင်စိတ်က နည်းနည်း လျော့သွားမိသည်။

မွေးထားတဲ့ မိဘကတောင် အိမ်ကနှင်ချလောက်အောင် ဆိုးတဲ့ မိုက်တဲ့သူ ထင်ရဲ့။

"အင်း ရှင့်ထက်မိုက်တဲ့သူတွေနဲ့ တွေ့တော့ ခံလိုက်ရပြီပေါ့ ဟုတ်လား"





လေသံကတော့ သူ ပထမ ဆုံခဲ့စဉ်တုန်းက အတိုင်းပါပဲလား။

တမင် အုတ်ဘောင်ကို ဒူးနှင့်တိုက်ခဲ့ရသော ကိုယ့်အဖြစ် ကိုယ်သနားချင်သည်။ ဒါပေမဲ့ မျက်နှာကို ပိုပြီး ရှုံ့မဲ့ပစ်လိုက်ကာ

"သူ့အလှည့် ကိုယ့်အလှည့်ပေါ့ဗျာ၊ နောက်တစ်ခါ ပြန်ဆုံရင် ဒီကောင်တွေ အလှည့်ပဲ၊ ဦးအောင် ဆော်ပစ်မှာပေါ့"

"အမယ်လေး ခံရတာတောင် နည်းသေး၊ မိဘကလည်း အိမ်က နှင်ချလောက်အောင် ရှင် ဆိုးပေနေတဲ့သူ ထင်တယ်"

ကိုယ့် ရည်ရွယ်ချက်က လမ်းချော်သွားလို့ မဖြစ်သေး။ အမြင်တပ်ပြီး ထားရစ်ခဲ့လျှင် အခက်။

"အ ကျွတ် ကျွတ် ကျွန်တော့်ကို ကူညီပါဗျာ"

အတတ်နိုင်ဆုံး သနားအောင် လေပြည် ကလေးနှင့် သူ တောင်းပန်သည်။

"ဘယ်လို ကူညီရမှာလဲ၊ ရှင့်ကို ဆေးခန်းပို့ပေးရမှာလား၊ ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်ပေးရမှာလား"

"မဟုတ်ပါဘူးဗျာ အရေးကြီးတာ ကျွန်တော် နေဖို့ အခက်အခဲဖြစ်နေတာ အဆိုးဆုံးပဲ၊ ဟို ကျွန်တော့်မှာပါတဲ့ပိုက်ဆံနဲ့ ဒီအနီးအနားမှာ အိမ်တစ်ခန်းလောက် ငှားပေးပါလားဗျာ"

ရာရာ နှာခေါင်းရှုံ့ပစ်လိုက်တာကို သင်းကတော့ မြင်မှာပေါ့တဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝအကြောင်း ဘာမှမသိသော လူပေလေးဖြစ်မည် ထင်၏။ အိမ်ငှား ပေးခိုင်းနေပုံက တကယ့်အလွယ်လေး။

"အ နာလိုက်တာဗျာ ကျွန်တော့်ဒူးက အတော်ယောင်သွား တယ် ထင်တယ် အ ကျွတ် ကျွတ်"

သူ့ညည်းသံကြားမှ ဒဏ်ရာကို ရာရာ ပြန်သတိရမိသည်။

ကွမ်းယာဘမ်းလေးနှင့် ဆွဲခြင်းကို နံဘေးမှာ အသာချကာ လူရွယ်နံဘေးမှာ ဒူးနှစ်ဖက်ကျုံ့ကာ ထိုင်ချလိုက်သည်။

အခုမှပဲ လမ်းဘေးမီးတိုင်က အလင်းမှိန်မှိန်ကြောင့် သူ့ မျက်နှာကို အသေအချာ မြင်တော့သည်။

ရုပ်ကလေးက သနားကမားနှင့် လူဆိုးလူမိုက်ပုံတော့ မပေါက် ပါ။ မိဘအရိပ်မှာ နီပြီး ဘဝအကြောင်း ဘာမှမသိရှာသော လူငယ်တစ်ဦး အသွင်မှန်း ရာရာ အကဲခတ်မိ၏။

"စောစောက ရှင်ပြောတဲ့ အိမ်ကိစ္စ၊ ငှားမယ့်အိမ်တော့မရှိဘူး။ အဲ ဟိုဘက်တစ်လမ်းကျော်မှာ ရောင်းမယ့်ခြံနဲ့အိမ်တော့ ရှိတယ်၊ ရှင် ဝယ်နိုင်မလား"

"ဟာဗျာ မိဘတွေက အမွေပြတ် နှင်ချလိုက်ပါတယ်ဆိုမှ ဘယ်လိုလုပ် ဝယ်နိုင်မှာလဲ၊ သူတို့ဆင်ပေးထားတဲ့ ဆွဲကြိုးနဲ့လက်စွပ်လေး ရောင်းထားတာလောက်ပဲ ရှိတာပေါ့ဗျာ"





လက်ထဲမှာ ကျစ်ကျစ်ဆုပ်ကိုင်ထားသော ကျောပိုးအိတ်ပေါင်း သေးကို ဆုပ်ကိုင်ထားရင်း လူရွယ်ပြောသည်။

လုယက်သည့် အုပ်စုနောက် ပါမသွားတာပဲ တော်သေးတာပေါ့ ဟု ရာရာ စာနာပေးလိုက်မိ၏။

"ဒီမှာ ကျွန်တော့်ကို ကူညီပါနော်၊ ကျေးဇူးမမေ့ပါဘူးဗျာ"

ဥပေက္ခာပြုထားခဲ့လျှင်လည်း လူတစ်ယောက် ဒုက္ခရောက်မည် အဖြစ်မို့

"ကဲ ကျွန်မအိမ်က ဒီနားလေးတင်ပဲ၊ အိမ်မှာ အမေနဲ့မောင် လေးလည်း ရှိတယ်၊ ဒီတစ်ညတော့ ရှင် လိုက်တည်းနိုင်တယ်၊ နယ်က ဆိုလို့ ဒုက္ခရောက်မှာစိုးလို့ ကျွန်မ ကူညီတာနော်"

ဝင်းခနဲ ဖြစ်သွားသော သူ့မျက်နှာကို ရာရာ မြင်သည်။ မျက် ခွံးတွေက ဖြူစင်လို့ မျက်နှာလေး နုဖတ်နေပုံက မိန်းကလေးတွေ ထက်တောင် သာလွန်နေမလားတောင် မသိ။

"ကျေးဇူးတင်ပါတယ်ဗျာ နောက်ကျရင် ကျွန်တော့် ခြေထောက် ပေါ် ကျွန်တော် ရပ်နိုင်အောင် ကြိုးစားမှာပါ၊ ကျွန်တော့်ကို အထင်သေး နေတဲ့ မိဘတွေကို မခံချင်စိတ်နဲ့ ကြိုးစားပြမယ်"

"ဘာလဲ ဒီထက်မိုက်ပြမှာကို ပြောတာလား"

"ဟာဗျာ အလုပ်ကြိုးစားမှာပါ၊ ကျွန်တော့် မိဘတွေ ချစ်သော

www.burmeseclassic.com



တာထက် ပိုချမ်းသာအောင် ကျွန်တော် လုပ်ပြမယ်''

သည်လောက်ထိ ဒုက္ခရောက်နေတာတောင် မိဘတွေကို ပုန်ကန်ချင်နေသေးတာမို့ ရာရာ အမြင်ကပ်သွားတာ အမှန်။

''ဟွန်း ဖြစ်မယ့်ပုံပါပဲ ဖြူဖတ်ဖြူရော် ခွေခွေယိုင်ယိုင်နဲ့''

ရာရာ ပြောလိုက်တာကို သူ ကြားလောက်ပေမယ့် မကြားဟန်ပြုကာ ထရပ်သည်။ ဒူးဒဏ်ရာကို အလေးထားနေရတာကြောင့် လူက ယိုင်တိုင်တိုင်။

''ယောက်ျားမဟုတ်တဲ့ အတိုင်းပဲ ဟွန်း''

''ခင်ဗျားကလည်း ဒူးက တော်တော် အီစလံဝေသွားလို့ပါ။ မဟုတ်ရင် ယောကျ်ားကြီး သုံးလေးယောက်ကို ဘုန်းခနဲ လဲသွားအောင် ကန်နိုင်ပါတယ်''

''ပြောပြန်ပြီ လူမိုက်စကား ဒါဆို ရှင် အိမ်ကို လိုက်လို့မဖြစ်ဘူး။ ကျွန်မ အမေနဲ့မောင်လေးက ရှင့်လို လူမိုက်မျိုး လက်ခံမှာ မဟုတ်ဘူး''

''ဟာ ခေဘာ ဆောရီးပါဗျာ''

သူ ပျာပျာသလဲ တောင်းပန်ရင်း လက်ကာကာ တားသည်။

''နောက် မပြောတော့ပါဘူး။ ကျွန်တော် တော်တော် ဒုက္ခရောက်နေလို့ အကူအညီတောင်းတာပါဗျာ။ မဟုတ်ရင် ကျွန်တော် သူမျှား





အကူအညီ ယူတတ်တဲ့ကောင် မဟုတ်ပါဘူး''

ရာရာ မျက်စောင်းကလေး သူ့ဆီ ဒိုင်းခနဲ လွှင့်လာရင်း

''ထင်သားပဲ အပေါ်စီးကနေမယ့် ရုပ်မျိုးလို့ ကဲ လာ ကျွန်မမှာ ပစ္စည်းတွေ မနိုင်မနင်းနဲ့ ရှင့်ကို မတွဲခေါ်နိုင်ဘူး။ လမ်းမလျှောက်နိုင်ရင် လေးဘက်တွားပြီးသာ လိုက်ခဲ့ပေတော့''

စကားလုံးတွေက မျက်နှာကို ဖြတ်ရိုက်လိုက်သလို ခံရခက်သည်။ ဒါပေမဲ့ သူ နှုတ်ဆိတ်စွာပဲ နောက်က ခပ်ကုပ်ကုပ် လိုက်ခဲ့၏။

ဟန်ဆောင်ပန်ဆောင် လမ်းဘေးအုတ်ခုံကို ဒူးနဲ့တိုက်ပြီး အဆံရာယူမိတာ အချိန်အဆ များသွားတော့ ခံလိုက်ရတာ မချိမဆန့်။

ကိုယ့်ဝေဒနာနှင့်ကိုယ် အံကြိတ်ပြီး ထော့နဲ့ ထော့နဲ့လိုက်ခဲ့ရင်း ဘိုစီးလွင်ကို ရိုပ်ခနဲ ပြေးသတိရသည်။

သူ့အဖြစ်ကိုသာ မြင်လျှင်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သား တော်တော် နာနေသလားဟင်၊ ရောင်ကိုင်းနေတယ်

ထင်ပါရဲ့၊ သမီးရေ မိတ်သလင်နဲ့ ဆေးမြစ်စုံ သွေးနေတာ မပြီးသေးဘူး

လားကွယ်"

အမေ့ရဲ့ အသံတွေကို မရပ်မနား ကြားနေသည်။ စိုးရိမ်ပူပန်

တတ်သော အမေနှင့် ဒီလူဒဏ်ရာနှင့်တော့ အဟုတ်ပါပဲ။

"ကျောက်ပျဉ်ကြီးလည်း သယ်မလာနဲ့ဦးနော်၊ ပျစ်ပျစ်နှစ်နှစ်

သွေးပြီး လက်ဖဝါးထဲ ထည့်ယူလာခဲ့ အမေက ဘာမှမမြင်တော့ အခက်

ပဲကွယ့်"

ရာရာ ရင်ထဲကနေပဲ ထိုလူကို ကျိန်ဆဲမိသည်။ ထိုလူပါလာ

သည့် အကြောင်းအရင်းကို အမေနှင့်မောင်လေးကို နားလည်အောင်





ပြောပြခဲ့သည်။

မေတ္တာရှင် အမေ့ရော မောင်လေးပါ သူစိမ်းကို သွေးသားရင်း

လိုလို ပျာယာခတ် စိုးရိမ်သွားကြသည်။ ပြုစုပေးကြသည်။ ပင်ပန်းလာ

တဲ့ ရာရာလည်း အငြိမ်မနေရ။

စာကျက်နေသော မောင်လေးခမြာ ထမင်းတွေ ဟင်းတွေ

ပြင်ဆင်နေသည်။ မမြင်မစမ်းနဲ့ အမေလည်း သူ့ဒူးကို အကြော

ပြေအောင် နှိပ်နယ်ပေးလို့ နေ၏။

သနပ်ခါးသွေးရမှာ ပျင်းသော ရာရာတောင် ဆေးမြစ်စုံ သွေး

နေတဲ့ အဖြစ်။

ဟွန်း သူဌေးသား လူပေါ်ကြော့တွေများ ဒုက္ခရောက်လာတာ

ဆောင် ပြုစုမယ့် သူတွေက အဆင်သင့်နှင့်။

"ကဲ ရှင့် ခြေထောက် ဒီဘက်လှည့် ဆေးလိမ်းရအောင်"

"ဟဲ့ ဟဲ့ သမီး အကြမ်းပတမ်း မလိမ်းရဘူးနော်၊ ရောင်နေတဲ့

နေရာကနေ ဖြည်းဖြည်း ဆွဲချ၊ ဟိုတစ်ခါ သမီးကလေးတွေနဲ့ ဆော့

စားရင်း ခြေဆစ်ယောင်လို့ အမေ ဆေးလိမ်းပေးသလိုလေ၊ သမီး

သိတယ် မဟုတ်လား"

စပ်ဖြီးဖြီး ဖြစ်နေသော ထိုလူကို ရာရာ အံကလေးကြိတ်

ကာ စောင်းထိုးပစ်လိုက်သည်။ ရာရာ အကြောင်းသိတဲ့ အမေ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှည်မှာစိုးလို့ သတိပေးနေတာကို ငြိမ်နေပုံက ခံနိုင်စရာမရှိ။

**တနာစိတ်ကလေး**က ပျောက်နေပြီမို့ တမင်ပဲ ခပ်ဖိဖိ လိမ်[illegible] **ပေးလိုက်တော့**

"အား အမယ်လေးဗျာ ဖြည်းဖြည်းလုပ်ပါဗျ နာလိုက်တာ"

"နာရင် သေပေါ့"

"ဟဲ့ ဟဲ့ အို သမီးရယ်"

အမေ့ရဲ့ အပြစ်တင်စကား မဆုံးခင် ရာရာ လက်ဆေးဖို့ [illegible] ထွက်လာခဲ့သည်။ အမေက စိုးရိမ်စွာနှင့် ထိုလူ့ ဒူးဆစ်ကို စမ်းပြီး [illegible] ဖွ ပွတ်နယ်ပေးနေခဲ့၏။

"အမေ ထမင်းစားလို့ ရပြီ၊ ဟို အစ်ကိုလည်း တစ်ခါတည်း ဝင်စားလိုက်နော်"

မောင်လေးက ထမင်းဝိုင်း အသင့်ပြင်ပေးပြီးပြီမို့ လှမ်းပြော သည်။

"အေး အေး စားကြတာပေါ့ကွယ်၊ အမေတို့ အိမ်က ဟင်း တော့ မကောင်းဘူးကွဲ့၊ သား စားတတ်ပါ့မလားကွယ်"

"ဟုတ်ကဲ့ ဗိုက်ဆာနေတာဆိုတော့ စားနိုင်မှာပါ အမေ၊ နေ[illegible] လည်း ကြုံသလို ဖြစ်သလို နေရမှာပဲဟာ၊ ကျင့်သားရတာပေါ့ အမေရဲ့"

မောင်ကောင်းစံက မိခင်ဖြစ်သူကို တွဲပြီး ထမင်းစားပွဲ[illegible]





[illegible]ခဲ့၏။ သူကလည်း ခြေထောက် ထော့နဲ့နဲ့နှင့် လိုက်လာခဲ့၏။

"အဲဒါပဲ သား၊ မိဘအရိပ်ထက် ဘယ်အရိပ်မှ မကောင်းဘူး [illegible]တာ သား သိလောက်ပြီပေါ့၊ မိဘဆီမှာတော့ မကောင်းရင် မစားဘူး၊ [illegible]ကြိုက်ရင် မဝတ်ချင်ဘူး ငြင်းဆန် ဆိုးနွဲ့လို့ ရပေမယ့် သူတစ်ပါးဆီမှာ [illegible]တော့ အဲဒီလို အခွင့်အရေးမျိုး မရနိုင်ဘူးကွဲ့"

စေတနာနှင့် ဆုံးမစကားမို့ သူ ခေါင်းညိတ် နာခံမိပေမယ့် [illegible]ဆီမှာတော့ မာမီဆီကလည်း ကျွန်တော် လိုချင်တာ တောင်းလို့ [illegible]ခဲ့ပါဘူး အမေရယ် လို့ ပြန်ပြောမိသည်။

ငါးသေးသေးလေးတွေကို အိုးကပ်ချက်ထားပုံက ဆီတောင် [illegible]လားဟု တွေးချင်စရာ။ ငါးပိရည်၊ တို့စရာ၊ ကန်စွန်းရွက် ချဉ်ရည် [illegible]တို့က သူ့အိမ်က အလုပ်သမားတွေကိုတောင် မကျွေးဘူးသော [illegible]ရာတွေ။

သူ အခုမှ မြင်ဖူးသော ထမင်းဝိုင်းလေးက ရှုံးစမ်းချင်တဲ့ဘဝ [illegible]ကို သိပြီလားလို့ လှောင်ပြောင်နေသယောင်။

"စားလေ ဘာလုပ်နေတာလဲ၊ အလှကြည့်ခိုင်းနေတာ မဟုတ် [illegible] စားမှ ဗိုက်ဝမှာ"

သူ့အရိပ်ကို ကြည့်ကာ ကောင်မလေးက ခပ်မာမာလေး [illegible]သည်။ အမေက မမြင်နိုင်ပေမယ့် သူရှိရာကို မျှော်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"သူ မစားနိုင်လို့လားမှ မသိတာ သမီးရယ်၊ သားငယ် ယ
သိပ်ကဆိုင်တွေ မပိတ်သေးရင် ကြက်သားဟင်းလေး ဘာလေး သွာ
ဝယ်ချေပါလားကွယ်"

"ဟာ နေ နေပါစေ အမေ ကျွန်တော် စားနိုင်ပါတယ်၊ ဟို
ထမင်းပွဲကို မြင်တော့ အိမ်ကို သတိရသွားလို့ပါ"

သူ ကသောကမျော တားမြစ်တောင်းပန်လိုက်တော့ အမေ
ခေါင်းညိတ်ပြုံးရင်း

"ဒါပေါ့ကွယ် စားချိန်သောက်ချိန် ဆိုတော့ အိမ်ကို ပို သတိ
တာပေါ့၊ ဒါကြောင့် သား ဆိုးပေမိုက်မဲဖို့ မကြိုးစားတော့ဘဲ မိဘတွေ
လက်ခံလာအောင် လိမ်လိမ်မာမာ နေပြလိုက်ပါလားကွယ်"

ကောင်မလေးရဲ့ စကားတွေနှင့် အမေက သူ့ကို လူဆိုးလူ
တစ်ယောက်လို့ မြင်နေတာမို့ အခက်ပါပဲ။ ကိုယ့်အဖြစ်က အမှန်ကို
ဝန်ခံမရတဲ့ အခြေဆိုတော့လည်း ဖြူစင်သူတွေကိုမှ လိမ်ညာနေရတဲ့
အဖြစ်။

"ဟို ဒီလို ခင်ဗျ ကျွန်တော်က အရမ်းကြီး ဆိုးပေမိုက်မဲနေ
တာတော့ မဟုတ်ပါဘူး အမေ၊ ဆယ်တန်းမအောင်ခဲ့တာ အိမ်မကပ်ဘဲ
လျှောက်သွားနေတာ လောက်ပဲ ရှိတာပါ၊ အဲဒါကို မိဘတွေက ခြေပြီး
အောင် ဆိုပြီး မိန်းမပေးစားချင်နေတာလေ၊ ကျွန်တော်က အဲဒါကို





ဘာလန်ကဆန်လုပ်မိတော့ အိမ်ပေါ်က ဆင်းခိုင်းတာပါပဲ"

ပါးစပ်ထဲတွေ့ရာ မုသာဝါဒတွေ လွှန်ကျူးရင်း လိပ်ပြာမလုံ
ဖြစ်ရသေးသည်။ ထမင်းတွေ တစ်လုပ်ပြီး တစ်လုပ် အားပါးတရ စားရင်း
ချော်မော့ကပ်ပြီး ကြည့်နေတဲ့ ကောင်မလေးကြောင့် ကယောင်ကတမ်း
ဖြစ်နေတာလည်း ပါသည်။

"ဒါနဲ့ သားမှာ မှတ်ပုံတင်ရော ပါရဲ့လားကွဲ့၊ နေစရာ မရှိသေး
တာက ဟိုဘက်အခန်းမှာ မင်းညီလေးနဲ့ အတူနေလို့ ရတယ်၊ အလုပ်
အကိုင်လုပ်မယ်ဆိုရင် မှတ်ပုံတင်ရှိမှ ဖြစ်မှာ"

"အဲ အဲဒါ ကျွန်တော် မေ့ခဲ့တယ် အမေ၊ ဟိုလေ ကျွန်တော်က
ကုမ္ပဏီတွေ ရုံးအလုပ်တွေ လျှောက်မှာမှ မဟုတ်တာ၊ ကြုံရာကျဘမ်း
သုစ်မှာဆိုတော့ မှတ်ပုံတင် အရေးမကြီးလောက်ပါဘူးနော်"

စကားပြောသမျှ ကတုန်ကယင်နှင့် ပြူးတူးပျာတာ ဖြစ်နေသော
သိုလူကို ရာရာ စိတ်မရှည်ချင်တော့ပါ။ အမေ မမြင်နိုင်ဘာမို့ မျက်နှာ
ကို လက်ညှိုးနှင့် ထိုးရွယ်ရင်း

"ဒီမှာ ရှင်ကလေ စကားကို အလွယ်ပြောတတ်တယ် သိလား။
ရှင့်ပုံပန်းနဲ့ ဘယ်အလုပ်ကြမ်းကို လုပ်နိုင်မှာလဲ၊ ကြုံရာကျဘမ်း အလုပ်
ဆိုတာ ရှင်လုပ်ဖူးသလား၊ ဟွန်း လူကြည့်တော့ သွေးမရှိတဲ့ ရုပ်နဲ့"

"မင်း ငါ့ကို သိပ်အထင်သေးတယ်၊ မင်း ဘာခိုင်လဲ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်တယ်၊ လုပ်ပြမယ်''

မျက်နှာကြီး နီရဲပြီး မခံချင်စိတ်နှင့် ရှူးရှူးရှားရှား ပြောလာသော သူတို့ ကြည့်ကာ မောင်နှမနှစ်ယောက် ခိုးခိုးခစ်ခစ် ရယ်နေကြပြန်သေးသည်။ အမေကလည်း ပြုံးစိစိ။

''သမီးအပြော ထောက်ကြည့်ရရင် သားက တော်တော်နှနယ် ပျော့ဖတ်နေမယ့် ပုံပဲ၊ ဒါနဲ့ သားနာမည်ရော ပြောပါဦးကွယ်''

''မင်းစက်ဝ အဲ မင်းစက်ပါ ခင်ဗျာ''

လွှတ်ခနဲ အပြည့်အစုံ ပြောမိတော့မည့် စကားကို ဘရိတ်အုပ်ရင်း အဖြေပေးတော့ ကောင်မလေး မျက်နှာတန်းတန်းလေး တွန့်သွားရင်း

''နောက်က ဝ ဆိုတာ ဘာလဲ ရှင်းရှင်းပြော''

''ဘာမှမဟုတ်ဘူး ငါ့နာမည် မင်းစက်၊ ငါ့အဖေက ဦးဝသုန် ဆိုတာ ထည့်ပြောမိတော့မလို ဖြစ်သွားတာပါ၊ ရှင်းရှင်းပဲ ငါ့နာမည် မင်းစက်''

ဒေါသတွေ မခံချင်စိတ်တွေလည်း ပြေသွားပြီမို့ သူ လက်မ ထောင်ပြီး ရွှတ်နောက်နောက် လုပ်တော့ အားလုံး ပြုံးသွားကြသည်။

မျက်မမြင် မိခင်ကြီးနှင့် နေထိုင်ရရှာသော သည်မိသားစု ဘဝလေးက နွေးထွေးအေးချမ်းတာတော့ အမှန်ပဲဟု သူ မှတ်ချက်ပြုမိ၏။





အားလုံးနည်းတူ သူလည်း ထမင်းပန်းကန်ထဲ ငါးပိရည်ရွှဲရွှဲ မေးကာ တို့စရာတွေ မြုပ်လို့ အားပါးတရ စားကြည့်သည်။

''အားလားလား စပ်လိုက်တာ''

ပူလောင်သွားသည့် ပါးစပ်ကို ဟ လက်ကလေးနှင့်ခါပြီး ရှူးရှူးရှဲရှဲ ဖြစ်နေသော သူ့ကို ကောင်မလေး သဘောကျစွာ တဟားဟား အော်ရယ်သည်။

ကောင်လေးက ရေတစ်ခွက် ခပ်ပေးတာမို့ သူ ကသောကမျော မော့သောက်လိုက်ရ၏။

''ကျေးဇူးပဲ ညီလေး''

''ကျွန်တော့်နာမည်က မောင်ကောင်းစံ ပါ အစ်ကို၊ အမေ့ နာမည်က ဒေါ်အေးရိပ်၊ မမ နာမည်က ကလီယိုပက်ထရာ ပါ''

''ဘာ ဘယ်လို''

သူ တကယ်ပဲ ဆန်းပြားလှသည့် နာမည်ကြောင့် ရေရွတ်မိ လိုက်တော့ သူမ မျက်စောင်းလေး ရူးခနဲ ရောက်လာပြီး

''ကလီယိုပက်ထရာ အလှဘုရင်မ နာမည်ကို သဘောကျပြီး အဖေ ပေးခဲ့တာ၊ ရှင်က ဘာလို့ ပြုံးတုံးပြာတာ ဖြစ်သွားရတာလဲ''

''အာ မဟုတ်ပါဘူး ဟို အဲ နာမည်က ဆန်းနေလို့ အဟွန်း''

''ဟုတ်သားပဲ သမီးရယ်၊ သမီးနာမည် ကြားတဲ့လူတိုင်း အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ အဆန်းလုပ်လို့ကွယ်၊ သား မောင်မင်းစက် အခေါ်ခက်ရင် ရာရာ လို့ပဲခေါ်ပေါ့ကွယ်''

အမေက ဝင်ပြောတော့ ရာရာ ဆိုသည့် ကောင်မလေး ဘာစကားမှ မဆိုတော့ဘဲ နှုတ်ဆိတ်ငြိမ်သက်သွားသည်။

မျက်စောင်းလေးကတော့ ရှုးခနဲ ပစ်ဖြစ်အောင် ပစ်လိုက်သေးရဲ့။ အခြယ်အသ ကင်းစင်သည့် မျက်နှာလေးရဲ့ အလှတရားတွေက မပြည့်စုံသော ဘဝလေးနှင့်တော့ တကယ့် တခြားစီ။

နာမည်နဲ့လိုက်ဖက်အောင် ချောမောလှပတဲ့ ရာရာ

အလှဘုရင်မ တစ်ပါးပါပဲ။

■ ■ ■





## အခန်း (၇)

''ဘာ ငါက ဒီတောင်းကြီးကို ထမ်းရမယ် ဟုတ်လား''

အိမ်ရှေ့မှာ မြင်လိုက်ရသော ခြင်းတောင်းကြီးကို ကြည့်ကာ မင်းစက် အထိတ်တလန့် မေးမိသည်။

ရာရာ သူ့ကို စိတ်မရှည်သလို မျက်ခုံးတွန့်ကြည့်ရင်း

''အေးလေ ရှင် မထမ်းလို့ ဘာလုပ်မှာလဲ၊ လိမ္မော်သီးနဲ့ ယစ်တော်သီး အလုံးတစ်ရာလောက်ပဲပါတဲ့ ခြင်းကို ရှင် မထမ်းနိုင်ဘူးလား''

ရာရာ မျက်ဝန်းတွေ သူ့ကို အထင်အမြင်သေးသလို ကြည့်ရင်း ဘုဆတ်ဆတ် မေးတော့ မင်းစက် ဟန်မပျက် ခါးထောက်နေရင်း

''မဟုတ်ပါဘူး၊ ငါက ဘယ်အထိ ထမ်းရမှာလဲ''

''ကျောင်းဈေး သွားရောင်းရမှာ၊ ကျောင်းအထိ ထမ်းပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဝေးဘူး ကားဂိတ်နှစ်မှတ်တိုင်လောက်ပဲ''

မင်းစက် မျက်လုံးပြူးသွားသည်။ ဘာမှမဝေးသော ခရီးက ကားဂိတ်နှစ်မှတ်တိုင်တဲ့။

''ဟို ဆိုက်ကားနဲ့သယ်လို့ အဆင်မပြေဘူးလား''

''ဘာ ဆိုက်ကားခ ထပ်အကုန်မခံနိုင်ပါဘူး၊ ဘာဖြစ်လို့လဲ ဒီခြင်းတောင်းကို ရှင် မသယ်ချင်တာလား''

''မဟုတ်ပါဘူး''

''မဟုတ်ရင် ထမ်းပေါ့၊ ဒါတွေက ကျောင်းနှစ်ကျောင်း ခွဲရောင်းရမှာ၊ အမေက အစမို့လို့ ရှင်လည်း မကျွမ်းကျင်သေးဘူး သင်ရင်းပြရင်းနဲ့ အတူတူရောင်းဖို့ ခေါ်သွားလိုက်ပါဆိုလို့ မဟုတ်ရင် ဒီတောင်းလောက်တော့ ကျွန်မဘာသာ ထမ်းပြီး ကျောင်းရောက်နေလောက်ပြီ''

ပြောပုံက တစ်စက်လေးတောင် သေးသေးတင် မခံပါလား။ အင်းလေ ဒီလို စိတ်ဓာတ်နဲ့ ဒီလို ပြောပုံဆိုပုံလေးတွေကို စိတ်ဝင်စားမိပြီး သူ ဒီကို ရောက်လာခဲ့ရတာပဲ။

ကိုယ် ထမ်းဖို့ မဝံ့မရဲ ဖြစ်နေသည့် ခြင်းတောင်းကြီးကို သူမ အခုပဲ ကောက်ထမ်းသွားတော့မည့်ပုံ။

''ကဲ အချိန်မရှိဘူးနော်''

''အင်းပါ မင်း ငါ့ပခုံးပေါ် ပင့်တင်ပေးဦးလေကွာ''





''အမလေးတော် ယောကျ်ားဘာသားလို့ ပြောဖို့ မကောင်းဘူး၊ ယောက်သွား မသားလို့ပဲ ခေါ်ဖို့ ကောင်းတော့တယ်၊ ကဲ ရှင် ထိုင်လေ၊ ရှင့်အရပ်ကြီး မိုးလောက်ကို ဘယ်လို ပင့်ပေးရမှာလဲ''

မင်းစက် ခေါင်းတစ်ချက် ညိတ်ပြီး ဒူးထောက် ထိုင်ချလိုက်၏။ သူမက ခြင်းတောင်းကြီးကို ဆတ်ခနဲ နှုတ်ခမ်းလေးစေ့ပြီး သူ့ပခုံးပေါ် မတင်ပေးသည်။

''အ အီး အဲ အဲ''

ညာဘက် ပခုံးပေါ် လေးပင်ပိကျလာသော ခြင်းတောင်းကြီးရဲ့ အလေးချိန်ကို မခံနိုင်ဘဲ သူ ဒူးထောက် ပြိုလဲကျသွားခဲ့သည်။

''အဟား ဟား ဟား''

မိန်းကလေး တန်မဲ့ ရာရာ ရယ်ချလိုက်တာ ဝါးလုံးကွဲ။ မင်းစက် မျက်နှာကြီး နီမြန်းထူပူသွားရကာ ပြန်လူးလဲ ထရပ်ရင်း

''မင်း ဘာလို့ ရယ်နေတာလဲကွ၊ သေသေချာချာ ပင့်ပေးလေကွာ၊ ထမ်းမပေးဘဲ နေလိုက်လို့''

''အောင်မယ် ရှင်က ပြောရတယ် ရှိသေး၊ ထမ်းမပေးချင်ရင် ရှင် ထမင်းငတ်ပေါ့၊ အိမ်လခအဖြစ် ပေးထားတဲ့ တစ်လစာလည်း ပြန်မပေးနိုင်ဘူး၊ အိမ်ပေါ်က ရှင်ဆင်းသွား''

ပြောသည့် စကားလုံးတွေကတော့ ပိသာအလေးနဲ့ဘေးပစ်



www.burmeseclassic.com

www.burmeseclassic.com



သလို ခံရခက်သည်။ ဒါပေမဲ့ မျက်ဝန်းတွေထဲမှာတော့ အရယ်ရိပ်တွေ ယှက်သမ်းနေသည်။

သည်ခြင်းတောင်းကို သူ မနိုင်ဘူး ထင်နေသလား။

"ကဲပါကွာ ငါ ထမ်းမှာပါ။ မင်းက စိတ်ကြီးလိုက်တာ"

"ကျောင်းစေ့ရောင်းမှာ အချိန်နဲ့ရောင်းရတယ်၊ ကျောင်းတက်မှ ရောက်သွားလို့ ဘာတစ်လုံး ရောင်းရမှာလဲ"

"ဟုတ်ပါပြီ တဲ ပင့်တော့"

ခန္ဓာကိုယ်ကို ကိုင်းညွတ်ပြီး သူ့လက်တွေကလည်း အလိုက်သင့် ခြင်းတောင်းကို ပခုံးပေါ် မတင်သည်။

သစ်သီးတောင်း ပခုံးပေါ် ရောက်သွားသည်နှင့် မင်းစက် ပခုံးသားတွေ စုတ်ပြတ်သွားသလား ထင်မိသည်။

နာကျင်မှုကို အံတင်းကြိတ်ကာရင်း ခြေလှမ်းတွေကို ရှေ့လှမ်းကြည့်ပေမယ့် တုန်ချိချိ ယိမ်းထိုးနေသည်။

"တောက် ခြေတိုလက်တို အနူအရွဲ့ နိုင်းရတာမှ အဆင်ပြေဦးမယ် ပေး ပေး ရှင်မထမ်းနဲ့တော့၊ ကျွန်မ နောက်ကလည်း လိုက်မလာနဲ့"

သူ့ပခုံးပေါ်က ခြင်းတောင်းကို သူမ ပြန်ဆွဲချသည်။ မကျေနပ်မှုတွေ ပိတ်မှောင်နေသော မျက်နှာလေးက အလှပျက်မသွားပေမယ့်





ခန်းနေရောင် ရင့်ရော်လျက်။

"တကယ့် ဆန်ကုန်မြေလေးပဲ၊ အိမ်လခလေး တစ်ပဲခြောက်ပြားနဲ့ ထမင်းပါ တင်ကျွေးထားရမယ့်ကိန်း၊ အဖြစ်မရှိဘဲနဲ့ အိမ်ကဆင်းလာသတဲ့၊ ဘယ်လို အကုသိုလ် ဝင်နေသလဲ မသိဘူး"

နှုတ်က တဖျစ်တောက်တောက် ပြောရင်း မြေပြင်ပေါ် လိမ့်ကျသွားသော သစ်သီးတချို့ကို ခြင်းတောင်းထဲ ဆောင့်ဆောင့် အောင့်အောင့် ပြန်ကောက်ထည့်သည်။

ကိုယ်တစ်ခါမှ မလုပ်ဘူးသော အလုပ်မို့ ဒီခြင်းတောင်းကို နိုင်နင်းတာ အမှန်။ မင်းစက် ဘာမှပြန်မပြောသာဘဲ နှုတ်ဆိတ်ရပ်နေသည်။

"ရှင် လုံးဝ လိုက်မလာနဲ့ ဒါပဲ"

ရာရာ ယတိပြတ် ပြောကာ ခြင်းတောင်းကို ဆတ်ခနဲ ပင့်မြှောက် မတင်သည်။ ပခုံးလေးက ခြင်းတောင်းအောက်ကို အလိုက်သင့် ဝင် ခံယူလိုက်တော့လည်း အလွယ်လေး။

လုံချည်တိုတို ရှပ်လက်တို အနက်ကွက်နှင့် အနီရောင် လွယ်အိတ်ကို စလွယ်သိုင်းထားသော ရာရာ အုံ့ဩဖို့ကောင်းလောက် အောင် သူ့ရှေ့က မယိမ်းမယိုင် ထွက်ခွာသွားခဲ့သည်။

မင်းစက် ပါးစပ်အဟောင်းသား မင်သက်စွာကြည့်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မခံချိ မခံသာ ဝေဒနာတွေ စုရုံးတိုးဝှေ့ ဝင်လာသည်။

ဆင်းရဲချမ်းသာ ကွဲပြားပေမယ့် လူချင်းအတူတူ ဘာကြောင့် သူ ပျော်ပြောင်းနူးညံ့လွန်းနေခဲ့တာလဲ။

ရာရာလို မိန်းကလေးတစ်ယောက် လုပ်နိုင်သည့် အလုပ်တွေ ကို သူလို ယောကျ်ားတစ်ယောက်က ဘာကြောင့် မလုပ်နိုင်တာလဲ။

မေးခွန်းတွေအတွက် အဖြေက ခက်ခက်ခဲခဲ ရှာဖွေစရာတော့ မလိုပါ။ ရွှေဘုံပေါ်မှာ ခံခဲ့ရသော သူ့ဘဝက လေးပင်သော ဝန်ထုပ် ဝန်ပိုးဆိုလို့ ဘာမှ ထမ်းပိုးဖူးတာ မဟုတ်ဘဲ။

ရာရာရဲ့ ဘဝနဲ့ သူ့ဘဝ ကွာခြားမှုတွေက အများကြီး။ ဒါပေမဲ့ ရာရာ ဘဝလေးကို သူ အားကျခဲ့သည်။ စိတ်ဝင်စားခဲ့၏။ ရာရာတို့ မိသားစု ဘဝလေးထဲကို ရောက်ခဲ့တော့ နွေးထွေးလှသည့် မေတ္တာတို့ကို သူ ပိုင်ဆိုင်ခဲ့သည်။

သူ့ဘဝမှာ ဘယ်တုန်းကမှ မပိုင်ဆိုင်ဘူးသော အရာတွေကို သူမြင်တွေ့ အားကျခဲ့သည်။

မေတ္တာအိမ်ကလေးထဲမှာ မင်းစက် ကာလရှည်ကြာစွာ ရှင်သန် နေထိုင်ချင်ပေမယ့်

"အိမ်ရှေ့မှာ သား မောင်မင်းစက်လားကွဲ့"

အိမ်တံခါးက ဒေါ်အေးရိပ် လှမ်းမေးသံကြောင့် မင်းစက် လှည့်





ကြည့်လိုက်ရင်း

"ဟုတ်ကဲ့ အမေ"

တံခါးဘောင်လေးတွေကို စမ်းကိုင်ပြီး ခြံဝင်းထဲ ဆင်းလာသော ဒေါ်အေးရိပ်ကို မင်းစက် အပြေးလေး ဖေးမကာ တွဲခေါ်လိုက်သည်။

"သား ကျောင်းဈေးရောင်းဖို့ လိုက်မသွားဘူးလား"

ဒေါ်အေးရိပ် မေးတော့ မင်းစက် ပင့်သက်မောကို မှုင်းမှုင်း ရှိုက်ရင်း

"ဟုတ်တယ် အမေ သစ်သီးတောင်း မထမ်းနိုင်လို့ဆိုပြီး ရာရာ စိတ်ဆိုးသွားတယ်၊ သူ့နောက်ကို လုံးဝ မလိုက်ခဲ့နဲ့တဲ့"

မင်းစက် အဖြေစကားကြောင့် အမေ ခေါင်းလေးကို စိတ်ပျက် သလို ခါရမ်းလိုက်ရင်း

"အင်း ဒီကလေးမနဲ့တော့ ခက်သားဗျွယ်၊ ရုပ်ကလေး လှ သလောက် စိတ်က ကြီးတယ်၊ စရိုက်ကလည်း ကြမ်းသားကွဲ့၊ အင်း သူ့ဘက်က ကြည့်တော့လည်း ဒီလို ကြမ်းကြမ်းတမ်းတမ်း လုပ်နိုင်ရှာဖွေ နိုင်လို့ အမေတို့ မိသားစု ထမင်းနပ်မှန် စားနေရတာ မဟုတ်လား"

ဒေါ်အေးရိပ် စကားတွေကို သူ မငြင်းနိုင်ပါ။ ရာရာရဲ့ အပြု အမူ အပြောအဆိုတွေ ကြမ်းတမ်းပေမယ့် နှလုံးသားလေး နူးညံ့တာကို သူ သိသည်။

www.burmeseclassic.com



သူ ဒုက္ခရောက်နေဟန်ဆောင်ပြီး သည်အိမ်ကလေးကို ရော ခဲ့တာကပဲ ရာရာ၏ ဖြူစင်တဲ့ စေတနာလေးကြောင့် ဖြစ်သည်။

"ဒီနေ့လည်း သားပါ လိုက်မယ်ဆိုတော့ သူ သစ်သီးတွေ ဝယ်လာတာတဲ့၊ သားလခ အဖြစ်ပေးထားတဲ့ ငွေတစ်သောင်းနဲ့ သူ့မှာ တဲ့ ငွေလေးပေါင်းပြီး ရင်းနှီးထားတာလေ"

ဒါကို သူ သိပါသည်။ သည်အိမ်လေးမှာ သူ ဆက်နေထိုင် အတွက် အရင်ဆုံး မောင်ကောင်းစံကို အကူအညီ တောင်းသည်။

သူ့ဆီမှာ ပါလာသော ငွေထဲက တစ်သောင်းကို လခအဖြ ယူထားဖို့ ညှိနှိုင်းကြည့်၏။ မောင်ကောင်းစံက အစ်မဖြစ်သူဆီမှာ ပြော ခွင့်တောင်းပေးသည်။

"ရှင့်ပိုက်ဆံကို လိုချင်လို့တော့ မဟုတ်ဘူး။ တစ်ပြားမှ မယူ ကူညီချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့က စေတနာပဲ ချမ်းသာတယ် ဒီမှာ ခဏနေမယ်ဆိုရင်တော့ နေပေါ့၊ ရှင့်ဆီက ရတဲ့ငွေတော့ ကျွ အရင်းအနှီး လုပ်မယ် ဖြစ်သလား"

"ဟာ ဖြစ်ပါတယ် ဖြစ်ပါတယ် ရာရာ၊ ကျေးဇူးတင်ပါတ ဗျာ"

"ကျေးဇူးတင်တယ်ဆိုရင် အကြာကြီးတော့ မှီခိုဖို့ မစဉ်းစာ ရှင်နေစရာ အဆင်ပြေတာနဲ့ သွား။ ခုကတည်းက အပြတ်ပြော





...နော်"

ရာရာက အဲဒီအထိ ယတိပြတ် စကားပြောကာ နေထိုင်ခွင့် ...ခဲ့တာဖြစ်သည်။ အခုတော့

"သား ဘာစဉ်းစားနေတာလဲကွဲ့"

"ဗျာ အမေ ဟို အဲ ရာရာ အတော်စိတ်ဆိုးသွားတယ်၊ ...အကြာ ကျွန်တော့်ကို အိမ်ပေါ်က နှင်ချနေရင် အခက်ပဲ၊ အဲဒါ ...စားနေတာပါ အမေ"

မင်းစက် ပြောတော့ ဒေါ်အေးရိပ် နွေးထွေးစွာ ပြုံးပြရင်း ...ခေါင်းကို ဖွဖွလေး ဆုပ်ကိုင်သည်။

"သမီးလေးက အဲဒီလောက် မရက်စက်တတ်တာ အမေသိတာ ...ကွယ်၊ ပြန်လာရင် သူ စိတ်ပြေနေမှာပါ၊ သားကလည်း ကိုယ့်ညီမ ...လို သဘောထားပြီး သည်းခံပေးပေါ့ကွယ်၊ သမီးလေးက တစ်အိမ် ...ရဲ့ တာဝန်နေရေးတင်မကဘူး၊ သူ့မောင်လေး ပညာရေးအတွက် ...ရှာဖွေနေရရှာတာ"

"ကျွန်တော် နားလည်ပါတယ် အမေ၊ ရာရာကို စိတ်မဆိုးပါဘူး၊ ... အခုလည်း သူ ကျောင်းဈေးမှာ ရောင်းပြီး လမ်းထိပ်ကားဂိတ်လေး ...သွားရောင်းဦးမှာဆိုတော့ ကျွန်တော် ထမင်းချိုင့် သွားပို့ရင် ကောင်း ...သား ဟင် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ကောင်းသားပဲ၊ သား သွားပို့မယ်ဆိုရင် အ
ကောင် ကျောင်းသွားရင်း ယူသွားစရာ မလိုတော့ဘူးပေါ့"

ဒေါ်အေးရိပ် ကိုယ်တိုင်က သူ့အပေါ် မိသားစု အရင်းအ
လို ချစ်ခင်နေတော့လည်း မင်းစက် ဝမ်းသာကြည်နူးမိသည်။

မာမိရဲ့ နှလုံးသားမှာ ဒေါ်အေးရိပ်လို နူးညံ့သိမ်မွေ့တဲ့ မေ
စိတ်တွေ ပြည့်ဝနေရင် ဘယ်လောက် ကောင်းမည်လဲ။

မာမီကို သတိတရ တွေးမိရင် အာရုံထဲ ဖျတ်ခနဲ ဝင်လာ
သည်က ရာရာ ရဲ့ဒေါသ မျက်နှာလေး။

တော်တော် စိတ်တို အပြောကြမ်းတဲ့ ကောင်မလေး။

ဘယ်တုန်းကမှ လေသံမာမာနဲ့ စကားတွေကို နားမထော
ရသော သူ့အတွက် ရာရာရဲ့ စကားကြမ်းကြမ်းတွေက အဆန်း ဖြ
သည်။ ရင်ထဲကို စူးစူးနစ်နစ် ခံစားရအောင်လည်း ပြင်းထန်ပါသ

ဒါပေမဲ့

ကိုယ်ကိုယ်တိုင်က ဒီဘဝလေးကို စူးစမ်းရင်၊ ခံမင်နေ

မင်း စကားတွေ ဘယ်လောက်ပဲ ကြမ်းပါစေ၊ ငါ အပြစ်
နိုင်ဘူး။ မနာကျည်းနိုင်ဘူးဆိုတာ ယုံပါ ရာရာ။

မင်းရဲ့ စူးရှလင်းလက်တဲ့ မျက်ဝန်းနက်လေးတွေ

စကားကြမ်းကြမ်းလေးတွေနဲ့ ပွင့်လင်းစွာ ပြောဆိုတ





မ်းစိုရဲရဲလေးတွေ

အားလုံးကို ကိုယ် စိတ်ဝင်စားခဲ့တာပါ ရာရာ။

မင်းရဲ့ နှလုံးသားလေးက ဖြူစင်နူးညံ့တာ ကိုယ်သိတယ်။

အဲဒီ နူးညံ့တဲ့ နှလုံးသားနဲ့ ကောင်မလေးရဲ့ အနားမှာ ကိုယ်
နေခွင့်ပြုပါ ရာရာ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"လုပ်ပြန်ပြီ ဘယ်အချိန်ရှိသေးလို့ ရှင်က ဗိုက်ဆာနေရတာ မင်းစက်ရဲ့"

"ဆယ့်နှစ်နာရီ ကျော်နေပြီ ရာရာရဲ့ ကလေးတွေလည် ကျောင်းတက်ကုန်ပြီပဲ ထမင်းစားရအောင်"

"အမယ်လေး သူလိုက်လာမှပဲ ထမင်းကို အချိန်နဲ့ စားရ မယ်၊ ကျောင်းတက်ရင် ကျွန်မ ကားဂိတ်ပြေးပြီး ကွမ်းယာရောင်းရ

ပြောပြောဆိုဆို သစ်သီးခြင်းတွေ ဆွဲပြီး ရာရာ ပြန်ဖို့ ပြင် နေသည်မို့ သူလည်း ကူညီသိမ်းဆည်းပေးရပြန်သည်။

"စားသောက်ပြီးမှ ဈေးဆက်ရောင်းပါလား၊ ရာရာရယ်"

သူ စေတနာနှင့် ဆိုမိသည့် စကားကို မျက်စောင်းတစ်ချ ပင့်ခနဲ ထိုးရင်း





"နေ့တွက်ကိုက်လောက်ပြီ ထင်မှ ရာရာတို့က ထမင်းစား ခင်တယ်၊ ဘိုးတော် မင်းစက်ရေ ရှင်ဆာရင် စားနှင့်တော့၊ ကျွန်မ အတော့ ကားဂိတ်ကို ပြေးတော့မယ်"

သစ်သီးခြင်းကို ခါးထစ်မှာ ခွင်လျက် ခြေလှမ်းကျဲကြီးတွေနှင့် သုတ်ထွက်သွားသော ရာရာနောက်ကို ထမင်းချိုင့်ကြီးဆွဲကာ မင်းစက် မီအောင် လိုက်ခဲ့ရပြန်သည်။

မနက်က ထမင်းကြမ်းနှင့်ပဲပြုတ် ဆီဆမ်းကို အနည်းငယ်စီ ဆမျှ စားခဲ့ကြသည်။ သယ်ရပိုးရ ဈေးရောင်းရနှင့် မင်းစက် ဝမ်းထဲက ဂွိဂွိ မြည်နေပြီ။

ရာရာကိုတော့ သူ ချီးကျူးမိပါသည်။ နည်းနည်းစား များများ သုံးသော ရာရာပါပဲ။

ကျောင်းနှင့် နှစ်မှတ်တိုင်လောက် ဝေးသော ကွမ်းယာရောင်း သည့် ကားမှတ်တိုင်ဆီကို့တောင် ဆိုက်ကားမစီး ကားမစီး ခြေလျင် လျှောက်နေသော ခြေလှမ်းက မင်းစက်တောင် မနည်းအမီလိုက်နေရ သည်။

မြေမခဲ့သော သူ့ခြေထောက်တွေ ညောင်းညာထုံကျဉ်နေပြီ၊ ကားဂိတ်လေးကို မင်းစက် ရောက်တော့ ရာရာက လက်ဖက် ရည်ဆိုင်မှာ အပ်ထားသော ကွမ်းယာဘာမ်းကို ယူကာ ခင်းကျင်းနေပြန်



www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်။

မင်းစက် စိတ်တိုလာတာ အမှန်။ ကိုယ်က အလုပ်ဆိုလည်း ခင်ခင်ပန်းပန်း လုပ်ဖူးတာ မဟုတ်။ စားသောက်နေရသည့် ဟင်းလျာတွေကလည်း ကိုယ့်အိမ်မှာ မမြင်မတွေ့ဘူးသည့် အရာတွေ။

"ရာရာ မင်းနည်းနည်းတော့ ငုံ့သွားဦးမှပေါ့ကွ၊ ငါက မင်းလို အလေ့အကျင့်မရှိဘူး"

"ဘာလဲ ဗိုက်ဆာတာကိုလား။ ရှင့်ဘာသာ ဆာတဲ့အချိန်စား စားချင်သလိုစား၊ အဲ ရှင့်အိမ်မှာလိုတော့ ပေါ်ကျော့နေလို့မရဘူးဆိုတာ သိရင် ပြီးတာပဲ"

ကြည့် ပြောပုံကိုက ဘယ်လိုမှ ခံနိုင်စရာ မရှိ။ ဗိုက်ဆာတာကြောင့် စိတ်တိုနေသည့် မင်းစက် စိတ်တိုသွားမိသည်။

"မင်း အဲသလိုတော့ မပြောပါနဲ့ကွာ ငါလည်း ငါလုပ်နိုင်သလောက် လုပ်နေတာပဲဟာ"

"အံမယ် ရှင်ဘာတွေများ လုပ်နေလို့လဲ၊ ကျွန်မတို့ အိမ်မှာ ရှင် ရောက်လာလို့ တာဝန်ပိုတာပဲ ရှိတယ်၊ ဘာမှ အကူအညီ မရဘူး သိလား။ ပါလာတဲ့ ငွေတစ်သောင်း အိမ်လခပေးထားတယ်သာ ပြောတာ ရောက်ကတည်းက ကျွန်မတို့ ထမင်းကျွေးထားရတာ မဟုတ်ဘူးလား"

ပြောသံလေသံက ခပ်ကျယ်ကျယ်မို့ မင်းစက် ရှက်တော့ ရှက်[illegible] ထပ်ပြောမိလျှင် ပိုဆိုးလာမှာမို့ နှုတ်ဆိတ်ကာ ထမင်းချိုင့်ကို [illegible]ပြီး စားသောက်ဖို့ ပြင်ဆင်မိသည်။

ဒါပေမဲ့ ရာရာက ထုံးစံအတိုင်း စကားလေကြော မပြတ်။

"ဟွန်း အရောင်းအဝယ်ကျတော့လည်း အကူအညီ ရမလား [illegible]တယ်၊ ဟိုဟာ မထမ်းနိုင် ဒီဟာ မပိုးနိုင်နဲ့ ဒါများ ကိုယ့်ခြေထောက် [illegible] ရပ်တည်မယ်လေး ဘာလေးနဲ့ အပြောကတော့ နောက်ကျောက [illegible]တွက်တယ်"

"ဟာ ရာရာ ဒီမှာ ထမင်းစားမလို့ကွ မင်း စကားက ဘာလဲ"

မင်းစက် ဘွန်းခနဲ ဖြစ်ကာ ပြောတော့ ရာရာ မျက်နှာလှတ[illegible]လေးနှင့် မလိုက်ဘက်အောင် ရှုံ့တွသွားရင်း

"သြော် ရှုံလည်း ရှုံတတ်သေးတယ်ပေါ့၊ ဟွန်း ဘယ်နေရာမှ [illegible]ဖြစ်မရှိတဲ့ယောကျ်ားပျင်း"

"ရာရာ"

မင်းစက် ရှူးရှူးရှားရှား အော်ပစ်လိုက်တာမို့ ကားမှတ်တိုင် အနီး [illegible]နားမှ လူတွေတောင် လှည့်ကြည့်သည်။ ရာရာ မျက်ဝန်းတွေ ဒေါသဒီ [illegible] ပြူးပြူးကြည့်ကာ သူ့ခေါင်းကို ဒေါက်ခနဲ ခေါက်သည်။

"ရှင် ဘာဖြစ်လို့ အရမ်းအော်ရတာလဲ မင်းစက်၊ ကားဂိတ်မှာ [illegible]တွေ အများကြီးပဲ ရှင် မရှက်ဘူးလား"







www.burmeseclassic.com

www.burmeseclassic.com



မင်းစက် အံကို တင်းခနဲ ကြိတ်ရင်း ရာရာ မျက်ဝန်းတွေကို ရင်ဆိုင်ကြည့်ပစ်မိသည်။

"မင်းမဲ့ရှက်လို့ တဖျစ်တောက်တောက် ပြောနေတာပဲ"

"ရှင်နော် စကားများ ရန်ဖြစ်ရင် ကားမှတ်တိုင်အမိုးအောက်မှာ နားခိုခွင့်မရှိမှာစိုးလို့ ကျွန်မ စိတ်လျှော့လိုက်တာ၊ အိမ်ရောက်ရင် ရှင်နဲ့ကျွန်မ တွေ့မယ် သိလား မင်းစက်"

ကိုယ် ဒေါသထွက်နေတာကိုလည်း သိလျက်နှင့် ရာရာ့ဘက်က တစ်စက်ကလေး မလျှော့ပါ။ သူ့နဖူးကို လက်ညှိုးနှင့် တစ်ဒေါက်ဒေါက်ထိုးကာ ခပ်ကြိတ်ကြိတ်လေး ပြောသည်။

ပြီးတော့ ချာခနဲ ကျောခိုင်းကာ ကွမ်းယာကို ဆက်ရောင်းနေသည်။

မင်းစက် လက်သီးကို တင်းတင်းဆုပ်ရင်း ရင်ထဲမှာ ရှုးရှူးရှဲရှဲ နာကျင်ခံစားလာမိသည်။

ယောကျ်ားတစ်ယောက်ရဲ့ မာနစိတ်တွေနှင့် ကိုယ့်ကိုကိုယ်လည်း မကျေမနပ်ဖြစ်မိသည်။

ဘာကြောင့်များ ဒီဘဝထဲကို မိုက်မဲစွာ တိုးဝင်ခဲ့မိတာလဲ။

သူ့ဘဝမှာ ပိုင်ဆိုင်နေခဲ့သော ခံစားနေခဲ့ရသော ပြည့်စုံမှုအားလုံးကိုတောင် စွန့်ပစ်ထားခဲ့တာ။





အခုတော့

သူ့မာနတွေကိုလည်း စွန့်လွှတ်နေခဲ့ရသည့် အဖြစ်ဟာ ဆိုးရွားလှပါသည်။

စားဖို့ပြင်ဆင်ထားသည့် ထမင်းချိုင့်ကို သည်အတိုင်း ထားပစ်ခဲ့ပြီး သူ ခြေလှမ်းတွေ ချာခနဲ လှည့်ပြန်ခဲ့သည်။

"သွား သွား ရှင် ဝေးဝေးသွားနေတာ ကောင်းတယ်"

ဟစ်အော် မောင်းထုတ်တဲ့ ရာရာအသံက သူ့နားထဲကို တိုးဝင်လာသေးရဲ့။

ရတယ် ရာရာ စိတ်ချ မင်းအနားကို ကိုယ် ဘယ်တော့မှ ပြန်မလာဘူးဆိုတာ ယုံလိုက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒီလောကရဲ့ ကြမ်းတမ်းမှုတွေကို မင်းလက်တွေ့သိခဲ့ရပြီ မဟုတ်လား ဝသုန်၊ ငါ သိနေပြီးသားပါ၊ မင်း တစ်နေ့ ဆလံသပြီး ထွက်ပြေးလာမယ်ဆိုတာ"

ကိုစိုးလွင်က အပိုင်တွက်ထားသော အမူအရာနှင့် သူ့ကို ပြုံးယဲ့ယဲ့ ကြည့်ကာ ပြောသည်။

"ကျွန်တော် ထွက်ပြေးလာတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ရဲ့ အတွေ့အကြုံသစ်တွေကို လာပြောပြတာ"

ကိုစိုးလွင် နှုတ်ခမ်းတွေပေါ်က လှောင်ပြုံးတွေ ကွယ်ပျောက်သွားခဲ့ကာ မျက်နှာက ပိုပြီးတည်သွားခဲ့သည်။





မင်းစက် ကိုယ့်ကိုကိုယ်လည်း အံ့ဩမိတာ အမှန်။ ရာရာရှေ့မှောက်က ကျောခိုင်းခဲ့စဉ်တုန်းက ဒေါသတွေ မခံချင်စိတ်တွေ အလွယ်တကူ ပျောက်ဆုံးသွားခဲ့တာ ဘာကြောင့်မှန်း မသိ။

အိမ်ကို လျှောက်ပြန်ခဲ့သည့် လမ်းကလေးမှာပဲ သူ့မာနတွေ၊ ဒေါသတွေ လွင့်ပြယ်သွားခဲ့၏။

"ငါ အံ့သြတယ် ဝသုန်၊ ကိုယ့်ကို ဒီလောက်အထိ အထင်သေး အမြင်သေးနဲ့ တုန့်ပြန်နေတဲ့ မိန်းကလေးကို မင်း ဘာလို့ သည်းခံနိုင်စွမ်း ကြီးမားနေတာလဲ"

"သူတို့ စိတ်နှလုံးသားတွေက ရိုးသားဖြူစင်တာ ကျွန်တော် အသေအချာ သိနေလို့ပေါ့ ကိုစိုးရာ၊ ရာရာက အပြောကြမ်းတယ်၊ စရိုက်ကြမ်းတယ်၊ ဒါပေမဲ့ ကျွန်တော်အပေါ်မှာတော့ စိတ်ရင်းစေတနာ ကောင်းပါတယ်၊ သူတို့ တစ်မိသားစုလုံး ကျွန်တော် လေလွင့်ဒုက္ခရောက်မှာစိုးလို့ သွေးမတော် သားမစပ် စောင့်ရှောက်ပေးထားတာကိုပဲ ကြည့်လေ"

သူ့မျက်နှာကို စေ့စေ့ကြည့် အကဲခတ်နေသော ကိုစိုးလွင် မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ရာကို ချင့်ချိန်တွေးဆနေသည်လား သူ ထင်မိသည်။

"ခင်ဗျား ဘာတွေ တွေးနေတာလဲ ကိုစိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မင်း ဒီမိသားစုကို သံယောဇဉ် တွယ်နေသလားလို့"

အမေးစကားထက် လေးနက်သော အဓိပ္ပါယ်ကို ကိုစိုးလွင် မျက်ဝန်းတွေထဲမှာ မြင်နေရသည်မို့ မင်းစက်ဝသုန် ဟက်ခနဲ ရယ်လိုက်ရင်း

"သံယောဇဉ် တွယ်စရာကောင်းတာ အမှန်ပဲ၊ ရာရာ အမေကော မောင်လေးပါ ကျွန်တော့်ကို တကယ်ချစ်ခင်ကြတာဗျ"

"ဟင်"

"သိပ်မစိုးရိမ်သွားပါနဲ့ ကိုစိုးရာ၊ ကျွန်တော် ပြောတာ ရိုးရိုးသားသားပါဗျာ၊ သွေးရင်းချာလို ခင်မင်ကြတာကို ပြောတာ၊ အဲ ရာရာကတော့ စောစောက ကျွန်တော်ပြောပြတဲ့ အတိုင်း ပြောစရာရှိရင် ဘာမှ မထောက်ထားဘဲ ပြောတာဗျ"

သူ့ရှေ့စားပွဲပေါ်မှာ အပြည့်ရှိနေသော စားသောက်ဖွယ်ရာတွေကို ငေးကြည့်ရင်း သူ့မျက်ဝန်းထဲမှာ မြင်ယောင်နေမိသည်က ငါးပိရည် တို့စရာနှင့် ခပ်ညံ့ညံ့ ဟင်းလျာတစ်မျိုးသာ ပါသော ရာရာတို့ အိမ်လေးက ထမင်းဝိုင်းလေးကိုပဲ ဖြစ်သည်။

"စိတ်စေတနာကတော့ တကယ် ပြည့်ဝတယ်ဗျာ၊ ငွေကြေး မပြည့်စုံပေမယ့် ကျွန်တော် နေ့တိုင်းစားသောက်မှုကို အပြည့်အဝ တာဝန်ယူထားပေးတယ်"





"တစ်နေ့ရောမှာ အလုပ်လုပ်လာတယ်ဆိုပြီး မင်း သူတို့လို အပ်တဲ့ငွေကြေး ရှာပေးလိုက်ပါလား ဝသုန်၊ ဒါဆို ရာရာ ဆိုတဲ့ ကောင်လေး မင်းကို ဆက်ဆံမှု ပြောင်းလဲသွားမှာပေါ့"

"မထင်နဲ့ ကိုစိုး ရာရာက ယုံကြည်မှာ မဟုတ်ဘူး၊ သူ့စိတ်ဘယ်လောက် ရိုးသားပြီး လောဘကင်းသလဲဆိုတာ ကိုစိုးလည်း ကြုံသိတာပဲဗျာ၊ ကျွန်တော် လိုချင်တာကလည်း အဲဒီလို ပြောင်းလဲမှုကို ဟုတ်ပါဘူး၊ ငွေကြေးမခု မပါတဲ့ မိသားစုဘဝ၊ နွေးထွေးမှုလေးကိုပဲ ခံစားကြည့်ချင်တာပါ"

စားပွဲပေါ်က အစားအသောက်တွေကို တို့ဆိတ်ကနန်း စားသောက်နေသည့် မင်းစက်ဝသုန် ကိုကြည့်ကာ ကိုစိုးလွင် ခေါင်းကို ခါရမ်းလိုက်သည်။

"မင်းလုပ်ရပ်တွေ စိတ်ကူးယဉ် ဆန်လွန်းတယ် ဝသုန်၊ ကိုယ့်အာ ဘာမှမပေးဘဲ မင်း အများကြီး ပြန်လိုချင်နေတာတော့ မဟုတ်သေးဘူး၊ သူတို့ကလည်း ပြည့်စုံသူတွေမှ မဟုတ်တာ၊ စားဝတ်နေရေး၊ လူမှုရေးကအစ အားလုံး ရုန်းကန်နေရတဲ့ ဘဝလေကွာ"

ကိုစိုးလွင် တွက်ချက်ပြတာကို သူ လက်ခံခေါင်းညိတ်ရင်း

"အခု ကျွန်တော် နားလည်လိုက်တာ ငွေကြေးထောက်ပံ့တာ အတက် သူတို့နဲ့အတူ ရုန်းကန်ကြိုးစားပြီး ရှင်သန်နေထိုင်ကြည့်ဖို့"



www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပါယ်မရှိဘူး ဝသုန်၊ မင်းဘဝကို ဘာလို့ အဲဒီလောက် ထိ နှစ်မြှုပ်ထားမှာလဲ၊ ရာရာ ဆိုတဲ့ မိန်းကလေးကို နှောင်တွယ် ကြိုးစားနေတာဆိုရင် မသင့်ဘူးနော်၊ ပြီးတော့ မိန်းမတစ်ယောက် အတွက်နဲ့ မင်း ဒီလောက် စိတ်ကူးယဉ်ဆန်ဆန် လုပ်နေတာတွေ မ သင့်ဘူး"

"မိန်းမတစ်ယောက် အတွက်လို့ မသုံးပါနဲ့ ကိုစိုးရာ၊ အမြ ကျဉ်းလွန်းနေတယ်၊ မြေကြီးပေါ်မှာ လမ်းလျှောက်နေတဲ့သူတွေ၊ ထမင်း တစ်နပ်အတွက် ရုန်းကန်နေတဲ့သူတွေ၊ ထမင်းဖြူနဲ့ ပဲပြုတ်စား နွေးထွေးနေခွင့်ရနေတဲ့ မိသားစုဘဝကို ကျွန်တော် နက်နက်ရှိုင်းရှိုင်း သိချင်လို့ပါ"

စကားစကို ဖြတ်ကာ စားနေသည့် ထမင်းပွဲကို အသာတွ ဖယ်ရွှေ့တော့ မသန်းက ထမင်းပွဲတွေကို သိမ်းဆည်းဖို့ ပြင်ဆင်သည်

"လာ ကိုစိုး ကျွန်တော်တို့ ဧည့်ခန်းမှာ ခဏထိုင်ရအောင်ဗျာ"

ကိုစိုးလွင် ပန်းကို ဖတ်ပြီး သူ စားသောက်ခန်းထဲက ထွက် ပြင်တော့ မသန်းက

"အစ်ကိုလေး လိမ္မော်ရည် ဖျော်ခဲ့ရမလားဟင်"

"နေ မသန်း ငါ ဘာမှမသောက်တော့ဘူး ရပြီ"

အမြဲတမ်း ထမင်းစားပြီးလျှင် လိမ္မော်ရည်ဖြစ်ဖြစ် သစ်





သစ်သီးဖြစ်ဖြစ် စားသောက်နေကျ မင်းစက်ဝသုန် ပြောင်းလဲသွားတာတော့ အမှန်။

နှစ်ဦးသား ဧည့်ခန်းထိုင်ခုံ ဆိုဖာကြီးတွေမှာ ဝင်ထိုင်မိကြတော့ ကိုစိုးလွင် မနေနိုင်တော့ဘဲ ဝေဖန်ပါတော့သည်။

"မင်း ရောက်ကတည်းက ပြောနေတဲ့ စကားတွေထဲမှာ မြေကြီး ပေါ်မှာ လမ်းလျှောက်ခဲ့ရတာ ဘယ်လိုအရသာရှိတယ်၊ ထမင်းကြမ်းနဲ့ ပဲပြုတ် စားခဲ့ရတာ ဘယ်လိုအရသာ၊ အဲဒါတွေ တစ်လုံးမှ မပါသေးဘဲ ရာရာ ဆိုတဲ့ ကောင်မလေး ဘာပြောတယ်၊ ဘာလုပ်တယ်၊ ဘယ်လောက် လှတယ်၊ ဘယ်လို အဝတ်အစားနဲ့ ဆင်ယင်ကြည့်လိုက်ရင် ဘာဖြစ်မယ် ဆိုတာတွေ များနေတယ်၊ မင်း စကားတွေထဲမှာ ရာရာ အကြောင်းက အများဆုံး ဖြစ်နေတယ် ဝသုန်၊ မင်း လေ့လာနေတာ ဆင်းရဲတဲ့ မိသားစု ဘဝ ဆိုတာထက် ရာရာ ဆိုတဲ့ ကောင်မလေး အကြောင်းတွေ ဖြစ်နေ သလားလို့"

ကိုစိုးလွင် စကားဆုံးတော့ မင်းစက်ဝသုန် အားပါးတရ ရယ် မောသည်။ ကိုစိုးလွင်က လိုက်တောင် မပြုံးဘဲ သူ့ကို စေ့စိုက်ကြည့်နေ ခဲ့သည်။

"အင်း ကိုစိုး ပြောမှ သဘောပေါက်တော့တယ်၊ ကျွန်တော့်ရင် ထဲ ရှိတာတွေ ပြောမိလို့ ဖြစ်လိမ့်မယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဝသုန် ဝန်ခံတော့ ကိုစိုးလွင် ကျေနပ်စွာပြုံးလိုက်ရင်း

"အေး မင်း အဲဒီလို ဝန်ခံစမ်းပါ ဝသုန်၊ မင်း အဲဒီမိန်းက
ကို ချစ်နေတာ သေချာပြီဆိုရင် ကြိုးစားပေါ့ကွာ၊ မင်း မာမီ လ
အောင်တော့ ပြုပြင်ပေးရလိမ့်မယ် ထင်တယ်၊ မင်း မာမီ လက်ခံပြီဆို
တော့ ရာရာတို့ မိသားစုဘဝလေးလည်း အေးချမ်းသွားမှာပေါ့"

"ဟာ လုံးဝ မဖြစ်နိုင်ဘူး၊ ကျွန်တော်တောင် ဒီအရိပ်အော
မှာ ပူလောင်နေခဲ့တာ ကိုစိုး သိပါတယ်၊ လူငယ် ကျောင်းသား
ကနေ ဒီအရွယ်ရောက်လာတဲ့အထိ မိတ်ဆွေအပေါင်းအသင်း နည်း
လူယုံတော်တွေရဲ့ အကြိုအပို့နဲ့ အချိန်မှန် အိမ်ပြန်၊ အချိန်မှန်
နွေမှန်းမသိ၊ မိုးမှန်း မသိ ရှင်သန်နေခဲ့ရတဲ့ ဘဝကြီးပါဗျာ၊ ကွန်ပျူ
ခလုတ်တွေနဲ့ ထိန်းချုပ်ခံထားရတဲ့ ဒီအိမ်ကြီးထဲမှာ မာမီရဲ့
အငွေ့အသက်ကိုလည်း မခံစားခဲ့ရတဲ့ ကျွန်တော့် ရှင်သန်မှုတွေကို
အသိဆုံးလေ၊ ဒီဘဝဆဲကို ရာရာတို့ ဘဝလေး ဝင်လာရင် အေးချမ်း
လို့ ကိုစိုး ထင်နေသလား"

မင်းစက်ဝသုန် မေးခွန်းကို ကိုစိုးလွင် မဖြေနိုင်ပါ။ ပြင်းပြ
သက်ပြင်းရှိုက်သံ တစ်ချက်နှင့် တွေဝေနေခဲ့သည်။

"ကျွန်တော် အခုရောက်နေတဲ့ ရာရာတို့ မိသားစုဘဝလေ
အနေဆင်းရဲတယ်၊ အစားဆင်းရဲတယ်၊ ဒါပေမဲ့ နွေးထွေးမှုတွေနဲ့ ပျော်





ကောင်းပါတယ်"

"အဲဒီ ကောင်မလေးရဲ့ စကားလုံး ကြမ်းကြမ်းတွေနဲ့ နှိမ်ချတာ
ကိုတော့ မင်း နားမခံသာသေးဘူး မဟုတ်လား ဝသုန်"

"ဒါတော့ ဝန်ခံတယ် ကိုစိုး၊ ဒါပေမဲ့ ရာရာ့ စိတ်ရင်းစေတနာ
အမှန်က ကျွန်တော့်အပေါ် ကောင်းမွန်နေတာကို ရင်ထဲက လက်ခံထား
တယ် ကိုစိုး"

သူ့စကားကို ကိုစိုးလွင် ဘာမှခွန်းတုံ့မပြန်ဘဲ နေသည့်မို့
ညှို့ခန်းလေးထဲမှာ တိတ်ဆိတ်သွားခဲ့၏။

ဝင်းခနဲ လက်ဖြာသွားသည့် လျှပ်စီးနှင့်အတူ မိုးခြိမ်းသံတွေ
ကြားတော့မှ မင်းစက်ဝသုန် သတိဝင်လာကာ ထရပ်သည်။

"မိုးရွာမယ်ထင်တယ် ညနေလည်း စောင်းနေပြီ၊ မင်းဒီမှာပဲ
တစ်ညအိပ်လိုက်ပါလား ဝသုန်"

မင်းစက်ဝသုန် ခေါင်းကို ခါရမ်းရင်း

"ဟင့်အင်း သူတို့ စိတ်ပူနေလိမ့်မယ်၊ နယ်ကလာတယ်ဆိုလို့
ကျွန်တော့်ကို ဒုက္ခရောက်မှာစိုးရိမ်နေကြတာ"

ရုပ်လက်တို အပြာနုက အရောင်ဖျော့မှေးမှိန်ပြီး ဂျင်းပြာ
တစ်ပတ်နွမ်းကလည်း ခပ်မှိန်မှိန်။ ဒါပေမဲ့ မင်းစက်ဝသုန်၏ နုဖတ်ချော
မွေ့သော ရုပ်သွင်က ထင်းနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမာမိဆီ ဖုန်းဆက်ဖို့ မမေ့နဲ့ဦးနော် ဝသုန်၊ ကြာ
ရိပ်မိနိုင်တာလည်း သတိရဦး"

ကိုစိုးလွင် သတိပေးစကားကို ခေါင်းညိတ်ပြရင်း သူ ညွှ
ထဲက လှမ်းထွက်ခဲ့တော့ ကိုစိုး အနောက်က ကပ်လိုက်လာရင်း

"ငါ ကားနဲ့လိုက်ပို့ပေးရမလား"

"ရတယ် ကျွန်တော့်ဘာသာ လိုင်းကားစီးပြီး သွားတာ
အဆင်ပြေပါတယ်ဗျာ"

အုံ့မှိုင်းနေသော ကောင်းကင်မှ မိုးတိမ်ရိပ်တို့က မကြာ
ရွာချတော့မည့် အသွင်ရှိသည်။

ထီးမပါဘဲ ခပ်သုတ်သုတ် ခြေလှမ်းတွေနှင့် ထွက်ခွာသွားသေ
မင်းစက်ဝသုန်ကို ရပ်ကြည့်ရင်း ကိုစိုးလွင် ရင်ထဲမှာ မောသွားသ

ခွင့်ပြုခဲ့တုန်းက မွန်းကြပ်ပိတ်လှောင်နေသော ဝသုန် ဘဝ
ကို စာနာသနားစိတ်နှင့်ပါပဲ။

မတူညီသော ဘဝတွေက ဝသုန်ကို ခံနိုင်ရည်ရှိစေလိမ့်မ
မဟုတ်ဟုလည်း တွက်ခဲ့မိသည်။

ဒါပေမဲ့

သည်အချိန်ထိ မင်းစက်ဝသုန် ခံနိုင်ရည်ရှိနေခဲ့တာကိုသေ
သူ အံ့လည်း အံ့ဩမိသည်။ စိုးရိမ်လာမိတာလည်း အမှန်။





သည်အချိန်ကျမှ နောက်ဆုတ်ခဲ့ဖို့ ပြောလျှင်လည်း ဝသုန်
ခံမှာမဟုတ်ဟု နားလည်သိနေတော့ အခက်။

ဘာတွေဖြစ်လာမည်လဲ။ ဖြစ်သမျှ ရင်ဆိုင်ဖို့ပဲ သူဆုံးဖြတ်
ခဲ့ပြီးပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

''ဟေ့ ပျော်တယ်ဟေ့ ပျော်တယ်''

တစိမ့်စိမ့် ရွာနေသော မိုးက အေးစိမ့်နေပေမယ့် ကလေးတွေ ကတော့ ကျေနပ်ဝမ်းသာစွာ အော်နေကြသည်။

''မကြီး ရာရာ မိုးရေထဲမှာ ဘယ်လိုကစားနည်းနဲ့ ကစားရ ကောင်းမလဲဟင်''

''တူတူပုန်းတမ်း ဆော့ရအောင်နော် မကြီးရာရာ''

ကလေးတွေက တစ်ယောက်တစ်ပေါက်နှင့် ရာရာကို ဝိုင်းတိုး ပင်ကြသည်။ တောင်းဆိုကြ၏။

''ညမှောင်တော့မှာ တူတူပုန်းတမ်း ဆော့ရင် နတ်ဖွက်တယ် တယ်ဟဲ့၊ မိုးကရွာနေတော့ ပြေးတာလွှားတာ မဆော့ကြဘူး၊ အဲ ဝိုင်းဖြ





ဘယ်ပတ် ဒူဝေဝေ ဆော့မယ်နော်''

ကလေးတွေ ကျေနပ်အောင် ပြောရင်း ရာရာ မျက်ဝန်းတွေက လမ်းထိပ်ဘက်ကို မျှော်ကြည့်မိပြန်သည်။

''ဟင်''

မိုးရေထဲအတိုင်း တရွေ့ရွေ့ လျှောက်လာနေတာ မင်းစက် မှ မင်းစက်ပါပဲ။

သည်အချိန်ထိတောင် အိမ်မပြန်ဘဲ ဘယ်ကိုလျှောက်သွား သည်မသိ။ ဆိုင်မှာ ရာရာ နှင့်စိတ်ဆိုးရန်ဖြစ်ပြီး ထမင်းတောင် စားဘဲ ထွက်သွားခဲ့သည်။

အိမ်ကို ပြန်သွားတာပဲဟု ထင်မိသည်။

ညနေဈေးသိမ်းပြီး ရာရာ အိမ်ပြန်ရောက်တော့ မင်းစက်ကို အိမ်မှာ မတွေ့ရပါ။ အမေက မေးတော့ လမ်းထိပ်မှာ ခဏ နေရစ်ခဲ့သည် ဟု ရာရာ ညာပြောမိသည်။

အမေ ဟိုမေး သည်မေး မေးလာမှာကိုလည်း မကြားချင်။ ခဲ့သော ကိစ္စမှာလည်း ရာရာဘက်က လွန်သွားခဲ့တာကိုလည်း တွေး ၍ ဖြစ်သည်။ လူကြားသူကြားထဲမှာ ကိုယ်က ပွစိပွစိ ပြောသမျှ သူ ခံနေခဲ့၏။

သူ တစ်ချက်ပြန်အော်တော့ ကိုယ်က မခံနိုင်ဘဲ ဒေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးတံခနဲ့ ခေါက်ပစ်ခဲ့သည်။ လွန်နေတာက ကိုယ်။

"မကြီး ရာရာ ဝိုင်းကြီးပတ်ပတ် ဆော့မယ်ဆို"

"ဟေ အေး အေးလေ ဆော့တာပေါ့"

မင်းစက် ပြန်မလာတာကို ထွက်မျှော်ရင်း သည်ကလေးတွေနှင့် ဆုံကာ သူတို့ အလိုကျ ကစားပေးနေခဲ့တာဖြစ်သည်။

ရာရာအတွက် အားကိုးဖော်တွေ ဖြစ်သလို ဖြူစင်သောကလေးတွေမို့ ရာရာ ချစ်ပါသည်။

"ခဏပဲ ဆော့ကြမယ်နော်၊ မိုးရွာထဲမှာ ဆိုတော့ ဖျားနာမှာ စိုးလို့"

"ဟုတ်ကဲ့ မကြီးရာရာ"

ကလေးတွေက ရာရာကို ဝိုင်းပတ်ပြီး လက်ချင်းချိတ်လိုက်ကြသည်။ သူတို့လေးတွေ အလိုကျ ဝိုင်းကြီးပတ်ပတ် ကစားပေးလိုက်၏။

"ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ၊ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ"

"ဟေး ဟေး"

မင်းစက်ဝသုန် သစ်ပင်အကွယ်မှာ ရပ်ကာ ကလေးတွေနှင့် ဆော့ကစားနေသော ရာရာကို ငေးကြည့်နေမိသည်။

သူ ရောက်လာတာတောင် မသိဘဲ လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေသော ရာရာသည် တကယ့် ကလေးငယ်လေးအတိုင်းပါပဲ။





မိသားစု တာဝန်ကို ထမ်းပိုးထားရသော ရာရာသည် တစ်ခါတစ်ရံမှာတော့ ဖြူစင်သော ကလေးငယ်လေး ဖြစ်နေတတ်၏။

"ဒီလိုကျတော့လည်း အရမ်းကို အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းနေပြန်ရော ရာရာရယ်"

မင်းစက်ဝသုန် စိတ်ထဲမှ ရေရွတ်ရင်း သစ်ပင်အကွယ်ကထွက်ကာ လျှောက်ခဲ့သည်။

"ဟာ ဟိုမှာ ကိုကြီးမင်းစက် လာနေပြီ၊ ကိုကြီးမင်းစက်အားတို့နဲ့ ကစားရအောင်နော်"

"ဟုတ်တယ် ရွှေစွန်ညို ကစားမယ်၊ ကိုကြီးမင်းစက်က ရွှေစွန်ညိုကြီးလုပ်၊ မကြီး ရာရာက မဒွေး လုပ်နော်"

ကလေးတွေက ဝိုင်းဝန်း တောင်းဆိုနေကြသည်။ မင်းစက်ရာရာကို လှမ်းကြည့်မိ၏။

နေ့လယ်က ဖြစ်ပျက်ခဲ့သည့် ပဋိပက္ခတွေကို ရာရာ မေ့ပစ်လိုက်ပြီထင်သည်။ သူ့ကို ပြုံးပြ၏။ ကလေးတွေရဲ့ အပျော်ကို မဖျက်ဆီးချင်သောကြောင့် ထင်ပါရဲ့။

"လာ လာပါ ကိုကြီး မင်းဆက်ရဲ့"

အောင်တိုးလေးက ရပ်နေသော မင်းစက်လက်ကိုဆွဲကာ ခေါ်သည်။ မင်းစက် ကိုယ်တိုင်လည်း ချမ်းစိမ့်စိမ့် ဖြစ်နေသည့် စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြေကာ ရင်ထဲမှာ ရှိန်းမြ နွေးထွေးလာတာမို့

"ကစားပါ့မယ်ကွာ ကစားမယ်"

"ဟေး ပျော်စရာကြီးဟေ့"

ကလေးအုပ်စု ဝမ်းသာအားရ ဟစ်အော်ပြီး ရာရာရှေ့က စီတန်းပြီး အစဉ်လိုက်ရပ်လိုက်ကြသည်။ ရှေ့ဆုံးမှာ နေရာယူထားသော အောင်တိုးက လက်နှစ်ဖက်ကို ကာဆီးထားရင်း

"ရွှေစွန်ညိုကြီး ဘာကိုလိုလို့ ဝဲပါတယ်"

"မထွေးလိုလို့ ဝဲပါတယ်"

မင်းစက် ကလေးတွေနှင့်အတူ သံပြိုင်အော်ရင်း ညီညာစွာ တုန့်ပြန်ကစားပေးနေမိ၏။

"မထွေးမပါ တို့ချည်းလာ"

"ပါပါတယ်ကွဲ့ နောက်ကထား"

"မထွေး အသားခါးလှတယ်"

"ချောင်းငယ်ရေနဲ့ ဆေးပါ့မယ်"

"ချောင်းငယ်ရေစမ်း နွေမှာခမ်း"

"မြစ်ငယ်ရေနဲ့ ဆေးပါ့မယ်"

ကလေးတွေနှင့် သံပြိုင်အော်ဟစ် ကစားပေးနေသော မင်းစက်ကိုကြည့်ပြီး ရာရာ ပျော်ရွှင်လာမိတာ အမှန်။





မင်းစက် ပြန်ရောက်မလာသေး၍ စိုးရိမ်နေသော စိတ်တို့လည်း ပြေလျော့သွားခဲ့သည်။

"ပင်လယ်ရေစမ်း၊ နွေမှာခမ်း"

"ပင်လယ်ရေ ဘယ်မခမ်း မထွေး အမိဖမ်း"

"ဟေး ဟေး မထွေးကို ကာထားဟေ့၊ မကြီးရာရာကို မမိစေနဲ့ဟေ့"

ကလေးတွေ လက်ကလေးနှစ်ဖက် ဆန့်တန်းကာရံထားကာ ဟစ်အော်နေကြသည်။ ယောင်တောင်တောင် ရပ်နေသော မင်းစက်ကို အောင်တိုးက လှမ်းသတိပေးသည်။

"ဖမ်းလေ ကိုကြီး မင်းစက်၊ နောက်ဆုံးမှာနေတဲ့ မကြီး ရာရာကို ဖမ်းလေ၊ မထွေးကို မိအောင်ဖမ်းဗျ"

"အေးပါကွ ဖမ်းမှာပေါ့"

လက်သေးသေးလေးတွေနှင့် ကာရံထားသော ရာရာကို မိအောင် ဖမ်းနိုင်ဖို့ မင်းစက်ဝသုန် ကြိုးစားရတော့သည်။

သူ ဘယ်ညာ ယိမ်းတော့ ကလေးတွေက လိုက်ယိမ်းကာ ထား၏။ နောက်ဆုံးမှာတော့ ကလေးတွေရဲ့ အရံအတားကို ကျော်ဖြတ်ပြီး ရာရာ လက်ကလေးကို အရအမိ ဆွဲဖမ်းနိုင်သည်။

"ဟာ မိသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်သိုက် အော်ဟစ်ခုန်ပေါက်နေတာမို့ ရာရာကို အနောက်က ဝင်တိုးတိုက်မိသည်။

ရာရာ ခန္ဓာကိုယ်လေးကို မင်းစက် ရင်ခွင်ထဲရောက်အောင် တွန်းပို့ပေးလိုက်သလိုပါပဲ။

"အို"

"ဆောရီး"

မင်းစက် နှုတ်က တောင်းပန်စကား ဆိုမိပေမယ့် လက်တွေကတော့ ရာရာခန္ဓာကိုယ်လေးကို အလိုက်သင့် ပွေ့ဖက်ထားမိသည်။

မိုးရေစက်တွေဖြင့် အေးစက်နေသော ရာရာ ခန္ဓာကိုယ်လေးက နွေးထွေးသော သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မလှုပ်သာ မလွန့်သာ။

မော့ကြည့်သော ရာရာ မျက်နှာလေးက ပန်းနုရောင် သမ်းနေသည်။ ရှက်ရိပ်သမ်းနေသော အလှမျက်နှာလေးကို မင်းစက် မြင်ဖူးတာ ဒါပထမဆုံး ဖြစ်သည်။

ကြည်လဲ့နေသော မျက်ဝန်းလေးတွေက လှပလွန်းသည်။

ရေစက်လေးတွေ တင်နေသော ပါးပြင်လေးတွေကော ပန်းနုသွေး နှုတ်ခမ်းလေးကပါ အပြစ်တစ်စက်လေးတောင် ဆိုစရာမရှိပါ။

ရှိန်းမြသော ရင်ခုန်သံနှင့် နှစ်ဦးစလုံး ပတ်ဝန်းကျင်ကို မေ့လျော့သွားခဲ့တာ အတန်ကြာသည်။





"မကြီးရာရာ သားတို့ ပြန်တော့မယ် ချမ်းလှပြီ"

"အေး အင်း အေး အေး ပြန်ကြမယ်လေ"

ရာရာ သူ့ရင်ခွင်ထဲက အထိတ်တလန့် ရုန်းထွက်ရင်း အသံတုန်ယင်ယင်လေးနှင့် ပြောသည်။

"သားတို့ သွားတော့မယ် ကိုကြီး မင်းစက်၊ နောက်နေ့တွေသည်း ဆော့ဦးမယ်နော်"

"အေး အေး မနက်ဖြန် ဆော့ကြမယ်"

အောင်တိုးတို့ ကလေးတစ်သိုက် ကျေနပ်စွာ ပြန်သွားကြပေမယ့် မင်းစက်နှင့်ရာရာ နေရာမှာပဲ ရပ်နေမိဆဲ။

"ရာရာ ဆိုင်မသိမ်းသေးဘူးထင်လို့ ဝင်ကြည့်ခဲ့သေးတယ်"

မင်းစက် ပြောတော့ ခေါင်းငုံ့ အကြည့်လွှဲထားသည့် ရာရာ ခေါင်းမော့ကြည့်လာရင်း

"အပိုတွေ ပြောမနေနဲ့ ရှင်က အိမ်မပြန်ဘဲ တစ်နေကုန် ဘယ်သွားနေတာလဲ မင်းစက်"

"ဟို အဲ ကိုယ် လား"

"အူတူတူ လုပ်မနေနဲ့၊ ရှင် ကျွန်မကို စိတ်ဆိုးပြီး ထွက်သွားတာ မဟုတ်လား"

"ဟာ မဟုတ်ပါဘူးကွာ၊ ကိုယ် အလုပ်တစ်ခုရမလား သွားရှာ



www.burmeseclassic.com

www.burmeseclassic.com



တာပါ''

စုကျုံ့သွားသည့် မျက်ခုံးလေးတွေ အောက်က မျက်ဝန်းတွေ
ထဲမှာ လှောင်ရိပ်တွေ ချက်ချင်းအရိပ်ထင်လာတာ အထင်အရှား။

''ကျွန်မနဲ့ ဈေးကူရောင်းပြီး သက်တောင့်သက်သာ အလု
လေးကိုတောင် လက်ကြောမတင်းတဲ့ ရှင်က အပြင်ထွက် လုပ်ချင်သေး
တယ်ပေါ့၊ ပင်ပင်ပန်းပန်း ကြမ်းကြမ်းတမ်းတမ်း အလုပ် ရှင်လုပ်နိုင်မ
ထင်သလား''

ကြည့်စမ်း စောစောကတော့ ရှက်ရိပ်လွှမ်းနေသော ရောင်
တွေ ပျောက်ကွယ်ပြီး စကားလုံးတွေက ကြမ်းတမ်းသွားလိုက်ပုံက ချ
ချင်း။ ဒါပေမဲ့ လှပဆဲ မျက်နှာလေးနှင့် မျက်ဝန်းတွေထဲမှ သံယော
ဖွဲ့ စေတနာရိပ်တွေကို မင်းစက် နားလည်နေနိုင်ပြီမို့

''ကျောပူတာထက် နားပူ ခေါင်းပူတာကို ကိုယ် ပိုခံနိုင်မ
ထင်လို့ ရာရာရဲ့''

''ဘာ ဘာပြောတယ်''

''အဟဲ နောက်တာပါကွာ၊ ရာရာက လူကြားထဲမှာ အော်ငေါ
တော့ ရှက်လည်းရှက်၊ စိတ်လည်းဆိုးပြီး လျှောက်သွားနေမိတာ
ဒါပေမဲ့ ရာရာရဲ့ စေတနာတွေကို နားလည်လာပြီး ကိုယ် ပြန်လာတာ

ဒေါသမျက်နှာလေးမှာ ကျေနပ်ကြည်နူးရိပ်တို့ လွှမ်းခြုံလာပြီ





တော့လည်း ရာရာဆိုတဲ့ ကောင်မလေးက ချစ်စရာကောင်းနေပြန်၏။

''ရာရာ ကိုယ့်ကိုစိတ်မဆိုးပါနဲ့နော်''

''ဆိုးတယ် ကျွန်မက ရှင် အိမ်ပြန်သွားတယ်ထင်လို့ အိမ်ရောက်တော့ ရှင်က မရှိဘူး၊ အမေ စိတ်ပူမှာစိုးလို့ လမ်းထိပ်မှာကျန်ခဲ့တယ်လို့ ညာပြောထားတာ၊ ဒီည ရှင်ပြန်မလာရင် အခက်ပဲ''

ပကတိ ရိုးသားစွာ ဆိုနေသော စကားလေးတွေထဲမှာ စိုးရိမ်မှုနှင့် သံယောဇဉ်တို့ ရောနှောနေမှုန်း မင်းစက် မြင်တွေ့နေရတော့ ရင်ထဲမှာ ကြည်နူးစိတ်တို့ တိုးလာရသည်။

''ကိုယ့်အတွက် ရာရာ စိတ်ပူနေတာ သိလို့ ဝမ်းသာတယ်''

''သေလိုက် အမေက ပူပန်တတ်တာ၊ ကျွန်မက ဘာလို့ ရှင့်အတွက် စိတ်ပူရမှာလဲ''

ချစ်စဖွယ် မျက်စောင်းကလေး ပစ်လွှတ်ပြီး ရာရာ အိမ်ဘက်ကို ချာခနဲ လှည့်ထွက်သွားခဲ့သည်။

မိုးရေတွေ ရွှဲရွှဲစိုနေသော ခန္ဓာကိုယ်လေး၏ ထင်းရှင်းသော အလှတွေကို မင်သက်ငေးမောရင်း မင်းစက် ရပ်နေမိဆဲ။

ချစ်စရာကောင်းလိုက်တဲ့ အလှ နတ်သမီးလေး။

ခြံဝရောက်မှ ရာရာ ခေါင်းလေးကို ချာခနဲ လှည့်ကာ သူ့ကို လှမ်းကြည့်၏။ ကျောက်ရုပ်ပမာ ရပ်နေသော သူ့ကို မျက်ဝန်းရှုစူးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် စိုက်ကြည့်ရင်း

"ရှင် ဘာလုပ်နေတာလဲ မိုးရေထဲမှာ သွေးခဲပြီး သေသွားချင်လို့လား"

"ရာရာ ထင်လို့ပါ ကိုယ့်ခန္ဓာကိုယ်ထဲက သွေးတွေကော ရင်ထဲသံတွေပါ နွေးထွေးနေတာ"

"အူတူတူ လုပ်မနေနဲ့ အမေ ရှင့်ကို မေးနေဦးမယ် အမြန်လာ"

ပြောပြီး အိမ်ပေါ်ကို လှစ်ခနဲ ပြေးတက်သွား၏။ သူ နွေးနွေးကလေး ပြုံးရင်း ခြံထဲ လှမ်းဝင်ခဲ့သည်။

မိုးစက်မှုန်တွေကို သယ်ဆောင်လာဆဲ လေပြင်းတစ်ချက်ဝေ့ခနဲ တိုက်ခတ်တော့ စိမ့်ခနဲ အေးသည်။

ဒါပေမဲ့

မင်းစက် ရင်ထဲမှာ ရှိန်းမြမြ နွေးထွေးနေဆဲ။

■ ■ ■



## အခန်း (၁၁)

"ရာရာကို ကိုယ် အရမ်းချစ်တယ်"

"ဟာ ဟ ခစ် ခစ်"

နှုတ်ခမ်းလေးတွေ အပြုံးရိပ်သမ်းပြီး လှောင်သလို ရယ်တော့ [illegible]စက် မကျေမနပ် မျက်ခုံးကြီးတွေ တွန့်ရှုံ့သွားခဲ့သည်။

"ကိုယ့်စကားကို မယုံလို့ လှောင်တာလား ရာရာ"

မင်းစက် မကျေမနပ် ဖြစ်သွားတာကို ရာရာ အပြုံးမပျက်[illegible]ကြည့်နေရင်း ခေါင်းကလေး ညိတ်သည်။

"အင်း ယုံစရာမှ မရှိတာ၊ အိမ်ကို ရောက်တာမှ မကြာသေး[illegible] ရည်းစားစကား ပြောလာတဲ့သူကို ယုံရမှာလား"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းစက် မျက်နှာကြီး အလိုမကျ ဖြစ်သွားပုံက ရယ်စရာ ကောင်းနေပြန်သည်။ နုဖတ်ချောမွေ့လွန်းသော မျက်နှာက အကျည်း တန်အောင် ရှုံ့မဲ့ပစ်လိုက်သည့်အတိုင်း ချစ်စရာကောင်းနေသည်ကို။

"ရာရာ ပြောတာ မဟုတ်လို့လား မင်းစက်ရဲ့ အိမ်ပေါ် ရောက် လာတာတောင်မှ တစ်လတောင် မပြည့်သေးဘူး"

"ချစ်တာ အချိန်တွေ ကာလတွေနဲ့ ဆိုင်လို့လားကွာ"

"ဆိုင်တာပေါ့ မင်းစက်က အခုမှ ရာရာကို ချစ်တာ ရာရာက အရင် ရှင့်ကိုချစ်တာ"

"ဘယ်လို"

"ဟုတ်တယ်လေ ရှင်လေး ဒုက္ခရောက်နေတော့ မြင်မြင်ချ သနားချစ်မိသွားလို့ အိမ်ပေါ်အထိ ခေါ်လာတာ၊ အဲဒီတော့ ရာရာ အရင် မင်းစက်ကို ချစ်တာပေါ့ ကဲ"

နှုတ်ခမ်းဖူးဖူးလေးတွေက ပြောတတ်လိုက်တာဟု မင်းစ တွေးရင်း ခေါင်းကို ခါရမ်းပြမိသည်။

"ဘာ ငြင်းတာလဲ ရာရာ ပြောတာ မှားလို့လား"

"မှားတယ် လုံးဝ မှားတယ်၊ အဲဒီလို ပြိုင်ကြစတမ်းဆို ကိုယ်က ရာရာကို အရင်ဆုံးချစ်တာ"

"ရှင်နော် ခံမငြင်းနဲ့၊ ခေါင်းကို ဘုထွက်အောင် ခေါက်





တ်မှာ"

နှုတ်ခမ်းကလေးဆူကာ ဆိုရင်း လက်ခေါက်ကလေးတွေက ည်း မင်းစက်ခေါင်းပေါ် ချိန်ရွယ်ထားပြီး ဖြစ်သည်။

"နေဦး နေဦး ကိုယ်ရှင်းပြမယ်၊ ပြီးမှ ကိုယ့်စကား မှားသလား သလား ဆိုတာ ရာရာ ဆုံးဖြတ် ဟုတ်ပြီလား"

မင်းစက် လက်ကလေးကို ဖမ်းဆုပ်ကာ တားမြစ်ရင်း ဖြေရှင်း ည့်တိုင် အလိုမကျစွာ စူထားသော နှုတ်ခမ်းလေးတွေ ပြေလျော့ သွားခဲ့ပါ။

"ကဲ ပြောစမ်း ရှင် ညာခဲ့ရင်တော့ တွေ့မယ် သိလား"

ကြိမ်းဝါးနေပုံလေးက ချစ်စရာ။ မင်းစက် ပြုံးပြုံးကြီး ခေါင်း တ်နေရင်း အာရုံထဲမှာ အရိပ်ထင်နေသော ဆိုနေ့လေးကို အမှတ်ရ သည်။

ကိုစိုးလွင်ကို ဆတ်ဆတ်ကြဲ ရန်တွေ့နေသည့် သည်ကောင် လေး ပုံရိပ်ကို ကားပေါ်က သူ အစအဆုံး မြင်နေခဲ့ရသည်။

ထိုစဉ်ကတည်းက ကျွတ်ဆတ်ဆတ် ကောင်မလေးကို သူ တ်ဝင်စားခဲ့ရတာဆိုလျှင် ဘာပြောမည်လဲ။

"ပြောလေ ဘာညာဏ်ထုတ်နေတာလဲ၊ စတွေ့တုန်းက ရှင်း တ်ရာကြီးနဲ့ ရှင် ရာရာကို မော့တောင်ကြည့်နိုင်တာ မဟုတ်ဘူး၊

www.burmeseclassic.com



တွေ့ကတည်းက ချစ်တယ် မပြောနဲ့ ဟွန်း''

''ဟုတ်ပါပြီ အဲဒီအရင်က ရာရာကို တွေ့ခဲ့ ပတ်သက်ခဲ့ပြီ[...] စိတ်ဝင်စားခဲ့တာ''

''ဘာရယ်''

''နားထောင် ကိုယ် ရှင်းပြမယ်''

ရာရာ ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ရင်[...] မင်းစက် အားလုံးရှင်းပြဖို့ ကြိုးစည်းခိုက်

မင်းစက်ပခုံးကို ကြမ်းတမ်းစွာ ဆောင့်ဆွဲလာသော လက်[...] ဖက်ကြောင့် လှည့်အကြည့်

''ဟင် မ မာမီ''

''မိုက်မဲတဲ့သား ဘယ်တုန်းကမှ ငါ့ကို မလိမ်ဘူးတဲ့ မ[...] မိုက်မဲသွားခဲ့တာ ဒီမိန်းမကြောင့်ပေါ့ ဟုတ်လား''

''ဟာ မာမီ မ မဟုတ်ပါဘူး''

''တော် တိတ်စမ်း မင်းစက်ဝသုန်''

မာမီ့စကားတွေက မာကြောခက်ထန်သလို မင်သက်စွာ [...] ကြည့်နေသော ရာရာကို စိုက်ကြည့်သည့် မာမီမျက်ဝန်းတွေကလည်[...] ရူးရှခက်ထန်လွန်းနေ၏။

''မာမီ ရာရာမှာ အပြစ်မရှိပါဘူး။ သူ ဘာမှမသိဘူး မာ[...]





''သူ ဘာမှမသိပေမယ့် မာမီ အားလုံးသိတယ် မင်းစက်ဝသုန်[...] [...]င်းအကြောင်း မာမီ အားလုံး စုံစမ်းပြီးပြီ မိန်းကလေး စိန်မြရုံခြယ် [...]အိမ်အတွက် မင်းဟာ အရှင်သခင်မ လုံးဝ မဖြစ်ထိုက်ဘူး၊ မင်း အဆင့်အတန်း၊ မင်းအရည်အချင်း မင်းရဲ့မျိုးရိုးက ငါ့သားနဲ့ ဘယ်လိုမှ [...]ထိုက်တန်တဲ့ အဆင့်အတန်းပဲ''

''ဟာ မာမီ''

''မင်းစက် သား ဘာမှဝင်မပြောနဲ့''

ရူးရူးရှရှ အော်ဟစ်လိုက်တဲ့ မာမီ အမိန့်သံကို သူ လွန်ဆန်နိုင်[...]စွမ်း မရှိခဲ့တာ အခုမှ မဟုတ်ခဲ့ပါ။

မာမီ့အကြည့်တွေက ရာရာဆီ ပြန်ဦးတည်သွားပြန်သည်။ မာမီ [...]ခန္ဓာကိုယ်မှာ ဆင်ယင်ထားသည့် စိန်ပွင့်တွေထက် မာမီ မျက်ဝန်းတွေ[...]က ပိုပြီး ရူးရှတောက်ပနေ၏။

''ဒီမှာ မိန်းကလေး မင်းရှေ့မှာ ရှိနေတဲ့ မင်းစက်ဆိုတဲ့ [...]ယောက်ျားတစ်ယောက်ဟာ ငါ့ရဲ့ တစ်ဦးတည်းသော သား၊ စိန်မြရုံခြယ် [...]ရဲ့ တစ်ဦးတည်းသော မျိုးဆက်သွေး ဆိုတာ မင်း သိချင်မှ သိလိမ့်မယ်''

''သိလည်း မသိဘူး စိတ်လည်း မဝင်စားဘူး အန်တီ''

ရာရာ စကားသံတွေကလည်း မာမီရဲ့ စကားသံတွေထ[...] ပြတ်တောင်း မာကြောသည်။ မာမီ မျက်နှာနီမြန်းပြီး လှုပ်လှုပ်[...]ခတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာ အထင်အရှား။

"ငါ့စကား မဆုံးခင် ဖြတ်ပြောတာ ငါမကြိုက်ဘူး မိန်း
လေး"

"ရှင်ပြောချင်တာ ပြောနေသမျှ နားထောင်နေတတ်တဲ့ သူ
ထဲမှာလည်း ကျွန်မ မပါတာ သေချာတယ်၊ ဒီမှာ မင်းစက်ဆို
ယောကျ်ား ဘာကြီးပဲဖြစ်နေပါစေ အထင်မကြီးဘူး။ လက်ရှိအချိန်
ကျွန်မတို့အရိပ်မှာ ခိုနေတဲ့ အိမ်ပြေးတစ်ယောက်ပဲ"

"မင်း မင်း ရိုင်းစိုင်းလိုက်တာ"

မာမီအသံတွေ တုန်ယင်ကာ ဒေါသလှိုင်းတွေ သင့်နေမ
ရာရာ အသွင်ကတည်ငြိမ်လို့ မျက်ဝန်းမှာ မာနရောင်စဉ်တွေ ဖြာလဲ့နေ

"အမှန်ပြောတာ ရိုင်းစိုင်းသလား အန်တီ"

"ရာ ရာရာ ကိုယ် တောင်းပန်ပါတယ်"

မင်းစက် စိုးရိမ်စွာ ဝင်တောင်းပန်တော့ မာမီလက်က
လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ဆွဲရင်း

"မင်းစက်ဝသုန် မင်း ဘာမှမပြောနဲ့တော့၊ ခုချက်ချင်း
နဲ့ ပြန်လိုက်ခဲ့ပါ"

"မာမီ သား သား"

"မင်းစက် မင်း ဘာမှထပ်မပြောနဲ့၊ မာမီကို ဒီလို ပြော





ခံရတာ အသည်းကို အပ်နဲ့ထိုးတာထက် နာကျင်ခံစားရတယ်၊ ကဲ
မာမီတို့ သွားစို့သား"

သူ့လက်ကို ဆွဲခေါ်သည့် မာမီနောက်ကို သူမငြင်းနိုင်ဘဲ လိုက်
ခဲ့ရသည်။

အံကလေး တင်းတင်းကြိတ်ကာ ရပ်ငေးကျန်ရစ်ခဲ့သည့် ရာရာ
မျက်နှာကို ငေးရင်း သူ့ရင်ထဲမှာ တင်းကြပ်ဆို့နစ်လာသည်။

မာမီ့ရဲ့ စိမ်းဆုံးဖြတ်ချက်တွေအောက်မှာ သူ့ဘဝကို ပုံအပ်ပေး
ခဲ့ပြီးပြီ။ အခုတစ်ခါ သူ့နှလုံးသားကို ပေးဆပ်ရတော့မည်လား။

"မာမီ သားကို ခွင့်လွှတ်ပါ၊ သား ရာရာနဲ့ နေခဲ့တော့မယ်၊
မာမီ့ရဲ့ အရိပ်အောက်ကို မလိုက်ခဲ့ပါရစေနဲ့"

"ဘာ မင်း မင်းဘာပြောလိုက်တယ် မင်းစက်"

"သား ရာရာကိုသိပ်ချစ်တယ်၊ မာမီ့ရဲ့ အရိပ်အောက်မှာ သား
ဘဝမွန်းကြပ်ပိတ်လှောင်ခံခဲ့ရပြီးပြီ မာမီ၊ ဒီတစ်ခါတော့ သား နှလုံးသား
ကို မာမီ မီးလောင်တိုက် မသွင်းပါနဲ့ဗျာ"

သူ့ကို မျက်ဝန်းတွေ စူးနစ်စိုက်ကြည့်ရင်း မာမီ မျက်နှာရဲရဲနီ
မြန်းလာတာ သူ မြင်တွေ့နေသည်။

မာမီ နှုတ်ခမ်းတွေ လှုပ်ခတ်လျှင် တစ်စုံတစ်ရာကို ပြောဖို့
အားယူနေပေမယ့် ဘာစကားသံမှ ထွက်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်းစက် မင်း မင်း"

သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့် မာမီ့လက်တွေ
တင်းစာင်းကြွပ်ကြွပ် ရှိနေဆဲ။

ပင့်သက်ပြင်းကြီးတစ်ချက် မာမီ့နှုတ်ဖျားက လွင့်စင်လာပြီး
မာမီခန္ဓာကိုယ် တအိအိ ပြိုလဲကျသွားခဲ့သည်။

"ဟာ မာမီ မာမီ"

■ ■ ■

"ဟဲ့ ဟဲ့ သား မောင်မင်းစက် ဘာဖြစ်တာလဲ"

ဒေါ်အေးရိပ် ခေါ်သံကြောင့် သူ ဖျတ်ခနဲ လန့်နိုးသည်
ဆတ်ခနဲ မျက်ဝန်းတွေ ဖွင့်ကြည့်ပြီး ထထိုင်လိုက်မှ ပက်လက်ကုလား
ထိုင်လေးမှာ ပုတီးစိပ်နေသော ဒေါ်အေးရိပ်နှင့် အိမ်တိုင်လေးမှာ မှီ
ကွမ်းသီးတွေ ညှပ်နေသော ရာရာကို မြင်သည်။

"သား ဘာဖြစ်တာလဲ၊ အိပ်မက်တွေ မက်နေတာလား"

"ဟို ဟုတ်တယ် အမေ၊ ကျွန်တော် မှေးခနဲ အိပ်ပျော်သွား
တာ အိပ်မက်မက်နေလို့"

"အင်း ငါ့သား အိပ်ချင်ရင် အခန်းထဲ သွားဝင်အိပ်တော့
လေ၊ မိုးက အေးတယ်၊ စောင်လေးခြုံအိပ်နော် သား"

"ဟုတ်ကဲ့ အမေ ဟို ညီလေးကောင်းစံ ပြန်မလာသေး





ထား"

"မောင်လေးက သူ့သူငယ်ချင်းအိမ်မှာ စာအတူကျက်ရင်း
အိပ်မယ်လို့ ပြောသွားတာ၊ ရှင် မသိဘူးလား မင်းစက်ရဲ့၊ ဒီညတော့
ရှင့်ဘာသာ တစ်ယောက်တည်း ဝင်အိပ်လိုက်တော့"

ရာရာက လှမ်းဝင်ပြောသည်မို့ မင်းစက် အိပ်ချင်မူးတူး မျက်ဝန်း
တွေကို ပွတ်သပ်ရင်း

"ရာရာ ကွမ်းသီးတွေညှပ်တာ မပြီးသေးဘူးလား၊ ကိုယ်
ကူညှပ်ပေးမယ်လေ"

"စားကောင်းသောက်ကောင်း မေးမနေပါနဲ့ မင်းစက်ရယ်၊
ကျွန်မ ဘာသာ လုပ်နိုင်ပါတယ်၊ ရှင့်ဘာသာ ဝင်အိပ်ပါတော့"

ထုံးစံအတိုင်း သူ့ကိုဆို ရာရာ အပြောတွေက ဘယ်တော့မှ
ချိုသာပျော့ပြောင်းမှု မရှိတာ အကျင့်ဖြစ်နေပြီ ထင်သည်။

အိပ်မက်ထဲက အဖြစ်တွေကို တွေးမိတော့ သူ စိုးရိမ်ထိတ်လန့်
သွားမိတာအမှန်။ ရာရာနှင့်မာမီသာ တကယ်ဆုံခဲ့လျှင် အိပ်မက်ထဲက
လိုပဲ ပြဿနာတွေ ဖြစ်ကုန်မှာတော့ အသေအချာ။

"မင်းစက်"

"ဟာ လန့်လိုက်တာ ရာရာရယ်"

"တကတည်း တွေးက ယယ်လိုက်တာ၊ နာမည်ခေါ်တာလေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကလည်းကွယ် သားဆို အသံက မာလိုက်တာ"

ကြားထဲက အမေ ဝင်ပြောတော့ ရာရာ သူ့ကိုပဲ နိုင်စား

ပီပီ အံကလေး ကြိတ်ကာ အမေ မသိအောင် ကြိမ်းဝါးပြနေသည်

"ကိုယ့်ဘာသာ ဝင်မအိပ်တဲ့ ဝုတ်တုတ်ကြီး ထိုင်နေလို့ အမေ

မနက်ကျရင် ဈေးရောင်း လိုက်ရဦးမှာကို"

"ဟုတ်ပါပြီ ဟုတ်ပါပြီ ဒေါ်ကာလီယိုပက်ထရာ ရယ်၊ ကျွန်ေ

မျိုး အခုပဲ သွားအိပ်ပါတော့မယ်"

"မင်းစက် ရှင်နော် ရှဲ့မပြောနဲ့ ဟွန်း"

"ဟား ဟား ဘာပြောပြော စက်ကွင်းမလွတ်ပါလား။ အ

တော့မယ် အမေရေ၊ အဟွတ် အဟွတ် ဟတ်ချိုး"

"ကောင်းတယ် သူတစ်ပါးကို ပြောင်ချင်နောက်ချင်ဦး"

စကားပြောရင်း မင်းစက် တဟွတ်ဟွတ် ချောင်းဆိုး နာ

တော့ ရာရာ ကြိမ်းဝါးသည်။ အမေကတော့ မြင်ခွင့်မရရှာသည့် မျက်

တွေနှင့် သူတို့နှစ်ဦးကို မျှော်ကြည့်ရင်း ပြုံးတုံ့တုံ့။

■ ■ ■



## အခန်း (၁၂)

"သမီး သမီးကြီး ရာရာ ထပါဦးကွယ်"

"ဟင် ဘာ ဘာလဲ အမေ"

နံဘေးက အမေ ရာရာ ပခုံးကို လှုပ်ယမ်းပြီး နှိုးနေတာမို့ လူးလဲထလိုက်ရပေမယ့် အိပ်ချင်မူးတူး မျက်ဝန်းတွေက ရုတ်ချည်း ဖွင့်မရပါ။

"ဟိုဘက်ခန်းက ညည်းသံ ကြားသလားလို့"

အမေ့စကားကြောင့် ရာရာ မျက်ဝန်းလေးတွေ ထိတ်လန့်စွာ ဝိုင်းစက်သွားခဲ့သည်။

"အယ်ကောင်က သူ့ယယ်ချင်းအိမ်မှာ အိပ်တာလေ အမေရဲ့"

"အဲဒါ အမေ သိတာပဲကွယ်၊ မောင်မင်းစက် နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလားလို့ ညဦးက သူ နာတွေချေနေတာ အမေ သိတယ်''

အမေ ပြောမှ ရာရာ သတိရမိတော့သည်။ ညနေက မိုးရွာသ
မှာ မင်းစက် တစ်နေကုန်လျှောက်သွားနေခဲ့တာ ဖြစ်မည်။ ပြန်လာတော့
လည်း ရာရာတို့ ကလေးတွေနှင့် ဝင်ကစားနေခဲ့သေး၏။

''သမီး သွားကြည့်လိုက်စမ်းပါဦး၊ ဒီကလေး ညနေက မိုးမိထ
သေးတယ် မဟုတ်လား''

''အာ အမေကလည်း မသွားချင်ပါဘူး''

အမေကတော့ စိုးရိမ်စိတ်နှင့် မင်းစက်ကို သွားကြည့်နိုင်
သည်။ ဒါပေမဲ့ ရာရာက မဝံ့မရဲ ငြင်းမိ၏။

''ဪ သမီးရဲ့ ကိုယ့်မိသားစု သွေးသားလိုဖြစ်နေပြီပဲကွယ်
အငယ်ကောင် မရှိတော့ သမီး သွားကြည့်မှ ဖြစ်မှာပေါ့၊ ဖျားနေရ
လည်း ဆေးလေး တိုက်လိုက်ပါကွယ်''

အမေကတော့ ရိုးသားစွာ စေခိုင်းနေသည်။ ရာရာမှာတော
ညနေတုန်းက ဖြစ်ရပ်တွေကို ပြန်သတိရကာ ချက်ချင်း ရင်တွေခုန်
ရှက်ရိပ်လွှမ်းနေတာ အမေ မသိပါ။

ဒါပေမဲ့ မင်းစက်အတွက် စိုးရိမ်စိတ်ကလေးလည်း တိုးဝင်
ခဲ့တာမို့

''အင်း သမီး သွားနိုးပြီး ဆေးတိုက်လိုက်ပါ့မယ် အမေ





အမေ အိပ်ရေးဝအောင် အိပ်လိုက်နော်၊ မိုးအေးအေးနဲ့ ခြေဆစ် လက်
ဆစ်တွေ ကိုက်နေဦးမယ်''

''အင်းပါ သမီးရယ် ဓာတ်ဘူးထဲမှာ ရေနွေးတွေရှိတယ်နော်
သမီး''

''ဟုတ်ကဲ့ အမေ''

အမေ့စကားကို ခေါင်းညိတ်ပြောပြီး ရာရာ ခြင်ထောင်အပြင်
ဘက်ကို လှမ်းထွက်လိုက်သည်။ ညနေက ရွာထားသော မိုးကြောင့်
ရာသီဥတုက အေးစိမ့်စိမ့်ဖြစ်နေ၏။

အိမ်တိုင်က မီးခလုတ်တွေကို ရာရာ ဖွင့်လိုက်တော့ တစ်အိမ်လုံး
သင်းရှင်းသွားသည်။

''တစ်ဖက် အခန်းလှမ်းဝင်ခဲ့ကာ ခြင်ထောင်ကို မဖွင့်ရဲသေး
တာမို့ အသံပေး ခေါ်ကြည့်၏။

''မင်းစက် မင်းစက်''

''အင်း အင်း အင်း''

ညည်းသံ သဲ့သဲ့ တုန့်ပြန်သံ ကြားသည်။ ရာရာ စိုးရိမ်စိတ်
ဖြင့် ခြင်ထောင်ကို မတင်လိုက်တော့ ကိုယ်တော်ချောက စောင်ကို
ခေါင်းအထိ ဆွဲခြုံထားကာ ကွေးနေလေသည်။

''မင်းစက် မင်းစက် ရှင် နေမကောင်းဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



နံ့သာမှ ဒူးထောက်ထိုင်ချပြီး ရာရာ မေးတာကို ပြန်မပြောဘဲ ညည်းသံက အဆက်မပြတ်။

ရာရာ ခြုံစောင်လေးကို အသာဆွဲခွာလိုက်ပြီး မင်းစက် နဖူးပြင်လေးကို လက်ဖဝါးလေးနှင့် အုပ်မိုးစမ်းကြည့်တော့

ပူလိုက်တာမှ မီးခဲကို ကိုင်တွယ်မိသည့်အတိုင်း။

မီးဖိုထဲကိုပြေး ရေဖလားနှင့် ရေတစ်ခွက် ခပ်ယူကာ မျက်နှာသုတ်ပဝါမှာ ရေဆွတ်ပြီး အပူကျအောင် အုပ်ပေးရသည်။

ရှုပ်ယှက်ခတ်အောင် ရာရာ လှုပ်ရှားရလိုက်တာမို့ ချွေးကလေးတွေ စို့ချင်လာသည်။

"မင်းစက် ဟေ့လူ မင်းစက် ဆေးသောက်ရအောင် ထစမ်းပါဦး"

ပခုံးကို လှုပ်ယမ်းခေါ်တော့လည်း မျက်လုံးလေးဖွင့်ကြည့်တာ တခဏလေးပဲ ဖြစ်သည်။

"အင်း အင်း ငါ အရမ်းချမ်းတယ် ရာရာ၊ အင်း အီး"

ညည်းညူရင်း ရာရာ လက်တွေကို ကယောင်ကတမ်း ဆုပ်ကိုင်သည့် မင်းစက် လက်ဖျားလေးတွေက အေးစက်နေသည်။ အဖျားရှိန်တက်နေတာတော့ သေချာ၏။

ခံနိုင်ရည် နည်းလိုက်တာဟု အပြစ်မတင်ရက်တော့ပါ။ ရာရ





ဘောင် အေးစိမ့်စိမ့် ဖြစ်နေတာမို့ ဆေးတစ်ခွက် ကြိုသောက်ထားခဲ့၍ မဖျားခဲ့တာ။ မင်းစက်လို လူကတော့ ဖျားလောက်နိုင်သည်။

"ရှင် အရမ်းချမ်းနေသလား၊ ကျွန်မ ရေပတ်လည်း တိုက်ဆေးထားတယ်၊ ကျွန်မ စောင်တောင် ရှင်ခြုံဖို့ပေးထားတာ၊ မောင်လေးက ဆောင်ယူသွားတော့ အပိုမရှိဘူးလေ"

"ဟင် ဒါဆို ရာရာ စောင်မခြုံဘဲ အိပ်နေတာလား၊ ပြန်ယူသွားပါ ကျွန်တော် ရတယ်"

ရတယ်ဟု ပြောနေသူက အသံတုန်ကာ မေးချင်းရိုက်နေသည်။ အားကိုးတကြီး ဆုပ်ကိုင်ထားသော ရာရာ လက်တွေကိုလည်း မလွှတ်သေး။

ဖြူနုသော မျက်နှာကလေး အဖျားသွေးကြောင့် ရဲရဲနီနေတာမြင်တွေ့နေတော့ ရာရာ စာနာ သနားမိသည်။

"မင်းစက် ရှင်ဆေးသောက်လိုက်ရင် ကောင်းမယ်"

"အင်း အင်း ကျွန်တော် အရမ်းချမ်းတာပဲ သိတယ် အီး အင်း အင်း"

ဟန်လုပ်ညည်းနေတာ မဟုတ်တာတော့ သေချာသည်။ အံကလေး တင်းတင်းကြိတ်ကာ ခံစားနေရတာ အထင်အရှား။ မျက်ခွံနှံတွေ မဖွင့်နိုင်ဘဲ ညည်းနေတော့ ရာရာ ဆေးတိုက်ဖို့အခက်



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဆေးသောက်မှ ဖြစ်မယ် မင်းစက်"

"အင်း ချမ်း ချမ်းလိုက်တာဗျာ"

ဒုက္ခပါပဲ ပြန်အိပ်ပျော်သွားတာလား မသိ။ ရာရာ မွေ့ထူပြီး တိုက်မှပဲ ရတော့မည် ထင်သည်။

မင်းစက် ခေါင်းအောက်ဘက်ကို လက်လျှိုသွင်းကာ ထူမနိုင်လို့ ကြိုးစားမိသည်။

"ချမ်း ချမ်းတယ် အင်း အင်း"

"အို"

သူ့လက်တွေက ရာရာ ကျောပြင်မှာ အားကိုးတကြီး သိုင်းဖက်လာတော့ ရာရာ ရင်တွေ တလှပ်လှပ် တုန်ခါသွားသည်။

"မင်းစက် မင်းစက်"

အမေ ကြားမှာလည်း စိုးရိမ်တာမို့ လေသံလေးနှင့် တိုးတိုးခေါ်ကြည့်သည်။ မင်းစက် နှုတ်မှ ညည်းသံကလွဲလို့ ဘာမှမတုံ့ပြန်။

ရှန်းထွက်ပစ်လိုက်လျှင် ရနိုင်ပေမယ့် သူ တကယ်တမ်း ဝေဒနာ ခံစားနေရတာပါလား ဟူသော အသိက ရာရာကို ငြိမ်သက်သွားစေ၏။

"ချမ်း ချမ်းလိုက်တာ အီး"

ပူနွေးရှိန်းမြသော သူ့ခန္ဓာကိုယ်လေးကို နွေးထွေးစေအောင်





ရာရာ အသာလေး ဖိကပ်ပေးထားမိသည်။

သူ့ထံမှ ဝင်သက်ထွက်သက် လေပူတချို့က ရာရာ ပါးပြင်တွေကို ပူနွေးနွေး တိုးဝင်နေသည်။

ရာရာ ရင်ခုန်သံတွေ ရှိန်းမြဖိုလှိုက်လာတာ အမှန်။

"မာမီ မာမီ အင်း အင်း"

မာမီတဲ့ သူ့မိခင်ဖြစ်သူကို တောင့်တနေသည်လား။ မိသားစုအရိပ်နဲ့ ဝေးတဲ့နေရာမှာ ရောက်ရှိနေတော့ မင်းစက် အားငယ်နေရှာမည် ထင်ပါရဲ့။

"ရာ ရာရာ ရယ် ချစ်တယ် အင်း အင်း"

"ဘုရားရေ"

ရာရာနှုတ်က အထိတ်တလန့်လေး ရေရွတ်မိသည် အထိပါပဲ။ သူ ကယောင်ကတမ်း ညည်းနေတာ ရာရာကို ဖြစ်သည်။

"ရာရာ ကို  ကိုယ်ချစ်တယ် သိပ်ချစ် တယ်"

မင်းစက် အသံလှိုင်းတွေက တိုးလျလျပေမယ့် ရာရာ ရင်ထဲအထိ စိမ့်ဝင်ကာ ပဲ့တင်နေသလို ရှိသည်။

သေချာသည်က ရာရာ ကိုယ်တိုင် ရင်ခုန်လှုပ်ခတ်လို့ နေခဲ့တာပဲ ဖြစ်သည်။

ကျောပြင်လေးမှ ယှက်သိုင်းဖက်ထားသော သူ့လက်တွေက



www.burmeseclassic.com

www.burmeseclassic.com



ပိုမို တင်းကြပ်လာသည်။

''မင်းစက် မင်းစက်''

တားမြစ်မိသည့် ရာရာ အသံလေးတွေလည်း တုန်ခါနေခဲ့

''ချစ် တယ် ရာရာရယ်''

ပါးပြင်ကို ဖိကပ်ပြီး တိုးတိုးလျလျ ဆိုသည့် မင်းစက် နှုတ်

အစုံက ပူနွေးနေသည်။ ရာရာ ပါးပြင်လေးတွေလည်း ရှိန်းမြနေခဲ့

အမှန်။

ရင်ချင်းအပ်ထားသော ရင်ခုန်သံတွေက နှစ်ဦးစလုံးမှာ

ဆန်နေခဲ့သည်။

ပါးပြင်နှစ်ဖက်မှာ အနမ်းတို့က ရှိန်းမြမြ။

ရာရာ မရှန်းဖယ်နိုင်ဘဲ မျက်ဝန်းလေးမှိတ်ကာ ငြိမ်သက်

မိတာ ရင်ခုန်ခြင်းတွေကို မလွန်ဆန်နိုင်ခဲ့တာကြောင့်လား မသိပါ

ပါးပြင်နှစ်ဖက်မှာ ခံစားသိရှိနေသော လေပူနွေးနွေးတို့ကလည်

ရင်ခုန်ခြင်းကို မွှေးဖွားစေသည်။

ကျောပြင်မှာ သိုင်းဖက် ပွတ်သပ်နေသော လက်ဖဝါးနွေး

တို့ကလည်း ရင်ကို ဖိုလှိုက်စေ၏။

နယ်ကျွံလာသော အနမ်းတို့သည် ရာရာ နှုတ်ခမ်းလေး

ကို ပူနွေးရှိန်းမြစွာနှင့် ကမ္ဘာသစ်တစ်ခုဆီကို ခေါ်ဆောင်သွားနိုင်





သည်။

ချစ်ခြင်းကို ရင်ခုန်သံတွေကပဲ ဖြားယောင်းခဲ့တာလား။

ရင်ခုန်သံတွေကပဲ ချစ်ခြင်းရဲ့ ဖြားယောင်းသိမ်းပိုက်မှုအောက်

မှာ ညို့ငင်ပါသွားခဲ့တာလားတော့ မသိလိုက်ပါ။

တိတ်ဆိတ်သော ညလေးက ရင်ခုန်သံတွေနှင့် ဆူညံပွက်လော

ရိုက်နေခဲ့တာတော့ သေချာသည်။

တိမ်လွှာတွေထဲမှာ စီးမျောခိုတွယ်နေခဲ့သည့် ထိုတဒင်္ဂလေး

မှာ ရာရာ အားလုံးကို ဥပေက္ခာပြု မေ့လျော့နေခဲ့တာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အမေ မမ ပြန်မရောက်သေးဘူးလား"

"ဟေ သားငယ်လား. သား မမ ပြန်မရောက်သေးဘူး
မနက်ခင်း ကျောင်းဈေးပြီးကတည်းက ကွမ်းယာပစ္စည်းတွေ ကုန်
သီရိမင်္ဂလာဈေး သွားတယ်၊ မမကို ဘာတွေ အပူကပ်စရာရှိနေလို့
ကဲ ကဲ ထမင်းတစ်ခါတည်း ဝင်စားလိုက်"

ဒေါ်အေးရိပ် အနားတွင် ကောင်းစံ ဝင်ထိုင်လိုက်သည်။
ဆေးနေစဉ် မင်းစက်က ထမင်းခူးခပ်ပေးဖို့ ဟန်ပြင်လိုက်တော့

"ရတယ် အစ်ကို ကျွန်တော့်ဘာသာ ထည့်စားပါ့မယ်"

"ထည့်ပေးပါ့မယ်ကွာ မိသားစုတွေ ဖြစ်နေပြီပဲ၊ မင်းလည်း





...ယ်တန်းအောင်ဖို့အတွက် ကြိုးစားနေရတာ ပင်ပန်းနေပြီ မဟုတ်လား။
...င်းအစ်မက မင်းကို အရမ်းမျှော်လင့်ထားတာကွ"

နွေးထွေးစွာ ပြုံးပြရင်း မင်းစက် ဆိုတော့ ကောင်းစံ မျက်နှာ
...ား ညှိုးမှိန်သွားပြီး

"ကျွန်တော် ကြိုးစားနေပါတယ် အစ်ကို ခုဆိုရင် အထူးထုတ်
...ာ မဝယ်နိုင်လို့ သူငယ်ချင်းတွေဆီ စာသွားကျက်ရတာ အရမ်းအားနာ
...ကောင်းတာပဲ၊ ဒီနေ့ ဝယ်ရမယ့် စာအုပ်ကတော့ မရှိမဖြစ် မဝယ်လို့
...ဘူး၊ မမကိုပဲ အပူကပ်ရတော့မှာပဲ၊ မမကို ဟိုဟာလိုတယ် ဒီဟာ
...တယ်နဲ့ ပြောရတာလည်း သနားနေမိတယ်ဗျာ"

စိတ်မကောင်းစွာဖြင့် ငြိမ်သက်သွားသော ဒေါ်အေးရိပ်ကို
...စက် သတိထားမိသည်။

စားလက်စ ထမင်းလုပ်က ပါးစပ်ဝမှာ ရပ်တန့်သွား၏။

"ဒီလိုလုပ်ပါလား ညီ၊ အမေက အိမ်လခ မယူတော့ဘူးဆိုလို့
...ကို့မှာ ငွေတစ်သောင်းကျန်နေတာ ရှိတယ်၊ မင်း ယူသွားလိုက်၊
...း အစ်မကို ပြောရင် စိတ်မကောင်းဖြစ်နေမယ် ပြောမနေနဲ့တော့"

"နေပါစေ အစ်ကိုရာ အစ်ကို သုံးစရာ မရှိဘဲ ဖြစ်နေမှာပေါ့"

"ဟုတ်ပါတယ် သားရယ်၊ မင်းလည်း အမေတို့ကို တတ်နိုင်
...လောက် ကူညီလုပ်ကိုင်ပေးနေတာပဲ၊ သားကို သုံးစေချင်လို့ အမေ

www.burmeseclassic.com



အိမ်လခ ပိုက်ဆံ မယူခဲ့တာပါ''

ကောင်းစံ စကားကို ကြားတော့ ဒေါ်အေးရိပ်ကပါ ထောက်[…] နေပြန်၏။

အတိုင်းသား မြင်နေရတဲ့ အဖြူရောင်သက်သက် နှလုံးသား[…] တွေကို ခံစား နားလည်နေမိသည်။

"အမေရယ် မိသားစုတွေလို ဖြစ်နေမှတော့ အဲသလို သူ့ပိုက်[…] ကိုယ့်ပိုက်ဆံ ခွဲနေစရာ မလိုပါဘူး။ ကျွန်တော့်မှာ အမေတို့ ကျွေးသ[…] စားသောက်နေရတာပဲ၊ သုံးစရာ မရှိပါဘူး။ ပြီးတော့ မပြေလည်[…] ကြားက ရာရာ ထပ် စိတ်မဆင်းရဲစေချင်ဘူး''

မင်းစက် စကားတွေကို ယုံကြည်မှုအပြည့်နဲ့ ဒေါ်အေး[…] မျက်နှာမှာ ပီတိရိပ်တွေ ဝေနေ၏။

သူ့စိတ်ဓာတ်ကို လေးစားဟန်အပြည့်ဖြင့် မောင်ကောင်း[…] ကြည့်နေပြန်တော့ ရင်ထဲမှာ ကြည်နူးလို့ မဆုံး။

မိသားစု တစ်ခုရဲ့ နွေးထွေးသော အရသာကို ခံစားလိုက်[…] သည်။

ဝတိုင်မှာ ချိတ်ဆွဲထားသည့် လွယ်အိတ်ဘေးဇစ်ထဲက ခပ်နွမ်[…] နွမ်း ငွေစက္ကူတွေကို ယူပြီး မောင်ကောင်းစံ လက်ထဲ ထည့်ပေးလိုက်[…]

ငွေစက္ကူ အနွမ်းလေးတွေကို ကိုင်ပြီး သူ့လက်တွေကို ဖျစ်ညှ[…]





[…]သိနယ်နေသည့် ကောင်းစံ ရင်ထဲမှာ ဘာတွေရှိနေမည်ဆိုတာ သိနေပါ[…]သည်။

ညီရင်းအစ်ကိုရင်းလို ခံစားချက်မျိုးနဲ့ စေတနာကို နားလည် […]မှုက အသေအချာ။

ဘယ်အရာနှင့်မှ မလဲနိုင်သော ပြီးပြည့်စုံသည့် ဘဝတစ်ခုကို […]ရိုက်သလိုပါပဲ။

ဒီထက် များသော ငွေကြေးတွေနှင့် စိန်မြရွှေ ကမ္ဘာကြီး[…] ဝန်ထမ်းတွေကို လစာပေးနေရတဲ့ ခံစားမှုမျိုးနှင့် ခြားနားနေခဲ့သည့် […]ာ အမှန်။

ဒီမိသားစုလေးရဲ့ မိသားစုတစ်ယောက် ဖြစ်ချင်လွန်းသည့် […]ဆန္ဒတွေက လေးနက်ခိုင်မာခဲ့၏။

ယောက်ျားကောင်းတစ်ယောက် အဖြစ် ကိုယ့်ကိုယ်ကို မြင် […]ယောင်ရင်း ပြုံးမိသေးသည်။

ချို့တဲ့ခြင်းတွေ ပြည့်နှက်နေသည့် မိသားစု ဘဝလေးမှာ […]ကိုယ်တိုင် နစ်မျော ပျော်ဝင်နေမိတာ ဘာကြောင့်လဲ။

မင်းလေးကို ခွဲမသွားချင်လို့ပေါ့ ရာရာ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ရာရာ"

"ဘာလဲ"

"ဟာ ကိုယ့်ချစ်သူကို ပြန်ထူးတာကြီးကလည်းကွာ"

မျက်မှောင်တွေကို စုကျုံ့ပစ်လိုက်ပြီး မကျေမနပ် ရေရွတ်လိုက် သည့် မင်းစက်ကို မကြည့်ဖြစ်။

ကွမ်းရွက်ကလေးတွေကို သေချာစီပြီး ကတ်ကြေးနှင့် ညှပ်နေ သော ရာရာက ပန်းသားကလေးတွေ တွန့်ရင်း

"အမှတ်မထင် အိမ်ပေါ်ရောက်လာတဲ့ လူတစ်ယောက်နဲ့ ချစ်ရ ဖြစ်ခဲ့ရပေမယ့် ရာရာ ဘဝက ကြမ်းတမ်းဆဲပဲလေ၊ အပြုအမူ အပြော အဆို မနူးညံ့တာကိုတော့ ရှင် နားလည်ပေးနိုင်ရမှာပေါ့"





"နူးညံ့သိမ်မွေ့လာအောင် မောင် ပြောင်းလဲပေးနိုင်တယ် ဆိုရင် ရော"

ပြောရင်း ပြုံးစစဖြင့် ရှေ့တိုးလာသော မင်းစက်ကြောင့် လုပ် လက်စ အလုပ်ကို ရပ်ပစ်လိုက်ရသည်။

ပန်းလေးတွေဆီကို ဦးတည် ဆုပ်ဖက်လာတဲ့ လက်တွေကို ထိတ်လန့်တကြား တွန်းဖယ်ပစ်မိသည်။

ကြည့်ပါလား သူ လုပ်ချင်တာ လုပ်တတ်တဲ့သူ။

"ဘာဖြစ်နေတာလဲ အမေက မျက်စိသာ မမြင်တာ နားပါးတယ် နော်"

အိမ်ခန်းထဲကို ဝေ့ကြည့်ပြီး ရာရာ ဆိုတော့ မင်းစက် သဘော ကျစွာ ရယ်လိုက်ရင်း

"ဟား ဟား ရာရာကို လာမကြိုခင်ကလေးတင် မမွေး ကလေး မွေးတာ သွားမေးချင်တယ်ဆိုလို့ လိုက်ပို့ခဲ့ရတာ၊ ပြန်ရင် မမွေး အိမ်က တစ်ယောက်ယောက် လိုက်ပို့လိမ့်မယ်"

"ဟင်း အမေနဲ့တော့ ခက်ပါတယ် ကိုယ်က မျက်စိမြင်တာ သည်း မဟုတ်ဘဲနဲ့၊ ဟိုလူမမာ မေးချင် ဒီလူမမာ မေးချင် ပရဟိတ ကလည်း လုပ်ချင်သေးတယ်"

"ဒါမှလည်း သူ စိတ်သက်သာရရမှာပေါ့ ရာရာရယ်၊ အမေ့



www.burmeseclassic.com

www.burmeseclassic.com



ခမြာ အိမ်ထဲမှာပဲ နေနေရတာ ငြီးငွေ့စရာကြီး''

''ရာရာက မိုးချုပ်နေလို့ ပြောတာပါ၊ ပြီးတော့ ဘယ်အချိန်ပဲ အိမ်ပြန်လာလာ အိမ်ထဲ ဝင်လိုက်တာနဲ့ အမေလို့ အားရပါးရ ခေါ်လိုက်ရမှ အားရှိတယ်လို့ ထင်တာ''

သိသိသာသာ ပြောင်းလဲသွားသည့် မောင့် မျက်နှာလေးကို သတိထားမိသည်။

တစ်ခုခုကို တွေးပြီး ဝမ်းနည်းသွားတာလား။ မျက်ဝန်းအိမ်ထဲမှာ အရောင်လက်သွားတာကို တွေ့လိုက်ရ၏။

ရာရာ့ကျောပြင်ကို ဖက်တွယ်ရင်း ကွယ်ဝှက်ဖို့ ကြိုးစားနေတာကို သိလိုက်မိသည်မို့

''မောင် ဘာဖြစ်တာလဲ ငိုနေတာလား ဟင် ရာရာကို ပြောပါဦး''

ကျောပြင်မှာ ကွယ်ဝှက်ထားတဲ့ မျက်နှာကို မမြင်ရပေမယ့် တစ်ခုခုကို ခံစားနေရသည်ဆိုတာကို နားလည်မိသည်။

မောင့် မျက်နှာကို ဆွဲလှည့်ကာ ကြည့်မိတော့ အပြုံးတွေနှင့် ပကတိ ငြိမ်းချမ်းနေပြန်၏။

''ဘာမှ မဖြစ်ပါဘူး ရာရာရယ်၊ ရာရာ အမေအကြောင်း ပြောနေတော့ အိမ်ကို သတိရသွားလို့ပါ''





''ဒါဆိုလည်း အိမ်ကို ပြန်ပါလား မောင်ရယ်၊ အခုလောက်ဆို သူတို့လည်း စိတ်ပြေနေလောက်ပါပြီ''

''မောင် မပြန်ချင်သေးဘူး ရာရာ၊ မောင်က ဘာကောင်မှ မဟုတ်သေးဘူးလေ၊ တန်ဖိုးရှိတဲ့ လူတစ်ယောက် အဖြစ်မိဘတွေကို သက်သေပြနိုင်မှ ပြန်မယ်''

''မောင်က ပါးစပ်ကသာ ပြောနေတာ၊ ဘာမှလည်း လက်တွေ့ဆင်းအောင် မလုပ်နိုင်ဘူး၊ နှုတ်ပျော့ညံ့လွန်းတဲ့ မောင့်ကို ဘယ်လို ဆုံးဖြတ်ရမှန်းကို မသိတော့ဘူး၊ တစ်ခါတလေကျရင် စဉ်းစားမိတယ်၊ အရည်အချင်း မရှိတဲ့ မောင့်ကို ချစ်မိတာ ရာရာ မှားများသွားသလားလို့''

မောင့်မျက်နှာ မအီမလည် ဖြစ်သွား၏။ ဘုရားရေ ရာရာ ဘာတွေ ပြောလိုက်မိပါလိမ့်။

စည်းကမ်းမရှိတဲ့ ပါးစပ်ကို အပြစ်တင်ရတော့မလို၊ အားမနာတမ်း ပြောတတ်တဲ့ အကျင့်က ဘာကြောင့် အရိုးစွဲခဲ့တာလဲ။

ဒါပေမဲ့ ရာရာ ပြောနေတာက အမှန်တရား။

မငြင်းချေနိုင်လည်း မတတ်နိုင်။ မောင့် အကြည့်တွေကတော့ ရာရာ အကဲခတ်ရ ခက်လွန်းစွာ တည်ငြိမ်နေသည်။

''ပြောရက်လိုက်တာလို့ တွေးနေပြန်ပြီလား မောင်၊ ကြင်တမ်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘဝမှာ အလုပ်ရှေးနေရင် ထမင်းဝေါ်မှာ အမှန်ပဲ''

မောင်က ခွန်းတုန့်မပြန်ဘဲ ရာရာကိုသာ ငေးကြည့်လျက်ရှိဆဲ။

''အဖေ မရှိကတည်းက ရာရာ ရုန်းကန်ခဲ့ရတာ ဆယ်နှစ်ကျော်လောက်ရှိပြီ၊ ဒါပေမဲ့ ဒီဘဝက မလွတ်မြောက်နိုင်သေးဘူး မောင်၊ ရာရာ ဖြစ်ချင်တာ တစ်ခုတည်းရှိတယ်၊ မောင်လေးကို ဆရာဝန်ကြီး ဖြစ်စေချင်တာ၊ အဲဒီအတွက် ရာရာ ဘဝက အများကြီး ရုန်းကန်ရဦးမှာလေ''

ရာရာ စေတနာကို မောင် နားလည်စေချင်သည်။ ရာရာတို့ ဘဝတွေက အချိန်ပြည့် ရုန်းကန်နေရတာ မဟုတ်လား။

ရာရာ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သော မောင့်လက်တွေမှာ နားလည်မှုနှင့် နွေးထွေးနေသည် ထင်မိ၏။

''မောင့်ကို ယုံကြည်ပေးပါလား ရာရာရယ် ရာရာနဲ့ အတူတူ မောင့်ကို ရုန်းကန်ခွင့်ပေးပါ၊ မောင်တို့ လက်ထပ်ကြရအောင်''

''ရာရာ ဒုက္ခတွေကို မောင့်ကို ခွဲဝေမပေးပါရစေနဲ့လား မောင်ရယ်''

''ဘာလို့ ဒီစကားတွေ ပြောနေရတာလဲ ရာရာ၊ မောင့်ကို တကယ် မချစ်ခဲ့လို့လား ဟင်''





''မောင့်ကို ချစ်လွန်းလို့ ရာရာ ပြောနေတာပါ၊ တကယ်တော့ အချစ်နဲ့ ဘဝက တခြားစီပါ၊ နောက်ဖြစ်လာမယ့် အကြောင်းတရားတွေကို တွေးမိတိုင်း မောင်လေးအပေါ် တာဝန်မကျေမှာ စိုးတယ်''

''ချမ်းသာပြည့်စုံတဲ့ သူကိုမှ လက်ထပ်ဖို့ မင်းစိတ်ကူးယဉ်ထားတာလား ရာရာ''

မာဆတ်တင်းပြတ်သော မောင့်အသံတွေ ကျယ်လောင်သွားသည်။ ရာရာကို မောင် နားမလည်နိုင်သေးဟု နာကျည်းစွာ ဆိုလာမည့် စကားတွေကို မကြားလို၍ အိမ်ခန်းအတွင်း ဝင်ခဲ့မိ၏။

မောင်က လျှင်မြန်စွာ လိုက်လာကာ ရာရာ ရှေ့တည့်တည့်မှ ပိတ်ရပ်လိုက်ပြီး

''ဘာလို့ ရှောင်ထွက်သွားရတာလဲ မောင် မေးတာကို ဖြေပါဦး ရာရာ''

''စိတ်ကူးမယဉ်တတ်ခဲ့လို့ ဒီအချိန်ထိ တစ်ယောက်တည်း ရုန်းကန်လာခဲ့တာပါ မောင်၊ စိတ်ချမ်းသာမှု တစ်ခုတည်းအတွက် မျက်စိစုံမှိတ်ပြီး မှားရမယ့် အမှားမျိုးကို ရာရာ အဖြစ်မခံနိုင်ဘူး''

''ဒါဆိုရင် မင်း ငါ့ကို ဘာအတွက် ချစ်ခဲ့တာလဲ၊ ငါက မင်း လက်မထပ်ချင်လောက်အောင် ညံ့ဖျင်းနေခဲ့သလား''

မခံချင်စိတ်တွေ ပြည့်နှက်နေသည့် မောင့်ကိုကြည့်ပြီး ရာရာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါမိသည်။

အချစ်ဆိုတာကို မောင် ဘယ်လို သတ်မှတ်ခဲ့ပါသလဲ။ ရာရာ
အပေါ် မောင် နားမလည်နိုင်သေး။

မုန်းချင်လည်း မုန်းပါစေတော့။

"မလွန်ဆန်နိုင်တဲ့ သဘာဝတရားကို မရှောင်လွှဲနိုင်ခဲ့လို့ မောင့်
ကို ချစ်ခဲ့မိတယ်၊ အားကိုးလောက်တဲ့ ယောကျ်ား တစ်ယောက်အဖြစ်
မောင် ရာရာကို သက်သေပြနိုင်ခဲ့လို့လား"

မျက်လုံးတို့က စူးရှ၍ အမေးစကားတွေက ပြတ်သား တင်းမာ
သွားသည်။

မောင့်နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ယင်သွားပြီး မျက်နှာ
လွှဲ၍ အံကြိတ်ပစ်လိုက်၏။

ရာရာကို ငွေမက်သူ တစ်ယောက်၊ ဂုဏ်မက်သူ တစ်ယောက်
ဟု ထင်နေလိမ့်မည်။

ရာရာ မောင့်ကို ချစ်ပါတယ်။

ဒါပေမဲ့ ရာရာမှာ ဘဝကပေးတဲ့ သင်ခန်းစာတွေက အပြည့်
ရာရာက ပိုးဖလံ တစ်ကောင်မှ မဟုတ်ခဲ့တာ။

"အို"

ရုတ်တရက် တစ်ကိုယ်လုံးကို သိမ်းကြုံးပွေ့ဖက်ခြင်း ခံလိုက်ရ





သဖြင့် ကြောင်တွေသွားရသည်။

ကြမ်းရှရှ အနမ်းတွေက မျက်နှာအနှံ့ ကျရောက်နေ၏။ ရုန်းလွန့်
ရုန်းကန်နေမိပေမယ့် မောင့်ရင်ခွင်ကြားက လွတ်မြောက်ဖို့ မစွမ်းသာ။

"အရမ်းချစ်လို့ပါ ရာရာရယ်၊ ရာရာ ယုံကြည်လာတဲ့အထိ
မောင် ကြိုးစားမှာပါ၊ မိသားစုဘဝ ဆိုတာကို မောင် အရမ်းမျှော်လင့်
ခဲ့တာ မောင့်ကို စိမ်းကားတဲ့ စကားတွေ မပြောပါနဲ့ကွာ"

"ဟင့်အင်း ဟင့်အင်း အနိုင်မကျင့်နဲ့နော်၊ ရာရာ အော်ငို
ချလိုက်မှာ လွှတ်ပါ မောင်ရယ်"

"အမြဲတမ်း မညှာမတာ ပြောတတ်တဲ့ မင်းက အခုမှ တောင်း
ပန်နေပြန်ပြီ၊ မောင့်ကို လက်ထပ်ပါ့မယ်လို့ မပြောမချင်း မလွှတ်ဘူး
ဆိုရင် ဘာလုပ်မလဲ ရာရာ"

နဖူးခြင်း ထိကပ် ပြောလိုက်သော မောင့်မျက်ဝန်းတွေက
ရီဝေညို့ငင်နေသည်။

ရင်ခုန်သံတွေ မြန်ဆန်လျက် ခံနိုင်ရည်မဲ့စွာ ပျော့ခွေသွားရ
သူက ရာရာပဲ ဖြစ်သည်။

မောင့်ကို ချစ်တဲ့စိတ်ကြောင့်ပါ။ ဟန်ဆောင် တင်းမာခြင်းတွေ
အရည်ပျော်သွားအောင် မောင်က ရာရာ နှလုံးသားမှာ နေရာယူနေခဲ့ပြီ။

ဦးနှောက် အသိတွေ ကင်းလွတ်သွားတော့ မတတ်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တုံ တရားတစ်ခုကို အရအမိ ဆုပ်ကိုင်မိတော့ ငြိမ်းဆ
မိပြန်သည်။

"မောင် ဖယ်နော် အမေ ပြန်လာတော့မယ်၊ ပတ်ဝန်းကျင်
မြင်သွားရင်လည်း မကောင်းဘူး"

"အို မလွှတ်ဘူးကွာ မြင်သွားတော့လည်း ကြော်ငြာပြီးသာ
ဖြစ်သွားတာပေါ့၊ မောင်တို့ လက်ထပ်ကြရအောင် ရာရာရယ်၊ ရာ
အနားမှာ အမြဲတမ်း ချစ်နေခွင့် ပေးပါကွာ၊ မင်းကို အဆုံးရှုံးမခံနိုင်လို

တစ်ရစ်ပြီး တစ်ရစ် ချည်နှောင်နေတာလား မောင်ရယ်
အမြဲတမ်း ကြမ်းတမ်းခဲ့တဲ့ အဖိုစင်တစ်ယောက်ရဲ့ နှလုံးသားကို မောင်
ယုယမှုတွေက အနိုင်ယူသွားခဲ့ပါပြီ။

ရာရာ ရှုံးခဲ့ပါတယ် မောင်။

မောင့်ကို ရင်ထဲက မောင်းထုတ်ဖို့ ကြိုးစားခဲ့ပေမယ့် နှလုံးသ
မှာ နေရာတစ်ခု ရှိပြီးသားပဲ။

ရာရာ မောင့်ကို မောင်းထုတ်ဖို့ မကြိုးစားတော့ပါဘူး။

အချစ်ဆိုတာ ဖန်တီးလုပ်ယူလို့ မရဘူးဆိုတာကို ရာ
နားလည်ခဲ့ပါပြီ။

သောကကင်းစွာနဲ့ မွေးစက်ပါရစေတော့ မောင်။

■ ■ ■



## အခန်း (၁၅)

"ဘာ မင်းတို့ လက်ထပ်လိုက်ကြပြီ ဟုတ်လား"

"ဟုတ်တယ် ကိုစိုးလွင် ရပ်ကွက်ရုံးမှာ လက်မှတ်ထိုးပြီး
...မ်မှာပဲ နည်းနည်းပါးပါး ညှော်ခံကျွေးမွေးလိုက်တယ်"

"မင်းကွာ စိန်မြရုံခြယ် ကမ္ဘာကြီးတစ်ခုလုံးကို ပိုင်ဆိုင်ထား
...သူဌေးတစ်ယောက်က လူမသိ သူမသိ လက်ထပ်လိုက်ရတယ်လို့"

ကိုစိုးလွင်က မချိတင်ကဲ ရေရွတ်ပြီး စိတ်မကောင်း ဖြစ်နေခဲ့
...သည်။

"ပတ်သက်တော်စပ်မှု အရသာ ပိုင်ဆိုင်ခဲ့တာပါဗျာ၊ အမိန့်
...အာဏာအရဆိုရင် တော်မဝင်ပါဘူး ကိုစိုးရာ"

"ဒါကတော့ စီးပွားရေးမှာ အမှားမဖြစ်အောင် မင်းအမေက



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းစောင့်ရှောက်နေတာ မင်းသိသားနဲ့''

ရေကျူးကန်ထဲသို့ ခြေတွဲလောင်းချရင်း ကုတ်ဘူးကို ဖော

သောက်လိုက်သည်။

နံဘေးက ကိုစိုးလွင်ကို ငုံ့စောင်းကြည့်မိတော့ ဘာကို အ

မကျေသည်မသိ မျက်နှာကြီး သုန်မှုန်လျက်။

''မာမီကို ဖွင့်ပြောကြည့်မယ် ကိုစိုးရာ၊ မာမီ ကျေနပ်

ကျွန်တော်တို့ မင်္ဂလာပွဲကို ခမ်းခမ်းနားနား ပြန်ကျင်းပမယ်''

''မိန်းကလေးဘက်က အားနည်းချက်ကို မင်းမာမီက လ

နိုင်မှာ မဟုတ်ဘူးဆိုတာ သေချာတယ် ဝသုန်''

နှုတ်ခမ်းတွန့်ရုံသာ ပြုံး၍ သူ ကိုစိုးလွင်ကို အဓိပ္ပါယ်

ကြည့်ရင်း

''ကျွန်တော်ကလည်း သေချာအောင် လက်ထပ်ထားပြီး

ဘဝတစ်ခုကို ရှမ်းကန့်ဖို့ အဆင်သင့် ဖြစ်နေပြီ၊ နောက်မဆုတ်

ဘူး ကိုစိုး၊ ဒါ ဆုံးဖြတ်ချက်ပဲ''

''မင်းမာမီလည်း မတင်မကျနဲ့ မသက်မသာ အခြေအ

ရိပ်စားမိနေပြီ၊ မကြာခင် ပြန်လာတော့မယ် ထင်တယ်၊ မြန်မာပြ

နေရာတိုင်းမှာ သူ့အဆက်အသွယ်တွေ ရှိနေတာ ငါတို့ သိနေတယ်

ကိုစိုး ရင်ထဲမှာ အခက်အခဲ တစ်ခုကို ကြိုတင်တွက်





မှာ သူ နားလည်နေပါသည်။ ဒါပေမဲ့ သူက ဆုံးဖြတ်ချက်တစ်ခု ချခဲ့ပြီး ပြီပဲ။

''ဒါနဲ့ မင်းကို တစ်ခုလောက် မေးချင်တယ်၊ မင်း ကောင် မလေးကို တကယ်ချစ်လို့လား၊ မင်းမာမီကို ဆန့်ကျင်ချင်လို့လား ဆိုတာ ငါ သိချင်တယ်''

မေးသင့်တဲ့ မေးခွန်းဟု တွေးမိပြီး သူ ခေါင်းတစ်ချက် ညိတ် မိသေးသည်။

ဘာမှပြန်မဖြေသေးဘဲ ရေကူးကန်ထဲမှ ခြေထောက်ကို ဆွဲတင် ပြီး ဘောင်းဘီအတိုက ရေစက်တွေကို အဓိပ္ပါယ်မဲ့ ငေးကြည့်မိသည်။

ပြီးမှ ရေစိုနေသော ဆံပင်ကို ပွတ်သပ်လိုက်ပြီး

''ပထမတော့ ထူးခြားတဲ့ သူ့စရိုက်ကို နှစ်သက်ခဲ့မိတာ ခန္ဓာ တွေ့တဲ့ မိသားစုဘဝလေးကို ခံစားသိရှိလိုက်ရမှ ရာရာကို နှစ်နှစ် ကာကာ ချစ်သွားခဲ့တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ အကျိုးဆက် ဒုက္ခမှန်သမျှကို''

''ရာရာနဲ့အတူတူ ရင်ဆိုင်မယ်လို့ ဆိုချင်တာလား''

စကားဖြတ်ပြောလိုက်သော ကိုစိုးလွင်ကို ကြည့်ပြီး နှုတ်ခမ်း ဖျားနှင့် သူ ပြုံးလိုက်သည်။

''မာမီ လက်မခံခဲ့ရင်လည်း ရာရာကို အသိမပေးဘဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ရင်ဆိုင်မှာပါ''

''ကလေးရတဲ့အထိတောင် မင်းအကြောင်းကို ဖုံးကွယ်ထ
ချင်တာလား ဝသုန်၊ မပြည့်စုံတဲ့ မင်းချစ်သူရဲ့ ဘဝကို တစ်သက်
ကြည့်ရက်လို့လား''

''ကျွန်တော် ပြောပြီးပြီပဲ ကိုစိုးရယ်၊ ကျွန်တော်နဲ့မာမီရဲ့ ပဋိ
ကြားက ဆိုးကျိုးတွေကို ရာရာဆီတော့ မျှဝေမပေးချင်ဘူး''

''မင်းရဲ့ ဘဝမှန်ကို သိသွားခဲ့ရင် ရာရာ ကရော မင်း
ဆက်ချစ်နေဦးမယ်လို့ မင်း ထင်သလား။ ကြမ်းတမ်း ဆင်းရဲပေ
သူ့မာနကို မင်းသိနေတာပဲ၊ အဲဒီ မာနမျိုးက အရှိန်ပြင်းတဲ့ မီး
နဲ့ တူတယ်ကွ၊ ကျတဲ့နေရာမှာ တဖွေ့ဖွေ့ လောင်ကျွမ်းဖို့ အသ
ရှိနေမှာ သေချာတယ်၊ အလိမ်အညာကင်းတဲ့သူတွေကိုမှ မင်းကသ
လိမ်ခဲ့တာကိုး''

ကိုစိုးလွင်ရဲ့ စကားတွေက သူ့ကို တွေဝေသွားစေ၏။

တောင့်တင်းစွာ ရပ်နေရင်း ရာရာရဲ့ အမုန်းမျက်နှာကို မြ
ယောင်မိသည်။

ရာရာရဲ့ မာန၊ မာမီရဲ့ အတ္တတရားတွေက တစ်ချိန်မှာ သူ့
တမြေ့မြေ့ လောင်ကျွမ်းစေခဲ့မှာ သူ မသိခဲ့။

အရာရာသည် မာမီ့ဆုံးဖြတ်ချက်အပေါ်သာ မူတည်နေ





...သာ ခွင့်မလွှတ်ခဲ့လျှင် အပြစ်ရှိသူက သူ။ မာနကို ဆုပ်ကိုင်ထားတဲ့
...ရာက ဓားစာခံ ဖြစ်ရပေလိမ့်မည်။

''မင်း မာမီ ရောက်လာရင် ရင်ဆိုင်ဖို့ ခွန်အားတွေ အသင့်
...နေပြီလား ဝသုန်''

''ကျွန်တော် တွေဝေရမယ့် အချိန်မှ မဟုတ်တော့တာပဲ၊ အစ
...တည်းက ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးခဲ့ပြီ ကိုစိုး''

ခြေတစ်လှမ်း ကျွံခဲ့ပြီမို့ ပြောလိုက်ရပေမယ့် စိတ်ထဲမှာတော့
...နေ၏။

သူ့ကြောင့် တည်ငြိမ်နေသော မိသားစု ဘဝလေး ကစဥ့်
...ကလျား ဖြစ်သွားမည်ကို မလိုလား။

လေပူတွေကို မှုတ်ထုတ်ရင်း အားတင်းမိသည်။ တိတ်ဆိတ်နေ
...သူ့ပခုံးကို ကိုစိုးလွင်က ဆုပ်ကိုင်ရင်း

''ဗိုင်းဝန်း အားပေးသလို ဖြစ်ခဲ့တဲ့ ငါတို့တွေလည်း အနေ
...ချောင်တော့ဘူး ဝသုန်၊ မလာခင် ဆင်းပြေးရမလား၊ ဒါမှမဟုတ်
...း မာမီ နှင်ချတာပဲ စောင့်နေရမလား''

သူ့အပေါ် နားလည်တတ်တဲ့ ကိုစိုးလွင်တို့ ဒုက္ခကလည်း မသေး
...။ ကိုစိုးလွင်တို့ကိုတော့ ဘေးကင်းစေချင်သည်။

''ဒီအတိုင်း ကြာနေမှမပျက် နေပါဦး ကိုစိုးရာ၊ မာမီ ရောက်လာမှ



www.burmeseclassic.com

www.burmeseclassic.com



မီးစင်ကြည့်ကတတာပေါ့။ ခင်ဗျားတို့ကို ထိခိုက်မှာမျိုး ကျွန်တော် အဖြစ်မခံပါဘူး''

''တို့ကို ထည့်တွက်မထားနဲ့ ဝသုန်၊ ကြားထဲက ရာရာ့ဘဝလေး ဓားစာခံ ဖြစ်သွားလိမ့်မယ်''

ကိုစိုးလွင်ရဲ့ စေတနာ စကားကြောင့် စိတ်ရှုပ်ထွေးသွားမိ

မွန်းကျပ်မှုတွေ ဖြေပျောက်လို့ ဖြေပျောက်ငြား ရေကူးပစ်လိုက်သည်။ ဒီဇင်ဘာ ဆောင်းရဲ့ အအေးဓာတ်က နေ့လယ်နေ့ခင်းဆိုပေမယ့် ထင်ကျန်နေဆဲ။ အေးစိမ့်စိမ့် ရေက ရင်တွင်းအပူကို မလွှမ်းမိုးနိုင်ခဲ့တာ အသေအချာ။

''ဝူး''

အပြင်ကို မှုတ်ထုတ်မိသည့် လေတွေတောင် ပူလောင်နေခဲ့သည်။

■ ■ ■



## အခန်း (၁၆)

''တစ်ပတ်တစ်ခါ အပြင်ထွက်နေတာ ရာရာ သတိထားမိနေ ကြာပြီနော် မောင်၊ ပြန်လာတိုင်းလည်း တက်ကြွလန်းဆန်းမှု ဘူး။ မောင် ဘာလုပ်နေတယ်ဆိုတာ မသိရပေမယ့် ရာရာကို ပြောပြ တယ်''

မပြောချင်ပေမယ့်လည်း ကြာတော့ သည်းခံနိုင်စွမ်း မဲ့ကုန်

အခုလည်းကြည့်လေ လုပ်ပုံက. . .။

အိပ်ရာထဲ ပစ်လှဲပြီး ရာရာ စကားတွေကို မကြားချင်ယောင် ဆောင်နေတာ တွေ့မယ်။

ရာရာက သူ့ဇနီးမယားတစ်ယောက် ဆိုတာကို နည်းနည်းလေး အောင် သတိမထားမိတဲ့ ပုံစံ။

''ဒီနေ့ဆိုရင် ရာရာ တစ်ယောက်တည်း ဆိုင်သိမ်းလာရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကလည်း သူတို့အမေတွေ မလွှတ်တော့လို့ လာကြတော့ မဟုတ်ဘူး''

''တစ်ရက်တလေပဲ ရာရာရယ်၊ မောင့်ကို နားလည်ပေးပါ ပေါ့''

မောင်လေးနေတဲ့ အခန်းမှာ သူမတို့ ပြောင်းနေတာမို့ သူ့ ပဋိပက္ခတွေကို အမေနှင့်မောင်လေး သိသွားမှာလည်း စိုးရသေး လေသံကို အနည်းငယ်နှိမ့်၍

''နေပါဦး မောင်က ဘာစီးပွားရေးတွေ လုပ်ကိုင်နေလို့ ရာရာ က နားလည်ပေးရမှာလဲ၊ အေးအတူ ပူအမျှ လုပ်ကိုင်စားသောက်မယ် ဆိုပြီး မောင် ရာရာကို ယူခဲ့တာ မဟုတ်လား''

ကဲ ဘယ့်နှယ်ရှိစ ရာရာ အပိုင်မေးပစ်တော့ မဖြေ။

ရာရာက မောင့်ကို နိုင်းချင် စေချင်လို့တော့ မဟုတ်ပါ။ ချွေး ရောင်းရတာ ပင်ပန်းပေမယ့် အပြစ်မမြင်။ ရာရာ ခံနိုင်သည်။

အခုဟာက ကိုယ့်မယားရယ်လို့ ခင်တွယ်ရမှန်းမသိ သွားချင် ရာ သွားနေတာတော့ လွန်ပြီ။

ရာရာ လိုချင်တာက မောင်နှင့်အတူတူ နေရင်း ကြည်နူးစွာ ပျော်ရွှင်နေမည့် အချိန်တွေ။

ဒါကို နားမလည်တာကိုက မှန်းစရာ။ ရာရာတို့ လူတန်းစားတွေ ဟာ ချမ်းသာကြွယ်ဝသူတွေလို့ အပျော်ခရီးထွက်ဖို့ နေနေသာသာ အိမ်မှာ တစ်ရက်နှစ်ရက် နားနေလို့ မရတဲ့ဘဝ။





မောင့်ကို စူးစိုက်ကြည့်ရင်း ဆက်ပြောမိသည်။

''တကယ်ဆို ရာရာနဲ့အတူတူ မောင် ရှိနေသင့်တယ်၊ ရာရာက ဆောင့်လုပ်စာ ထိုင်စားပြီး အခန့်သား ထိုင်နေရတာ မဟုတ်ဘူး''

''မောင်တို့ အဆင်ပြေအောင် ကြိုးစားကြည့်နေတာ ရာရာ၊ ဘာလို့ လာရစ်နေတာလဲ မင်း အရမ်း နားပူအောင် လုပ်တာပဲ''

တစ်ဖက်ကို တစောင်းလှဲ၍ နားပေါ်တွင် ခေါင်းအုံးကို ဆွဲယူ အုပ်ထားသော မောင့်ကို ရာရာ ထောင်းခနဲ ဒေါသဖြစ်သွားမိ၏။

ရင်ထဲမှာ တနုံ့နုံ့.. စိတ်ဆိုးနေတာကို ချော့ရမယ်ဆိုတာ တောင် နားမလည်တဲ့သူ။

ဘယ်နေရာမှ အလိုက်မသိတဲ့ ယောကျ်ား။

နှုတ်ခမ်းကို ဖိကိုက်လျက် ခေါင်းအုံးကို ဆွဲဖယ်ပစ်ပြီး

''ဒီမှာ ကိုယ်ကလည်း မှားနေသေးတယ်၊ မိန်းမကို နှစ်သိမ့် ဖို့နေနေသာသာ ဆူဆူအောင့်အောင့်နဲ့ ရာရာက မောင့် လုပ်စာ ထိုင်စား နေတာ မဟုတ်ဘူး သိရဲ့လား၊ အငြိုအငြင်တော့ မခံနိုင်ဘူးနော်''

''ရာရာ မင်း ပြောတဲ့ စကားတိုင်းက ငါ့ကိုစော်ကားတဲ့ စကား သုံး မပါရင် မပြောတတ်ဘူးလား တောက်''



www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာကြီး နီမြန်းလာပြီး လှဲနေရာမှ လူးလဲထကာ ဒေါသတကြီးနှင့် အော်ဟစ်နေတာမို့ ရာရာ အလျင်အမြန် မောင့် ပါးစပ်ကို လှမ်းပိတ်ရသည်။

ကလေးဆိုးကြီးလို မျက်နှာကြီး သုန်မှုန်နေသည့် မောင့်ကို ကြည့်ပြီး ဒေါသဖြစ်တာကို မေ့ကာ ရယ်ချင်လာမိတဲ့အထိ။

ခပ်တင်းတင်း ပြောပစ်မည်ဟု ဆုံးဖြတ်ထားတာမို့ ရယ်ချင်စိတ်ကို ထိန်းရင်း

"ဘာဖြစ်လို့ အော်နေရတာလဲ၊ ဟိုဘက်ခန်းမှာ အမေတို့ ရှိတာ မသိဘူးလား။ လက်ကြေးတောင်းတဲ့ ရှင့်ကို ယူခဲ့မိတာကိုက ရာရာ အမှား၊ ဆင်ခြေပေးဖို့ မရရင် ပြန်အော်ဖို့ပဲ သိတဲ့လူ"

မျက်စောင်းထိုးရင်း ဆိုမိတော့ မောင်က မျက်မှောင်တွေကုတ်ကာ အံကို တင်းတင်းကြိတ် စူးစိုက်ကြည့်သည်။

"မင်းကွာ ကိုယ့်ယောကျ်ားကို နိုသေလေးစားရမှန်း မသိဘူး။ လက်အောက်ငယ်သားလို သဘောထားနေတာလား၊ ရာရာ ငါကွာ တောက်"

လက်ရွယ်လိုက်သည့် မောင့်အပြုအမူကြောင့် တဖုံတသြဖြင့် ရာရာ ကြည့်ရင်း

"ကြော် အခုတော့ ရှင်က ဒီအချိုးချိုးပြီပေါ့၊ ရှင်ကရော





[...]သားအောင် နေခဲ့သလား၊ လက်ကြေးမတောင်းဘဲ ပျော့ခွေနေပတ်နေပြီး [...]စ်ယောက်စာ ပိုရှန်းကန်ရတာပဲ ရှိတယ်၊ ဘာအားကိုးရလို့လဲ"

ပြောရင်း ပြောရင်း ဝမ်းနည်းစိတ်က ဆို့တက်လာပြီး

"အပြင်မထွက်ပါနဲ့လို့ ပြောမိတာလေးနဲ့ မင်းတွေ ငါတွေ [...]ရင့်သီးသီး သုံးနှုန်းနေလိုက်တာ အဟင့် ဟင့် အကြင်နာတရား [...]တဲ့ သူ့ကိုမှ မှားယွင်းပြီး ချစ်ခဲ့မိတာ ရာရာရှင့်၊ ရှင့်မှာ အပြစ်မရှိပါ [...] ဦးမင်းစက်ရယ် ရာရာ အပြစ်ပါ အီး၊ ဟီး ဟီး"

"ဟား ဟား ဟား ဟား"

"ရှင်ကြီး လာလှောင်မနေနဲ့နော်၊ သူများ ငိုနေတာကို အဟင့် [...]င့်"

ပဆစ်တုပ် ထိုင်၍ ငိုရင်းက ရာရာ ပြန်ရန်တွေ့နေပုံကလေး [...] မင်းစက် ဒေါသတွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်သည်။

မျက်ရည်စတွေ တို့သုတ်နေသည့် ရာရာအနားသို့ တိုးကပ်သွား[...] လက်သီးဆုပ်ကလေးတွေနှင့် သူ့ရင်ဘတ်ကို တဘုန်းဘုန်းထုရင်း

"ရှင်ကြီး အနားမကပ်နဲ့နော်၊ ကိုယ်ချင်းစာတရား မရှိတဲ့လူ"

ကျေနပ်စွာ ခံယူမိရင်း တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိတော့ [...] မရုန်းနိုင်ရှာ။ သူ့ရင်ဘတ်ကြားမှ ရာရာ လက်ကလေးတွေ ရပ်တန့်သွားတော့။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးနံ့သင်းသည့် ရာရာ နဖူးလေးကို ရှိုက်နမ်းပစ်လိုက်သည်။

"ဖယ်ပါ နင်တွေ ငါတွေနဲ့ စကားတွေ မာကျောပြီးမှ လာချော့မနေနဲ့"

ရာရာ စိတ်ဆိုးပြေသွားပြီ ထင်ရဲ့။

"ဟောဗျာ ရန်ဖြစ်နေပါတယ်ဆိုမှ ဘယ်လိုလုပ် ပျော့ပျောင်းနိုင်မှာလဲ၊ ရာရာလည်း အော်ဟစ်ပြီး ပြောနေတာပဲ၊ မောင့်ကို ပြောတာများ ရစရာမရှိဘူး"

"ရာရာက မောင့်မိန်းမပဲ၊ မောင့်ကို တားဆီးပိုင်ခွင့် မရှိဘူးလား။ မောင့်ကိုစိတ်ထဲက ပါလို့ ပြောခဲ့တာ မဟုတ်ပါဘူး။ ရာရာ ချစ်လွန်းလို့ လက်ထပ်ခဲ့တာပဲလေ"

သူ့ရင်ခွင်ကို မှီနွဲ့ရင်း ပြောနေတဲ့ ရာရာ နားသယ်စပ်က ဆံစလေးတွေကို သပ်တင်ပေးနေမိ၏။ ငိုပြီးကာစ မျက်ရည်စီးကြောင်းလေးတွေနှင့် မျက်လုံးတွေ မို့အစ်နေပေမယ့် ရာရာက အပြစ်ကင်းအောင်လှသည်။

"ရာရာကို ထားခဲ့ပြီး မောင် သွားချင်ရာကို သွားနေတာတော့ လက်မခံနိုင်ဘူး၊ ရာရာနားမှာ မောင် ရှိနေရင် လုံလောက်ပါပြီ မောင်နားလည်ပေးပါနော်"





"ရာရာရယ်"

ရာရာ ခံစားချက်ကို မမြင်နိုင်အောင် မခံချင်စိတ်တွေ မှုန်နေခဲ့သည့် ကိုယ့်ကိုယ်ကို နှောင်တရမိ၏။

"ရာရာရယ် မောင်လည်း ဘယ်သွားချင်ပါ့မလဲ၊ ဒါပေမဲ့ တစ်ခါတလေ တစ်ရက်လောက်တော့ မောင့်ကို အပြင်ထွက်ခွင့်ပေးပါ၊ မောင်သွားလာနေတာ ရာရာကို ချစ်လွန်းလို့ ရာရာ ပင်ပန်းတာကို မကြည့်ရက်လို့ အလုပ်ရှာနေတာပါကွာ"

ကရုဏာသံဖြင့် တိုးသဲ့သဲ့ ဆိုမိတော့ ရာရာက အကြင်နာ မျက်စောင်းလေး ပို့လွှတ်ရင်း

"ဘယ်သွားတယ် ဘာလုပ်တယ်ဆိုတာ လင်မယားချင်း ပွင့်ပွင့်လင်းလင်း ပြောပါလား၊ အစကတည်းက အခုလို ပြောရင် စိတ်ဆင်းရဲစရာ မဟုတ်ဘူး။ ပင်ပန်းတာက တစ်မျိုး၊ ဒေါသဖြစ်ရတာ တစ်မျိုးနဲ့ ရာရာ ကြာရင် ရူးလိမ့်မယ် သိလား"

အမူအရာလေးက အသည်းယားစရာ။

ရူးရူး အသံလေး ပို၍ ကျယ်လောင်လာတာမို့ သူ မိကပ်မင်း ရှိုက်ပစ်လိုက်မိသည်။

ရာရာ အနည်းငယ် တွန့်ထိုး ရှန်းကန်နေပြီးမှ ရူးရူး မျက်ဝန်းသားတွေ မှေးစင်း ဖျော့တော့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ အယုအယတွေကို ရာရာ ကြာရှည်စွာ တင်းမခံနိုင်
သိနေ၏။

ကိုယ်ကပဲ အနိုင်ကျင့်သလို ဖြစ်နေခဲ့သလား။

တကယ်တော့ ကြမ်းတမ်းရင့်သီးတဲ့ စကားလုံးတွေနဲ့ စိတ်
နာကျင်ရတာတွေက ပျော့ပျောင်းနူးညံ့တဲ့ စကားလေးတစ်ခွန်း။ မျက်
တစ်စက်ကို မြင်ရုံနဲ့ ကျရှုံးရစမြဲ။

"မောင်ရယ် ရာရာကို ဘယ်တော့မှ ခွဲမသွားပါနဲ့နော်"

ကျားရဲမလေးလို ကြမ်းတမ်းတတ်ပေမယ့် အခုကျတော့
ယုန်သူငယ်မလေးလို နူးညံ့နေပြန်၏။

ဗိုမို တင်းကျပ်စွာ ဖက်တွယ်ထားရင်း နှစ်သိမ့်စကား
အထပ်ထပ် ဆိုနေမိသည်။

"ရာရာကို ထားခဲ့ပြီး ထွက်သွားဖို့ဆိုတာ မောင့်အတွက်
ခဲဆုံး အလုပ်ပါကွယ်"

ယုံကြည်မှုနဲ့ ဖက်တွယ်ထားတဲ့ ရာရာ လက်ကလေး
တဆင့် ခန္ဓာကိုယ်ထဲသို့ နွေးထွေးမှုတွေ စီးဝင်လာသလို

ဖုံးကွယ်ထားခဲ့တာတွေကို သိရှိသွားတဲ့ နေ့ကျရင်ရော
ခွင့်လွှတ်နိုင်မှာလား။

သူ့ရဲ့ ဘဝမှန်ကိုသာ သိရှိသွားခဲ့လျှင်. . .။



အခန်း (၁၅)

သူမ ခန္ဓာကိုယ်လေးကို အုပ်မိုးဖက်တွယ်ကာ အိပ်မောကျနေ
သော မောင့်ခန္ဓာကိုယ်ကြီးကို အသာအယာ တွန်းဖယ်၍ ရာရာ လူးလဲ
ထလိုက်သည်။

ထမင်းဟင်း ချက်ပြုတ်ပြီး အချိန်နောက်မကျအောင် ဈေး
ရောင်း သွားရဦးမည်။

ချက်ပြုတ်၊ လျှော်ဖွပ်၊ ရေမိုးချိုးပြီးမှ မောင့်ကို အိပ်ရာမှ
နိုးနေကြ ဖြစ်၏။

မောင့် နဖူးပြင်ကို ခပ်ဖွဖွ နမ်းမွှေးလိုက်ပြီး ခြေသံမွှမ့်မွှမ့်ဖြင့်
တစ်ဖက်ခန်းသို့ ကူးခဲ့သည်။

ဖယောင်းတိုင်မီးလေးထွန်း၍ အဆင်သင့် စောင့်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို တွေ့ရ၏။

"အမေရယ် မမြင်မစမ်းနဲ့ ဘာလို့ ဒုက္ခရှာရတာလဲ"

"သမီးနိုးရင် အဆင်သင့်ဖြစ်အောင် တတ်နိုင်သလောက် ကျ

တာပါ"

အမေ့စိတ်ဓာတ်ကို သိနေ၍ ဆက်မပြောဖြစ်တော့။ မနက်

စာ စာထကျက်တဲ့ မောင်လေးကိုတော့ မတွေ့ရ။

"မောင်လေး အိမ်ပြန်အိပ်သေးလား အမေ"

"စာမေးပွဲနီးပြီဆိုတော့ အနီးကပ် စာတွေအရေးကြီးလို့ ကျူ

တတ်တဲ့ သူငယ်ချင်းတစ်ယောက်ဆီမှာ စာကျက်ရင်း အိပ်မယ် ပြော

တာပဲ"

တစ်ခုခုကို ပြောလိုဟန်ဖြင့် အမေက ရာရာ ထမင်းချက်

သည့် နေရာသို့ ဖင်ထိုင်ရက်လေး တိုးရွှေ့လာသည်။

ထမင်းအိုးပြွင်၍ တည်ခဲ့ပြီး ချဉ်ပေါင်ရွက်စည်းတွေ ယူ

အမေ့နားတွင် ကပ်ထိုင်လိုက်၏။

"အမေ ဘာလုပ်မလို့လဲ၊ အိမ်ရှေ့မှာ ခရုန္မေးလေးသောက်

အေးအေးဆေးဆေး နေပါလား"

"သမီးကို ပြောစရာ ရှိလို့ပါကွယ်"

"ထူးထူးခြားခြား အမေက ဘာများ ပြောမလို့လဲ"





"ကိုယ့်ယောကျ်ားကို ရင့်သီးကြမ်းတမ်းတဲ့ စကားတွေ မပြော

သမီးရယ်၊ ညက သမီးတို့ စကားများနေတာ အမေ အကုန်ကြား

တယ်"

"အမေကလည်း သူလုပ်တာ မဟုတ်လို့ ရာရာက ပြောနေရ

၊ လင်မယားချင်း ပွင့်ပွင့်လင်းလင်း မတိုင်ပင်ဘဲ သူလုပ်ချင်ရာ

ောက်လုပ်နေတာ၊ ဒီမှာတော့ တစ်နေကုန် တစ်နေခမ်း ဈေးသွား

နေရတာ"

တကယ်ဆို မောင်နှင့်စကားများသည့် ကိစ္စက ရာရာ ရင်ထဲမှာ

တော့ပါ။

သူမဘက်က မှန်သည်ဆိုသော မာနစိတ်ကလေးဖြင့် အမေ့ကို

ပြနေမိခြင်းသာ။

"အေးလေ ဘာပဲဖြစ်ဖြစ် ကိုယ့်လင်၊ ကိုယ့်ယောကျ်ားကို မချေ

တော့ မပြောပါနဲ့ကွယ်၊ တချို့ ယောကျ်ားတွေက ခွင့်လွှတ်ရင် သူများ

ပိုခွင့်လွှတ်တတ်တယ်၊ အေး ခွင့်မလွှတ်နိုင်ဘူးဆိုရင်လည်း ပြန်

မကြည့်တတ်ကြဘူးကွယ်"

မောင့်ဘက်က လိုက်ပြောနေ၍ ရာရာ စိတ်ထဲမှာ မခံချင်။

သင့်မြတ်အောင် ပေါင်းသင်းတတ်တာကပဲ သူ့အရည်အချင်း



www.burmeseclassic.com

www.burmeseclassic.com



ခြေလက်စ ချဉ်ပေါင်စည်း ကုန်သွားသဖြင့် နောက်တစ် ... ကို နှီးဖြေလိုက်ရင်း

"အမေကလည်း သူ့ကိုကျတော့ ဘာမှမပြောဘူး၊ သမီး ... လာပြောနေတယ်"

"အမေတို့က သားအမိ အရင်းတွေပါကွယ်၊ သူက သူ ... တစ်ယောက်လေ၊ သမီးကို အမေ ပိုပြောတာ မှားသလား၊ ပြီး ... သူက လိုတရတဲ့ ဘဝက လာခဲ့တဲ့ သူဆိုတော့ သမီးလောက် ... ဘယ်အကြမ်းခံပါ့မလဲကွယ်၊ စိတ်ထားလေးက ကောင်းရှာပါတယ် ... ဘက်က နားလည်ပေးနိုင်ရမှာပေါ့"

အမေ ဆုံးမတာတွေက မှန်ပေမယ့် ရာရာ စိတ်ထဲက ... မခံချင်ပါ။

အရင်က ချမ်းသာခဲ့တာ ဆိုပေမယ့် ယခု အခြေအနေ ... တခြားစီဖြစ်နေတော့ သူ နားလည်သင့်သည်။

သူကရော ပြောင်းလဲမှုပေါ်မှုတည်ပြီး ဘဝကို ဘာ ... မရင့်ကျက်စေခဲ့တာလဲ။

"သမီးဘက်က နားလည်ပေးနိုင်ပေမယ့် သူ့ဘက်က ... ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ် အမေရဲ့"

"အချိန်တန်ရင်တော့ ပြောင်းလဲလာမှာပေါ့ကွယ်၊ သ ...





... တွန်းမှုမှ မပါဘဲ သမီး ဆုံးဖြတ်ချက်နဲ့ သမီး သူ့ကို လက်ထပ် ... ခဲ့တာပဲ၊ သမီး ရွေးချယ်တဲ့ လမ်းကို အမေက ထိန်းကျောင်းပေးရုံ ... လို့ပြီး ဘာမှမတတ်နိုင်ဘူး သမီး"

အမေ့ စကားတွေက နားထဲမှာ ပဲ့တင်ထပ်နေခဲ့သည်၊ အချစ်ကို ... ကွယ်ပြီး မိုက်ရူးရဲဆန်ခဲ့တာက သူမကိုယ်တိုင်ပဲလား။

မောင့်ရဲ့ ချစ်ရမွက်တွေက ရုန်းထွက်လို့မရအောင် သူမကို ... ထ်နှောင်သွားခဲ့တာ ဝန်ခံချင်ပါသည်။

ကိုယ်လုပ်ခဲ့တဲ့ မှားယွင်းမှုကို သိမြင်နေမှတော့ မာနကို ရှေ့ ... တင်နေ၍ မဖြစ်။

စိတ်ချမ်းသာစရာ မိသားစုလေး တစ်ခုအဖြစ်သာ ဖန်တီးဖို့ ... ာ ဆုံးဖြတ်မိသည်။

ဒုက္ခတွေများပြားလှသည့် အထဲက နေ့စဉ်နှင့်အမျှ ဒီအတိုင်း ... နေလျှင် စိတ်ဆင်းရဲမှုသာ အဖတ်တင်လိမ့်မည်။

ပျော်ရွှင်စရာ နေ့သစ်များကို တွေးရင်း . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟာ.ရာရာ ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ ဟင်"

"မသိဘူး မောင် ရင်ထဲမှာ ပို့ပို့ပြီး အန်ချင်လာတာ"

ချေးဘမ်းလေး ဘေးချကာ ရင်ဘတ်ကလေးဖိ၍ မျက်[illegible]

နီမြန်းလာသည်အထိ ပို့တက်လာသော ပုံရိပ်အနားသို့ မောင် [illegible]

လာသည်။

မူးဝေမှုကြောင့် ယိုင်နဲ့သွားသော ရာရာကို စိုးရိမ်တ[illegible]

ထိန်းပေးလိုက်၏။

ပခုံးကို ပွေ့ထိန်းထားသည့် မောင့်လက်တွေကို အားကိုး[illegible]

ဆုပ်ကိုင်ထားမိသည်။





"အန်ချင်ရင် ကားမှတ်တိုင် အနောက်နားမှာ သွားအန်လိုက်

[illegible]ား ရာရာ"

"ဟင့်အင်း အန်လိုက်ရင်လည်း လေတွေပဲ ထွက်လာတာ

[illegible]င်ရဲ့၊ ရင်ပြည့်ရအောင်လည်း ဘာမှမစားထားသေးဘူး"

"ဒါဆို အိမ်ပြန်ပြီး နားလိုက်ပါလား ရာရာရယ်၊ ညီလေးလည်း

[illegible] စာမေးပွဲပြီးပြီဆိုတော့ လူလဲပြီး ဈေးရောင်းနိုင်းလိုက်ပေါ့"

ကြင်နာယုယစွာဖြင့် မောင်က ဆိုနေပြန်၏။

ဒါပေမဲ့ ရာရာ ခေါင်းကလေး ခါငြင်းမိသည်။ ပင်ပန်းနွမ်းနယ်

[illegible]သည့် မောင်လေးကို နားနားနေနေ နေစေချင်၏။

"ရာရာ ဘာမှမဖြစ်ပါဘူး မောင်ရယ်၊ သူ့ခမြာ ဒီနေ့မှ စာမေး

[illegible]တာ အနှောင့်အယှက် မပေးချင်ပါဘူး သူ သက်သာသလို နေပါစေ"

"မဖြစ်ပါဘူး ရာရာရယ်၊ နေမကောင်းဘဲနဲ့ မောင် ရောင်းနေ

[illegible]ယ်လေ၊ ရာရာ ပြန်နားလိုက်ပါ"

"မောင် ရောင်းရင် အရင်းပြန်မရတာနဲ့ ပစ္စည်းမကုန်တာနဲ့

[illegible]သေးပါဘူး၊ ရာရာပါ ဆက်ရောင်းနေမှ ဖြစ်မှာပါ"

"လုပ်ပြီကွာ နေမကောင်း ထိုင်မကောင်း ဖြစ်နေတာတောင်

[illegible]ောင့်အသွားက မလွှတ်ဘူး၊ ရန်မဖြစ်ချင်သေးလို့ပေါ့ကွာ"

ပျာယာခတ် စိုးရိမ်နေတဲ့ မျက်နှာ ချက်ခြင်း တည်ငြိမ်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



အမေ့ ဆုံးမစကားတွေက နားထဲမှာ စွဲနေ၏။

သူမ ချစ်လို့ လက်ထပ်ထားတဲ့ လူတစ်ယောက်ပဲ၊ အတတ်နိုင်ဆုံး သည်းခံစိတ်မွေးဖို့ ဆုံးဖြတ်မိသည်။

ဈေးရောင်းနေရင်းက ရာရာကို လှည့်ကြည့် လှည့်ကြည့် လုပ်နေတဲ့ မောင်က ခဏအကြာ အပြေးအလွှား ပြန်ရောက်လာပြီး

"ရာရာ သက်သာလားဟင်၊ မောင် ဆေးပြေးဝယ်လိုက်ဦးမယ်"

"အဟင်း မောင်က ဝယ်ရော ဝယ်တတ်လို့လား။ ဘယ်လိုပြောပြီး ဝယ်မှာလဲ"

"ဆေးဝယ်တာများ ရာရာရယ်၊ ခေါင်းမူးလို့ အန်လို့ ပြောလိုက်ရင် ရတာပဲ"

"အဟင်း ဟင်း"

"ဘာရယ်တာလဲ ရာရာရဲ့"

"မောင်က နုံလွန်းလို့ ရယ်တာပေါ့"

"မောင့်ကို ဘာကြောင့် နုံတယ်လို့ ပြောရတာလဲ"

ပြဿနာ ရှာနေသော နေမကောင်းပါဘဲ စကားတွေ ဖောင်ဖွဲ့နေသော ရာရာကို ပခုံးတွန့်လျက် မင်းစက် ဘုကြည့်ကြည့်ပစ်မိသည်။

"မောင်က တန်ခိုးရှင်တစ်ယောက်မှ မဟုတ်တာ ရာရာရယ်၊ ရာရာ ဘာဖြစ်တယ်ဆိုတာ ဘယ်လိုလုပ် သိမှာလဲ၊ နေမကောင်းရင်





ဆေးဝယ်ပေးမယ် ဆရာဝန်ခေါ်ပေးမယ် ဒါပဲပေါ့"

"ကဲ ဒါဆို ဒီနားလာဦး"

"ဟင်"

"လာပါဆို ပြောစရာရှိလို့"

ယောင်နနဖြင့် ရာရာ အနားသို့ တိုးကပ်လာသော မောင့်နားရွက်အနားတွင် လက်ဖဝါးလေး ကွယ်၍ ရာရာ တိုးတိုးလေး ပြောလိုက်သည်။

"ပြောင်းဖူးပြုတ်ရောင်းတဲ့ ဒေါ်သိန်းတွေးက ပြောတယ် မောင်ရဲ့၊ အဲဒါ ကိုယ်ဝန်ရှိနေတဲ့ လက္ခဏာပဲတဲ့"

"ဘာ ရာရာမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

တအံ့တသြဖြင့် မျက်ဝန်းတွေ ပြူးကျယ်သွားပြီး မောင် ကျယ်လောင်စွာ အော်လိုက်တာမို့ ပတ်ဝန်းကျင်က လူတွေက ကွက်ကြည့် ကွက်ကြည့်။

ရာရာ ရှက်ရွံ့စွာဖြင့် မောင့်နားရွက်ကို ခပ်နာနာလေး လိမ်ဆွဲပစ်လိုက်မိသည်။

"ကဲ မှတ်ပြီလား၊ လူမကြားအောင် တိုးတိုးလေး ပြောပါတယ်ဆိုမှ အသံပြဲကြီးနဲ့ လျှောက်အော်နေတယ်"

"အား နာတယ် ရာရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်က နား‌ရွက်ကို လက်ဝါးဖြင့် ပွတ်သပ်ရင်း

"ရာရာရယ် ဈေးရောင်းနေတာ ကြာလှပြီ၊ စောစောကတည်းက ဘာလို့ မပြောတာလဲ"

"မောင် ပင်ပင်ပန်းပန်း ရောင်းနေတာကို အနှောင့်အယှက် မဖြစ်စေချင်လို့ပါ"

"ဦးဦးဖျားဖျား ဝမ်းသာချင်တာပေါ့ ရာရာရယ်၊ ရာရာက မောင့်ကိုဆို ဘယ်တော့မှ အလေးအနက် မထားဘူး၊ တစ်ခါတလေ မောင် အရမ်းစိတ်ဆိုးတာပဲ"

"အမယ်လေး ဖြစ်သွားတဲ့ရုပ်က ရယ်ချင်စရာကြီး ဝမ်းလည်း မနည်းတတ်ဘဲနဲ့"

ရှုံ့မဲ့နေတဲ့ မောင့်ကိုကြည့်ပြီး ရာရာက တွေးတွေးစစ ဟန်ကလေးဖြင့် ဆို၏။

"ထပ်တိုးလာတဲ့ ဝမ်းတစ်ထွာအတွက် ဒီထက်ပိုပြီး မပြောသင့်တော့ဘူး ထင်တာပဲ မောင်၊ ရင်သွေးတစ်ယောက် မွေးတယ်ဆိုတာ လူကြီးတစ်ယောက်ကို ရှာကျွေးရတာထက် ပင်ပန်းတယ်"

"မောင် နားလည်ပါတယ် ရာရာရယ်"

ပြောလိုက်ရပေမယ့် စကားသံက အင်အားတွေ မဲ့ချင်နေသည်။

ရင်သွေးလေး အတွက် လွတ်လပ်စွာ ဝမ်းသာရမယ့် အချိန်





ရောက်မှ မသွားမဖြစ် အရေးအကြောင်း ကိစ္စကြီးရှိလာပြီဆိုတာ ရာရာကို ပြောပြဖို့ တွန့်ဆုတ်နေမိ၏။

အရာအားလုံးအတွက် သူတို့ဘဝထက် အရေးကြီးတယ်ဆိုတာကို ရာရာ နားလည်ပါ့မလား။

မျက်ယွင်းသွားတဲ့ မျက်နှာပေါ်က ပြောင်းလဲမှုတွေကို ရာရာက သတိထားမိသလို အကဲခတ်နေသည်။

သူ မသိချင်ယောင်ဆောင်ကာ ရာရာ တစ်ယောက် ကြိမ်မသိတာဘဲ ကောင်းပါ၏။

ရာရာဆီက ကွမ်းယာထုပ်တွေကို ယူပြီး ရောင်းချဖို့ ကားတွေဆီ ပြေးခဲ့သည်။

မောင့်ကို ခွင့်လွှတ်ပေးပါ ရာရာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကြိမ်စကြာနဲ့ မရိုက်ရဘဲ ရောက်လာတယ်ဆိုတော့ သတင်းပေးတဲ့သူ ရှိနေလို့ပေါ့ ဟုတ်လား မင်းစက်ဝသုန်"

သူ ခွန်းတုန့်မပြန်ဘဲ ငြိမ်သက်နေမိသည်။

မာမီက နှုတ်ခမ်းအစုံကို မဲ့၍ အားလုံးကို ဝေ့ကြည့်ပစ်လိုက်၏။

ကိုဖိုးလွင်၊ ဦးဖိုးသိန်း၊ ကိုသောင်းအေး၊ မအေးတင်၊ မသန်းတို့အားလုံး လက်ကလေးတွေ နောက်ပစ်၍ ခေါင်းငုံ့ထားကြသည်။

သို့အတွက်နှင့် ဒုက္ခတွေ့နေကြသူတွေကို စိတ်မကောင်းစွာကြည့်နေရ၏။

တိုက်ခိုက်လာမည့် စကားလုံးတွေကို ပြန်လည်ချေပနိုင်ရန်တွေးတောရင်း အားတင်းထားမိသည်။





ခေါက်တုံ့ ခေါက်ပြန် လျှောက်၍နေရင်း မာမီ့အကြည့်တွေကသူ့တစ်ကိုယ်လုံးကို လွှမ်းခြုံထား၏။

စူးရှပြင်းထန်သော အကြည့်ဒဏ်ကြောင့် ခေါင်းငုံ့ထားတော့ရာရာ၏ ရဲဝံ့သော မျက်နှာလေးကို မြင်ယောင်မိသည်။

မာမီ့ကို ရင်ဆိုင်ဖို့ ရာရာ့စိတ်ဓာတ်နှင့် မျက်ဝန်းလေးတွေကိုခဏလောက် ပိုင်ဆိုင်ရရင် ဘယ်လောက် ကောင်းလိုက်မလဲ။

"ပိပိရိရိ ဖုံးဖိနိုင်တယ်ဆိုကတည်းက အများအားကြောင့် ဆိုတာငါ သိပါတယ်၊ အားပေးကူညီကြတဲ့ လူတွေကိုလည်း အံ့သြမိတယ်၊နားမလည်နိုင်အောင်ဘဲ"

ဒေါသနိုးဝေနေပြီး အေးစက်စက် မာကျောပြတ်တောက်စွာထွက်ပေါ်နေသည့် မာမီ့စကားသံတွေအောက်မှာ အပ်ကျသံပင် မကြားရလောက်အောင် သူတို့အားလုံး တိတ်ဆိတ်လျက်။

တုန်လှုပ်ချောက်ချားမှုတွေနဲ့ ဣန္ဒြေမရ ဖြစ်နေကြတဲ့သူတွေကြောင့် ကိုယ့်အပြစ် မကင်းသလို

"အမေးရှိရင် အဖြေရှိရမယ်ဆိုတာ မင်းတို့ သိမှာပါ၊ အားမေးရုံသက်သက်ပဲ မဟုတ်တာလည်း မင်းတို့ သဘောပေါက်ကြမှာပေါ့"

ငြိမ်သက်နေသည့် အခြေအနေကြောင့် မာမီ့မျက်နှာက ခင်းမာမှုတွေနှင့် ပြစ်ဒဏ်ချမှတ်တော့မည့် အသွင်။



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် ကိုယ့်ကြောင့် ဒုက္ခတွေ့တော့မည့် သူတွေရဲ့ အဖြစ်ကို မကြည့်ရက်၍ အရဲစွန့်ကာ ရှေ့တိုးလိုက်သည်။

စိတ်ကို တင်းလျက် မာမိကို သူ ဝန်ခံမိ၏။

"ဖြစ်ပျက်သမျှ အားလုံးဟာ ကျွန်တော့်ကြောင့်ပါ မာမိ၊ ကျွန်တော် တစ်ယောက်တည်းကိုပဲ ပြစ်ဒဏ်သတ်မှတ်ပေးပါ"

"အားပေး အားမြှောက်လုပ်တာကိုလည်း ကြားရပါလို့ ကောက်ချက် ချလို့ ရတယ် မင်းစက်၊ နေရာတိုင်းမှာ ငါ့မျက်စိတွေ နားတွေရှိတယ်၊ ဒါဆို မင်း အဖြေက အလကားပဲပေါ့"

ခနိုးခနဲ့ မဲ့လိုက်ခြင်းက အောင်နိုင်သူ အပြုံးဟု မာမိ ဝှံကြွားခဲ့တာ သတိရ၏။

နောက်ပစ်ထားတဲ့ လက်တွေကို ဘေးသို့ဆန့်ပြီး လက်သီးဆုပ်ထားမိတော့ မာမီ မျက်ခုံးပင့်ပြီး မျက်နှာလွှဲကာ

"ငြင်းဆန်တာ ဝန်ခံတာ ဆင်ခြေပေးတာ၊ ရှောင်လွှဲတာ ငါ ဘာတစ်ခုမှ လက်ခံမှာ မဟုတ်ဘူးဆိုတာ မင်းသိနေပြီးသားပါ မင်းစက်ဝသုန်"၏

ငယ်စဉ်ကတည်းက သူ ရင်းနှီးခဲ့ပြီးသား လေသံ။

စိတ်ဒဏ်ရာတွေ ဗရပွနှင့် နှလုံးသားကို နာကျင်စေခဲ့တဲ့ အပြုအမူ။





ပုံစံခွက် ဘဝထဲက အမိန့်ဆန်ဆန် စကားလုံးတွေ။

နွေးထွေးမှုကင်းမဲ့တဲ့ ဆက်ဆံရေး၊ ဒါတွေအားလုံးက ငရဲကျနေသူ တစ်ယောက်လို သောကတွေနှင့်။

ဒါကို မာမီ သိပါရဲ့လား။

"ကျွန်တော် မာမ့်ကို အသနားမခံချင်ဘူး၊ အပြစ်ပါယ်ခံ လူမယ် တစ်ယောက်ရဲ့ ခံစားချက်ကိုတောင် မာမိ ဥပေက္ခာပြုနိုင်ခဲ့တာပဲ"

မာမိက နားမလည်နိုင်ဟန်ဖြင့် မင်းစက်ကို စူးစိုက်ကြည့်ရင်း

"မင်း ဘာကိုပြောချင်တာလဲ၊ မင်းစက်ဝသုန်"

တင်းမာလာတော့မည့် အခြေအနေကို ကြိုသိနေသလို ကျန်နေသည့် လူတွေ မျက်နှာမှာ စိုးရိမ်မှုအပြည့်။

ဖိနှိပ်မှုအောက်မှ ခံစားချက်တွေ တွန်းကန်ထွက်လာတော့

"သူစိမ်းတွေအလယ်မှာ မျက်ရည်လည်ရွဲ ကျန်ရစ်ခဲ့တဲ့ ကျွန်တော့်ကို တစ်ကြိမ်တလေတောင် လာမတွေ့ခဲ့တာ နှစ်နဲ့ချီခဲ့ပါပြီ မာမီ"

"ယုန်သူငယ်လို မင်းနေခဲ့ရလို့လား၊ ခြင်္သေ့ တစ်ကောင်ရဲ့ ခွန်အားတွေနဲ့ ပြည့်စုံအောင် ငါ မင်းကို ပျိုးပေးခဲ့တာပဲ"

"ခြင်္သေ့တစ်ကောင်ဆိုရင်တောင် အဝိတ်လျှောင်ခံ အထီးကျန် သိမ်ငယ်တဲ့ ခြင်္သေ့ပဲ ဖြစ်လိမ့်မယ် မာမီ၊ သဘာဝတရားရဲ့ အနှစ်သာရကိုမှ သိရှိခွင့်မရှိဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း လုပ်ထားတဲ့အပြစ်တွေနဲ့ အခုပြောနေတာတွေက ဘာတွေများ သက်ဆိုင်နေလို့လဲ မင်းစက်ဝသုန်"

"လေးနက်တဲ့ ဘဝတစ်ခု အဓိပ္ပါယ်ရှိတဲ့ ဘဝတစ်ခုကို ထူထောင်မိတဲ့အတွက် နာကျင်ခဲ့ရတဲ့ အချိန်တွေကို ပြန်မပြောချင်ပါဘူး မာမီ၊ ဒဏ်ရာပြင်းလို့ ညည်းညူတယ်လို့ပဲ မှတ်လိုက်ပါ"

"ဟင်း ဟင်း ဟင်း"

ပြက်လုံးတစ်ခုကို နားထောင်လိုက်ရသလို ရယ်ချလိုက်ပြီး မာမီ ဆိုဖာခုံမှာ ခြေချင်းချိတ်၍ ထိုင်ချလိုက်၏။

ဘယ်သူ့ကိုမှ မကြည့်ဘဲ နံရံထက်သို့ ဦးတည်ထားသော မျက်ဝန်းတွေက ရီဝေလျက်

"ဘဝတစ်ခုလုံး ရင်းနှီးစွန့်စားခဲ့ပြီး စည်းစိမ်ဂုဏ်ဓနတွေ ပုံပေးခဲ့မိတဲ့ ငါက မနာကျင်ရတော့ဘူးလား မင်းစက်ဝသုန်"

မာမီ့အသံတွေ အက်ကွဲတုန်ယင်သွားပြီး သူ့ကို ကြည့်လိုက်တဲ့ အကြည့်က နာကျင်မှုတွေနှင့် ပြည့်နှက်နေသည်။

"မင်းအဖေ သေဆုံးသွားတဲ့နောက်ပိုင်း စီးပွားရေးနဲ့ ကုမ္ပဏီကြီးတစ်ခုလုံး ချွတ်ခြုံကျ ပြိုဆင်းသွားတဲ့အချိန်မှာ မင်း တစ်မျက်နှာကိုသာ မိခင်စိတ်နဲ့ ငါကြည့်ခဲ့တာပါ၊ မင်းဘဝ ပြည့်စုံကြွယ်ဝ ကောင်းစားမယ်ဆိုရင် ငါ သေပေးရမယ်ဆိုတောင် သေပေးဝံ့တယ်၊ ဖတာဆိုး





သားလေးရယ်လို့ မင်းရှေ့ရေးအတွက် ကြိုတွေးခဲ့ ခံစားခဲ့တာ"

"မိခင် မေတ္တာ ငတ်မွတ်ခဲ့မှာကို မာမီ ထည့်မတွက်တော့ဘူးလား၊ ကျွန်တော်လိုချင်တာ မိခင်တစ်ယောက်ရဲ့ အရိပ်အာဝါသ၊ သူစိမ်းတစ်ရံစာတွေ လက်ထဲမှ ထားခဲ့ပြီးမှ"

မယုံကြည်နိုင်သည့် မျက်ဝန်းတွေဖြင့် မာမီ ကြည့်ရင်း

"ငါ့မျက်ရည်တွေ ခမ်းခြောက်ကုန်ခဲ့ပါပြီ မင်းစက်ဝသုန်ရယ်"

အက်ကွဲတုန်ယင်စွာ ဆို၍ မာမီ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။ ဒါပေမဲ့ ပါးပြင်ထက်သို့ စီးကျမလာခဲ့ပါ။

သူပြောမည့် စကားလုံးတွေ လည်ချောင်းဝမှာ တစ်ဆို့ပျောက်ကွယ်ကုန်၏။

"ငါဟာ ဗုဒ္ဓဘာသာဝင် အမျိုးသမီး တစ်ယောက်ပါ၊ တစ်ပင်လဲလို့ တစ်ပင်ထူတာမျိုးကိုတောင် လက်မခံချင်ခဲ့ပါဘူး။ ငါ မနှစ်သက်တဲ့ တခြားနိုင်ငံမှာ နေခဲ့တာ ငါမနှစ်သက်တဲ့ ယောကျ်ားတစ်ယောက်ကို အလုပ်အကျွေးပြုခဲ့တာဟာ မင်းကောင်းစားဖို့ပါ"

မာမီက သူ့ခံစားချက်တွေကို ဖွင့်ထုတ်ပြနေပေမယ့် သူ အရှုံးခွဲခဲ့တာက တွယ်ရာမဲ့ခဲ့ရတဲ့ ဘဝ။

နဖူးရေတွေ တွန့်အောင် မျက်မှောင်ကြုတ် ထားမိသည်။

"မင်းဘဝ ပြည့်စုံနေတော့ ပီတိဖြစ်ရတယ်၊ မှားယွင်းသွားမှာကို



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်နဲ့ အဝေးကနေ လမ်းကြောင်းပြ ထိန်းသိမ်းပေးခဲ့တာပါ၊ ငါ့ ရင်ခွင်အောက်မှာ ထွေးပွေ့ခွင့်မရပေမယ့် မင်းဘဝ အောက်ကျခဲ့ရလို့လား မင်းစက်ဝသုန်''

''ကိုယ့်ဘက်က ကြည့်တော့ လက်ဖဝါး၊ သူ့ဘက်က ကြည့်တော့ လက်ဖမိုး ဆိုသလိုပါပဲ၊ မာမီ့ ခံစားချက်နဲ့ ယှဉ်ရင် မာမီ မှန်နေမှာပေါ့၊ ကျွန်တော့်ဘက်ကလည်း မာမီ့ရဲ့ အဝေးက စည်းကမ်း ဩဇာအာဏာတွေအောက်မှာ ရှင်သန်ခဲ့ရတာပါ၊ ကျွန်တော် လိုချင်တဲ့ မေတ္တာတရားအတွက် အဲဒီဘောင်တွေကို ညင်ညင်သာသာ ရိုက်ချိုးမိတာ ကျွန်တော် မှားသလား''

သူ့ရင်ဘတ်ကို လက်ဝါးဖြင့် ပြင်းထန်စွာ ပုတ်ရင်း ဆိုနေမိသည်။

ခန္ဓာကိုယ်အနှံ့ ဆူပွက်နေတဲ့ သွေးတွေကြောင့် နားထင်ကြောတွေ ထောင်တက်လျက်

''မာမီ သိထားသလိုပါပဲ၊ ကျွန်တော်လိုချင်တဲ့ ဘဝတစ်ခုကို တည်ဆောက်ပြီးသွားပါပြီ၊ မာမီ့ဘက်က သဘောထား အတွက်လည်း ရင်ဆိုင်ဖို့ အသင့်ပါပဲ၊ မာမီ လက်မခံရင်လည်း ကျွန်တော် ဖောက်တဲ့ လမ်းကို ဆက်လျှောက်ဖို့ ဆုံးဖြတ်ပြီးပြီ မာမီ''

အဲကို ကြိတ်၍ ဖိကိုက်လိုက်တဲ့ မာမီ နှုတ်မှာ သွေးတို့စို့လျက်





မသိချင်ယောင်ဆောင်၍ မျက်နှာလွှဲလိုက်ရပေမယ့် ရင်ထဲမှာတော့ ဆစ်ခနဲ နာကျင်သွား၏။

''မင်းဘက်က အကွက်ကျကျနဲ့ ပြင်ဆင်ပြီးမှ နောက်မဆုတ်တော့ဘူးဆိုတဲ့ သဘောလား၊ သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်တာ မိဘတွေရဲ့ စေတနာပါ၊ မှားယွင်း ဆုံးဖြတ်မိတဲ့ မိဘရှိမယ်ဆိုရင် စေတနာနဲ့ မှားတဲ့ မိဘတွေထဲမှာ ငါပါသွားပြီ မင်းဆက်ဝသုန်''

မာမီ့အသံက အာဏာပေးနေသလို

''အခု အချိန်ကစပြီး မင်း အိမ်ထဲက အိမ်ပြင် မထွက်ရတော့ဘူး၊ အားပေးအားမြှောက်လုပ်ခဲ့တဲ့ သူတွေကိုလည်း ဒီနေ့ကစပြီး အလုပ်ထုတ်တယ်''

''ဟာ မာမီ အဲဒီလို မလုပ်ပါနဲ့ မလုပ်ပါနဲ့''

ယတိပြတ်ဆိုလိုက်တာကြောင့် ထိတ်လန့်မှုနှင့် သူ့အသံတွေ မှုန်ဝါးလာခဲ့၏။ မှုယာခတ်သွား၏။

မာမီက သူ့ကိုကြည့်၍ ဖြည်းလေးစွာ ခေါင်းခါရမ်းလိုက်ပြီး

''သူရဲကောင်းလုပ်ပြီးမှ သွေးရူးသွေးတန်း ဖြစ်မနေစမ်းပါနဲ့၊ ဆုံးဖြတ်ချက် ချပြီးမှ ငါလာခဲ့တာ''

''သူ သူတို့မှာ ဘာအပြစ်မှ မရှိပါဘူး မာမီရယ်၊ အပြစ်ရှိတာ ကျွန်တော်ပါ၊ ကျွန်တော့်ကို လုပ်ချင်ရာ လုပ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



သူက စိုးရိမ်စိတ်နှင့် ဂနာမငြိမ် ဖြစ်နေသလောက် ကျန်တဲ့ လူတွေက တုန်လှုပ်ခြင်းကင်းစွာ။

သူ့ကို စကူညီကတည်းက သူတို့ကြိုတွက်ထားပြီးသားဆိုတာကို ဘာဖြစ်လို့ သဘောမပေါက်ခဲ့တာလဲ။

ကိုယ်ဖြစ်ချင်တာကို တယူသန် ဆုံးဖြတ်၍ စာနာမှုကင်းမဲ့ခဲ့သည့်အတွက် နောင်တရလို့ မဆုံး။

မာမီက သူ့ပခုံးကို ဆတ်ခနဲ ပုတ်ပြီး

"အပြစ်အားလုံးကို မင်းတစ်ယောက်တည်း ခံမယ်ဆိုရင် ပိုကြီးသွားလိမ့်မယ်၊ ခံနိုင်ရည် ရှိပါ့မလား"

လေးပင်စွာ ခေါင်းညိတ်လိုက်ရ၏။

သူ့အဖြစ်က အဆိပ်ရည်တွေ သောက်သုံးလိုက်ရသလို ရင်ထဲမှာ အခံရဆိုးလှ၏။

မာမီက ခနဲ့တဲ့တဲ့ ပြုံးလိုက်ပြီး ကိုစိုးလွင်ကို ခေါင်းဆတ်ပြ၍ ခေါ်လိုက်သည်။

ကိုစိုးလွင်က မာမီ့အနား တိုးကပ်သွား၍ အမိန့်နာခံရန် စောင့်ဆိုင်းနေဟန် ပြုလိုက်မှ

"ဒီနေ့ ဒီအချိန်ကစပြီး မင်းစက်ဝသုန် အိမ်ပြင်ထွက်ဖို့ ပြင်တာနဲ့ မင်းတို့အားလုံး အထုပ်ပြင်ပြီး ဆင်းဖို့ ပြင်ထားပါ၊ ငါပြောတာ





ကြားကြရဲ့လား"

"ဟုတ် ဟုတ်ကဲ့"

"ကြား ကြားပါတယ်"

ကိုစိုးအပါအဝင် အားလုံး ပြင်းထန်သော အမိန့်ကြောင့် အထိတ်ထိတ် အငေါ့ငေါ့။

ပြောပြီးသည်နှင့် လှည့်ထွက်သွားသော မာမီ့ရှေ့မှာ မင်းစက်ဒူးထောက် ထိုင်ချလိုက်သည်။

"ကျွန်တော် တစ်ခုလောက် တောင်းဆိုပါရစေ မာမီ၊ ရာရာမှာ ကျွန်တော့်ရဲ့ ရင်သွေးလေး လွယ်ထားရပါတယ်၊ သူ့အတွက် တစ်ခုခု လုပ်ပေးပါရစေ"

"ငါ စုံစမ်းထားခဲ့မိတဲ့ အတိုင်းတော့ အဲဒီ ကလေကချေ လမ်းဘေးဈေးသည်လေးက မင်း ဘယ်လူ့သား ဘယ်နေရာက လာတယ်ဆိုတာ မသိဘူး မဟုတ်လား၊ မင်း မသွားတော့ဘူးဆိုရင် ဘယ်က မှန်းမသိတဲ့ ယောကျ်ားတစ်ယောက်ကို ဆင်ခြင်မှု ကင်းမဲ့စွာ ယူခဲ့မိတဲ့အတွက် နောင်တတွေနဲ့ မေ့ပျောက်သွားလိမ့်မယ်"

ပြောရက်လိုက်တာ။

ရာရာကို မနှစ်မြို့ဘူး ဆိုရင်တောင် ရာရာ လွယ်ထားတဲ့ ရင်သွေးလေးက သူ့သွေးသားဆိုတာကို မာမီ မေ့သွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



မာကျောသည့် မာမီ့အသည်းနှလုံးကို အုံခြဲ၍ မဆုံး။

"မင်းကသာ အချိန်အနည်းငယ် အတွင်းမှာ ရှုံးရှုံးမိုက်မိုက် ချစ်ခဲ့တဲ့ ကောင်မလေးနဲ့ ကိုယ့်ကို တစ်သက်လုံး ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်တွေကို လဲလှယ်နိုင်အောင် ကြိုးစားပါ၊ ငါ ပြောတာ နားလည်မှာပါ"

ခေါင်းငိုက်စိုက်ကျရင်း ကျန်ခဲ့ရသည်။ မာမီ ဒီလောက်ထိ ပြတ်သားလိမ့်မည်ဟု ထင်မထားခဲ့။

အမိန့်အာဏာနှင့် လွှမ်းမိုးတတ်သော မာမီ့ဆုံးဖြတ်ချက်တွေက နှလုံးသားကို တစ်စစီ ဖွဲ့ချွေပစ်လိုက်သလို

ဘယ်တုန်းကမှ မာမီဆီက နူးညံ့ကြင်နာခြင်းတွေကို မရခဲ့တဲ့ သူက မာမီ့မေတ္တာတရားတွေကို ဘယ်လို ယုံကြည်ရမလဲ။

မာမီ လွယ်ကူစွာ ပြောခဲ့ပေမယ့် မှားယွင်းခဲ့တဲ့သူက ယူကြုံးမရခြင်းတွေဖြင့်။

ဓားစာခံဖြစ်ခဲ့ရသည့် အပြစ်ကင်းသော ရာရာ မျက်နှာလေးကို မြင်ယောင်မိတော့ ရင်ထဲမှာ ဆို့ကြပ်လျက်။

နံ့ချာလွန်းတဲ့ ဘဝတွေထဲမှာ အနစ်နာခံတတ်တာတွေ၊ အ[illegible] ထည် စိတ်ထားတွေကို မာမီ ဘာကြောင့် မမြင်နိုင်တာလဲ။

အရှုံးပေး လက်လျှော့လိုက်ဖို့တော့ စိတ်မကူးပါ။





အားမတန်၍ မာန်လျှော့ထားရခြင်းမျှသာ။

တစ်နေ့နေ့တော့ အမှန်တရားကို မာမီ နားလည်လာမည်ဟု မျှော်လင့်မိသည်။

အခုအချိန်ဆို ရာရာတစ်ယောက် ဘယ်လိုနေရှာမလဲ သူ့ကို မျှော်နေမှာစဉ်းစားမိတော့ စိတ်ထဲမကောင်း။

အားလုံးက သူပြန်မလာမချင်း စိုးရိမ်စွာ ရှာဖွေနေမှာ သိနေသည်။ ပြီးတော့ ရာရာ လွယ်ထားတဲ့ ရင်သွေးလေးအတွက် စိုးရိမ်စိတ်တွေက သူ့ရင်ထဲ တိုးဝင်လာပြန်၏။

မင်းဆီ ပြန်လာနိုင်အောင် ကြိုးစားပါ့မယ် ရာရာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မင်း ဘာကြောင့် ရာရာကို ထည့်မတွက်ခဲ့တာလဲ ဝသုန်"

ဒေါသဖြင့် ပြောသော ကိုစိုးအသံက ကရုဏာသံ စွက်နေ၏။

"ကျွန်တော် ရာရာကို ဘယ်လောက် ချစ်တယ်ဆိုတာ ကိုစိုး သိပါတယ်၊ ဒါပေမဲ့ ကျွန်တော့် ဆန္ဒကြောင့် မာမီ့ကို အတိုက်အခံ လုပ်ခဲ့တဲ့ ခင်ဗျားတို့ကို လျစ်လျူမရှုနိုင်ဘူး"

သူ့ ပခုံးကို သိုင်းဖက်ရင်း မတတ်သာသည့် အခြေအနေ အတွက် ကိုစိုး စိတ်ထိခိုက်နေတာ သိနေမိသည်။

"အေးကွာ ငါတော့ ရာရာကို သနားနေမိတယ်"

"မာမီ့အတွက်ကို ခင်ဗျား အသိဆုံးပါ၊ ကိုစိုး ကျွန်တော့်စိတ်ကို သိနေတဲ့ သူ့အတွက်တော့ ကျွန်တော့်ကို ထိန်းချုပ်ရတာ အလွယ်ဆုံးပေါ့ ဗျူး"





လေပူတွေကို မှုတ်ထုတ်မိ၏။ ရေအပြည့်ထည့်ထားသည့် ဖန်ခွက်ကိုကိုင်ထားသော သူ့လက်တွေ တုန်ယင်နေသည်။

ကော်ဇောခင်းပေါ်ရေတွေ ဖိတ်စင်ကျသွား၏။ ကိုစိုးကသူ့လက်ထဲမှ ဖန်ခွက်ကိုယူ၍ စားပွဲပေါ်တင်သည်။

သူ့ကို နှစ်သိမ့်ပြုံးဖြင့်ကြည့်ပြီး လသာဆောင် ဝရန်တာဘက်သို့ ဆွဲခေါ်သွား၏။

"မင်းအိမ်အောက်ထပ်နဲ့ ခြံဝင်းထဲကို ဆင်းခွင့် မရှိပေမယ့် ဒီလသာဆောင်မှာတော့ နေချင်သလို နေလို့ရတာပဲ အသက်ရှုကြပ်မနေပါနဲ့"

ဒရင်းဘက်ပေါ်သို့ စိတ်လွှတ်ကိုယ်လွှတ် လှဲချရင်း

"အခုချိန်လောက်ဆိုရင် ရာရာ တော်တော် ဒေါသဖြစ်နေလောက်ပြီ အရင်က တစ်ပတ်တစ်ရက်လောက် အိမ်နောက်ကျတာတောင် တဗျစ်တောက်တောက် ပြောတတ်တာ ရက်စက်တဲ့လူတစ်ယောက်လို မနာကျည်းပါစေနဲ့လို့ ဆုတောင်းရမှာပဲ ဗျာ"

"မင်း ဘယ်အချိန်အထိ ကြိတ်မှိတ်သည်းခံဖို့ စဉ်းစားထားလဲ ဝသုန်"

ကိုစိုးက လက်ပွန်းတတီးနေသူမို့ သူ့စိတ်ကိုခန့်မှန်းနိုင်တာ မဆန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ အပေါ် မာမီစိတ်ဆိုးပြေပြီး အခြေနေမှန်ကို သဘောပေါက်တဲ့ထိ ခံစားရဦးမှာပေါ့ဗျာ မာမီ့စိတ်မှာ တအုံနွေးနွေးဖြစ်နေတဲ့အချိန်မှာ ခင်ဗျားတို့ဒုက္ခရောက်သွားမှာဆိုးတယ်"

"ငါတို့အတွက် မင်းဆုံးဖြတ်လိုက်တာကို ကျေးဇူးတင်ပါပေမယ့် မင်းအတွက် စိတ်မကောင်းဘူးကွာ ထမင်းချက် ဒေါ်အေးတင်ကြီးနဲ့ မသန်းဆို မင်းကိုသနားလို့ မျက်ရည်ကျရတာကွ မင်း မာမီမြင်မှာလည်း စိုးရိမ်ကြရသေးတယ်"

"ခုချိန်မှာ မာမီမပေးနိုင်ဘဲ နူးညံ့နွေးတဲ့ မေတ္တာကို ကျွန်တော် မမျှော်လင့်တော့ပေမယ့် ရာရာ နဲ့တစ်သက်လုံး ဝေးရမှာကိုတော့ အရမ်းကြောက်တယ်"

ကိုစိုးလွင်က သူ့လက်တွေကို ဆုပ်ကိုင်နှစ်သိမ့်၏။

"ခင်ဗျားတို့ ကျွန်တော့် အပေါ်ထားတဲ့ မေတ္တာတရားကို နားလည်ပါတယ်ဗျာ ဒေါ်အေးတင်တို့ဆိုရင်လည်း ငယ်ငယ်တည်းက ထိန်းကျောင်းလာရတာမဟုတ်လား"

"မင်းမာမီအပေါ် နာကျည်းဖို့ စိတ်မကူးလိုက်နဲ့နော် တချို့တွေက ချစ်တယ်လို့သာ ဟစ်ကြွေးပြီး ထွေးပွေ့ယုယဖို့ကိုတော့ သိပ်နားမလည်ဘူးကွ သူတို့စိတ်မှာ စည်းစိမ်ဥစ္စာတွေ ပုံပေးထားရင် လုံလောက်ပြီလို့ ထင်နေကြတာကွ"





ဒီလိုမျိုးတွေရော ရှိသတဲ့လား။

ဘာဖြစ်ဖြစ် ကိုစိုးလွင် စေတနာအပြည့်ဖြင့် ပြောနေတာကိုတော့ လေးစားစွာခံယူလျက်။

"မင်းမာမီက မင်းကိုချစ်လွန်းလို့ သူ့ဘဝကိုစွန့်စားပြီး ရင်းနှီးပေးဆပ်ခဲ့တာ ငါတို့အားလုံးအသိ ဒါပေမဲ့ မင်းဘက်က မိခင်မေတ္တာကို ငတ်မွတ်တောင်းတခဲ့တာကိုလည်း တို့နားလည်ပါတယ် ဘာပဲပြောပြော မိဘနဲ့သားသမီးဆိုတော့ မင်းဘက်က စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့"

အိမ်ရှေ့ သစ်ပင်ထက်ဆီမှာ ငှက်မကြီးက ငှက်ကလေးတွေကို အစာခွံ့နေသည့် မြင်ကွင်းကို ငေးမောနေမိသည်။

"သူ့ဘက်က မင်းတစ်ယောက်တည်းကိုပဲ ချစ်ချင်လို့ နောက်အိမ်ထောင်နဲ့ ကလေးမယူခဲ့တာကို မင်းနားလည်ပေးနိုင်ရမယ် ဝသုန်"

"ကျွန်တော့် စိတ်ကူးနဲ့ ခံစားချက်ကြောင့် ရူးရူးမိုက်မိုက် လုပ်ခဲ့တာတွေကရော မှားယွင်းသွားပြီလား ကိုစိုး"

"ငါတို့ သဘောကျလို့ တိုက်တွန်းခဲ့တာ မဟုတ်ပေမယ့် မင်းကို နားလည်ပေးခဲ့တာပဲ ဝသုန် ဘာမှမသိရှာဘဲ သောကရောက်နေတဲ့ ရာရာကို သွားရှင်းပြရင် ကောင်းမလား စဉ်းစားနေတာ"

"မာမီနဲ့ ပြေလည်သွားမှကျွန်တော် ကိုယ်တိုင် သွားခေါ်မှာပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုး''

''မင်း မာမီကလက်မခံလို့ တစ်သက်လုံး မပြေလည်တော့ဘူးဆိုရင်ရော''

ကိုစိုး မေးခွန်းကသူ့ကို တွေဝေသွားစေသလို ပြန်ဖြေစရာစကားလုံး ရှိမနေခဲ့ ရေကူးကန်အတွင်းရှိ ငြိမ်သက်နေသည့်ရေပြင်ကို ငေးမောနေတဲ့ သူ့ပုခုံးကို ကိုစိုးက ပုတ်လိုက်ပြီး

''ငါက သဘောပြောတာပါ မင်းမာမီ မင်းကိုဘယ်လောက်ချစ်တယ်ဆိုတာ အချိန်တစ်ခုက အဆုံးအဖြတ် ပေးသွားပါလိမ့်မယ်၊ သူ့မျက်ကွယ်မှာ ရှိနေတဲ့ မင်းကို အမှားတွေ့မှာစိုးတဲ့ စိုးရိမ်စိတ် လွှမ်းကဲနေတာပါ''

မာမီ့အပေါ် ထားသည့် ကိုစိုးရဲ့ လေးစားမှုကိုတော့ သူ အသိအမှတ်ပြုမိပါသည်။

''မာန်မာနတွေနဲ့ ခက်ထန်နေတယ် ထင်ရပေမယ့် မင်း ဒယ်ဒီရှိစဉ်က ပြည့်စုံကြွယ်ဝမှုတွေနဲ့ မင်းတို့မိသားစုလေး ဘယ်လောက်ပျော်စရာကောင်းတယ်ဆိုတာ ဒေါ်အေးတင် ပြောပြလို့ ငါသိနေတယ်ဝသုန်''

မှတ်ဉာဏ်ထဲမှာ ခပ်ရေးရေး ရှိနေသေးတဲ့ ထိုအဖြစ်အပျက်နှင့် ကင်းကွာခဲ့တာ ဆယ်စုနှစ်ကျော်ခဲ့ပြီပဲ။





ကိုစိုးကို ပြန်လည်မချေပချင်တော့။

ခုအချိန် သူ့ရင်ထဲမှာ ခံစားနေရတာက ရာရာ အကြောင်း။

ဗိုက်ဖုံးအင်္ကျီလေးနှင့် ရာရာအသွင်က အာရုံထဲမှာ စိုးမိုးလျက်

သူ ပြန်အလာကို စောင့်ရင်း ကုတ်ဖဲ့ရိုက်နက်ချင်တဲ့ ဒေါသတွေနှင့် ရှိနေမှာ အမှန်။

ဆူပူတဲ့ စကားသံလေးတွေကို ဟိုအရင်က စိတ်ပျက်ခဲ့ပေမယ့် အနေဝေးရပြန်တော့ တသသ။

ကံကြမ္မာရဲ့ ရက်စက်မှုက ဘာကြောင့် သူတို့ကိုမှ အငြိုးကြီးခဲ့ရတာလဲ။

ဝရန်တာကို လက်ထောက်ရင်း စိတ်ပျက်စွာ ခေါင်းငိုက်စိုက်ချမိတော့ ကိုစိုးက

''မင်း အရမ်းခံစားနေရတယ်ဆိုရင် တို့ကို ငဲ့ညှာမနေပါနဲ့ ကိုယ်လွတ်ရုန်းသွားပါ ငါ့ညီ၊ အခုလို စိတ်မချမ်းမြေ့စရာ ညှိုးငယ်နေတာကို တွေ့ရတာ စိတ်မချမ်းသာလို့ပါ''

''ကျွန်တော့်အပေါ် အစစအရာရာ ကောင်းခဲ့တဲ့ ကိုစိုးတို့ဘဝတွေကို အထိခိုက်ခံရမှာလား။ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူးကိုစိုး။ အချိန်အတိုင်းအတာ တစ်ခုအထိတော့ ကျွန်တော် ပေးဆပ်ရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးကို စူးစိုက်ကြည့်ရင်း ပြောပစ်လိုက်သည်။

ခံနိုင်ရည်အား နည်းလွန်းတဲ့ ကိုယ့်ကိုယ်ကို အပြစ်တင်နေမိတာ အခါခါ။

တကယ်ဆို ကိုယ့်အပေါ် မေတ္တာတရား ကြီးမားလွန်းတဲ့ သူတွေ ရှေ့မှာ ဒီလို မဖြစ်သင့်။

သူတို့ စိတ်ဆင်းရဲမယ့် အရေးကို ဘာကြောင့် မတွေးမိခဲ့တာ လဲ။

ကိုစိုးကို အားအင်အပြည့်ဖြင့် ပြုံးပြမိသည်။

"မင်း ကိုယ့်ကိုယ်ကို ဒုက္ခပေးပြီး ဟန်ဆောင်မနေပါနဲ့ကွာ"

သူ့အကြောင်း ကောင်းကောင်းသိသည့် ကိုစိုးကို ညာ၍မရပါ။

"ကျွန်တော် ရာရာကို အရမ်းလွမ်းတယ် ကိုစိုးရယ်"

ကိုစိုးကို တင်းကျပ်စွာ ဖက်တွယ်ထားမိသည်။

ခံစားနေရတာတွေ သက်သာရာရစေဖို့ နည်းလမ်းဆိုတာ ပျောက်ဆုံးနေခဲ့ပါပြီ။

ရာရာကို လွမ်းတဲ့ အလွမ်းက သူ့ရင်ကို တမြေ့မြေ့ ကျွမ်း လောင်နေသည်။

ကျွန်တော့်ရင်ထဲကို ဝင်ကြည့်လှည့်ပါ မာမီ။

■ ■ ■



## အခန်း (၂၁)

"မမျှော်ဘူး မမျှော်ဘူး။ ဒင်းကို မမျှော်တော့ဘူး။ အလေး အနက်မရှိတဲ့ သူ့ကို ယူခဲ့မိတာကိုက မှားတာ၊ သံယောဇဉ်မရှိတဲ့ လူ၊ တာဝန်မယူတတ်တဲ့ အလကား ပေါ့ပျက်ပျက် ယောကျ်ား"

စိတ်ရှိလက်ရှိ အော်ဟစ် ပေါက်ကွဲပစ်လိုက်မိသည်။

မောဟိုက်သွားတဲ့ ရင်အစုံက နိမ့်ချည်မြင့်ချည်။

အသိတရား ခေါင်းပါးတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့မိတဲ့ အဖြစ်က ရင်နင့်စရာ။

ကိုယ့်အပေါ် ပြတ်သားနိုင်တာကို ဖြေသာပေမယ့် ဝမ်းနည်းရ တာက ကိုယ့်ရင်သွေးကို တန်ဖိုးမထားသည့် လုပ်ရပ်။

အမေကတော့ လူကြီးပီပီ တရားချ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် စကားပြောတာ ထိန်းထိန်းသိမ်းသိမ်း ပြောမှပေါ့၊ နဂိုကတည်းက ပတ်ဝန်းကျင်က လူတွေ ပြောချင်ဆိုချင်နေကြတာ၊ အမေ့ သမီးကြီးက လိမ္မာပါတယ်"

"မခံစားနိုင်တော့ဘူး အမေ၊ တစ်ရက်လာနီး နှစ်ရက်လာနီးနဲ့ သူ့ကိုမျှော်ရတာ အလုပ်ကြီးတစ်ခု ဖြစ်နေပြီ၊ ဈေးရောင်းပျက်တာ ဘယ်နှရက်ရှိပြီလဲ၊ ဆန်အိုးထဲမှာ ဆန်မရှိလို့ မောင်လေးတောင် အလုပ်ထွက်လုပ်နေရပြီ"

ရာရာ ဗိုက်ကလေးကို အမေက လက်ဖြင့် စမ်းသပ်ကိုင်တွယ်ပြီး

"သမီးမှာ ကိုယ်ဝန်ကြီးနဲ့ သိပ်လည်း ခံစားမနေပါနဲ့ကွယ်၊ အမေတို့က အရိုးခံနဲ့ မစူးစမ်းဘဲ ကြင်နာသနားခဲ့မိတာကိုးကွယ့်၊ ဘာမှမပြောဘဲ ထွက်သွားတဲ့ လူတစ်ယောက်ကို မျှော်မနေပါနဲ့တော့ကွယ်၊ ဝဋ်ကြွေးရှိလို့ ပေးဆပ်ရတယ်လို့ပဲ မှတ်ယူရတော့မှာပေါ့"

ဝဋ်ကြွေးတဲ့လား၊ စကားလုံးက မမျှတ။

"ရာရာ ပုံစံကြီးနဲ့ ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာမျိုးနဲ့ နေရမလဲ အမေ၊ ရာရာတို့ မိသားစု အရှက်ရ သိက္ခာကျအောင် လုပ်သွားတဲ့ သူ့ကိုသတ်ပစ်ချင်တာ"

ဆို့တက်သွားတဲ့ အသံက တုန်တုန်ယင်ယင်။





ရှင့်ကို အမုန်းကြိတ်ပစ်ချင်တာ မင်းစက်။

"မေတ္တာတရားကို ခုတုံးလုပ်ပြီး ယုတ်မာတတ်တဲ့သူမျိုးကို ရာရာ အရမ်းမုန်းတယ်"

မမြင်ရပေမယ့် ကြားနေရတဲ့ အသံကြောင့် သမီးကြီး မျက်နှာ တင်းမာနီရဲနေမှာ သေချာသည်။

သမီးကြီး ခံစားနေရတာကို ကြားနေရတော့ ရင်ထဲမကောင်း။

မင်းစက် ဆိုတဲ့ ကောင်လေးအပေါ် နိုင်ထက်စီးနင်း ပြောဆိုဆက်ဆံခဲ့တဲ့ လုပ်ရပ်တွေက သမီးကြီးကို ဒဏ်ခတ်ခဲ့တာလား။

အရာရာမှာ စိတ်လိုက်မာန်ပါ လုပ်တတ်တဲ့ သမီးကြီးကြောင့် မဖြစ်သင့်တာ မဖြစ်အောင် ပြောဆို ဆုံးမခဲ့တာပဲ။

မင်းစက်အပေါ်မှာလည်း ဝတ္တယ့်သားအရင်းလေးလို သဘောထားခဲ့တာပါ။

အခုတော့ စိတ်မကောင်းစရာ အဖြစ်တွေနဲ့ သမီးကြီး မျက်ရည်ကျနေရပြီ။ သူမအနေနဲ့ စိတ်မကောင်းရုံကလွဲ၍ ဘာမှမတတ်နိုင်။

အံကြိတ်သံကြားမိတော့ သမီး မျက်နှာလေးကို စမ်းသပ် ကိုင်တွယ်၍

"သမီးလေးရယ်"

ကြိတ်ရှိုက်လိုက်တဲ့ အသံခပ်တိုးတိုး ကြားရပြီး သမီးကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ခွင်ထဲမှာ မှီတွယ်ထား၏။

သမီးကြီးကို အလိုက်သင့် ဖက်တွယ်ထားမိသည်။

ဒီအချိန်မှာ အားပေးနှစ်သိမ့်ရုံကလွဲ၍ ဘာများ တတ်နိုင်ဦးမှာလဲ။

"အမေ"

"ဟင် သမီး ဘာပြောချင်လို့လဲ"

"ဒီအိမ်ကလေးကို လူငှားတင်ပြီး ရာရာတို့ တခြားမှာ ပြောင်းနေရအောင်"

"အမေတို့ ဒီမှာနေလာတာ ရိုးမြေကျတော့မယ်၊ ချိုးမွမ်း ခုနစ်ရက် ကဲ့ရဲ့ ခုနစ်ရက်ပါ သမီးရယ်၊ အခြေအနေမှန်ကို သဘောပေါက်ချင် ဝေဖန်တာတွေ ရပ်သွားမှာပါ"

အဲဒီလောက် လွယ်ကူပါသလား။

ယောကျ်ားတစ်ယောက်ရဲ့ ပစ်ခွာခြင်းကို ခံရတဲ့ မိန်းမတစ်ယောက်၏ ဒုက္ခက မသေးလှပါ။

"ဖခင်မဲ့ ရင်သွေးလေးကို ဒီပတ်ဝန်းကျင်မှာ မွေးဖို့ သမီးမှာ ခံနိုင်ရည် မရှိဘူး အမေ၊ ရာရာကြောင့် မောင်လေး သိမ်ငယ်ရမှာကိုလည်း မလိုလားဘူး"

"သမီးနဲ့ သား ဒီထက်ပိုဒုက္ခရောက်မှာကိုပဲ အမေ စိုးရိမ်မိ





တယ် သမီးရယ်"

စိမ့်ထွက်လာတဲ့ အမေ့ မျက်ရည်တွေကို ပွတ်သုပ်ပေးဖို့ လက်လှမ်းမိပြီးမှ လက်ကို ပြန်ရုပ်လိုက်သည်။

ကျစမ်းပါစေ ကိုယ့်မျက်ရည်တွေကိုတောင် လျစ်လျူရှုခိုင်းခဲ့သေးတာပဲ၊ အမေ့ကို ဒီထက်ပို စိတ်မဆင်းရဲစေလို။

ဒါပေမဲ့ ဒီမျက်ရည်တွေရဲ့ တန်ဖိုး အဓိပ္ပါယ် ဘယ်လောက်လေးနက်သလဲဆိုတာကို မင်းစက် သိစေချင်သည်။

ရင်နဲ့မဆံ့သည့် ပူလောင်သောကတွေကြောင့် ဖြစ်တည်လာရတဲ့ သံယောဇဉ် မျက်ရည်တွေ မဟုတ်ပါလား။

"သံသရာမှာ ကျင်လည်နေသမျှ အကြွေးဆပ်နေရတာပဲ သမီး။ အတုံ့အလှည့်၊ အနိမ့်အမြင့်၊ တွေ့ဆုံကြုံကြဲ ဖြစ်နေကြတာ အတိတ်က အကြောင်း၊ အဆိုးအကောင်းတွေ ပါလာခဲ့လို့ပေါ့"

တရားစကားတွေ ဆိုနေပေမယ့် အမေ့အသံတွေက တုန်ယင်လျက်။

အမေက တံတွေးမျိုချရင်း မျက်ဝန်းတွေ ရီဝေစွာဖြင့်

"အမေတို့ ကိုးကွယ်အားထား၊ လေးစားကြည်ညိုရတဲ့ ဗုဒ္ဓဘုရားရှင်တောင် လေးသချေင်္ခနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်သချေင်္ခနဲ့ ကမ္ဘာတစ်သိန်း ဝဋ်ကြွေးတွေ လှည့်လည်ပေးဆပ်ပြီးခါမှ မြတ်နိဗ္ဗာန်ကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြုံနိုင်ခဲ့တာလေ၊ ပုထုဇဉ်ဖြစ်တဲ့ အမေတို့အနေနဲ့ ဖြစ်လာသမျှ လောကဓံကိုတော့ တရားသဘောနဲ့ ကြံ့ကြံ့ခံနိုင်ရမှာပေါ့"

အမေက နှစ်သိမ့်သလိုဖြင့် သူမ ဦးခေါင်းလေးကို ရင်မှာ ပွေ့ပိုက်ရင်း

"အမေတို့ လူပီသအောင် ကြိုးစားကြရအောင်ကွယ်"

တရားနှင့်ယှဉ်သည့် အမေ့စကားက မှတ်သားစရာပါ။

ဒါပေမဲ့ ပုထုဇဉ်မို့ ရက်စက်သူကို နာကျည်းမိတာ ရာရာ မှားခဲ့ပါသလား။

မုန်းတဲ့လူတစ်ယောက်ကို မေ့ပျောက်ဖို့ လွယ်ပေမယ့်. . ။

■ ■ ■



## အခန်း (၂၂)

သားသမီးအတွက် သောကဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးက ဒေါ်စိန်မြလှိုင်ကို ဖိစီးနေတာ ကြာပါပြီ။

ညတိုင်းလိုလို အိပ်မပျော်ခဲ့တဲ့ ရက်တွေက ရှည်ကြာခဲ့၏။

ကိုယ့်သွေးသားအတွက် ကောင်းစေချင်သော စိတ်ဖြင့် အတ္တကြီးမိတာက သူမအတွက်တော့ အမှန်တရား။

မိန်းမဆိုး မိန်းမကြမ်းကြီးအဖြစ် သားဘက်က တွေးထင်သွားမှာကိုတော့ စိုးရွံ့မိသည်။

ကိုယ့်ရဲ့ ပေးဆပ်နိုင်လွန်းသည့် မေတ္တာတရားတွေကို သားလေး အသိအမှတ် ပြုစေချင်၏။

အခန်းတံခါးဝကနေ သားလေးမသိအောင် မျက်ခြေမပြတ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေရတဲ့ အဖြစ်။

မျက်ရည်ဝဲကာ ငိုရှိုက်နင့်နင့်ကြီး ခံစားနေရတဲ့ ဝေဒနာတွေကိုရော သားလေး နားလည်ပါ့မလား။

တိတ်ဆိတ်စွာ ပြန်လှည့်၍ ခြံထဲဆင်းလာခဲ့သည်။

သား အခန်းကို လှမ်းမြင်နိုင်သည့် ခြံထောင့်မြက်ခင်းထက်မှာ ကြိမ်ကုလားထိုင် တစ်လုံးနှင့် ထိုင်နေမိ၏။

"အန်တီ ကျွန်တော် စကားနည်းနည်းလောက် ပြောပါရစေ"

ရိုကျိုးစွာ ခွင့်တောင်းနေသော စိုးလွင်ကို မလိုလားဟန်ဖြင့် စူးရဲစွာ ကြည့်မိသည်။

လရောင် ဝိုးတဝါးအောက်မှာ လက်နောက်ပစ် ရပ်နေသည့် စိုးလွင်ကိုကြည့်၍ သက်ပြင်းကို လေးတွဲစွာ ချမိသည်။

ယောက်ယက်ခတ် ရှုပ်ထွေးနေတဲ့ စိတ်တွေ တည်ငြိမ်သွားမှ ခုံတစ်လုံးကို လက်ညှိုးညွှန်ပြ၍ ထိုင်ခိုင်း၏။

စိုးလွင် ပြောလာမှာကို ကြိုတင် တွက်ဆနေမိသည်က သား အတွက် ဖျောင်းဖျမှာလား။

ဘာလဲဟူသော သဘောဖြင့် မေးဆတ်ပြမိတော့

"ကျွန် ကျွန်တော်တို့အားလုံး အလုပ်ထွက်ပါရစေ"

"ဟင်"





ထင်ထားတဲ့ အထင်နှင့် တခြားစီ။

အံ့ဩရိပ် ထင်နေတဲ့ မျက်နှာကို စိုးလွင် မမြင်အောင် ထရပ်၍ ကျောပေးထားမိသည်။

"ကျွန်တော်တို့အားလုံး အလုပ်ထွက်မှ ဝသုန်ကို လွတ်လပ်ခွင့် ပေးမယ်ဆိုရင် အလုပ်ထွက်ပါရစေ"

စိုးလွင်က ရဲဝံ့စွာ ဆိုနေပြန်၏။

မကြားလိုက်၍ ထပ်ပြောတာမျိုး မဟုတ်။ သေချာအောင် ထပ် ရှင်းပြခြင်းသာ။

စိတ်ကို လျှော့ချ၍ နေရာမှာ ပြန်ဝင်ထိုင်ကာ စိုးလွင်ကို ရင်ဆိုင် လိုက်သည်။

ငြိမ်သက်စွာဖြင့် မျက်လုံးတွေကို တည့်တည့်ကြည့်နေပေမယ့် စိုးလွင်က တည်တည်ငြိမ်ငြိမ်ပင်။

"ဝသုန်ကို ဒီအတိုင်း နေခိုင်းထားတာ မင်းတို့အတွက် ဘာ စိတ်အနှောင့်အယှက် ဖြစ်စရာရှိလို့လဲ"

"ကျွန်တော်တို့ စိတ်မချမ်းသာဘူး။ ဝသုန် အခု ခံစားနေရတာ ငယ်ငယ်က အန်တီ့ကို လွမ်းလို့ငိုတဲ့ ခံစားမှုမျိုး မဟုတ်ဘူး အန်တီ"

စိုးလွင်ကို နားမလည်နိုင်စွာဖြင့် ကြည့်နေမိသည်။

"အမြင်စိမ်းနေတဲ့ ပြင်ပလောကတစ်ခုကို စူးစမ်းရင်း အချစ်



www.burmeseclassic.com

www.burmeseclassic.com



စစ်တစ်ခုကို နက်နက်နဲနဲ တွေ့ရှိသွားတာ သူ့ချစ်သူကို သူ တမ်းတနေတာ"

"မင်းတို့ တိုက်တွန်းမှုကြောင့် လက်တည့်စမ်းရင်း သားမက်မောသွားခဲ့တာ မဟုတ်လား"

ဒေါ်စိန်မြလှိုင် ပစ်လိုက်သောမြားက ထိရောက်ပါသည်။

စိုးလွင် ကိုယ်ခန္ဓာ တောင့်မတ်သွားပြီး မျက်နှာမော့၍ မဝံ့မရဲဖြင့် ကြည့်သည်။

"ငယ်ရွယ်စဉ်က အသိတရားကို ချော့မြူခြိမ်းခြောက်ပြီး ထိန်းသိမ်းလို့ ရချင်ရမယ်၊ အရွယ်ရောက်လာတဲ့ လူတစ်ယောက်ကိုတော့ မရဘူး အန်တီ"

ဒေါ်စိန်မြလှိုင် မျက်ခုံးတွေ ပင့်တက်သွားပြီး ဟန်ပါပါဖြင့် လက်ပိုက်လိုက်၏။

"ကိုယ်မပိုင်တဲ့ သူများစိတ်ကို ဖြစ်ချင်တာ ဖြစ်အောင် တိုက်တွန်းလို့ မရသလို တားဆီးလို့လည်း မရဘူး အန်တီ"

"မင်းတို့ မမှားခဲ့ဘူးလို့ ဆိုလိုတာလား"

"အန်တီက မှားတယ်လို့ ယူဆရင် ကျွန်တော်တို့ကို ခွင့်မလွှတ်ပါနဲ့၊ ဝသုန်ကိုတော့ နားလည်ပေးလိုက်ပါ"

စိုးလွင်ပြောသမျှကို နားထောင်ရင်း ဒေါ်စိန်မြလှိုင် တိတ်ဆိတ်





နေပြန်သည်။

စိုးလွင် ဘာကို ဆိုလိုတယ်ဆိုတာ သူမ ကောင်းကောင်းသိနေပါ၏။

မှုန်ဝါးဝါး လရောင်အောက်မှာ ဒေါ်စိန်မြလှိုင် မျက်ဝန်းမှ မျက်ရည်တွေကို စိုးလွင်က တအံ့တဩ ကြည့်နေသည်။

"ဥပေက္ခာတရားတွေနဲ့ နေတာကြာလို့ သားကို ငါ မချစ်တော့ဘူးလို့ ယူဆနေတာလား မောင်စိုးလွင်"

သူမ မျက်ရည်ကျတာ မြင်ပြန်တော့ စိုးလွင် စိတ်မကောင်းဟန်ဖြင့်

"မ မဟုတ်ပါဘူး မိဘမေတ္တာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ သားဇောနဲ့ အန်တီ အစိုးရိမ်လွန်နေတာလို့ ကျွန်တော် ထင်တယ်"

"မကောင်းမှန်းသိရက်နဲ့ လက်ပိုက်ကြည့်နေရမှာလား မောင်စိုးလွင်၊ သူ့ဘဝ အထက်တန်းကျ အဆင့်အတန်းမြင့်ဖို့ ငါချစ်တဲ့ အမိမြေကြီးကို တစ်သက်လုံး ခွဲနေရတော့မယ်"

ဒေါ်စိန်မြလှိုင် မြိုသိပ်ထားသမျှတွေကို မခံစားနိုင်စွာ ဖွင့်ထုတ်နေသည်။

"ဗုဒ္ဓဘာသာကို မယုံကြည်တဲ့ လူမျိုးခြား တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လင်တစ်မယား စနစ်နဲ့ ရိုးမြေကျ ပေါင်းသင်းနေရတဲ့ ငါ့ဘက်က စဉ်းစားမိရဲ့လား''

''အန်တီ မမှားခဲ့တာကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ဝသုန် ဘက်ကလည်း မမှားခဲ့ဘူး အန်တီ''

ဒေါ်စိန်မြလှိုင် နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ယင်နေ၏။

''ရာရာက ဆင်းရဲပေမယ့် မိကောင်းဖခင် သားသမီးပါ၊ ရိုးသားပါတယ်၊ ပိုက်ဆံ မချမ်းသာတာကို ထည့်တွက်မယ်ဆိုရင်တော့ အန်တီ တားပိုင်ခွင့်ရှိပါတယ်၊ အပြစ်မကင်းဘူး ထင်ရင်လည်း ကျွန်တော် တို့ကို အလုပ်ထုတ်ပါ''

အဖြူထည် မာနစကားမှန်း ဒေါ်စိန်မြလှိုင် နားလည်ပါသည်။ အတ္တတရားတွေ လွှမ်းခြုံနေခဲ့တာကို ပြန်တွေးမိသည်။

သူမရင်ထဲက စေတနာကို သားလေး ထပ်တူထပ်မျှ နားလည် ခံစားနိုင်ပါ့မလား။

သားလေးရဲ့ ဝေဒနာကို ကိုယ်ချင်းစာမိတော့ . . ။

■ ■ ■



## အခန်း (၂၃)

''မမ ကျွန်တော် ကျောင်းဆက် မတက်ချင်တော့ဘူး၊ စက်ရုံ တစ်ခုမှာ အလုပ်ဝင်လုပ်ပါရစေနော် မမ''

မောင်လေး နှုတ်က ဖွင့်ဟ တောင်းဆိုလာတဲ့ စကားကြောင့် ရာရာ မယုံနိုင်အောင် အထိတ်တလန့် ဖြစ်သွားရတာ အမှန်။

''အဓိပ္ပါယ်မရှိ လိုက်တာ မောင်လေးရယ်၊ မင်း ဆေးအမှတ် မီတယ်လေ၊ ဆရာဝန် ဖြစ်မယ့် လူတစ်ယောက်က ဘာဖြစ်လို့ အဲဒီ အတွေးတွေ ဝင်ရတာလဲ ကျောင်းမတက်ခင် မောင်လေး အလုပ်လုပ် မယ်ဆိုလို့ မမ ဘုရင့်နောင်ပွဲရုံမှာ ပြောပေးထားတယ်လေ''

မောင်လေး ကောင်းစံ ဖြေရှင်းဖို့ စကားလုံးမရှိလို့ ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကုတ်သည်။ သူတို့ မောင်နှမ စကားသံတွေကြားပြီး နေသားမကျသေးတဲ့ နေရာမှာ ဟိုစမ်းဒီစမ်း လျှောက်နေရသည့် အမေ တရွေ့ရွေ့နှင့် အခန်း အပြင်ဘက် ထွက်လာ၏။

“ဘာဖြစ်နေတာလဲ သမီးတို့ရယ်”

မောင်လေး ပုံစံကိုကြည့်ပြီး ဒေါသစိတ်ကလေး ဖြစ်တည်နေသည့် ရာရာ အမေ ထိုင်နိုင်အောင် တွဲကိုင်ပေးရင်းက

“အမေ့သားလေ ပြောပုံမှ မဟုတ်တာ၊ သူများတွေများ ဆရာဝန် ဖြစ်ချင်လို့ ကျားကုတ်ကျားခဲ ကြိုးစားပြီး ဖြေတာတောင် ဆေးမှတ်မမီကြရှာဘူး။ မျက်ရည်လေး တစမ်းစမ်း ဝမ်းနည်းနေကြရတာကို သူက ဆေးကျောင်း မတက်တော့ဘူးတဲ့၊ ရတဲ့ အလုပ်ဝင်လုပ် မယ်တဲ့လေ၊ အမေ စဉ်းစားကြည့်၊ သမီး မျှော်လင့်ထားတာတွေ အလကား ဖြစ်အောင် ပြောသလို မဖြစ်ဘူးလား”

ဒေါသသင့်နေသော ရာရာ အသံလေး တုန်နေကာ မျက်ရည်လေး ဝဲနေတော့ မောင်ကောင်းစံ နှုတ်ဆိတ်မနေနိုင်တော့ဘဲ

“အမေရယ် သားဘက်က စဉ်းစားကြည့်ပါဦး၊ မပေါ့မပါး ကိုယ်ဝန်ကြီးနဲ့ ရုန်းကန်ရှာဖွေနေတဲ့ မမ ဝင်ငွေကို သား ထိုင်မစား ရက်တော့ဘူး။ ဆေးကျောင်းတက်မယ့် စရိတ်ဆိုတာကလည်း တွေးကြည့် ရင် အတော်ကုန်မှာလေ”





“နေဦး မောင်လေး နင် စိုးရိမ်ပူပန်နေတာ အဲဒီကိစ္စလား မပူနဲ့ နင့်ကျောင်းစရိတ် လောက်ငအောင် မမ ရှာနိုင်ပါတယ်”

စကားမဆုံးခင် ဝင်ပြောသော မမရာ မျက်ဝန်းတွေထဲမှာ ယုံကြည်ချက် အားမာန်တွေ အပြည့်အဝ မြင်တွေ့ရပါသည်။ ဒါပေမဲ့ စူမို့မို့ မမရာ ဝမ်းဗိုက်ကို ကြည့်ကာ မောင်ကောင်းစံ ပင့်သက်ရှိုက်မိ၏။

“မမရာ ပင်ပင်ပန်းပန်း ရှာဖွေတဲ့ငွေ၊ ပြီးတော့ ကျွန်တော် ကျောင်းပိတ်ရက် ရှာတဲ့ငွေ၊ စုပေါင်းပြီး ကျောင်းအပ်ဖို့ အဆင်ပြေတယ် ထားပါဦး၊ မကြာခင် နေ့စေ့ လစေ့ ဖြစ်လာမယ့် မမရဲ့ မွေးဖွားစရိတ်က ဘယ်မှာလဲ၊ အမြဲတမ်းလိုအပ်နေမယ့် ကျောင်းစာအုပ်ဖိုး၊ ဘာဖိုးညာဖိုး က ဘယ်မှာလဲ မမရယ်၊ မူလတန်း အထက်တန်းလို ဖြစ်ပါတယ် ပေါ့ပေါ့တွေးလို့ မရတာ ကျွန်တော် သိတယ်”

ချက်ကျ လက်ကျ သူပြောတော့ မမ ချက်ချင်း ခွန်းတုံ့မပြန် နိုင်ပါ။ အမေကလည်း ခေါင်းတညိတ်ညိတ်နှင့် ငြိမ်သက်နေသည်။

“ကျွန်တော် ပြောတာ မမ အသေအချာ စဉ်းစားပါ၊ ခုချိန်မှာ အရေးကြီးတာက မမ ဝမ်းထဲက ရင်သွေးလေးပဲ၊ မမ ကျွန်တော့်ကို ဆယ်တန်းအောင်တဲ့အထိ ထားပေးတဲ့ ကျေးဇူးတွေကပဲ ကြီးမားလှပါပြီ မမရယ်”

မောင်လေး စကားတွေက ရာရာ ရင်ထဲကို စူးစူးနစ်နစ် တိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



စေသော မြားချက်တွေလိုပါပဲ။

မောင်လေး စကားတွေက မငြင်းနိုင်အောင် မှန်သည်။ အရင်တုန်းက အခြေအနေမျိုးနှင့်ဆိုလျှင် ရာရာ ရဲရဲဝံ့ဝံ့ အာမခံ ကြွေးကြော်နိုင်မှာ သေချာသည်။

ရာရာရဲ့ စွမ်းအားတွေကိုလည်း မောင်လေး အကြွင်းမဲ့ ယုံကြည် လိမ့်မည်။ အခုတော့

သိသာ ထင်ရှားစ ပြုလာသည့် ကိုယ့်ဝမ်းအိမ်ကို ရာရာ ငုံ့ကြည့်ရင်း ရင်ထဲမှာ နာကျင်လာ၏။

"ဒါတွေအားလုံးရဲ့ တရားခံက မင်းစက်ကြောင့်၊ သူပေးခဲ့တဲ့ ဒုက္ခတွေကြောင့်ပဲ တောက်"

နာကျည်းခံပြင်းစွာ တက်ခေါက်ရင်း မျက်ရည်တွေ လိမ့်ဆင်းလာတော့ မောင်လေး ရာရာ အနားကို ရောက်လာ၏။

"တော်ပါတော့ မမရယ်၊ မမ ဝမ်းထဲက ရင်သွေးလေးမှာ ဘာအပြစ်မှ မရှိပါဘူးဗျာ၊ သူတစ်ပါးကို ယုံလွယ်သနားလွယ်၊ အားနာလွယ်တဲ့ ကျွန်တော်တို့ လူကြီးတွေမှာပဲ အပြစ်ရှိတာပါ"

မျက်ရည်လေး ဝဲကာ ရာရာ ပခုံးကို နှစ်သိမ့်ဆုပ်ကိုင်ကာ မချိတင်ကဲ ရေရွတ်တော့ အမေ မနေနိုင်ပြန်။

"တော်ကြပါတော့ သားတို့ရယ်၊ ဘယ်သူမပြု မိမိမှုတဲ့ ဒါတွေဲ





အမေတို့ စေတနာက အမေတို့ကို ပြန့်တုံ့ပြန်မှာ ယုံစမ်းပါကွယ်၊ ဘယ်သူ့မှ အပြစ်မဆိုဘဲ ဖြစ်သင့်တာကိုပဲ ဖြူဖြူစင်စင် စိတ်နဲ့ စဉ်းစားလုပ်ကြပါကွယ်"

"အမေ ပြောတာ မှန်တယ် မောင်လေး၊ အချိန်တွေ ကျန်ပါသေးတယ်၊ မမ ကြိုးစားကြည့်ချင်သေးတယ်၊ အားမလျှော့လိုက်ပါနဲ့နော်၊ မျှော်လင့်ချက်တွေ လုံးဝ ပျောက်ဆုံးသွားမယ်ဆိုရင် မမကိုယ်မမ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး၊ မမလေ အမေနဲ့ မောင်လေးအပေါ် တာဝန်မကျေတဲ့ သူတစ်ယောက် အဖြစ်နဲ့ မရှင်သန်ပါရစေနဲ့"

"မမရယ်"

တစ်ယောက် ပခုံးကို တစ်ယောက် အားကိုးတကြီး ဆုပ်ကိုင်ထားရင်း ဝမ်းနည်းမျက်ရည်စတွေက ရာရာတို့ မောင်နှမနှစ်ယောက်စလုံး ပါးပြင်ပေါ်မှာ။

မမြင်နိုင်ပေမယ့် နှလုံးသားနဲ့ ခံစားသိမြင်နေတဲ့ အမေကလည်း ပါးပြင်မှာ မျက်ရည်စတွေ လိမ့်ဆင်းလို့။

အမေ့ကို နှစ်သိမ့်ပေးချင်ပေမယ့်

မောင်လေးရဲ့ အားငယ်စိတ်တွေကို မြှင့်တင်ပေးချင်ပေမယ့်

ရာရာ ကိုယ်တိုင်က

မနက်ဖြန်များစွာသော နောက်လှည့်ရှင်သန်ခွင့် ရခဲ့လျှင်...။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ချစ်မြတ်နိုးမိတဲ့ နှလုံးသားကို အရင်ဆုံး ဆွဲထုတ်သကြီးပြီးဖြဲ့ လိုက်ချင်တယ် မင်းစက်ရယ်..။

■ ■ ■



## အခန်း (၂၄)

"သား"

မာမီ ခေါ်သံကို ကြားပေမယ့် လှည့်မကြည့်မိ။ ရှင်သန်ချင်စိတ်မရှိ၊ လဲလျောင်းနေမိသော သူ့အဖြစ်က သက်မဲ့ကျောက်ရုပ်လိုပဲ ရှိနေ၏။

"သား"

ခုတင်စွန်းမှာ ဝင်ထိုင်ရင်း မာမီ ထပ်ခေါ်သည်။ တစ်ဖက်ကို ဦးလှည့်ထားသည်မို့ သူ့ပခုံးကို မာမီ အသာဆွဲလှည့်တော့ ကြိုးဆွဲအရုပ်လို သူ ဦးလှည့်မိသည်။

"မာမို့ကို စိတ်နာနေတာလား သားရယ်"

သူ့ နဖူးပြင်ကို လက်ဖဝါးဖြင့် နူးနူးညံ့ညံ့ ပွတ်သပ်ပေးရင်း မာမီ မေးတော့လည်း သူ ငြိမ်သက်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာရအောင် နှလုံးသားက မနာကျည်းချင်ပေမယ့် မာမီ သူ့ကို ရက်စက်ခဲ့တာဟု ယုံသည်။ သူ့အပေါ်မှာတင်မကပါ ရာရာအပေါ်မှာလည်း မာမီ ရက်စက်ခဲ့တာပါပဲ။

"သား မာမ့်ကို ကြည့်ပါဦး"

မေးဖျားကို ဆွဲမော့ပြီး မာမီဆိုတော့ သူ့မျက်ဝန်းတွေ မာမ့်မျက်နှာကို စေ့စေ့ဦးတည်မိသည်။ မာမ့်မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေလား။

သူ မယုံချင်ပါ။

"လုပ်ချင်တာလုပ်လို့ နားလည်မှုပေးပြီး ခွင့်လွှတ်ခဲ့တဲ့ မိခင်အိုကြီးကို ခိုးသားဘဝ ထောင်ကျတဲ့ အချိန်ရောက်မှ အမေ မဆိုမဆုံးမလို့ဆိုပြီး နားရွက်ကိုက် အပြစ်ပေးတဲ့ သားမိုက်မျိုးရဲ့ မိခင် မဟုတ်ခဲ့တဲ့အတွက် မာမီ ဂုဏ်ယူခဲ့ချင်တယ် သားရယ်၊ ချစ်ခင်မှုတွေနဲ့ ပြုပြင်ခဲ့မိပြန်တော့ အငှားကြီးသူကြီးရယ်လို့ အပြစ်တင်ခံရတယ်၊ မိဘနေရာက သားကိုယ်ချင်းစာ ကြည့်ပါလို့ မာမီ မပြောချင်ပါဘူး သား၊ မာမ့်ကိုယ် မာမီ ဆွန်းစစ်မိတယ် သား၊ သားသမီးက မုန်းတဲ့ မိခင်အဖြစ် ရှင်သန်နိုင်ရဲ့လားပေါ့"

ပါးပြင်ပေါ်ကို မျက်ရည်စီးကြောင်းတွေ ယိုစီးလာတဲ့အထိ မာမ့်အသံတွေက တုန်ခါနေသည်။ ဘယ်တုန်းကမှ မမြင်ခဲ့ဘူးသော မာမီ





မျက်ရည်တွေကို မင်းစက်ဝသုန် ငေးနေမိ၏။

"သားသမီးကို ချစ်တဲ့ မိခင်တိုင်း အပြစ်မကင်းကြဘူး သား။ ငါ့သားသမီးပဲ ကောင်းစားရမယ်၊ အဆင့်အတန်း မြင့်မားရမယ်ဆိုတဲ့ အတ္တစိတ်တွေ ကြီးနေလို့ပေါ့၊ ငါ့သားရဲ့ ဂုဏ်တွေ ငါ့သားရဲ့ ပကာသနတွေလို့ပဲ မာမီ မြင်နေခဲ့တယ် သား၊ ဒါပေမဲ့ ဆန္ဒ မတူရင် ရန်သူဖြစ်နိုင်တာတော့ မာမီ မေ့နေခဲ့တယ်"

မာမ့်ရဲ့ မျက်ရည် မာမ့်ရဲ့ စကားသံတွေကိုတော့ သူ့နှလုံးသားက ခံနိုင်ရည် မရှိခဲ့တာမို့

"မ မဟုတ်ဘူး မာမီ၊ သား မျှော်လင့်ခဲ့တာ မာမ့်ရဲ့ ကြင်နာနွေးထွေးမှုတွေပါ၊ မာမီ ထားခဲ့တဲ့ နေရာမှာ မာမီစေတဲ့အတိုင်း မပျော်ရွှင်ဘဲ နေခဲ့ရတယ်ဆိုပေမယ့် သား မာမ့်ကို မုန်းမနေခဲ့ပါဘူးဗျာ"

မင်းစက် ပျာပျာသလဲ ရှင်းပြမိခြင်းအပေါ် မာမီက နှစ်လိုစွာ ပြုံးနေခဲ့သည်။ သူ့ခေါင်းလေးကို ခပ်ဖွဖွ ဆွဲပွေ့ဖက်ရင်း ရင်ခွင်ထဲမှာ မာမီ ကလေးငယ်တစ်ဦးကို ယုယသလို ဆံနွယ်တွေကို သပ်တင်ပေးနေခဲ့၏။

"ကျေးဇူးတင်ပါတယ် သားရယ်၊ မာမ့်ကို မုန်းမနေခဲ့ဘူးဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မာမီ သားလေး အချစ်ဆိုတာကို ရှုမိုက်စွာ ရှာဖွေတွေ့ရှိပြီး အမှားတွေ့မှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မာမီ့လေသံတွေ နူးညံ့ပျော့ပြောင်းလွန်းသည်။ မာမီ့ရင်ထဲမှာ ဒီလို ယုယနူးညံ့မှုတွေ ရှိမနေခဲ့ဟု ထင်ခဲ့မိတာ မှားပြီလား မသိ။

"စနစ်တကျ ဖန်တီးခဲ့တဲ့ အချစ်တွေတောင် အချိန်မတန်ခင် ခွဲခွာ ရနိုင်ပါတယ်၊ သားကို ဝေဒနာတွေ မခံစားစေချင်ဘူး၊ နာကျင် ထိခိုက်မှု ဘာမှ မဖြစ်စေချင်ဘူး"

နူးညံ့သော အသံနှင့် တည်ငြိမ်စွာ ပြောနေသော မာမီ့ မျက်နှာကို သူ ရင်ခွင်တွင်းမှ မော့ကြည့်မိသည်။ အဆိပ်ပြင်းထန်ခဲ့သည်ဟု ထင်ခဲ့သော မာမီ့မျက်ဝန်းတွေ သိမ်မွေ့ပျော့ပြောင်းနေတာတော့ အသေအချာ ဖြစ်သည်။

"ရာရာကို သား ချစ်ခဲ့တာ ရှုးရှူးမိုက်မိုက် ချစ်ခဲ့တာ မဟုတ်ပါဘူး မာမီ၊ ရာရာတို့ ဘဝလေးကို စိတ်ဝင်စားပြီး လေ့လာဖို့ ကြိုးစားရင်း ရာရာ စိတ်နှလုံးသားလေးကို မြတ်နိုးခုံမင်သွားခဲ့တာပါဗျာ၊ ရာရာက စရိုက်ကြမ်းတမ်းတယ် ထင်ရပေမယ့် ရိုးသားဖြူစင်ပါတယ် မာမီရယ်"

သူ့စကားကို သဘောကျစွာ မာမီ တဟင်းဟင်း ရယ်သည်။ မာမီ့လက်ကလေးတွေက သူ့ နဖူးပြင်လေးကို ပွတ်သပ်နေခဲ့၏။ မာမီနှင့် သူ့ကြားမှာ ပဋိပက္ခတရားတွေ ကင်းစင်ခဲ့ပြီ ထင်သည်။

"မာမီ အားလုံး စုံစမ်းပြီးသားပါ သားရယ်၊ သားရဲ့ ပရိယာယ်တွေကို ယုံစားခဲ့တဲ့ ကောင်မလေးက အရမ်းညံ့လို့ပေါ့လေ၊ ဟုတ်သလား





သား"

"ဟာ မဟုတ်ဘူး မာမီ၊ ရာရာက အရမ်းတော်တာနော်၊ သူ ကျင်လည်တဲ့ ဘဝမှာ ကျွမ်းကျင်နိုင်နင်းတယ်၊ မိသားစုအတွက် ရိုးသားမှု၊ ခွန်အားတွေနဲ့ တာဝန်ယူ စောင့်ရှောက်နိုင်တယ်၊ ကျွန်တော် မသိသေးတဲ့ ဘဝ အတွေ့အကြုံတွေ ရာရာမှာ အများကြီး ရှိနေတာ သေချာတယ်"

မာမီ သူ့စကားတွေကို ပြုံးပြီး နားထောင်နေရာမှ လေးနက်တည်ငြိမ်သွားခဲ့သည်။ ပြီးမှ သူ့ကို တည်ငြိမ်စွာ ကြည့်ရင်း

"သားလည်း အလေ့အကျင့် ရခဲ့ပြီ မဟုတ်လား၊ ဘယ်လိုပုံစံမျိုးနဲ့ သူတို့ မိသားစုလေးကို တာဝန်ယူနိုင်မလဲ သား စဉ်းစားလေ"

"ဗျာ မာ မာမီ ကျွန်တော့်ကို နားလည်ပေးပြီပေါ့နော်"

သား မျက်နှာလေး ဝင်းပကြည်နူးသွားတာ သူမ အထင်အရှားမြင်တွေ့နေရပါသည်။

သူမ ရင်ခွင်ထဲက အသာရုန်းထွက်ကာ သား မျက်နှာလေး တည်ငြိမ်သွားခဲ့၏။ ပြီးမှ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးဟန်နှင့်

"မာမီ ခွင့်ပြုတဲ့ အနေအထားနဲ့ပဲ သူတို့ကို သား စောင့်ရှောက်ခွင့်ရရင် ကျေနပ်နိုင်ပါပြီ မာမီရယ်"

"ကောင်းပြီသား၊ မြန်မာပြည်မှာ သားအတွက် မာမီ ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ အရာတွေအားလုံး သား ပိုင်ဆိုင်ပါတယ်၊ သားရဲ့ ရာရာ အတွက် အသုံးချချင်တယ်ဆိုရင် သား စိတ်ကြိုက် မာမီ ခွင့်ပြုပါတယ်၊ သား စိတ်ကြိုက်လုပ်ပါ''

''ဟို မာ မာမီက''

''မာမီက ပြန်ရမှာပေါ့ သားရယ်''

သူ့အနားမှာ မာမီ ရှိမနေနိုင်သေးတာ သေချာနေပြီဆိုပြန်တော့ ရင်ထဲမှာ စူးခနဲ ခံစားရပြန်သည်။ မာမီ လက်တွေကို ဆုပ်ကိုင်ပြီး သူ့ ရင်ဘတ်မှာ စုအပ်ထားမိ၏။

''သားကို ပေးချင်တာတွေ များနေတဲ့အတွက် မာမီ လိုချင်တာ တွေ အားလုံးကို စွန့်လွှတ်ထားရတယ် သား၊ အလွယ်တကူ ဖျက်ဆီး မရနိုင်တဲ့ ခိုင်ခန့်တဲ့ ကြိုးတွေနဲ့လည်း မာမီ ချည်နှောင်ခံထားရတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီဘဝကို မာမီ ကျေနပ်ပါတယ် သားရယ်''

''မာမီရယ်''

မာမီ့ရဲ့ မေတ္တာတရားတွေအပေါ် ရန်ငြိုးတစ်ခုနှင့် နှိပ်စက်ခြင်း ဟု မာမီ မမြင်စေချင်ပါ။

တကယ်ဆို မာမီ့ရဲ့ မေတ္တာ ရင်ငွေ့ကို သူ့ တစ်ချိန်လုံး တောင့်တ တော်မှတ်ခဲ့ရတာတော့ မာမီ နားလည်စေချင်သည်။

''အခုမှ ဆုံးဖြတ်လိုက်ရတဲ့ ကိစ္စတွေမှ မဟုတ်တဲ့ သားရယ်၊





လူမမယ် သားလေး လူလားမြောက်တဲ့ အချိန်ကျရင် ပြီးပြည့်စုံတဲ့ ဘဝ ရောက်နေစေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မာမီ ရွေးချယ်ခဲ့တဲ့ လမ်းပဲကွယ်၊ မာမီ သားလေးနဲ့ အဝေးဆုံးမှာ ရှိနေခဲ့ရပေမယ့် မာမီ တစ်နေ့မှ မေ့မရခဲ့တာ အမှန်ပဲ သား''

မာမီ့ နှုတ်က အကြိမ်ကြိမ် နှစ်သိမ့်ပြောခဲ့သော စကားတွေ ပေမယ့် ခုချိန်မှာ သူ ခွန်းတုံ့ပြန် အငြင်းမပွားချင်တော့ပါ။

''သားတစ်ခု မေးပါရစေ မာမီ၊ သားအနားမှာ နေပေးပါလို့ မာမီကို ဘယ်တော့မှ တောင်းဆိုခွင့် မရှိတော့ဘူးလားဟင်''

''ဗုဒ္ဓဘာသာ မြန်မာ အမျိုးသမီး တစ်ယောက်ရဲ့ ဂုဏ်သိက္ခာ နဲ့ သစ္စာတရားကို မာမီ စောင့်ထိန်းရမယ် သား၊ ခုချိန်မှာ သူဟာ မာမီရဲ့ ခင်ပွန်း လင်ယောကျ်ားပါ၊ သားဘဝ အနာဂတ်ပြည့်စုံဖို့ သူ မာမီ့ကို အများကြီး ထောက်ပံ့ကူညီခဲ့တယ်၊ မာမီကိုလည်း သစ္စာရှိရှိ မြတ်နိုးတယ်၊ ဒီအတွက် သား အနားမှာ ရှိနေခွင့်ကို မာမီ စွန့်လွှတ်ခဲ့ရ တာလို့ သား နားလည်ပေးပါ သားရယ်''

''မာမီရယ်''

မာမီ့ရဲ့ မျက်ရည်တွေနှင့် ရှိုက်သံတွေကို သူ မကြားရတော့ပါ။ မာမီနဲ့ ဝေးကွာနေခဲ့ရသည့်တိုင် မာမီ့ရဲ့ မေတ္တာတွေ သူ့အပေါ် ကျ တစိုက် ရှိခဲ့တာ မငြင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် နှစ်ကြိမ်လောက် ဖုန်းဆက်သော မာမီ အခွင့်အခါ သင့်ရင် သင့်သလို အနားကို တခဏလေးဖြစ်ဖြစ် အရောက်လာပေးသော မာမီ ဒုက္ခတွေကို သူ စာနာတတ်ပါပြီ။

"မိဘနေရာ ရောက်လာတော့မယ့် သားလေးလည်း တာဝန်ကျေနိုင်အောင် ကြိုးစားပါ၊ မာမီကတော့ မာမ့်ကိုယ် မာမီ သားအပေါ် တာဝန်ကျေခဲ့သလားလို့ မမေးဖြစ်ဘူး သား။ ဘာတွေပဲ ပုံပေးထားထား အတူနေခွင့် မရှိတာလည်း တာဝန်မဲ့ခြင်း တစ်မျိုးပဲ မဟုတ်လား၊ ဒါတွေကို မာမီ နားလည်လိုက်လို့ သားကိုနားလည်မှု ပေးလိုက်တာပါ၊ မာမီ ပုံပေးထားသမျှ စည်းစိမ်ဥစ္စာ အားလုံး သားလေးအတွက်ပါပဲ၊ သား ကြိုက်သလို သုံးပါ၊ မိသားစု ဘဝလေးကို တာဝန်ကျေအောင် သား စွမ်းဆောင်နိုင်မယ်လို့ မာမီ ယုံတယ် သား"

မျက်ရည်တွေကြားက သူ့ကို အကြွင်းမဲ့ ယုံကြည်မှုပေးခဲ့သည့် မာမ့်ကို လေးနက်စွာ ခေါင်းညိတ်ပြလိုက်သည်။

ရင်ထဲမှာ အကြွင်းမဲ့ မပျော်ရွှင်နိုင်တာက မာမီနှင့် ထပ်ဝေးနေကြဦးမှာ သိနေတာကြောင့်ပဲ ဖြစ်သည်။

ဒါပေမဲ့

မာမ့်ရဲ့ မေတ္တာကိုတော့ ဟိုးအရင်ကထက် သူ သိနားလည်နိုင်ခဲ့ပါပြီ။





တကယ်ဆို တစ်ဦးတည်းသော သားအတွက် မာမီ နှလုံးသားမှာ ချစ်ခြင်းတို့ စုပုံနေမည်။ သားအပေါ် ပြည့်ဝစွာ နွေးထွေးခွင့် မရှိသော မိခင်တစ်ဦးရဲ့ သောကတွေလည်း မာမီ ကြိတ်မှိတ် ခံစားနေခဲ့ရမှာ သေချာသည်။

မာမီရယ် မာမီရဲ့ နှလုံးသားကို သားမြင်တတ်ခဲ့ပြီဆိုတာ အကြွင်းမဲ့ ယုံကြည်ပါ။

သားအနားမှာ မာမီ မရှိပေမယ့် မာမ့်ရဲ့ မေတ္တာ အင်အားတွေ ပြည့်ဝကျန်ရစ်ခဲ့မယ်ဆိုတာ

သား နားလည်လိုက်ပါပြီ မာမီရယ်..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"တကယ်ဆို မင်းကောင်မလေး ရာရာ မွေးဖွားဖို့ အချိန်ကနီးကပ်နေပြီ ဝသုန်၊ ဒါပေမဲ့ ရာရာကို သူတို့ ရပ်ကွက်လေးမှာ ရှာမတွေ့တော့တာ အဆိုးဆုံး ကိစ္စကြီးပဲ"

"ဘာ ဘာပြောတယ် ကိုစိုးလွင်၊ ရာရာ မရှိတော့ဘူး ဟုတ်လား။ သေ သေချာရဲ့လားဗျာ"

သူ မယုံနိုင်စွာ အထိတ်တလန့် မေးတော့ ကိုစိုးလွင် ပင့်သက်ရှိုက်ရင်း ခေါင်းကို ဖြေးလေးစွာ ညိတ်သည်။

မင်းစက်ဝသုန် အံကိုတင်းတင်းကြိတ် ခေါင်းကို ခါရမ်းရင်း မယုံနိုင်အောင် ဖြစ်နေမိဆဲ။ သူ့ရှေ့မှောက်မှာ တိတ်ဆိတ်စွာ ရပ်နေဆဲ





ကိုစိုးလွင် ပခုံးတွေကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း

"ရာ ရာရာ ဘယ်ကို ထွက်သွားတာလဲ၊ သူ အဲဒီမှာ မရှိတော့တာ သေချာရဲ့လား။ ကျွန်တော့်ကို အသေအချာ ရှင်းပြစမ်းပါ ကိုစိုးရယ်။ ကျွန်တော် ရင်တွေ ပူလောင်နေပြီဗျ"

"မင်းမာမီကို ငါတို့ အလုပ်ထွက်တော့မယ်လို့ မပြောခင်နေ့ကပဲ ရာရာတို့ ရှိတဲ့ နေရာလေးကို ငါ ရောက်သွားခဲ့တယ် ဝသုန်၊ အမှန်တရားတွေကို သဘောပေါက်အောင် ရှင်းပြချင်လို့ပေါ့ကွာ၊ ဒါပေမဲ့ ငါ နောက်ကျသွားတယ်ကွာ"

"သူ သူတို့မရှိတော့ဘူးလို့ ဘယ်သူ ပြောလိုက်တာလဲ၊ ရာရာတို့အိမ်ဆိုတာကော သေချာရဲ့လားဗျာ"

သွေးရူးသွေးတန်းနှင့် သံသယ မေးခွန်းတွေ ဆင့်ကဲနေသော မင်းစက်ဝသုန်ကို ကိုစိုးလွင် နားလည်စွာ ပင့်သက်ရှိုက်ကြည့်မိ၏။

"သေချာပါတယ် ဝသုန်၊ အိမ်ငှားတွေနဲ့ တွေ့ခဲ့တယ်၊ ရပ်ကွက်ထဲမှာ ရာရာနဲ့ ဆော့ကစားနေကျ ကလေးတွေကလည်း ငါ့ကို ရှိုးရှိုးသားသား ပြောပြကြတယ်၊ မင်းစက်ဆိုတဲ့ လူကို နာကျည်းမုန်းတီးပြီး ရှက်လွန်းလို့ ရှောင်ပြေးသွားကြတာတဲ့၊ မင်းစက်ဆိုတဲ့ ယောကျ်ားနဲ့ ဘယ်တော့မှ မျက်နှာချင်း မဆိုင်ချင်ဘူးလို့ ရာရာ ကြိမ်းဝါးသွားသေးတယ်တဲ့ ဝသုန်"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးလွင် စကားတွေက သူ့ရင်ထဲကို စူးရှ ပြင်းပြစွာ ထိရှစေသည်။ ရာရာ သူ့ကို ခါးသီးစွာ မုန်းတီးသွားခဲ့ပြီပေါ့။

"ဟား လွဲမှားကုန်ပြီဗျာ၊ ဘာဖြစ်လို့ အဲဒီလိုတွေ အထင်လွဲရတာလဲ၊ အချိန်တစ်ခုကို စောင့်ကြည့်ပြီး ရာရာ ကျွန်တော့်ကို မျှော်လင့်နေမယ် ထင်ထားတာဗျာ"

"မင်း ဒီလို အလွယ်မပြောနဲ့ ဝသုန်၊ ပြဿနာ မဖြစ်ခင်ကြို မစဉ်းစားတဲ့ မင်းကြောင့်လို့ပဲ ငါ စွပ်စွဲချင်တယ်၊ တကယ်ဆို မင်း မာမီ ခွင့်ပြုချက်မရှိတာကို လုပ်ခဲ့တာ ပထမအမှားပဲ၊ ပြီးတော့ မင်း မာမီ အမိန့်ကို နာခံခဲ့တာလည်း မှားယွင်းတာပဲ၊ ဖြစ်သင့်တာက ရာရာ ဆီသွားပြီး အခြေအနေတွေကို မင်း ဝန်ခံဖြောင်းဖျသင့်တာ၊ မင်းက ငြင်းတယ်၊ ငါ သွားရှင်းပြမယ်ဆိုတာတောင် မင်း လက်မခံခဲ့ဘူး"

"မဟုတ်ပါဘူးဗျာ မာမီနဲ့ ညှိနှိုင်းပြီး ကျွန်တော်ကိုယ်တိုင် ရာရာကို ရှင်းပြချင်ခဲ့တာပါ"

"ချက်ချင်း မလွယ်ကူတဲ့ကိစ္စကြီးကို မင်း ရွေးချယ်ခဲ့တာကိုး။ တန်ဖိုးရှိတဲ့ အချိန်တွေ ကုန်ဆုံးခဲ့တာကွ၊ အဲဒီ ကာလအတွင်းမှာ မပြည့်စုံတဲ့ သူတွေအတွက် ဘယ်လောက် ဒုက္ခရောက်နေကြမလဲ၊ မင်း ရင်သွေးကို လွယ်ထားရတဲ့ ရာရာခမြာ အရှက်ကော သိက္ခာပါ ကျခဲ့ရမှာ သေချာတယ်၊ မိသားစု ဝမ်းရေးကတစ်ဖက် သောကပူတွေက တစ်ထော





မင်းစဉ်းစားကြည့်ပေါ့"

"ကိုစိုးရယ် ကျွန်တော် ကျွန်တော်"

မင်းစက် ဘာမှ ထပ်မပြောနိုင်ဘဲ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

ဘာကြောင့်များ အရာရာကို သူ မတွက်ဆခဲ့မိတာလဲ။ ကိုစိုးလွင် စကားတွေကို နားမထောင်ခဲ့မိတာလဲ။

နောင်တတွေက အချိန်လွန်ခဲ့ပြီ။ ရာရာအပေါ်မှာ သူ ဥပေက္ခာပြု ရက်စက်ခဲ့သည်ဟု ရာရာ ထင်သွားမှာ မလွဲ။

"တောက် ကျွန်တော် သိပ်မိုက်မဲတဲ့ကောင်"

ကိုယ့်ကိုယ်ကို နာကျည်းဒေါသတွေဖြင့် မင်းစက် လက်သီးတွေ တင်းတင်းဆုပ်ကာ နံရံကို ချိန်ရွယ်တော့ ကိုစိုးလွင် ဖျတ်ခနဲ ဖမ်းစုပ်ထားရင်း

"ပြီးခဲ့တာတွေကို မင်း ဒီလိုရင်ဆိုင်ပေါက်ကွဲလို့ ဘာအကျိုးဆက် ရှိလာမလဲ ဝသုန်ရာ"

"ကျွန် ကျွန်တော်"

"ဘာမှ ထပ်မပြောနဲ့တော့ မင်း ရင်ထဲက ခံစားချက်ကို ငါ နားလည်ပါတယ်ကွာ"

ကိုစိုးလွင်က သူ့လက်ကိုဆွဲကာ ဆိုဖာထိုင်ခုံမှာ ဖြေထိုင်စေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ နံဘေးမှာ ဝင်ထိုင်ရင်း

"အခု မင်းမှာ အခွင့်အရေးတွေ ရနေပြီပဲ ဝသုန်၊ လွတ်လွတ်လပ်လပ် လွမ်းလိုက်ပေါ့၊ အနှောင့်အယှက် အဟန့်အတားမှ မရှိတော့ဘဲကွာ"

"ကျွန်တော့်ကို မလှောင်ပါနဲ့ ကိုစိုးရယ်၊ ကျွန်တော် ထိတ်လန့်နေခဲ့တာ မာမီ့ရဲ့ အတ္တအမုန်းတွေနဲ့ ရာရာရဲ့ မာနတွေ အရင် ခံစားနားလည်စေချင်ခဲ့တာပါ၊ မာမီ့ဆီက နားလည်မှုတွေ ပြန်ရပြန်တော့လည်း ကျွန်တော် ပျော်နိုင်ခဲ့တယ် ထင်သလားဗျာ၊ မျက်ရည်တွေနဲ့ မာမီ ပြန်သွားမှာကို ကျွန်တော် မမြင်ရက်ဘူး ကိုစိုးရယ်"

ရင်ထဲက ခံစားချက်တွေ ဖွင့်အံရင်း မျက်ရည်စတွေ ဝဲတက်လာသော မင်းစက်ဝသုန်ကို ကိုစိုးလွင် ငေးကြည့်နေမိသည်။

တကယ်ဆို မင်းစက်ဝသုန် ရင်ထဲမှာလည်း သောကတွေ ပူလောင်မှုတွေနှင့် မွန်းကြပ်နေခဲ့တာ သူ အသိဆုံး။

"ရာရာကို ပြည့်စုံမှုတွေနဲ့ ကျွန်တော် ထွေးပိုက်ခွင့် ရခဲ့တော့လည်း ရာရာ မရှိတော့ဘူးတဲ့လားဗျာ၊ မေတ္တာတရားနဲ့ ပတ်သက်ရင် မင်းစက်ဝသုန်ဆိုတဲ့ ကောင်က အမြဲတမ်း ကံဆိုးနေခဲ့သူလားဟင်"

အနားမှာ အရိပ်လို စောင့်ရှောက်လာခဲ့ရသော မင်းစက်ဝသုန်၏ ဝေဒနာ အပူတွေကို မြင်ရတော့ ကိုစိုးလွင် စိတ်မကောင်းနိုင်တာ





အမှန်။

အပြစ်တင်ခဲ့မိတာလည်း အားမလို အားမရ စိတ်ကြောင့်သာ ဖြစ်သည်။ ဥပေက္ခာပြုပစ်လောက်အောင် သူနှင့်မင်းစက်ဝသုန် သံယောဇဉ် ကြိုးက ကင်းမဲ့နေတာ မဟုတ်တော့လည်း

"ငါတစ်ခု အကြံပေးမယ် ဝသုန်၊ ဒီပြဿနာကို ကူညီပေးနိုင်မှာလဲ မင်း မာမီပဲ"

"ဗျာ ဘယ်လို"

"မင်း မာမီ အဆက်အနွယ်တွေက စုံစမ်းထောက်လှမ်းမှုမှာ အိတ်စပတ်တွေပဲကွာ၊ အကောင်းဆုံးက ရာရာ ကိစ္စမှာ မင်း မာမီဆီက အကူအညီ တောင်းဆိုကြည့်သင့်တယ်"

ညှိုးမှိုင်းနေသော မင်းစက်ဝသုန် မျက်နှာလေး ချက်ချင်း ဝင်းပကြည်လင်သွားတာ ကလေးလေးအတိုင်း။

နူးညံ့ဖြူစင်သော နှလုံးသားနှင့် အဆမတန်သော ဝန်ပိုးဝေဒနာတွေက မမျှတပါလားဟု ကိုစိုးလွင် တွေးကာ သနားမိသေးသည်။

"ကိုစိုး ပြောတာ ဟုတ်တယ်၊ မာမီက ကျွန်တော်နဲ့ ပတ်သက်နေတဲ့ ရာရာ အကြောင်းကို နိုင်ငံခြားက စုံစမ်း ထောက်လှမ်းနိုင်ခဲ့တာပဲဗျာ၊ အခု ကျွန်တော် ရှင်းပြ တောင်းဆိုရင်လည်း ကူညီပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မှော်လင့်ချက်တွေ ပြန်လည် တောက်ပလာသော မျက်ဝန်းမှာ အပျော်ရိပ်တို့ ရောင်စဉ်ဖြာနေသည်။

ချက်ချင်း ဟန်မဆောင်နိုင်အောင် တက်ကြွလန်းဆန်းသွားသော မင်းစက်ဝသုန်ကို သူ ပြုံးပြုံးကြီး ကြည့်ရင်း

"မင်းမာမီကို ကူညီရင် အဆင်ပြေနိုင်မှာ သေချာတယ်၊ ဒီတော့ မင်းရဲ့ မင်္ဂလာမရှိတဲ့ လဒ မျက်နှာကြီးကို ပြင်ဆင်လိုက်စမ်းကွာ၊ ကျက်သရေ မရှိပါဘူး ဟား ဟား"

"ဟာဗျာ ကိုစိုးကလည်း ထူပူပြီး ဘာမှမစဉ်းစားတတ်အောင် ဖြစ်သွားလို့ပါဗျ"

သူ့လက်မောင်းကို ဖျတ်ခနဲ တွန်းပုတ်ရင်း ရှက်ရွံ့သော မျက်နှာ နီနီမြန်းမြန်းနှင့် မင်းစက်ဝသုန် ရယ်နေသေး၏။

ချစ်ခြင်းမေတ္တာစိတ်က ရင်ထဲက အပူတွေကို ငြိမ်းအေးစေနိုင်တာတော့ အထင်အရှား။

ရာရာနှင့် မင်းစက် ပြန်ဆုံတွေ့လျှင် အမုန်းတရားတွေ ကင်းစင်ငြိမ်းချမ်းပါစေဟု ကိုစိုးလွင် ရင်ထဲက ဆုတောင်းမိ၏။

ဖြူသော နှလုံးသားလေးတွေ ပျော်ရွှင်စွာပဲ ဆုံဆည်းစေချင်တာ ကိုစိုးလွင် ရင်ထဲက အပြင်းပြဆုံး ဆန္ဒ။

ဒါပေမဲ့





ကံကြမ္မာက ဘယ်လိုဖန်တီးဖို့ စီမံထားသည်ဆိုတာကိုတော့ သူ မသိနိုင်သေးပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"သားအတွက်ဆိုရင် မာမီ လုပ်မပေးနိုင်တာ ဘာမှမရှိပါဘူး သားရယ်၊ အဲဒီ အရည်အချင်း အစွမ်းအစတွေ ပိုင်ဆိုင်နိုင်အောင် မာမီ ပေးဆပ်ခဲ့ရတာတွေ အများကြီးကွဲ့ အဟင်း ဟင်း"

မာမီ ပေါ့ပါးစွာ ရယ်လိုက်ပေမယ့် သူ့ရင်ထဲမှာတော့ ခံစားနားလည်နေခဲ့သည်။

"သား နားလည်တတ်ခဲ့ပါပြီ မာမီ၊ အဲဒီအတွက် မာမီကိုလည်း ကျေးဇူးတင်ပါတယ်"

"သားအမိကြားမှာ ကျေးဇူးတင်စရာ လိုသေးသလား သားရဲ့"

မာမီ တုံ့ပြန်စကားကြောင့် သူ ကသောကမျော လက်ကာ တောင်းပန်ရင်း

"ဆောရီး မာမီ သားဆိုလိုတာက မာမီက ခွင့်ပြုလိုက်တာနဲ့





ရသမျှ အခွင့်အရေး တောင်းဆိုတယ် ထင်မှာစိုးလို့ပါ"

"အဟင်း ဟင်း သားကတော့ ပြောပြန်ပြီ၊ သား တောင်းဆိုခဲ့တာ မဟုတ်ပါဘူး၊ မာမီ ကိုယ်တိုင် ကြည်ဖြူစွာ ပေးခဲ့တာ၊ အဲဒါ ဘာလို့လဲ သား သိလား"

"ဘာကြောင့်လဲ မာမီ"

"သား မြတ်နိုးချစ်ခင်တဲ့ မိန်းကလေးနဲ့ သားဘဝလေး နွေးထွေးစေချင်လို့ပဲပေါ့ကွယ်"

မာမီ သူ့ကို ချစ်စနိုး ပြုံးကြည့်ကာ ဆိုသော စကားက အလေးနက်ဆုံး မေတ္တာတစ်ပါးဟု သူသိလိုက်ပါသည်။

သူ တစ်စုံတစ်ခု ပြန်ပြောဖို့ ကြံစည်နေဆဲမှာ မာမီ့ရှေ့ စားပွဲပေါ်က ဟန်းဖုန်းလေးက ထမြည်လာသည်။

"ခဏနော် သား မာမီ ဖုန်းဝင်လာလို့"

ဖုန်းကလေး ဖွင့်နားထောင်ရင်း မာမီ မျက်ခုံးနှစ်ဖက် စုကျုံ့တွန့်ကွေးသွားတာ မင်းစက် သတိထားမိ၏။

မာမီက သူ့မျက်နှာကို တစ်ချက် လှမ်းကြည့်ကာ ဝရန်တာဘက် လျှောက်သွားသည်။

မင်းစက် နားလည်လိုက်ပါသည်။ သူ့ရှေ့မှာ ဖုန်းပြောဖို့ မာမီ မသင့်တော်၍ ရှောင်ထွက်သွားတာဆိုလျှင် ဘယ်သူ့ဆီက ဆက်သွယ်မှု



www.burmeseclassic.com

www.burmeseclassic.com



လဲဟု သူ မှန်းဆတတ်နေပြီ။

ဝရန်တာလေးမှာ မာမီ အတန်ကြာ ဖုန်းပြောဆိုပြီးမှ သူ့ရှေ့မှောက်ကို ပြန်ရောက်လာသည်။

တည်ငြိမ်စွာ ဟန်ဆောင်ထားရင်း သူ့ရှေ့ ထိုင်ခုံမှာ မာမီဝင်ထိုင်တော့ သူ မာမီမျက်နှာအရိပ်အကဲကို အကဲခတ် ကြည့်ရင်း မမျိုသိပ်နိုင်တော့ပါ။

"ဘယ်က ဖုန်းလဲ မာမီ"

"ဩော် ဘာမှအရေးမကြီးဘူး သား၊ သားအတွက် အရေးကြီးတဲ့ကိစ္စ ပြောရအောင်၊ သားရဲ့ မိန်းကလေးနဲ့ ပတ်သက်ပြီး မာမီအကုန်စုံစမ်းသိထားပြီးပြီ"

"ဟင်"

မာမီ စကားလမ်းကြောင်း ပြောင်းလိုက်တာ ဖြစ်ပေမယ့် သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။

"ဘာရယ် မာမီ ဘယ်တုန်းက စုံစမ်းလိုက်တာလဲဟင်"

"သားရယ် မာမီ သားလေးရဲ့ အရေးကိစ္စပဲ၊ မောင်စိုးလွင်မသိခင်ကတည်းက မာမီ အားလုံးသိတယ်၊ ဒါကြောင့် အမြန်ဆုံး စုံစမ်းနိုင်းပြီးသားပါ"

မင်းစက် မာမီကို အထင်မသေးရဲတော့ပါ။ သူ့အတွက် မာမီ





သည် အမြဲတမ်း မျက်စိဖွင့် နားစွင့် ကြိုသိမြင်နေခဲ့သူ တစ်ယောက်ပါပဲလား။

"မာမီကို သား သိပ်ချစ်သွားပြီ မာမီ၊ ရာရာ သတင်းက ဘာတဲ့လဲဟင်"

မာမီ သူ့ကို နားလည်စွာ ပြုံးကြည့်နေရင်း

"အဝေးကြီး မဟုတ်ပါဘူး သားရယ်၊ ရန်ကုန် နယ်နိမိတ်ထဲက ဆင်ခြေဖုံးရပ်ကွက်လေး တစ်ခုမှာပါ၊ သူတို့ မိသားစု ဒုက္ခရောက် ခက်ခဲနေတာတော့ အမှန်ပဲ သား၊ သမီးလေး ရာရာရဲ့ မာနနဲ့ စိတ်ဓာတ်ကိုတော့ မာမီ အံ့သြတယ်၊ တစ်ခုပဲ စိတ်မကောင်းတာက သားကို သူ အမုန်းကြီး မုန်းနေတာပဲ"

ကိုစိုးလွင်ထံမှာ ကြားခဲ့ဖူးပြီး စကားမို့ မထူးဆန်းသည့်တိုင် ရင်ထဲမှာတော့ နင့်ခနဲ ခံစားရသည်။

ရာရာရဲ့ စိတ်ဓာတ်ကို သူ အသိဆုံး၊ ခိုင်မာသော မာနနှင့် ပြင်းထန်သော စိတ်ဓာတ်လေးကို သူ မြတ်နိုးချစ်ခဲ့တာပဲလေ။

"သား ဘာလုပ်သင့်သလဲ မာမီ"

မာမီကိုပဲ အားကိုးယုံကြည်စွာ မင်းစက် မေးမိသည်။ မာမီမျက်ဝန်းတွေ တည်ငြိမ်စွာ အတန်ကြာ ငြိမ်သက်နေပေမယ့် အဖြေတစ်ခုတော့ သူ့အတွက် ရှာပြီး ဖြစ်မှာ ယုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ သားသူနဲ့ ထိပ်တိုက် မတွေ့သင့်သေးဘူး။ ခါးခါးသီးသီး မုန်းနေတဲ့ အမုန်းတွေ ပြေအောင် စောင့်သင့်တယ်၊ သမီးလေးက သားရဲ့ ဘဝမှန်ကို မသိသေးတော့ ချက်ချင်း သိသွားခဲ့ရင် ပိုပြီး ဆိုးသွားမှာ မာမီ စိုးရိမ်တယ်၊ သမီးလေး မာနစိတ်ကို မာမီ အကဲခတ်နိုင်တယ် သား"

မာမီ့ တွက်ဆချက်တွေက မှန်ကန်လွန်းနေတာမို့ မင်းစက် မာမီကို အားကိုးစိတ် ပိုကြီးမားသွားခဲ့သည်။

"အချစ်ကြီးတဲ့ သူတွေက အမုန်းပါ ကြီးတတ်သတဲ့၊ မစိုးရိမ်ပါနဲ့ ဘာဆက်လုပ်ရမလဲဆိုတာ မာမီ စီစဉ်ထားပါတယ်၊ သားက ငြိမ်ငြိမ်လေးပဲ စောင့်ကြည့်"

"သား ဒီအတိုင်း အကြာကြီး စောင့်နေရမှာလား မာမီ"

သူ စိုးရိမ်စွာ မေးတော့ မာမီ နှစ်သိမ့်သလို ပြုံးရင်း သူ့ခေါင်းက ဆံနွယ်တွေကို ပွတ်သပ်ပေးသည်။

"သားရယ်၊ အချိန်တွေ အကြာကြီးတောင် ဥပေက္ခာပြုထားနိုင်ခဲ့သေးတာပဲ၊ ပြေလည်ဖို့အတွက် ခဏလောက်တော့ သည်းခံစောင့်ရမှာပေါ့ကွယ်"

"သား သူ့ကို မချစ်လို့ ဥပေက္ခာပြုခဲ့တာမှ မဟုတ်တာ"

"မာမီ နားလည်ပါတယ် သား၊ မာမီကြောင့် သား ဥပေက္ခာ





ပြုခဲ့တာ၊ အဲဒီအတွက် ဒီလိုဖြစ်ကုန်တာ မာမီ တကယ် စိတ်မကောင်းပါဘူး"

"သားဆိုလိုတာက ဒီသဘော မဟုတ်ပါဘူး မာမီ၊ ဟိုလေ သား ရာရာကို မခွဲနိုင်လို့ပါ"

သူ့မျက်ဝန်းတွေထဲ ငေးစိုက်ကြည့်ရင်း မာမီ နားလည်စွာ ခေါင်းညိတ်နေရင်း

"သား ရင်ထဲကို မာမီ မြင်တယ်၊ ဒါကြောင့် သားဆန္ဒကို မာမီ လက်ခံလိုက်တာပေါ့ကွယ်၊ အဓိကက အလုပ်တစ်ခုလုပ်ရင် တစ်ဖက်သားရဲ့ ပျော့ကွက်ကို သိထားရတယ် သား၊ သားရဲ့ ကောင်မလေးက သားကို တကယ်ချစ်နေတာ ပျော့ကွက်တစ်ခုလေ၊ ဒီတော့ သူ လက်ခံလာအောင် အမုန်းတွေပြေအောင်တော့ သား အချိန်ပေးရလိမ့်မယ်၊ ဒီအတိုင်း ဥပေက္ခာပြုထားမှာ မဟုတ်ဘူး သား၊ သူတို့ အခက်အခဲ ဒုက္ခတွေ ငြိမ်းအောင် သား တစ်ဖက်လှည့်နဲ့ ကူညီပေးရင်း အချိန်တစ်ခု စောင့်ရမှာ"

မာမီက သူ နားလည်အောင် အသေအချာ ရှင်းပြတော့ သူ ကျေနပ်သွားခဲ့သည်။

"မာမီ စကားတွေကို ကျွန်တော် သဘောပေါက်ပြီ၊ မိဘချ ကျွန်တော် နာခံပါ့မယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မာမီ တည်ငြိမ်စွာ ပြုံးရင်း ဖုန်းလေးကို တစ်ချက် လှမ်းကြည့်မှ သူ ဖျတ်ခနဲ သတိပြန်ရသွားတာမို့

"မာမီ စောစောက ဖုန်းလာတာ အန်ကယ်ဆီကလား"

သူ့အမေးကို မာမီ မငြင်းဆိုဘဲ ခေါင်းညိတ်ပြသည်။

"အင်း ဟုတ်တယ် သား"

မာမီ အသံမှာ ဝမ်းနည်းစိတ်နှင့် တုန်ခါနေခဲ့၏။ သူ့ကို နှုတ်ဆက် ခွဲခွာရတော့မည့် အချိန်တိုင်း မာမီ မျက်နှာမှာ ညှိုးရိပ်တွေ ဆင်သွားတတ်တာ သူ အမြဲ ကြုံဖူးသည်။

အခုလည်း မာမီရင်ထဲက ခံစားချက်ကို သိနေသည့် သူ မာမီ့ကို ငေးကြည့်ရင်း ရင်ထဲမှာ လှိုက်ဖိုချင်လာသည်။

မာမီက အပြုံးရိပ်တွေ ဖန်ဆင်းရင်း သူ့အနားကို ရွှေ့ပြောင်း ထိုင်သည်။

"မာမီ ဒီမှာ အချိန်တွေ ဖြုန်းနေတာ အတော်ကြာနေပြီပဲ၊ သားရယ်၊ ဟိုမှာ မာမီကိုယ်ပိုင် လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေကို ပစ်ထားခဲ့ရတာ သား နားလည်မှာပါ"

"မာမီ"

"ပြောလေ သား ဘာပြောမလို့လဲ"

သူ့ပခုံးကို ဆုပ်ကိုင်ထားရင်း မာမီ သူ့မျက်နှာကို မော့ကြည့်





သည်။ မာမီ့မျက်ဝန်းတွေထဲ ရင်ဆိုင်ကြည့်ရင်း

"ရာရာကို သား စွန့်လွှတ်နိုင်မယ်ဆိုရင် မာမီ သားနဲ့အတူ ဒီမှာ နေပေးနိုင်မလားဟင်"

သူ့မေးခွန်းကို မာမီ ချက်ချင်းမဖြေခဲ့ပါ။ သူ့ ပခုံးကိုဆွဲကာ ရင်ခွင်ထဲမှာ ကလေးငယ်တစ်ဦးလို ပွေ့ဖက်ထားရင်း မာမီ ငိုကြွေးသည်။

"ဆောရီး မာမီ မာမီကို သား ခံစားရအောင် ပြောမိသလို ဖြစ်သွားပြီလား ဟင်"

မျက်ရည်စတွေနှင့် မာမီ ခေါင်းကိုခါရမ်းရင်း

"မဖြစ်ပါဘူး သားရယ်၊ မာမီ ရင်ထဲမှာ တင်းကြပ်နေလို့ ဖြေလျှော့ပစ်လိုက်တာပါ၊ သားအပေါ်မှာ မာမီ အနီးကပ်နေပြီး မေတ္တာ အရိပ်မပေးနိုင်ခဲ့ပါဘူး၊ မာမီ မပေးနိုင်သမျှ သမီးလေး ရာရာတို့ မိသားစုက သားကို ပေးစွမ်းနိုင်ခဲ့တယ်၊ ဒါတွေကို သိလိုက်တော့ မာမီ အတ္တတွေကို ခဝါချလို့ သားကို လိုက်လျောခွင့်ပြုခဲ့တာပါ၊ မကြာခင်မှာ မြေးဆိုတဲ့ နှောင်ကြိုးတစ်မျှင် မာမီ့ကို ရစ်နှောင်လာဦးမှာ မာမီ သိတယ်၊ တစ်ချိန်ကျရင် မာမီ သားလေးတို့ မိသားစုနဲ့အတူ လာနေမယ်လို့ ကတိပေးတယ် သား။ သား အန်ကယ်ကလည်း စီးပွားရေးလောက က အနားယူပြီး မာမီ့ဆန္ဒကို လိုက်လျောပြီး မြန်မာပြည်ကို လိုက်ခဲ့မယ်လို့ ကတိပေးထားတယ် သား"



www.burmeseclassic.com

www.burmeseclassic.com



မာမီ နှုတ်က ဝန်ခံကတိစကားကြောင့် သူ့ရင်ထဲမှာ ကြည်နူး ဝမ်းသာသွားခဲ့တာ မဖုံးမဖိနိုင်ခဲ့။

"မာမီ တကယ်ပြောတာလားဟင်၊ အန်ကယ်ကော လိုက်လာခဲ့မှာလား။ ဒါဆိုရင် သား မာမီတို့ကို တစ်လှည့် ပြန်စောင့်ရှောက် ပြုစုခွင့်ရပြီပေါ့နော်"

သူ့ကို မာမီ တင်းတင်းကြပ်ကြပ် ပွေ့ဖက်ရင်း ကျဆင်းနေသည့် မျက်ရည်စတွေက ကြည်နူးဝမ်းသာ မျက်ရည်တွေပဲဟု သူ ယုံပါသည်။

"သားကို မာမီ ဘယ်တုန်းကမှ မညာခဲ့ပါဘူးကွယ်၊ မာမီ ကတိပေးတယ် သား"

မာမီကို သူ အားပါးတရ ဝမ်းသာပွေ့ဖက်ရင်း အထပ်ထပ် အခါခါ နမ်းရှိုက်လိုက်မိသည်။

မာမီ မျက်ရည်တွေ ကင်းစင်လို့ အပြုံးရိပ်တွေ အရိပ်ထင်လာတဲ့အထိ။

■ ■ ■



## အခန်း (၂၇)

"သမီး ပြန်လာပြီလား"

အိမ်တံခါး အပြင်ဘက်က လှေကားပေါ်ကို ရာရာ လှမ်းတက်ရုံပဲ ရှိသေးသည် အမေ့ရဲ့ လှမ်းမေးသံကို ကြားရ၏။

"ဟုတ်တယ် အမေ၊ သမီးကို မျှော်နေတာလား။ စိတ်မပူပါနဲ့ အမေရဲ့၊ ဒီနေ့ ရောင်းကောင်းနေလို့ နည်းနည်း နောက်ကျသွားတာပါ"

စေ့ထားသော တံခါးကို ရာရာ ကိုယ်တိုင် တွန်းဖွင့်ဝင်ရင်း ပြောတော့ အမေ ငေးကြည့်နေရှာသည်။

ကွမ်းယာဘမ်းကို ထရံမှာ မှီထောင်၊ ဆွဲခြင်းကို အသာတင်ပြီးမှ ဘုရားစင်လေးရှေ့မှာ ထိုင်နေသော အမေ့အနားကို ရာရာ လျှောက်ခဲ့ရ၏။

www.burmeseclassic.com



"သိပ်နေဝင် မိုးချုပ်ကြီးအထိ မရောင်းပါနဲ့ သမီးရယ်၊ မပေါ့မပါးကြီးနဲ့ အမေ စိတ်မချဘူး"

အမေ့ နံဘေးမှာ ဝင်ထိုင်တော့ ရာရာ ဝမ်းဗိုက်ကလေးကို လှမ်းစမ်းရင်း အမေ ဆိုသည်။

"အမေကလည်း စိုးရိမ်လိုက်တာ ဘာမှမဖြစ်ပါဘူး၊ အရမ်းနောက်ကျတာမှ မဟုတ်တာ၊ မောင်လေးတောင် ပြန်မရောက်သေးဘူးလေ"

"အင်း အမေက စိုးရိမ်လို့ပါကွယ်၊ ကဲ ကဲ ရေအမြန်ချိုးလိုက်နော် သမီး၊ ချက်ချင်း လောင်းမချိုးလိုက်နဲ့ဦး၊ အထဲက ကလေးလန့်သွားတတ်တယ်"

"ဟုတ်ကဲ့ အမေ တမှတ်နှစ်မှတ်ပဲ ချိုးမှာပါ၊ အမေ ထိုင်ဦးနော်၊ မောင်လေး လာမှ ထမင်းစားကြတာပေါ့ သမီး အမေ စားဖို့ ဆီချက် ခေါက်ဆွဲ ဝယ်လာတယ်"

"ဟင်းတွေ ရှိရက်နဲ့ သမီးရယ်"

"ဟာ အမေကလည်း စားစေချင်လို့ တစ်ခါတလေ ဝယ်လာတာကို၊ ကဲ ကဲ သမီး ရေချိုးဦးမယ်"

စကားဖြတ်ပြီး အဝတ်အစား လဲဖို့ အခန်းထဲ ဝင်ခဲ့၏။

အမေက ညနေတိုင်း သူမ ဈေးသိမ်းအပြန်ကို ထိုင်မျှော်တတ်





သည်။ အချိန်နာရီကို အမေ မမြင် မကြည့်နိုင်ပေမယ့် အမေ့ စိတ်က နည်းနည်းလေး နောက်ကျတာကို အလိုလို သိနေတာ အံ့သြစရာ ကောင်းသည်။

ဒါကြောင့်လည်း ရာရာ မိုးချုပ်သည်အထိ မရောင်းဖြစ်ပါ။ အမေ စိတ်ပူနေမှာလည်း စိုးသည်။

တစ်ခါတစ်ရံ နောက်ကျနေလျှင် ပွဲရုံအလုပ်က ပြန်ရောက်လာသော မောင်လေးက ပင်ပင်ပန်းပန်း လာကြိုတတ်တာမို့ စောစောပဲ သိမ်းဖြစ်သည်။

မောင်လေးကိုလည်း ဒုက္ခမပိုစေချင်။ နှစ်ယောက်ဝင်ငွေနှင့် မောင်လေး ပညာရေး ဆက်ဖို့ ရည်ရွယ်ထားသည့်တိုင် တွေးကြည့်လျှင် ရင်မောစရာ ကောင်းသည်။

မကြာခင် မွေးဖွားလာမည့် ရာရာ ကလေးအတွက် မီးဖွားစရိတ်က ကုန်ဦးမည်။

မွေးဖွားပြီးတော့လည်း ရာရာ ချက်ချင်း ဈေးရောင်းလို့ ရဦးမှာ မဟုတ်။ ကလေးတစ်ဖက်နှင့် ဆက်ရှင်သန်ရမည့် အနာဂတ်က မတွေးရဲပါ။

မောင်လေးရဲ့ ပညာရေးအတွက် ဆိုသည့် စိတ်ကူးသည် အိပ်မက်ဆန်လွန်းနေမှန်း ရာရာ သိလာတော့ ကြိုတ်ငိုမိတာလည်း ညစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖိပဲ။

"သမီး မြန်မြန်ချိုးလေ"

အမေ့ သတိပေးသံ ကြားမှ အတွေးက ပြတ်ကာ ရေစည်မှာ တသောကမျောလေး ရေချိုးသည်။

ရေချိုးပြီးတော့ မဖြစ်မနေ ဝတ်ထားရသော ဝိုက်ဖုံးအင်္ကျီ နှစ်ထည်မှ တစ်ထည်ကို ဆွဲယူဝတ်ဆင်လိုက်သည်။

အခန်းခြေရင်းမှာ ပစ်ထားသော ကျောက်ပျဉ်မှာ သနပ်ခါး မလိမ်းဖြစ်တာ ကြာခဲ့ပြီ။

"အမေရေ အမေ မမ မမ"

အော်သံနှင့်အတူ အိမ်ပေါ် ပြေးတက်လာသော မောင်လေး ကြောင့် ရာရာ ရင်ထဲ ထိတ်ခနဲ ဖြစ်ကာ အခန်းထဲက ခပ်သုတ်သုတ် ထွက်ခဲ့သည်။

"ဘာ ဘာဖြစ်လာတာလဲ သားရယ်"

"မောင်လေး ဘာဖြစ်တာလဲ လန့်လိုက်တာဟယ်"

"ဆောရီး မမရေ အပျော်လွန်သွားလို့ဗျ၊ အမေလည်း ကန် တော့နော်၊ ပြောပြချင်စိတ် ကြီးသွားလို့ဗျ"

မောင်လေး မျက်နှာက ရွှင်မြူးပျော်ရွှင်နေတာမို့ ရာရာ စိတ် တော့ အေးသွားမိသည်။





"ပြောစမ်းပါဦး ဘာဖြစ်လာတာလဲ မောင်လေးရဲ့"

"ပြောမယ် ပြောမယ် ဒီလို မမရေ အခု ကျွန်တော် အလုပ် လုပ်နေတဲ့ ပွဲရုံမှာ အလုပ်သမားတွေကို မေးမြန်းပြီး လူစာရင်း ကောက် တယ်၊ ဘယ်မှာ နေတာလဲ၊ မိသားစုချင်းကအစ စားဝတ်နေရေး လူမှုရေး အခြေအနေအားလုံး မေးတာ၊ ကျွန်တော်ကလည်း အားလုံး အမှန် အတိုင်း ပြောပြတာပေါ့"

"ဟဲ့ ဘာအတွက် မေးတာလဲ"

"ဟာ မမကလည်း ဆုံးအောင် နားထောင်ဦးလေ၊ အဲဒီ မေးတဲ့ အဖွဲ့က လူမှုရေး အကျိုးဆောင် အဖွဲ့ကတဲ့ဗျ။ ဥပမိရုပ်ကောင်းကောင်း လူကြီးက ကျွန်တော့်ကို သီးသန့်ခေါ်တွေ့ပြီး ငါ့ညီ မင်းရဲ့ မိသားစုကို ထောက်ပံ့ပေးဖို့ အစ်ကိုတို့ ဆုံးဖြတ်ရွေးချယ်လိုက်တယ်တဲ့"

"ဘာရယ် မောင်လေး"

ရာရာ နားမလည်နိုင်တာမို့ ထပ်မေးမိသလို အမေကလည်း နားစွင့်နေရင်းက

"ဟုတ်ပါတယ် သားငယ်ရယ်၊ ဘာတွေထောက်ပံ့တာလဲ ရွေး ချယ်တာတွေကော ရှုပ်နေတာပဲကွယ်"

"အမေ နားလည်အောင် ပြောပြမယ်၊ လူမှုရေး အကျိုးဆောင် အဖွဲ့ဆိုတာ ငွေကြေး ပြည့်စုံတဲ့ သူတွေက ချို့တဲ့နွမ်းပါးတဲ့ မိသားစုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ထောက်ပံ့ဒါနပြုတဲ့ အဖွဲ့လေး၊ အခု သားရဲ့မိသားစု အခြေအနေကို သူတို့ သိလိုက်တော့ အလုပ်သမားတွေထဲက သားကို ကူညီဖို့ ရွေးလိုက်တာပဲ၊ သား ဆေးကျောင်းတက်ခွင့်ရပေမယ့် မတတ်နိုင် ဖြစ်နေတာကို ပညာသင်စရိတ် ထောက်ပံ့မယ်တဲ့"

"ဟယ် တကယ် တကယ်လား မောင်လေး"

"တကယ်ပေါ့ မမရဲ့၊ အမေရဲ့ မျက်စိအတွက်လည်း သူတို့ အဖွဲ့က အလင်းရအောင် ကုသပေးမယ်လို့ ပြောလိုက်တယ်ဗျ"

"ဟယ်"

ရာရာ မယုံနိုင်အောင် အံ့သြ ဝမ်းသာလွန်းတာမို့ ပါးစပ်အဟောင်းသားလေး ဖြစ်နေသည်။ အမေက

"အမေ့အတွက် မလိုပါဘူး သားရယ်၊ သားအတွက် တကယ် ပညာသင်စရိတ် ထောက်ပံ့ရင် အမေ သာဓုခေါ်မဆုံးပါဘူးကွယ်"

"သားအတွက်ကော အမေ့အတွက်ပါ ကူညီမယ်လို့ သားကို ပြောလိုက်တယ် အမေရဲ့၊ အမေကော မမပါ ယုံစမ်းပါ"

မောင်လေး ကောင်းစံ ဝမ်းသာအားရ ပြောနေပေမယ့် ရာရာ မယုံမရဲ ဖြစ်နေဆဲ။

"သေချာရဲ့လား မောင်လေးရယ်"

"ဟာ မမကလည်း ဒါ နောက်စရာမှ မဟုတ်တာ၊ ဒီတစ်ပတ်





အတွင်းမှာ သူတို့အဖွဲ့က ကိုစိုးလွင်ဆိုတဲ့ အစ်ကိုကြီး အိမ်ရောက်လာလိမ့်မယ် စောင့်ကြည့်"

မောင်လေး အသေအချာ ပြောနေတော့ ရာရာ ဝမ်းသာသွားရသည်။ ကံကြမ္မာက ရာရာတို့ ဒုက္ခတွေကို မမြင်ရက်တော့တာ ကြောင့် စောင်မ ကယ်တင်လိုက်တာ ထင်ပါရဲ့။

"မမ အရမ်းဝမ်းသာတယ် မောင်လေးရယ်၊ အဲဒီ ကိစ္စအတွက် မမ ညတိုင်းတွေးပြီး ဝမ်းနည်းနေတာ၊ သူတို့က မောင်လေး ပညာသင်စရိတ်ကို ဘယ်လောက်ထိ ကူညီကြမှာလဲဟင်"

"ကျွန်တော် ဆရာဝန်ကြီးဖြစ်တဲ့အထိ တာဝန်ယူ ကူညီပေးမှာတဲ့၊ အဲဒီအတွက် ဘာမှတုံ့ပြန်စရာ မလိုဘူး၊ သူတို့က မေတ္တာ စေတနာနဲ့ ထောက်ပံ့ကြမှာ၊ အမေ့ မျက်စိလည်း ကုသပေးဦးမှာဆိုတော့ ကျွန်တော် အရမ်း ဝမ်းသာနေတာ မမရဲ့"

"မမရဲ့ ရင်သွေးလေး မွေးပြီးတဲ့အထိပဲ ကူညီပေးရင်တောင် ကျေနပ်ပါတယ်ကွယ်၊ မမ ဈေးပြန်ရောင်းနိုင်ရင် မောင်လေးအတွက် တာဝန်ယူနိုင်တယ်၊ အမေနဲ့ ကလေးကို ထားခဲ့နိုင်မှတော့ ပြီးပြီပေါ့"

ရာရာ ရင်ထဲက အင်အားသစ်တွေနှင့် တက်ကြွစွာ ပြောမိတော့ မောင်လေးက ငေးစိုက်ကြည့်ရင်း

"မမရာကို ကျွန်တော် အရမ်း သနားတယ်၊ တကယ်ဆို မမ



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ဒီအလုပ်တွေ မလုပ်သင့်ဘူး၊ မမရဲ့ ရင်သွေးလေးကိုပဲ ဂရုစိုက်ရမှာ''

''မွေးဖွားဖို့က လိုပါသေးတယ် မောင်လေးရဲ့''

''မဟုတ်ဘူးလေ အနေအထိုင် အစားအသောက်က အစ မမရာ ဂရုမစိုက်နိုင်ဘူး၊ ခုချိန်ထိ ဘယ်အိုဂျီနဲ့မှ မအပ်နိုင်ဘူး၊ အားဆေးတွေလည်း ပုံမှန် မစားဘူး၊ အာဟာရ ဖြစ်တဲ့အစာဆိုဝေးရော၊ အဲဒါတွေကို တွေးမိတိုင်း ကျွန်တော် စိတ်မကောင်းဘူး''

မောင်လေး ရင်ထဲက ခံစားချက်တွေကို ကြားရတော့ ရာရာ ရင်ထဲမှာ မကောင်းပါ။ ဒါပေမဲ့ ပေါ့ပါးစွာ ဟန်ဆောင်ရယ်မောပစ်လိုက်ရင်း

''အဟင်း ဟင်း နှင် စိုးရိမ်နေလို့ပါဟဲ့၊ ငါ ကိုယ့်ငါ ဂရုမစိုက်ဘဲ နေပါ့မလား''

''အဲဒီလို ပေါ့ပေါ့မပြောနဲ့ သမီး၊ ယောကျ်ားဖောင်စီး မိန်းမ မီးနေ ဆိုတဲ့ ဆိုရိုးက အလကား မဟုတ်ဘူးကွဲ့၊ သမီးက ရင်သွေးလေး အသက်ကိုပါ လွယ်ပိုးထားရတာ မမေ့နဲ့''

အမေက ရာရာကို ဝင်ဆုံးမနေတော့ ရာရာ ငြိမ်သက်နေလိုက်သည်။ တကယ်ဆို ဝမ်းရေးနှင့်စီးပွားရေးအတွက် ရုန်းကန်ရင်း ရာရာ အရာရာကို ဥပေက္ခာပြုထားခဲ့တာ အမှန်။





''ဝမ်းရေးအတွက် ရုန်းကန်နေရတာ မှန်ပေမယ့် သမီး ရင်သွေးလေးကို ပြန်ဂရုစိုက်ပါ သမီးရယ်၊ အမှန်ပြောရရင် အမေ့ သမီး အခုလို ရှာကျွေးနေတာ အမေ မျိုမကျဘူး''

''အို အမေကလည်း သမီး စိတ်မကောင်းအောင် မပြောပါနဲ့ အမေ့ကို ပြုစုကျွေးမွေးရတဲ့ ကုသိုလ်နဲ့ သမီး ဒုက္ခမရောက်ဘူးဆိုတာ ယုံတယ်''

ရာရာပြောတော့ မောင်လေးကပါ ခေါင်းညိတ်ထောက်ခံရင်း မျက်ရည်ဝဲနေသော အမေ့ကို နှစ်သိမ့်၏။

''ဟုတ်တယ် အမေ၊ မမရာ ပြောတာ မှန်တယ်ဗျ၊ အခုဝဲ ကြည့်လေ သားတို့ မိသားစုကို ကယ်တင်မယ့်သူ ပေါ်လာပြီဗျ၊ အမေလည်း အလင်းရမယ်၊ သားလည်း ကျောင်းဆက်တက်နိုင်မယ်၊ မမ အတွက်လည်း မပူနဲ့ စုဆောင်းထားတဲ့ ငွေက မမရာအတွက် မွေးစရိတ်ပေါ့၊ စိတ်ချ ကျွန်တော် ပညာတတ်ကြီး ဖြစ်ရင် အမေနဲ့မမကို ပြည့်စုံအောင် ထားပါ့မယ်''

''ဟဲ့ ငါ့ဗိုက်ထဲက ကလေးမပါဘူးလား မောင်လေးရဲ့''

ရယ်ရယ်မောမောနှင့် ရာရာ နောက်သလို ပြောတော့ မောင်လေး တဟားဟား ရယ်ရင်း

''ကျွန်တော့် တူ တူမလေးပဲဗျာ၊ စိတ်ချ အဲဒီကလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လို ပညာတတ်ကြီး ဖြစ်စေရမယ်''

''အင်း သာဓု သာဓု သာဓုပါ သားရယ်''

ဝမ်းသာမျက်ရည်လေး ဝဲကာ အမေ မောင်လေးရဲ့စိတ်ထား ဖြူစင်မှုကို သာဓုခေါ်သည်။

ရာရာ ရင်ထဲမှာလည်း ကြည်နူးခြင်းတွေနှင့် မိသားစု ဘဝလေး အတွက် သောကပူတွေ ဝေးလွင့်ခဲ့ရ၏။

ထိုညက ရာရာ အိပ်မပျော်နိုင်ဘဲ အတွေးတွေ ချာလည်နေ ခဲ့၏။ မောင်လေးအတွက် အမေ့အတွက် ဝမ်းသာပျော်ရွှင်မိတာကော

ရာရာ ဝမ်းထဲက ရင်သွေးအတွက်ပါ ပါသည်။

အတွေးတို့ ရစ်ဖွဲ့မိတော့ အာရုံထဲ ဝင်လာတာ မင်းစက် ပိုရိုပ်။

ရာရာ ဘဝမှာ နှလုံးသားက မြတ်နိုးစွာ ချစ်ခဲ့သော အချစ်ဦး ဆိုတာ မင်းစက် တစ်ယောက်သာ။

ဒါပေမဲ့

ရက်စက်စွာ ဥပေက္ခာပြု ရှောင်တိမ်းသွားခဲ့မည်ဟု မထင်ခဲ့ပါ။ အချစ်ကို မိုက်မဲစွာ ကိုးကွယ်မိတာ အပြစ်တစ်ခုပဲလား။

မင်းစက်ရယ်

ရှင်သိပ်ရက်စက်လွန်းခဲ့တာက နှလုံးသားကို ဒဏ်ရာတွေနဲ့





အကျည်းတန်စေခဲ့ပြီ ထင်ရဲ့။

သစ္စာမဲ့စွာ ရှောင်ပြေးခဲ့ရင်တောင် ကျန်ရစ်ခဲ့မယ့် ရင်သွေး လေးကိုတော့ ထောက်ထားသင့်ပါတယ်။

ရာရာတို့ဘဝက ဆင်းရဲမပြည့်စုံခြင်းတွေကို ရှင် မခံနိုင်တော့ တာပဲလား မင်းစက်။

တကယ်ဆို ငွေကြေး မပြည့်စုံပေမယ့် ပြည့်စုံတဲ့ မေတ္တာအရိပ် တွေနဲ့ ရှင့်ကို အားလုံး နွေးထွေးချစ်ခင်ခဲ့ကြတာ နားလည်သင့်တယ်။

အခုတော့

ရှင့်ကို ကျွန်မ မုန်းတယ် မင်းစက်။

ချစ်မိတဲ့ နှလုံးသားက ဖြူစင်တဲ့ ချစ်ခြင်းနဲ့ မထိုက်တန်တဲ့ ယောက်ျားတစ်ယောက်အတွက် နာကျည်းစိတ်တွေက ကျွန်မနှလုံးသား ထဲ ပြည့်နှက်နေတာ သေချာတယ်။

နောင်ဘဝဆိုတာ ရှိခဲ့ရင်တောင် ရှင့်ကိုကျွန်မ ခွင့်မလွှတ်နိုင်ဘူး မင်းစက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"လာ အစ်ကို ထိုင်ပါ၊ ဒါ ကျွန်တော်တို့ ငှားနေတဲ့ အိမ်လေး ပါ။ မမကတော့ ဈေးရောင်းသွားနေတယ် ခင်ဗျ၊ အမေကတော့ အစ်ကို ကို တွေ့ချင်လွန်းလို့ မျှော်နေတာဗျ"

မောင်ကောင်းစံက ညှော်ခန်းကျဉ်းကျဉ်းလေးမှာ ခင်းထားသော သင်ဖြူးဖျာလေးမှာ သူ့ကို ထိုင်ခိုင်းပြီး အိမ်ခန်းလေးထဲ ခပ်သုတ်သုတ် ဝင်သွားသည်။

အရင်နေထိုင်ခဲ့သော အိမ်ကလေးထက် ကျဉ်းမြောင်းပိတ် လှောင်နေသော အိမ်ကလေးကို ကိုစိုးလွင် ဝေ့ဝဲအကဲခတ်ကြည့်မိသည်။

သည်အခြေအနေတွေ ဖြစ်တည်ခဲ့ရတာ မင်းစက်ဝသုန်ရဲ့ အကျိုးဆက်ကြောင့်ဟု ရာရာ သတ်မှတ်ထားမှာ မလွဲ။





သူ ထိုင်နေတုန်းမှာ မောင်ကောင်းစံ အမေဖြစ်သူကို တွဲခေါ် လာတာမို့ သူပါ ထရပ်ပြီး တွဲခေါ်မိ၏။

"ရတယ် အစ်ကို အားနာစရာဗျာ"

"မဟုတ်တာကွာ ဘာမှအားမနာပါနဲ့ ညီလေးရ"

မောင်ကောင်းစံက သူ့ကို အားတုံ့အားနာ ဖြစ်နေသည်။ မျက်မမြင် အမေကြီးက သူ့ကိုမမြင်နိုင်ပေမယ့် မျှော်ကြည့်ရင်း

"သား ပြောပြထားလို့ အမေသာစုခေါ် ကျေးဇူးတင်နေတာကွဲ့ ထိုင် ထိုင်ပါ သားရေ တစ်ခုခုစီစဉ်လေကွယ်"

"ဟာ ဖြစ်နေ နေ ရတယ် မောင်ကောင်းစံ ဘာမှမစီစဉ်နဲ့ အစ်ကို ဘာမှမသောက်တော့ဘူး မင်းလည်းထိုင်ပါဦးကွ"

သူ့အတွက်တစ်ခုခုပြေးဝယ်ဖို့ လုပ်နေသော မောင်ကောင်းစံကို သူလက်ဆွဲထိုင်ခိုင်းရင်း

"မင်းရဲ့ ကျောင်းကိစ္စကော အမေရဲ့ မျက်စိကိစ္စပါအားလုံး အဆင်ပြေတယ် မောင်ကောင်းစံ အားလုံး ထောက်ခံချက်နဲ့ အလှူရှင် [illegible] လက်မလျှော့တယ်"

"ဟာ ဝမ်းသာလိုက်တာ"

မောင်ကောင်းစံ ဝမ်းသာစွာရေရွတ်နေတုန်းမှာပဲ ခြံရှေ့ကိုထိုး စိုက်လာသောဆိုက်ကားပေါ်မှာ ရာရာ မျက်နှာရှုံ့မဲ့လို့ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မမ ဘာဖြစ်တာလဲ"

"အ ကျွတ် ကျွတ် ဗိုက်နာလို့မောင်လေးရဲ့ အ အမေကော"

မောင်ကောင်းစံ ဇာသောကမျော ဆင်းသွားရင်း ရာရာကို တွဲကာအိမ်ပေါ်တတ်လာသည်။

ကိုစိုးလွင် အခြေအနေကို အကဲခတ်ကြည့်ရင်း ငြိမ်သက်နေစဉ်မှာပဲ ဒေါ်အေးရိပ် စိုးရိမ်ပူပန်စွာနှင့်

"သမီး ဝမ်းနာနေပြီလား မွေးတော့မယ်ထင်တယ် ဒါကြောင့် ဈေးမရောင်းပါနဲ့တော့လို့ အမေ ပြောနေတာကို"

"အင်း အ နာလိုက်တာ ကျွတ် ကျွတ်"

ရာရာ မျက်နှာလေး ရှုံ့မဲ့ညည်းညူတော့ ဒေါ်အေးရိပ် မမြင်မစမ်းနှင့် ပျာယာခတ်လျက်

"ဟဲ့ သား ကောင်းစံ ဆေးရုံပို့မှ ဖြစ်မယ်"

"ဟင့်အင်း သမီး လက်သည်နဲ့မွေးမှာ အ ကျွတ် ကျွတ် အိမ်မှာပဲ မွေးမယ် အမေ၊ အ ကျွတ် ကျွတ်"

ဝေဒနာကြားက ရာရာ အံကလေးတင်းကာ ပြောသည်။ ဒေါ်အေးရိပ် အထိတ်တလန့် ခေါင်းခါငြင်းရင်း

"ဘယ်ဖြစ်မှာလဲ သမီး မွေးမှာ သားဦးလေ၊ ဆေးရုံမှာပဲ မွေးသင့်တယ်"





"ဒေါ်ဒေါ် ပြောတာ မှန်တယ်၊ ညီမ ဆေးရုံသွားသင့်တယ်"

ကိုစိုးလွင် မနေနိုင်တော့ဘဲ ဝင်ပြောတော့ ရာရာ ခေါင်းကို ခါရမ်းရင်း

"ဟင့်အင်း ဆေးရုံမှာ အကုန်အကျ များတယ်၊ အ အီး နာ လိုက်တာ အမေ အင်း အင်း အင်း"

ဝေဒနာကို မခံရပ်နိုင်တာကြောင့်လား။ အားအင်ကုန်ခမ်းသွား တာကြောင့်လား မသိ။ ရာရာ ဖူးကလေး ညွတ်ကျသွားတော့ မောင် ကောင်းစံ ထွေးပွေ့ထားလိုက်ရ၏။

ကိုစိုးလွင် အခြေအနေကို စိုးရိမ်ပူပန်သွားရပြီမို့

"မောင်ကောင်းစံ မင်းအစ်မကို ကားပေါ်ပွေ့တင်တော့ အစ်ကို တို့ အခုပဲ ဆေးရုံသွားကြမယ်၊ ဘာမှမပူနဲ့ အစ်ကို အားလုံး တာဝန်ယူ တယ်"

"ဟုတ် ဟုတ်ကဲ့ အစ်ကို"

ကိုစိုးလွင် ဆုံးဖြတ်ချက်ကို သတိလစ်မေ့မျောမတတ် ဖြစ်နေ သော ရာရာ ငြင်းဆန်ခွင့် မရှိပါ။

မိနစ်ပိုင်းအတွင်းမှာ ကားလေးက ဆေးရုံဘက်သို့ ဦးတည်မောင်း ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ရာရာ ဆေးရုံတင်ထားရတယ် ဝသုန်"

"ဗျာ"

ကိုစိုးလွင်ဆီမှ သတင်းစကားကြောင့် သူ့ခေါင်းတွေ ထူပူသွားကာ ထိုင်ခုံမှ ငေါက်ခနဲ ထရပ်မိရင်း

"ရာရာ ဆေးရုံရောက်နေပြီ ဟုတ်လား သူ သူ"

"မင်း ခဏလောက် အဲဒီထိုင်ခုံမှာ တည်တည်ငြိမ်ငြိမ်လေး ထိုင်ပါ ဝသုန်၊ မင်း သိချင်တာတွေ ငါ အားလုံးရှင်းပြပါ့မယ်၊ တစ်ချိန်လုံး ရင်မောပူပန်နေရတဲ့ ငါ့ကို မေးခွန်းတွေ ဖြတ်မမေးနဲ့ကွာ၊ ငါ တောင်းပန်တယ်"

ကိုစိုးလွင် အသွင်က [illegible]ပန်းနေတာ သူ အကဲခတ်မိသည်





မို့ ခေါင်းညိတ်ပြီး ဆိုဖာမှာ ပြန်ထိုင်လိုက်သည်။

ရင်ထဲမှာတော့ လှုပ်ခတ်တုန်ယင်စွာဖြင့် ကိုစိုးလွင် စကားတွေကို အငမ်းမရ နားစွင့်နေမိသဲ။

"တို့စီစဉ်ထားတဲ့ ရာရာ မောင်လေးနဲ့ သူ့အမေကိစ္စကို သွားဆွေးနွေးရင်း ရာရာ ဈေးရောင်းရင်း မိုက်နာပြီး အိမ်ရောက်လာတာ၊ ဆင်းရဲပင်ပန်းတဲ့ ဒဏ်နဲ့ အားဆေးတွေကို လုံလောက်စွာ မသောက်ထားရတော့ ရာရာ ခံစားနေရတဲ့ ဝေဒနာက မြင်ရက်စရာ မရှိဘူးကွာ"

မင်းစက် ရင်ထဲမှာ နင့်ခနဲ နာကျင်ခံစားလိုက်ရသည်။ ရာရာတို့ အခြေအနေက သည်မျှအထိ ဆိုးရွားနေခဲ့သလား။

သူ ဥပေက္ခာပြုခဲ့သော နေ့ရက်တွေအတွက် နောင်တတွေက ရှုးရှုးနစ်နစ် ဝင်လာခဲ့ရပြန်၏။

"ငွေကြေးကုန်ကျမှာစိုးလို့ ရာရာက အိမ်မှာပဲ ဖြစ်အောင် မွေးမယ် ပြောရင်း သတိလစ်သွားတယ်"

"ဗျာ ရာရာ သတိလစ်သွားတယ် ဟုတ်လား"

သူ အထိတ်တလန့် မေးမိတော့ ကိုစိုးလွင် လက်ကာပြရင်း

"ငါ ချက်ချင်း ဆေးရုံကို ပို့လိုက်ပါပြီ ဝသုန်"

"ရာရာ အခြေအနေ ဘယ်လိုလဲ စိုးရိမ်ရသလား ကျွန်တော် လိုက်သွားသင့်သလား ဟင် ကိုစိုး"

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်နှင့် သူ့မေးခွန်းတွေ တရစပ် ပွင့်ထွက်သွားခဲ့သည်။ ကိုစိုးလွင် မောဟိုက်စွာ ပင့်သက်ကြီးရှိုက်ရင်း

"မင်းသိချင်တာတွေ ငါပြောပြပါ့မယ်၊ မေးခွန်းတွေ အကုန် ငါ ဖြေဖို့ထက် မင်း ပုံစံက ပိုရင်မောတယ် ဝသုန်"

"ကျွန်တော် ရင်ထဲမှာ ပူလောင်နေလို့ပါ ကိုစိုးရယ်"

ကိုစိုးလွင် သူ့ကို စာနာနားလည်စွာ ခေါင်းညိတ်သည်။

"အေး နားလည်တယ် မင်းလိုပဲ ငါလည်း တစ်ချိန်လုံး ရင်တွေ ပူနေခဲ့တာပါပဲ"

"ကျွန်တော် ယုံပါတယ်ဗျာ၊ ကျေးဇူးတင်ပါတယ် ကိုစိုး"

"အဲဒါ အရေးမကြီးပါဘူး၊ အဲ အရေးကြီးတာ ရာရာကို ခွဲစိတ်မွေးဖွားရတော့ ဖခင်ဖြစ်သူရဲ့ ခွင့်ပြုချက် လက်မှတ်ထိုးရတယ်"

"ဟင်"

"ထုံးစံအတိုင်း မင်း လက်မှတ်ကို ငါ အမြဲတပ ထိုးပေးရတဲ့ သူဆိုတော့ မခက်ပါဘူး။ ဒါပေမဲ့ ဒါ ကမ္ဘာ့ကြီးကိစ္စမှ မဟုတ်တာ၊ အန္တရာယ် ရှိတဲ့ကိစ္စ၊ ထားပါတော့ကွာ ရာရာကို အောင်မြင်စွာပဲ မွေးဖွားပေးနိုင်ခဲ့ကြတယ်"

ကိုစိုးလွင် စကားက သူ့ရင်ထဲက အပူလုံးကြီးကို ပြေလျော့သွားစေသည်။





"ရာရာ မင်းအတွက် သမီးလေး မွေးနိုင်တယ် ဝသုန်"

"ဗျာ သမီးလေး ကျွန်တော့် သမီးလေးလား၊ ကျွန်တော် မြင်ချင်လိုက်တာ ကိုစိုးရာ"

မင်းစက် အားရဝမ်းသာ ဆိုမိတော့ ကိုစိုး ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းရင်း

"မဖြစ်နိုင်သေးတဲ့ကိစ္စဆိုတာ သေချာတယ် ဝသုန်"

"ဗျာ ဘာဖြစ်လို့လဲ ကိုစိုး"

"ရာရာရဲ့ အမုန်းတွေကြောင့်ပေါ့၊ ရာရာ မသိအောင် ဆေးရုံမှာ ဖခင် အမည်မှန် တပ်ခဲ့တဲ့ကိစ္စအတွက် ပြဿနာတွေ ဖြစ်လာခဲ့ရင် မလွယ်ဘူး၊ ဒါကြောင့် ငါ့ဘက်က ဒေါ်အေးရိပ်နဲ့ မောင်ကောင်းစံကို ဖွင့်ပြောပြခဲ့တယ်"

"ဗျာ ကိုစိုး ဖွင့်ပြောလိုက်ပြီ"

မင်းစက် အထိတ်တလန့် ရေရွတ်တော့ ကိုစိုးလွင် တည်ငြိမ်စွာ ခေါင်းညိတ်ဝန်ခံသည်။

"ပြဿနာတွေ မရှုပ်ထွေးခင် ရှင်းသင့်တယ်လေ၊ အဲဒီအတွက် မပူပါနဲ့ ဒေါ်အေးရိပ်နဲ့ မောင်လေး ကောင်းစံက ငါရှင်းပြလိုက်လို့ မင်းကို နားလည်ခွင့်လွှတ်နိုင်ကြတယ်"

"ရာ ရာရာ ကကော"



www.burmeseclassic.com

www.burmeseclassic.com



"သွေးနုသားနုနဲ့ ဘယ်လို အသိပေးလို့ရမှာလဲ ပြီးတော့ ရာရာ အမေကော မောင်ဖြစ်သူကပါ ရာရာ သိလို့ မဖြစ်ဘူးလို့ ငါ့ကို အကြံ ပေးတယ်၊ ရာရာက မင်းကို အငတ် စိတ်နာနေပုံပဲ"

မင်းစက် ရင်ထဲမှာ ဝမ်းနည်းနာကျင်သွားရသည်။ သူ့အပေါ် ရာရာ နာကျည်းစိတ်နာနေသည်တဲ့လား။

အမှန်ကို ဝန်ခံခွင့် မပြုတော့ဘူးတဲ့လား။ သူ့ ရင်သွေးလေး အတွက် ရာရာ နားလည်ခံစားမပေးတော့ပြီလား။

"ရာရာ နားလည်အောင် ကျွန်တော် ရှင်းပြခွင့်ရချင်တယ် ကိုစိုးရယ်"

"အခုချိန်မှာ ဘယ်လိုမှ မဖြစ်နိုင်ဘူး မင်းစက်ဝသုန်၊ အမှန် တရားတွေကို သိသွားရင် ရာရာ ပိုပေါက်ကွဲမှာ၊ မင်းပိုင်ဆိုင်တဲ့ ငွေတွေ နဲ့အနိုင်ယူတယ် ထင်မှာ သေချာတယ်"

"ကျွန်တော် ဘာလုပ်ရမလဲဗျာ"

"အကောင်းဆုံးဟာ ဒီအတိုင်း နေဦး ဝသုန်၊ ရာရာ အမေနဲ့ မောင်ဖိုးလေးကတော့ ရာရာလောက် စိတ်ခါတ်မပြင်းထန်ဘူး၊ မင်းကို ခွင့်လွှတ်နိုင်တယ်၊ အခု မင်းရဲ့စေတနာကို လက်ခံပြီး မောင်ကောင်းစံ ကျောင်းဆက်တက်ဖို့နဲ့ ဒေါ်အေးရိပ်ကို မျက်စိကုသဖို့လည်း အဆင်ပြေ တယ်"





ကိုစိုးလွင် စကားကြောင့် မင်းစက် ဝမ်းသာမိသည်။ တကယ်ဆို ရာရာတို့ ဒုက္ခတွေ အားလုံးကို သူ ကယ်တင်ကူညီချင်ခဲ့တာ ဟိုးအရင် ကတည်းက ဖြစ်သည်။

မာမီကို မလွန်ဆန်နိုင်တာကြောင့် အချိန်တစ်ခုကို စောင့်ခဲ့တာ ရာရာ အမုန်းတွေ ပိုင်ဆိုင်နေရပြီ။

"ဒီကိစ္စတွေကို ရာရာ မသိအောင် လျှို့ဝှက်ထားမှ ဖြစ်လိမ့်မယ် ဝသုန်၊ သူ သိသွားရင် အမုန်းတရားက ဒီထက်ကြီးထွားလာမှာ ငါ သိနေတယ်၊ မင်းနဲ့ အဝေးဆုံးကို သူ ထွက်သွားမှာပဲ ငါ စိုးရိမ်တယ်"

ရင်ထဲမှာ ကြေကွဲစိတ်ကြောင့် သူ့ ယောကျ်ားတန်မဲ့ မျက်ရည် တွေ ရစ်ဝိုင်းလာပြန်သည်။

ဘဝမှာ တစ်ယောက်တည်းကိုပဲ မြတ်နိုးချစ်ခဲ့သည်။ ရာရာရဲ့ အပြုအမူ၊ စိတ်ခါတ်လေးကို သူ တန်ဖိုးထား တွယ်မက်ခဲ့သည်။

အခုတော့ ရာရာရဲ့ အမုန်းဆုံး လူသားဖြစ်နေခဲ့ပြီ။

ရာရာရယ် ရင်ထဲက နှလုံးသားကို မြင်သိအောင် ခွဲထုတ်ပြ လိုက်ချင်တယ်။

မင်းစက်ဝသုန် ဆိုတဲ့ကောင်ရဲ့ နှလုံးသားမှာ တစ်သက်တာ အရိပ်ထင်နေမယ့် ပုံရိပ်ရှင်က မင်းတစ်ယောက်ပါပဲ။

ဒါကို မင်း မမြင်မသိနိုင်ဘဲ မုန်းတီးနေခဲ့လေတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် မင်းစက်ဝသုန် ဆိုတဲ့ကောင် ကျိန်စာသင့်နေခဲ့သလား။

■ ■ ■



## အခန်း (၃၀)

"ဟား မီးမီးလေးက တစ်တုံးတစ်ခဲကြီး ချစ်စရာကောင်းလိုက်တာနော်၊ အသားအရေတွေ နူတ်ခမ်းလေးတွေ၊ ပါးရဲတာလေးတွေက မမနဲ့တူပြီး မျက်လုံး မျက်ခုံးက အစ်ကိုမင်းစက်နဲ့ တူတယ်နော် မမ"

"မောင်လေး"

စူးခနဲ အော်ကာ မောင်လေးလက်ထဲမှ သမီးလေးကို ရာရာ စွေကနဲ ပွေ့ယူလိုက်သည်။

"အဲဒီလူရဲ့ နာမည် ငါ့ရှေ့မှာ ဘယ်တော့မှ မပြောမိစေနဲ့ ဒါ နောက်ဆုံး ဖြစ်ပါစေ"

မောင်လေးက ရာရာ့ဒေါသ မျက်ဝန်းတွေကို ရင်ဆိုင်ကြည့်ရင်း

"မမကလည်းဗျာ မီးမီးလေးရဲ့ အဖေပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးနော် မပြောနဲ့လို့ ငါ ပြောထားတာ၊ နင် နားမလည်ဘူးလား။ ဒီသမီးလေးကို ငါဘာသာ လွယ်ပိုးပြီး ဒုက္ခခံမွေးခဲ့ရတာ၊ သူ့ သမီး ဘယ်တော့မှ မဖြစ်စေရဘူး သိလား"

မင်းစက်နှင့် ပတ်သက်လာတိုင်း ရာရာက စကားထဲ ထည့်ပြောတာတောင် မကြိုက်ဖြစ်နေတာကို မောင်ကောင်းစံ မြေသိမ့်ချင်တာမို့

"မမဗျာ တယူသန် အရမ်းပြောတာပဲ၊ မမ မမွေးနိုင် မဖွားနိုင် ဒုက္ခအရမ်းရောက်လို့"

"ဟဲ့ သားငယ်၊ ကိုယ့်မမကို ဘာတွေ ခံပြောနေတာလဲ၊ သူ ဘယ်လိုပစ်ထားထား ကယ်တင်မယ့်သူတော့ ပေါ်လာသေးတာပဲ ဘာမှ ပြောမနေကြနဲ့ကွယ်"

မျက်စိခွဲစိတ်ပြီးစ မျက်မှန်နက် တပ်ထားရသော အမေ ရောက်လာပြီး လှမ်းတား၏။

ပိတ်ပင် တားဆီးလိုက်သည့် အမေ့အသံတွေ အဖျားခတ်သွားတာ ရာရာ မသိနိုင်ပေမယ့် သူကတော့ နားလည်ပါသည်။

"ကဲ ကဲ သားငယ်၊ ရပ်ကွက်ရုံးမှာ မွေးစာရင်း လူတိုးစာရင်း သွားလုပ်ရမယ် မဟုတ်လား၊ ဆေးရုံက ပေးလိုက်တဲ့ မွေးစာရင်း လက်မှတ် အမေ့ အင်္ကျီအိတ်ထဲမှာ ထည့်ထားတယ်၊ ယူသွားပြီး လုပ်





လိုက်ဦး သွား သွား"

အမေက သူ့ကို တမင်တကာ စကားဝိုင်းထဲက ပထုတ်နေတာ သဘောပေါက်ပါသည်။

မောင်ကောင်းစံ အိမ်ခန်းတွင်း ပြေးဝင်သွားပြီး ခဏအကြာ ခပ်သုတ်သုတ် ပြန်ထွက်လာ၏။

ရာရာတို့ကို မကြည့်ဘဲ ဆင်းပြေးသွားပေမယ့် အိမ်ခြံ အရောက် ပြုံးပြုံးကြီး ဝင်လာသော ကိုစိုးလွင်နှင့် သွားဆုံသည်။

"ဟာ အစ်ကို လာ လာ အမေရေ၊ အစ်ကိုစိုးလွင် လာတယ်၊ ဧည့်ခံထားလိုက်ပါဦး၊ ကျွန်တော် မြန်မြန်ပြန်လာခဲ့ပါ့မယ်"

ပြောပြောဆိုဆို ပြေးထွက်သွားသော မောင်ကောင်းစံကို ကိုစိုးလွင် လည့်ပြန်ကြည့်ပြီးမှ အိမ်ပေါ်တက်လာခဲ့သည်။

"လာ ထိုင်ဦးသား၊ အမေ ရေနွေးခရား သွားယူလိုက်ဦးမယ်၊ သားတို့ စေတနာကြောင့် အမေ့မျက်စိတွေ ပြန်မြင်ပြီး လုပ်နိုင်ကိုင်နိုင် ဖြစ်နေတာကို ကျေးဇူးတင်ပါတယ် သားရယ်"

အမေက ဝမ်းသာအားရ ဆိုနေတော့ ကိုစိုးလွင် သင်ဖြူးဖျာလေးမှာ ဝင်ထိုင်ရင်း

"ဩော် ဟုတ်ကဲ့ ရပါတယ် အဒေါ်ရယ်"

နှီးဆာလို့ တအဲ့အဲ့ဖြစ်နေသော သမီးလေးကို တပ်ဖက်လှည့်



www.burmeseclassic.com

www.burmeseclassic.com



နှိုက်တိုက်ကျွေးရင်း ရာရာ သူ့အမေသွားရာကို ငေးကြည့် ပြုံးနေသည်။

အမေ့ရဲ့ ဘဝလေး အလင်းရခဲ့တာ ရာရာ ဝမ်းသာမဆုံး။

"ဘယ်လောက် ကြိုးစားကြိုးစား မဖြစ်နိုင်တော့ဘူးလို့ ထင်ထားခဲ့သမျှ အစ်ကိုတို့ လူမှုကယ်ဆယ်ရေး အသင်းကြောင့် မျှော်လင့်ချက်တွေ ပြည့်ဝခဲ့ရပြီ၊ ကျေးဇူးတင်ပါတယ် အစ်ကိုစိုးလွင်ရယ်၊ အမေ အရမ်း ပျော်နေရှာတာ"

ရင်ထဲက လှိုက်လှဲသော ကြည်နူးစိတ်နှင့် ရာရာ ဆိုမိခြင်းပါ။

ကိုစိုးလွင်က နွေးထွေးစွာ ပြုံးရင်း

"ရာရာတို့ ကျန်းမာပျော်ရွှင်နေတာ မြင်ရတာနဲ့ အစ်ကိုတို့ ကျေနပ်ပါပြီ၊ ကျေးဇူးတင်စရာ မလိုပါဘူး ရာရာရယ်"

"ဘယ့်နှယ် မလိုရမှာလဲ လိုတာပေါ့ သားရယ်"

ရေနွေးဗန်းလေး ချကာ ပြောရင်း ရာရာကို ဒေါ်အေးရိပ် မျက်လုံးဝေ့ကြည့်လိုက်သေးသည်။

"တစ်ဦးတစ်ယောက်ရဲ့ အကူအညီ ခံရတယ်ဆိုတာ နည်းတဲ့ ကျေးဇူးလား၊ အဒေါ်လည်း မျက်စိပြန်မြင်ရပြီ၊ သားငယ်လည်း ဆေးကျောင်းတက်ရတော့မယ်၊ ဒီကြားထဲ သမီးကြီး အသက်မှ ရှင်ပါ့မလားစိတ်ပူနေတုန်း ကယ်တင်ခဲ့ရသေးတယ် မဟုတ်လား၊ ဆပ်မကုန် ဖြည့်ဆည်းမကုန်တဲ့ ကျေးဇူးတရားတွေပါ သားရယ်"





နင့်နင့်နဲနဲ ဒေါ်အေးရိပ် စကားတွေကို ရာရာကလည်း ခေါင်းညိတ် ထောက်ခံရင်း

"ဟုတ်ပါတယ် အစ်ကို ဒါနဲ့ အစ်ကိုတို့ အစီအစဉ်ထဲမှာ မီးဖွားဖို့ကိစ္စ ကူညီဖို့ မပါဘူးထင်တယ်၊ အစ်ကိုတို့ အဖွဲ့အစည်းကို စာရင်းတင်ဖို့ အဆင်ပြေရဲ့လား။ မဟုတ်ရင် ရာရာအတွက် ကုန်ကျစရိတ်တွေ ဖြည်းဖြည်းချင်း ဆပ်သွားပါရစေနော်"

ရာရာ စကားကြောင့် ကိုစိုးလွင် အကြောက်အကန် လက်ကာတားရင်း

"ဟား မဟုတ်တာ ရတယ် အဆင်ပြေတယ် ရာရာ၊ လူမှုကယ်ဆယ်ရေး အသင်းပါဆိုနေမှ ဘယ်လို ဒုက္ခဖြစ်ဖြစ် ကူညီရမှာပေါ့၊ ခုလည်း ရာရာတို့ သားအမိ နေကောင်းရဲ့လား ဘာလိုအပ်တာ ရှိသေးလဲ လာမေးတာပါ"

ဒေါ်အေးရိပ် ငှဲ့ပေးထားသော ရေနွေးခွက်ကို ကိုင်ထားရင်း ကိုစိုးလွင် မျက်လုံးတွေက မလုံမလဲ။

ရာရာက အိပ်ပျော်နေသော သမီးလေးကို ပုခက်ထဲ ပြောင်းသိပ်ရင်း

"ကျေးဇူးတွေ ထပ်တင်နေရလိမ့်မယ် အစ်ကို၊ ဒီလောက်နဲ့တင် ပြည့်စုံနေပါပြီ၊ သိပ်မကြာခင် ရာရာ အလုပ်ပြန်လုပ်နိုင်တော့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဝေနဲ့ မောင်လေးအတွက် ပူစရာ မလိုတော့တဲ့အတွက် သမီးလေး အတွက် ရာရာ ရှန်းကန်နိုင်ပါတယ်"

သည်မိန်းကလေးရဲ့ မာနစိတ်ကိုတော့ ကိုစိုးလွင် လေးစား ချီးကျူးစွာ ခေါင်းညိတ်မိသည်။

"ရာရာတို့ အရင်နေခဲ့တဲ့ အိမ်မှာ ပြန်မနေတော့ဘူးလားဟင်"

"ရှင်"

အံ့သြသွားတဲ့ ရာရာကို ဣန္ဒြေရရ ပြန်ရှင်းပြနိုင်ဖို့ ကိုစိုးလွင် ဟန်မပျက် ရင်းနှီးစွာ ပြုံးပြရင်း

"ဟို ဒီလိုပါ ကျွန်တော်တို့ အသင်းအဖွဲ့အနေနဲ့ လူတစ်ယောက် ကို ကူညီတော့မယ်ဆိုရင် သူ့ရဲ့ ဇစ်မြစ်ပါ လိုက်ပြီး စုံစမ်းရတယ်လေ။ အဲဒါကြောင့် ရာရာတို့ ဘယ်မှာနေခဲ့တယ်ဆိုတာ သိနေတာပါ"

သူ့စကားကို ယုံကြည်သွားဟန်ဖြင့် ရာရာ ခေါင်းကလေး ညိတ်ရင်း

"ဪ ဒီလိုလား။ အဲဒီအိမ်ကို လချုပ်နဲ့ပဲ ငှားထားတာပါ။ ပြန်နေမယ်ဆို နေလို့ရပါတယ်၊ မနေချင်သေးတာက"

ရာရာက ပြောလက်စ စကားကို ရပ်တန့်ထားသည်။

နာကျည်းစရာတွေ ရှိခဲ့လို့လားဟု ကိုစိုးလွင် နှုတ်က လွှတ်ခနဲ မထွက်ခင် ရာရာ နှုတ်ခမ်းလေးကို ခပ်တင်းတင်း ဖိကိုက်၍ ဆက်ပြော





သည်။

"မနေချင်စရာ မနေရဲစရာ အကြောင်းတွေ ရှိခဲ့လို့ပါ အစ်ကို။ ဖွင့်ပြောပြရင် ထည့်မပြောချင်တဲ့ အမည်နာမတစ်ခု ပါလာမှာစိုးလို့ ကျွန်မကို နားလည်ပေးပါ။ အစစအရာရာ ကူညီခဲ့တာတွေအတွက် အစ်ကို တို့အားလုံးကို ကျေးဇူးတင်ပါတယ်"

ဝသုန်ကို သည်လောက်ထိ နာကျည်းနေသတဲ့လား ရာရာ။ အမှန်တရားတွေကို ကိုစိုးလွင် ရှင်းပြချင်မိသည်။ ဒါပေမဲ့

"အင်း ရပါတယ်ကွာ ကဲ အစ်ကိုကို ခွင့်ပြုပါဦး၊ ဒေါ်ဒေါ် ကျွန်တော် ပြန်ဦးမယ် ခင်ဗျ"

"အေး အေး မောင်စိုးလွင်"

အပြန်လမ်းမှာ ရာရာရဲ့ မျက်ဝန်းတွေထဲမှာ နိုင်ကျည်နေသော အမုန်းတွေအတွက် သူ ပင့်သက်မောကို ရှိုက်မိ၏။

မင်းအတွက် မလွယ်ပါလား ဝသုန်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"အဲ အဲ အူဝဲ အူဝဲ"

ရှုံ့ရှုံ့ဝါးဝါး အော်ငိုလိုက်သော သမီးလေးကို ရာရာ ပခက်ထဲမှ ပွေ့ချီရင်း

"အို အို တိတ်ပါ သမီးရယ် ကျွတ် ကျွတ် ချိုချို စို့မယ်နော် သမီးလေး"

အကျီလေးကို လှန်ကာ နို့တိုက်ကျွေးလိုက်သည်နှင့် ပါးချိုင့်လေးတွေပေါ်အောင် တပြွတ်ပြွတ် စို့ရင်း သမီးလေး မှိန်းမောသွား၏။

ရဲတွတ်နေသော သမီးရဲ့ ပါးမို့မို့လေးတွေကို အသာရှိုက် နမ်းပြီး မျက်ခုံးနှင့်မျက်လုံးလေးတွေဆီ ကြည့်မိစဉ်မှာ လူက တွန့်ခနဲ ဖြစ်သွားသည်။

မင်းစက်ဆိုတဲ့ လူနဲ့တူနေတာ အမှန်ပဲလေ။





ဒါပေမဲ့ အသာအယာပဲ ခပ်ဖွဖွ နမ်းမွှေးမိသည်။

ရာရာ ဝမ်းနဲ့လွယ်၍ မွေးခဲ့ရတဲ့ သမီးလေးပဲ။

ရာရာ့ရင်ထဲက နာကျည်းစိတ်တွေ အမုန်းတရားတွေ ကွယ်ပျောက်သွားစေသည်။

ခက်ခဲစွာ မွေးယူခဲ့ရသော သမီးလေး မျက်နှာကို မြင်လိုက်ရသည့် အချိန်မှာ သူနဲ့ပတ်သက်ခဲ့သမျှ အာဃာတတွေ ခဏတာ မေ့ထားချင်သည်။

သမီးလေးအပေါ် ထားရှိသည့် မေတ္တာတရားက ကြီးမားလွန်းပါ၏။

အမေ့ရဲ့ မေတ္တာစိတ်ကို ရာရာ ပိုနားလည်အောင် သမီးလေးက သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။

"ကျွန်မ ရှင့်ကို မုန်းပေမယ့် သမီးလေးကို ချစ်တယ် မင်းစက်"

နှုတ်ဖျားက တိုးတိုးလေး ရေရွတ်မိသည်။

သမီးလေး အိပ်ပျော် မပျော်စမ်းဖို့ နို့ကို အသာအယာ ချွတ်လိုက်သည်နှင့် ပြွတ်ခနဲ လွတ်ပြီး သမီးလေး အိပ်မောကျသွားပြီ။

"သမီးလေး ခဏအိပ်နေဦးနော်၊ မေမေ သမီးလေးရဲ့ ရှူးရှူးဝတ်တွေ သွားလျှော်လိုက်ဦးမယ်"

သမီးလေး အရှိန်ရမှ ပွေ့ပိုက်လှဲသိပ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ သမီးလေး သေးစိုအနှီးဝတ်တွေကို လိုက်စုစည်းရသည်။

အမေ့မျက်လုံး ကောင်းပြီဆိုတော့ အမေက ကူညီချင်ပေမယ့် အမေ့ကို မခိုင်းရက်။

အလှေ့အကျင့် မရှိသေးခင်မှာ ရေနွေးကြမ်း တစ်အိုးနှင့်ပဲ သက်တောင့်သက်သာ နေခိုင်းချင်သည်။

ထင်းရှူးသေတ္တာနှင့် ထရံကြားက အနှီးတစ်ထည်ကို ဆွဲယူလိုက်တော့ စာရွက်ခေါက်လေးတစ်ရွက် ထွက်ကျလာ၏။

အရေးတယူမဟုတ်ဘဲ ဖွင့်ဖတ်ကြည့်မိသည်။

"ဟင် ဒါ သမီးရဲ့ မွေးစာရင်း ဟိုလူ့ရဲ့ လက်မှတ် ဖခင်အမည် မင်းစက်ဝသုန် တဲ့၊ ဘုရား ဘုရား ဒါဆို"

မျက်လုံးအစုံ ပြူးကျယ်သွား၍ အသံထွက် ရေရွတ်မိအောင် အံ့ဩထိတ်လန့်သွားသည်။

မင်းစက်ရဲ့ နောက်မှာ ဝသုန်ဆိုတဲ့ နာမည် ကပ်လျက်ပါလာတာ တစ်ခုသာ။

ရပ်ကွက်ရုံးမှာ လက်မှတ်ထိုး လက်ထပ်စဉ် မြင်တွေ့ဖူးသောသူ့ရဲ့ လက်မှတ်က အထင်အရှားပင်။

ဒါက ဘယ်လိုဖြစ်ရတာလဲ။ အနှီးဝတ်ကို လွှတ်ချပြီး စာရွက်ကလေးကို ကိုင်ထားမိသော လက်တွေက တဆတ်ဆတ်။





ရေးရေးတွေးကြည့်မှ ဖြည်းဖြည်းပေါ်လာသော ကူညီမှုများ။

ရိုးသားမှုပါလို့ ယုံကြည်ရန် ခက်ခဲသော လိုက်လျောနွေးထွေးမှုများ။

ဘာပဲဖြစ်ဖြစ် သူမရဲ့ ဒေါသကြောင့် ခွဲစိတ်ပြီးစ အမေ့မျက်ဝန်းက မျက်ရည်တွေ မကျစေချင်ပါ။ ဒါပေမဲ့လည်း

အမေနှင့်မောင်လေး သိနေသည်လားဆိုသော အတွေးက စိတ်ထဲ တိုးဝင်လာသည်။

အိမ်ရှေ့ခန်းမှာ ရှိနေသော အမေ့ဆီကို ခြေလှမ်းတွေ ဦးတည်ခဲ့မိ၏။

"အမေ သမီးလေး နိုးလာရင် ခဏလောက် ဂရုစိုက်ထားပေးပါ ရာရာ အပြင်သွားစရာရှိလို့"

"ဟဲ့ သမီးကြီး သွေးနုသားနုပဲ ရှိသေးတယ်၊ ဘယ်သွားမလို့လဲကွယ်"

"ခဏလေးပါ အမေ"

အမေ့ရဲ့ စိုးရိမ်စကားကို ဥပေက္ခာပြု၍ စာရွက်ကလေးကို ကျစ်ကျစ်ဆုပ်ကာ ရာရာ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်ခဲ့သည်။

သမီးလေးကို မွေးခဲ့စဉ်က ခွဲမွေးခဲ့ရတာမို့ မင်းစက်ရဲ့ လက်မှတ်နှင့် လိပ်စာတော့ ရှိနိုင်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတွေ ရက်ရောစွာ ပေးနေသော ကိုစိုးလွင် ဆိုသည့် ပုဂ္ဂိုလ်ကို စောင့်မေးလျှင် သိနိုင်ပေမယ့် ရာရာ့စိတ်က တစ်မိနစ်လေး တောင် မအောင့်နိုင်ပါ။

တာဝန်မဲ့စွာ ထွက်သွားခဲ့ပြီးမှ ဘာကြောင့် ပြန်ဆက်ချင်နေရ တာလဲ။

သူမ မသိလိုက်တဲ့ အချိန်မှာ ဘာတွေဖြစ်ပျက်ကုန်သလဲ မတွေး တတ်တော့။

ခြေလှမ်းတိုင်းမှာ ပြင်းထန်သော စည်းချက်ညီ ရင်ခုန်သံက တဒုတ်ဒုတ်။

ကျွန်မ ဘဝထဲက ရှင် အပြီးအပိုင် ထွက်မသွားသေးဘူးလား မင်းစက်။

■ ■ ■



## အခန်း (၃၂)

"ဘယ်သူနဲ့များ တွေ့ချင်လို့လဲ မိန်းကလေး"

မေးလာသည့် ခြံစောင့်ကြီးစကားက ညင်သာ သိမ်မွေ့ပေမယ့် လည်း ချုပ်ထိန်းထားရသော ရာရာ ဒေါသတွေက ရှန်းကြွနေခဲ့တော့

"မင်းစက်"

"ဘယ်လိုကွယ့်"

တင်းမာသော မျက်နှာထားနှင့် ခပ်ပြတ်ပြတ် အဖြေကြောင့် ခြံစောင့်ကြီး အံ့အားသင့်နေသည်။

ရာရာ မျက်နှာမှာ နာကျည်းရှုံ့ရှာမှုတွေ ပြည့်သိပ်လျက်

"မင်းစက်ဝသုန် ဆိုတာ ဒီအိမ်မှာ ရှိသလား။ ကျွန်မ သူနဲ့ တွေ့ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြင့် လွှမ်းမိုးထားသော အသံက လိုသည်ထက် ပိုမို ကျယ်လောင်သွားသည်။

"ဘာဖြစ်နေတာလဲ ဦးဖိုးသိန်း"

ကားရေဆေးနေသော တစ်ယောက် ရောက်လာပြီး မေးပြန်သည်။

စိတ်မရှည်စွာဖြင့် ရာရာ သော့ခလောက်တွေကို တဖျောင်းဖျောင်း ရိုက်ချပစ်လိုက်၏။

ဦးဖိုးသိန်းက သူမကိုတစ်လှည့် လာမေးသူကို တစ်လှည့်ကြည့်ရင်း

"လူလေး မင်းစက်ဝသုန်နဲ့ တွေ့ချင်လို့တဲ့ကွယ်"

"နာမည်မေးလိုက်လေ ချိန်းထားတဲ့ ကိစ္စ ရှိသလားလည်း မေးမှပေါ့"

မင်းစက်ကို တွေ့နိုင်ဖို့အတွက် သည်မျှအထိ မေးခွန်းတွေ စိစစ်နေတာကို ရာရာ ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိတော့။

"ဒီမယ် မင်းစက်ဝသုန်ဆိုတဲ့လူကို ကျွန်မ အမြန်ဆုံး တွေ့ချင်နေတယ်၊ ရာရာ ဆိုတဲ့ မိန်းမ ရောက်နေတယ်လို့သာ ပြောလိုက်ပါ"

"ဗျာ ရာရာ ဟုတ်လား"

ဒရိုင်ဘာ ကိုသောင်းအေးနှင့် ခြံစောင့် မာလီ ဦးဖိုးသိန်းတို့





တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိ၏။ ပြီးမှ ဦးဖိုးသိန်း ဝင်းပသွားသော မျက်နှာနှင့် ခြံတံခါးဖွင့်ကာ

"လာပါ ကလေးမ လာပါ၊ ဦးလေး နောက်က လိုက်ခဲ့ပါ"

ဦးဖိုးသိန်း ဦးဆောင်ရာသို့ ရာရာ ခပ်သုတ်သုတ် လိုက်လာခဲ့၏။

ကြီးကျယ်ခမ်းနားလွန်းလှတဲ့ ဧည့်ခန်းကြီးရဲ့ အသွင်အပြင်က ရာရာကို မဖမ်းစားနိုင်ပါ။

"ဧည့်ခန်းထဲမှာ ခဏစောင့်နေပါကွယ် ဆရာလေး သူ့အခန်းထဲမှာ စာရင်းတွေ လုပ်နေလို့ပါ ဦးလေး သွားခေါ်ပေးပါ့မယ်"

ထွက်ခွာသွားသည့် ဦးဖိုးသိန်း ကျောပြင်ကို အဓိပ္ပါယ်မဲ့ ငေးမောရင်း ရာရာ အတွေးတွေ ယောက်ယက်ခတ် နေသည်။

ရာရာ နာမည်ကို ကြားလိုက်ရုံနှင့် ရင်းနှီးနေသလို ချက်ခြင်းကြီး ပြောင်းလဲသွားသော ထိုလူနှစ်ယောက်ကြောင့် အံ့ဩမိ၏။

မင်းစက်ဝသုန်ဆိုတာ သူမနှင့် ပတ်သက်ခဲ့သော မင်းစက်ဆိုတဲ့ ယောကျ်ားပဲ ဖြစ်နေမှာ သေချာနေသလိုပါပဲ။

ဒါပေမဲ့ ယခု မြင်တွေ့နေရသည့် အဆောင်အယောင် အခင်းအနားတွေက မင်းစက်နှင့် ဘာမှမသက်ဆိုင်သလို ခြားနားနေပြန်သည်။

အိစက်ညက်ညောသော ဆိုဖာခုံကြီးပေါ်မှာ ထိုင်ရင်း လုပ



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားသော လှေကားထစ်တွေဆီ ငေးမောကြည့်မိ၏။

မင်းစက် မှဟုတ်ပါစေနဲ့လို့ ဆုတောင်းနေမိတာတော့ ဘာကြောင့်မှန်းမသိ။

ဟင့်အင်း ရှင် ရာရာကို ဒီလောက်အထိ မလိမ်ညာ မလှည့်စားသင့်ဘူး မင်းစက်ရယ်။

■ ■ ■

"ကျွန်တော် ပြောတာ တကယ်ပါ အစ်ကိုလေး၊ ရာရာဆိုတဲ့ အစ်မလေး ညေ့ခန်းထဲမှာ တကယ်ရောက်နေတာပါ"

မသေချာလို့ ထပ်မေးမိတာ မဟုတ်တဲ့ မယုံရဲ၍ ထပ်မေးမိသည်ကို ဦးဖိုးသိန်း ဖြေရှင်းပြနေသည်။

ကွန်ပျူတာ ခလုတ်တွေပေါ် ရောက်နေတဲ့ လက်တွေ အေးစက်တောင့်တင်းသွားသလို အသက်ရှူ ရပ်တန့်သွားမတတ်။

ဦးဖိုးသိန်း ပင့်သက်မောကို ရှိုက်ရင်း ဆက်ပြော၏။

"ကောင်းသော လာခြင်းမဟုတ်မှန်း သိပေမယ့် အစ်ကိုလေး ထွက်တွေ့မှာပဲ မဟုတ်လား။ အမြန်ဆုံးပဲ ရင်ဆိုင်လိုက်ပါ အစ်ကိုလေး"

"ကိုစိုးလွင် ဒီလောက် မြန်မြန် ကျွန်တော့်အကြောင်းတွေ မပြောလောက်သေးပါဘူး။ ဘယ်လို ပုံစံမျိုးနဲ့ ရာရာ ရောက်လာရတာလဲ မသိဘူး၊ ကိုစိုးလွင် ဘာမှလည်း ကြိုတင်ပြီး ပြောမထားဘူး"





သူ့ စိတ်ရှုပ်ထွေးစွာဖြင့် ညည်းတွားမိတော့

"အကြောင်းတစ်ခုခုကြောင့် ထင်မှတ်မထားဘဲ သိသွားတာလည်း ဖြစ်နိုင်တာပဲ အစ်ကိုလေးရယ်"

ဦးဖိုးသိန်းက ထင်မြင်ချက် ပေးနေပြန်သည်။

"ကိုစိုးလွင် လေယာဉ်ကွင်းသွားတာ ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူး ပြန်လာခါနီးပါပြီ၊ စိုးလွင် လာတဲ့အထိ အချိန်ဆွဲထားချင်သေးလို့လား အစ်ကိုလေး"

သူ့ စိုးရိမ်နေတာကို နှစ်သိမ့်နေသလို ဆိုနေပြန်သည်။

"ရာရာ အမုန်းတွေကို နားနဲ့ ဆက်ဆက်ကြားရမှာ ကြောက်နေတယ်ဗျာ၊ သူ့များ အပြောနဲ့တောင် ရင်တွေကွဲထွက် မတတ်ဘဲ၊ ဒါပေမဲ့ ရာရာ အသံလေးကို ကြားချင်တယ်၊ ရာရာ မျက်နှာလေးကိုလည်း မြင်ချင်တယ်၊ ကျွန်တော် ရင်ဆိုင်မှာပါ"

စကားအဆုံးမှာ သူ့ ခြေလှမ်းတွေ အခန်းထဲက ရဲဝံ့စွာ လှမ်းထွက်ခဲ့သည်။

မရိုးသားခဲ့သူမို့ အပြစ်ရှိမှန်း သိနေသော်လည်း ဖြစ်ခဲ့သမျှ မြတ်နိုးစွာ ချစ်လို့ဆိုတာ ရာရာ နားလည်စေချင်သည်။

ရာရာနဲ့ ပတ်သက်လာရင် ခံစားမှုက မြင့်ထန်လွန်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရာရာရဲ့ အထင်အမြင် သေးတဲ့ အကြည့်တွေကို ရင်ဆိုင်ဖို့ မလွယ်လှပါ။

လှေကားထစ်တွေကို တစ်ထစ်ခြင်း နင်းလျှောက်လာသော သူ့ကို မြင်သည်နှင့် ရာရာ စူးခနဲ ကြည့်ပြီး ထရပ်သည်။

ခြေလှမ်းတွေ ဆက်မလှမ်းဝံ့တော့လောက်အောင် ရာရာ အကြည့်တွေက နာနာကျည်းကျည်း။

ရာရာ မင်းသိပ်မုန်းနေပြီလား။

မင်းရဲ့ အမုန်းတရားတွေကို ကိုယ် အကြောက်ဆုံးပါ။ ဒါပေမဲ့ ရင်ဆိုင်ခံယူဖို့ အသင့်ပါ ရာရာ။

■ ■ ■





## အခန်း (၃၃)

"ဖြန်း"

"ဖြန်း"

ရာရာ လက်တွေ မြောက်တက်သွားခဲ့တာ မြင်တွေ့ပေမယ့် သူ မရှောင်တိမ်းဖြစ်ခဲ့ပါ။ ရဲရဲနီမြန်းသွားမည့် ပါးပြင်နှစ်ဖက်ဆီမှ နာကျင်မှုတွေကို မင်းစက် အပြုံးမပျက် ကျေနပ်စွာ ခံယူရင်း

"ရာရာ စိတ်ထဲမှာ ရှိသလောက် ပေါက်ကွဲပြီးရင် မောင့်ကို ခွင့်လွှတ်ကျေနပ်ပေးပါ"

"တော်စမ်း မင်းစက် နင် ဘာရည်ရွယ်ချက်တွေနဲ့ ငါ့ရဲ့ မိသားစုရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကို ဖျက်ဆီးပစ်ခဲ့တာလဲဟင်၊ နင့် စိတ်ကူးတွေကို ငါနားမလည်ပေမယ့် ငါ့ရဲ့ မုန်းတီးမှုတွေက နောင်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွားပြီ မင်းစက်''

"ရာရာရယ် မင်းတို့ မိသားစုလေးကို မောင့်ဘက်က ဖြူစင်စွာနဲ့ ထောက်ပံ့ပေးခဲ့တာပါ''

ဝဲတက်လာသော မျက်ရည်တွေကို ရာရာ မျက်တောင် ပုတ်ခတ်ဖယ်ထုတ်ရင်း

"ကျော်သွားပြီ တန့်သွားပြီလို့ နင် တွေးထားသလား မင်းစက်၊ နင့်ရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ငါတို့ မိသားစုလေးရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝခဲ့ရတာဆိုရင် အရာအားလုံးကို မီးရှို့ ပြာချပစ်လိုက်မယ် သိလား၊ ငါ့မောင်လေး ဒီနေ့ကစပြီး ကျောင်းမတက်စေရဘူး၊ ငါ့အမေ မျက်လုံးတွေ ပြန်ကန်းအောင် နေ့စဉ် ငိုကြွေးခိုင်းမယ်၊ နင့် အထောက်အပံ့နဲ့မှ ငါ့ရင်သွေးကို မွေးလို့ရမှာဆိုရင် မမွေးဘဲ ငါကော သမီးလေးပါ အသေခံပစ်လိုက်မှာ သေချာတယ် သိလား''

"ရာရာရယ် အဲဒီလောက်အထိ မင်း မောင့်ကို''

"မပြောနဲ့ အဲဒီ နာမ်စားကို နင်မသုံးနဲ့ မင်းစက်၊ ငါ့ရဲ့မာနတွေ၊ သိက္ခာတွေ ရစရာမရှိအောင် နင် လုပ်ပစ်ခဲ့တာ၊ ငါ နာကျည်းတယ်၊ ပတ်ဝန်းကျင်မှာ ငါ ဆုံးရှုံးခဲ့ရတာတွေကို နင် ဘယ်လိုမှ ပြန်လျော်မပေးနိုင်ဘူး''

ပါးပြင်ပေါ်ကို မျက်ရည်တွေ စီးကျနေပေမယ့် ရှိုက်သံမစွက်





သော ရာရာ မျက်နှာလေး မာတင်းနေတာ သူ အံ့ဩမဆုံး။

"ရာရာ ကျေနပ်အောင် မောင် အဲ ကိုယ် ဘာလုပ်ပေးရမလဲ ပြောပါ၊ ဒူးထောက် အရှုံးပေးဖို့ ဝန်မလေးပါဘူး ရာရာရယ်''

တင်းခနဲ စေ့သွားသော နှုတ်ခမ်းလေးမှာ သူမြတ်နိုး စုံမက်ခဲ့ဖူးသော လှောင်ပြုံးလေး အရိပ်ထင်သည်။

"ဟိုးအရင်ကတည်းက နင် ပျော့ညံ့တွေဝေတတ်တာ ငါ သိပါတယ်၊ ငါ့ရှေ့မှာ ဒူးထောက်လို့လည်း ငါ့ဂုဏ်သိက္ခာတွေ အရောင်ပြန်လက်မလာမှာ သေချာတယ် မင်းစက်၊ နင် စွန့်ပစ်ခဲ့တဲ့ ကာလတွေမှာ ငါ ရင်ဆိုင်ခဲ့ရသမျှ ပြန်တုံ့ပြန်ခွင့် မရဘူး ထင်ခဲ့တယ်၊ ပြန်ဆုံခွင့်ပေးတဲ့ ကံကြမ္မာကို ကျေးဇူးတင်တယ် မင်းစက်၊ နောက် ပြန်ဆုံစရာ လုံးဝ မရှိတော့ပါဘူး၊ နင် အေးအေးသက်သာ နေပါ''

စကားအဆုံးမှာ ချာခနဲ လှည့်ထွက်သွားတာကို မင်းစက် မတားမြစ်လိုက်နိုင်ပါ။ ပေါက်ခနဲ ယိုစီးကျခဲ့သော ရာရာရဲ့ မျက်ရည်စက်လေး ကြွေလွင့်ကျန်ခဲ့ရာ နေရာကို ငေးရင်း အံကို တင်းတင်းစေ့မိသည်။

နာကျည်းမှုကြောင့် မဟုတ်တာ သေချာ၏။ ရင်ထဲမှာ ခံစားရသော ဝေဒနာတွေအတွက် ပွင့်ထုတ်ခွင့်မရတာ ဆိုးလှသည်။

လက်သီးနှစ်ဖက်ကို တင်းတင်းဆုပ်ရင်း ရင်ခွင်ထဲကို အဆိပ်မြားတွေ မြောက်မြားစွာ ပစ်ခွင်းသွားခဲ့သော ရာရာ စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



မြန်နှိုးကြားယောင်လာမိသည်။

ရက်စက်လိုက်တာ ရာရာရယ်။ ငါ့နှလုံးသားကို ခြေမွသွားတာတမှ ခံနိုင်စရာ ကောင်းဦးမယ်။

အခုချိန်မှာ မွန်းကြပ်နေသော ဝေဒနာတွေအတွက် ဝေဒနာအသစ်တစ်ခု သူလိုချင်သည်။

"ဝသုန်"

နံရိုကို ခေါင်းနှင့်ဦးတည် ဝင်ဆောင့်သည့် သူ့ကို အချိန်မီ လှမ်းတားလာသူက ကိုစိုးလွင်။

"အစအဆုံး ငါကြားတယ်၊ ဝင်မပါသင့်လို့ ရပ်နေခဲ့တာပါကွာ၊ သူ့ရဲ့ ခံစားမှုတွေကို ထွက်ပေါက်ပေးသင့်တယ် ဝသုန်၊ ရာရာရဲ့ မျက်ရည်တွေက မင်းရှေ့မှောက်ကျမှ လွတ်လပ်စွာ ကျခွင့်ရှိတာပါ ညီလေးရယ်"

"ကျွန်တော် အရမ်းခံစားရတယ် ကိုစိုး၊ ကျွန်တော် ကျွန်တော်"

ရှေ့ဆက်မလာနိုင်ဘဲ တိမ်ဝင်သွားသော သူ့စကားတွေကို စာနာစွာနှင့် ကိုစိုးလွင် ပခုံးကို ဆုပ်ကိုင်ပေးထားသည်။

"ဘာမှအားမငယ်ပါနဲ့ကွာ အမေနဲ့မောင်လေးကို မင်းနဲ့ဆုံတွေ့နိုင်အောင် ငါစီစဉ်ပေးမယ်၊ ရာရာရဲ့ အမုန်းတွေကို အားလုံးဖြေနိုင်ဖို့ ကြိုးစားတာပေါ့"

မလွယ်ကူနိုင်မှန်းသိပေမယ့် နှစ်သိမ့်နေမိတာ ဝသုန် သိနေ





မည်လား။ ကိုစိုးလွင် ရင်ထဲမှာ နှစ်ဦးစလုံးရဲ့ ဝေဒနာပူတွေ ကူးစက်ခံစားနေရတာ မောဟိုက် နုံးချိနေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"အရှုံးပေးတဲ့သူက ပေးနေပြီပဲ သမီးရယ်၊ ထပ်အနိုင်မလို ချင်ပါနဲ့ကွယ်၊ ချမ်းသာကြွယ်ဝလွန်းသူက ငပိရည်ကို စားကြည့်ချင် သလို ဆင်းရဲတဲ့သူကလည်း ဆီဦးထောပတ်ကို မြည်းစမ်းကြည့်ချင်တာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝပါ"

အမေ့ဆီက နှစ်သိမ့်စကားတွေကို ရာရာ မျှော်လင့်ပြီးသား ဖြစ်သည်။ ဒါပေမဲ့ အမေ မေတ္တာရေအေးက ရာရာ ရင်ထဲက အပူကို မနိုင်နင်းတာ သေချာသည်။

"ရှေးရေစက်ပါလို့ ပေါင်းဖက်ခဲ့ကြပြီးပြီ၊ ကံအကြောင်းတရား ကြောင့် ဝေးကွာခဲ့ကြတယ်၊ ဒါပေမဲ့ မောင်မင်းစက်က ရိုးသားဖြူစင်စွာ အမေတို့ကို ခင်တွယ်ခဲ့တာ အမေ ယုံတယ် သမီး"





"အမေ နားလည်ပေးနေတာ သမီး သိတယ်၊ သူ ထားရစ်ခဲ့တဲ့ အချိန်က သမီး ရင်ဆိုင်ခံစားရတဲ့ ခါးသီးမှုတွေကို ဘယ်သူ နားလည်ပေ မလဲ အမေ၊ ပတ်ဝန်းကျင်ရဲ့ အထင်အမြင်သေး မျက်ဝန်းတွေအောက် မှာ သမီး ခေါင်းငုံ့ အံကြိတ် ခံခဲ့ရတယ်၊ အမေနဲ့မောင်လေး မသိအောင် ကြိတ်မှိတ် ငိုကြွေးခဲ့ရတာတွေ သမီးပဲ သိတယ် အမေ"

ရာရာ ရင်ထဲက ခံစားချက်တွေကော မျက်ဝန်းက မျက်ရည် တွေကိုပါ မြင်နိုင်နေသည့် အမေ စာနာစွာ ခေါင်းညိတ်ရင်း

"ဒီထက်ဆိုးတဲ့ သောကဝေဒနာတွေနဲ့ ဖြည့်ဆည်းခွင့် မရ အဆုံးသတ်သွားရတဲ့ သူတွေတောင် ရှိသေးတာပဲ သမီးရယ်"

အမေ ပျော့ပြောင်းသော စကားတွေနှင့် နှစ်သိမ့်နေမြဲ။ ကျော စာအုပ်တွေ ပြန့်ကျဲနေတာကို ငေးကြည့်နေသော မောင်လေးက

"ကျွန်တော်ကော တကယ် ကျောင်းတက်ခွင့် မရှိတော့ဘူးလာ မမ"

မျှော်လင့်ချက်တွေ ရင့်သန်စွာဖြင့် ယုံကြည်ခဲ့ပြီးကာမှ စွန့်လွှတ ရမှာကို ခံစားနေရှာသော မောင်လေး မေးခွန်းကို ရာရာ ဆုံးဖြတ်ချက် ပေးဖို့ မဝံ့ရဲ။

"အမေ့ကိုကော မျက်စိ အလင်း ပြန်ကွယ်စေချင်ပို့လာ သမီး"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရဲ့ မေးခွန်းကလည်း ရင်ထဲကို ထိရှ စူးနစ်စွာ ခံစားစေသည်။ အံကလေးကို တင်းရင်း အပြစ်မဲ့စွာ သင်ဖြူးဖျာလေးမှာ အိပ်နေသည့် သမီးလေးကို ငေးကြည့်နေမိဆဲ။

"အမေ့ မြေးလေးကိုလည်း သမီးထည့်မတွက်တော့ဘူးလား။ သမီး မာနတွေနဲ့ ဆုံးဖြတ်မယ်ဆိုရင် သမီး နေစေချင်တဲ့ ဘဝမှာပဲ အမေတို့ ပျော်အောင်နေမှာပါ သမီးရယ်"

ရှိုက်သံစွက်သော အမေ့စကားက ရာရာ အလိုကျ လိုက်လျော့ဖို့ အသင့်ဟု ဆိုလိုက်တာ သေချာ၏။

သူနှင့်ဆုံစဉ်က ရာရာရဲ့ မာနတွေနှင့် ရဲဝံ့စွာ အပြတ်ဆိုခဲ့သော စကားတွေအတွက် တကယ်တမ်းကျ သူမ လုပ်ဆောင်ဖို့ မဝံ့ရဲပါ။

ရာရာရဲ့ အမုန်းတွေကို အမေနှင့်မောင်လေးကိုပါ သက်ရောက်စေမှာ တရားမျှတပါ့ရဲ့လား။

ခံပြင်းစွာ အံကြိတ်ရင်း မင်းစက်ဝသုန် မျက်နှာကို ပြန်မြင်ယောင်လာမိပြန်သည်။

ပဒိုးအရင်ကတည်းက မဟာဆန်စွာ နဖတ်ချောမောနေခဲ့သော မင်းစက်ကို သူမတို့ ဘဝနဲ့ ကွာခြားမှန်းသိခဲ့သည်။

တိကျစွာ သိခွင့်ရလိုက်ချိန်မှာ သူ့အမည်က မင်းစက်ဝသုန်။ စိန်မြရည်ယ် စံအိမ်ကြီးနှင့် ကုမ္ပဏီလုပ်ငန်းများစွာကို ပိုင်ဆိုင်ထားသည့်





ဘဝက ချောက်ချားစရာတောင် ကောင်းလှသည်။

အားလုံး ရှင် လိမ်ညာခဲ့တာပဲ မင်းစက်ရယ်။

နာကျင်အခံရ အခက်ဆုံးက ကျွန်မ နှလုံးသားကို လိမ်ညာသိမ်းပိုက်သွားတဲ့ ရှင့် မာယာတွေပဲ။

ရှင့်ကို ကျွန်မ သိပ်မုန်းတယ် မင်းစက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဝိုင်၊ ရှန်ပိန်၊ ဝီစကီ၊ အမည်နာမတွေ ကွဲသလို အရသာလည်း တူမယ် မထင်ဘူးနော် ကိုစိုး"

စားပွဲပေါ်မှာ ပြင်ဆင်ထားသော ဝိုင်ပုလင်းကို ငေးစိုက်ကြည့်ရင်း မင်းစက်ဝသုန် ဆိုတော့ ကိုစိုးလွင် ခေါင်းကို လေးတွဲ့စွာ ခါရမ်းရင်း

"မသောက်ဘူးတော့ ငါမသိဘူး ဝသုန်၊ မူးယစ်စေတတ်တဲ့ အရာတွေကို ငါ ခွင့်မပြုချင်ပေမယ့် မင်း၊ တောင့်တလွန်းတော့ ငါ့မှာ တားပိုင်ခွင့် မရှိဘူး၊ မင်း ကလေး မဟုတ်တော့ဘူးလေ"

"ဟုတ်တယ် ကျွန်တော့်မှာ သမီးလေးတစ်ယောက်တောင် ပိုင်ဆိုင်နေခဲ့ပြီ၊ မချစ်ဘူးတဲ့ အချစ်ကိုလည်း ကျွန်တော် ချစ်တတ်သွားဖူးတယ်၊ အခုလည်း မသောက်ဘူးတဲ့ အရက်ကို ကျွန်တော် သောက်





ကြည့်ချင်တယ်ဗျာ"

ဝိုင်ခွက်ကို ကောက်ကိုင်ပြီး သူ မော့သောက်ပစ်လိုက်သည်။ ရင်ထဲမှာ စူးရှစီးဝင်သွားသော အရသာက အတွေ့အကြုံသစ်မို့ မင်းစက် မျက်နှာ ရှုံ့မဲ့သွားခဲ့သည်။

"ဘယ်လိုလဲ ဝသုန် မင်း ခံစားချက် အရသာကို ငါ ကြားချင်တယ်"

"ပြင်းပြစူးရှတယ် ကိုစိုး၊ ဒါပေမဲ့ ရီဝေဝေ အရသာက ကျွန်တော့် ဝေဒနာတွေကို မေ့ပစ်လိုက်စေမယ် ထင်တာပဲ"

မရေမရာ သူ့စကားအတွက်ကို ကိုစိုး လှောင်ပြောင်သလို မျက်နှာမဲ့ခနဲ ဖြစ်သွားခဲ့ရင်း

"မဖြစ်သင့်မှန်း သိရက်နဲ့ ရှေ့ဆက်တိုးလို့ မင်းကြေကွဲနာကျင်စရာတွေ ကြုံခဲ့ရတယ်၊ မကောင်းမှန်း သိရက် ဆက်သောက်ရင် ဘာဖြစ်မလဲ စဉ်းစားပေါ့ ဝသုန်"

"ကိုစိုး စကားမှန်တယ်၊ မသောက်ဘူးတဲ့ ကိုစိုး ပြောမပြနိုင်တဲ့ အရသာကို ကျွန်တော် ရှာဖွေရမယ်"

တမင်ဖွတ်ပြောဆိုကာ နောက်တစ်ခွက် ထပ်ငှဲ့သည်။ ရေခဲတုံးတွေကို ညှပ်နှင့်ခပ်ထည့်၏။

ပြီးတော့ မနားတမ်း တစ်ကျိုက်တည်း မော့သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ပေးထားသော အမြည်းတွေကို လှမ်းမနှိုက်။ ကိုစိုးလွင် တမင်ပဲ စောင့်ကြည့်နေလိုက်ပါသည်။

ဖြူနုသော မျက်နှာက ရဲရဲနီလာသည်။ စကားသံတွေ လေးပင်ပြီး မင်းစက်ရင်ထဲက ခံစားချက်တွေ ပွင့်အံလာခဲ့သည်။

"ရာရာက ပိုင်တစ်ခွက်နဲ့လည်း တူတယ်၊ အဆိပ်ဆူး တစ်ချောင်းနဲ့လည်း တူတယ် ကိုစိုး၊ စွဲမက်သွားခဲ့ရင် ပိုင်ရဲ့အရသာကို နှစ်သက်တွယ်ငြိသွားမှာ သေချာတယ်၊ အဆိပ်ဆူးဆိုတာလည်း နှုတ်ရခက်တယ်၊ နှုတ်ခဲ့ရင်တောင် အဆိပ်တွေ ခန္ဓာကိုယ်ထဲ ပျံ့နှံ့ပြီး ကျန်ရစ်ခဲ့မှာပဲ"

"မင်းဆွဲနှုတ်ဖို့ စဉ်းစားထားလို့လား ဝသုန်"

မင်းစက်ဝသုန် ဟက်ခနဲ တစ်ချက်ရယ်ရင်း ခေါင်းကို ခါရမ်းသည်။ မျက်ဝန်းအစုံထဲမှာ ရီဝေတောက်ပနေတာ မျက်ရည်တွေလားဟု ကိုစိုးလွင် ငေးစိုက် အကဲခတ်ကြည့်နေမိ၏။

"ရာရာကို ကျွန်တော် ဘယ်လိုမှ မုန်းမရမှာ သေချာတယ်၊ အဲဒါ ဘာကြောင့်လဲ သိလား၊ ရာရာကို ကျွန်တော် မြတ်နိုးစွာ ချစ်ခဲ့လို့ပေါ့ဗျာ၊ အခုဆိုရင် သမီးလေးဆိုတဲ့ နှောင်ကြိုးကပါ ကျွန်တော့်ကို ရစ်ပတ်လိုက်ပြီလေ၊ ကျွန်တော် ရာရာကို ဘယ်တော့မှ မမုန်းဘူး၊ ပိုချစ်လာတာပဲ ရှိတယ်"





"အဲဒီလိုပဲ ဖြစ်ရမှာပေါ့ ဝသုန်၊ ရာရာကို အပြစ်မမြင်စေချင်တာ မင်းကို သူ သိပ်ချစ်တယ်ဆိုတာ ငါ သိလို့ပေါ့၊ သိပ်မုန်းတီးနေခဲ့တာ သိပ်ချစ်ခဲ့တာကြောင့်ပေါ့ကွာ"

ကိုစိုး စကားက ရင်ထဲကို နွေးထွေးရှိန်းမြစွာ စီးဝင်သည်။ ရီဝေနေသော အမြင်အာရုံထဲမှာ တစ်ချိန်ကပုံရိပ်လေးတွေ အရိပ်ထင်လာခဲ့ရှိသည်။

သူ့အပေါ်မှာ ရာရာ ထားခဲ့သည့် စေတနာ သံယောဇဉ်တွေက အိပ်မက်မဟုတ်ခဲ့ပါ။ ကြမ်းတမ်းသော စကားလေးတွေကတောင် သူ့ကို ထားသည့် စေတနာစိတ်နှင့် အရင်းခံခဲ့တာ သူ ယုံသည်။

"မုန်းတီးနာကျည်းခြင်းဆိုတာ အချစ်က မြစ်ဖျားခံလာတာပဲ ဝသုန်၊ အချစ်မရှိဘဲ အမုန်းဆိုတာ ဖြစ်မလာဘူး၊ နောက်ပြီး မင်းကို ရာရာ နာကျည်းနေတယ်ဆိုတာလည်း မင်းစွန့်ပစ် ဥပေက္ခာပြုသွားတဲ့ အချိန်မှာ သူ ခံစားရတဲ့ ဒဏ်ရာတွေက ပြင်းထန်လို့ အခု မင်းခံစားနေရတာထက် အဆပေါင်းများစွာ ပိုလိမ့်မယ်"

ကိုစိုးရဲ့ ထင်မြင်ဝေဖန်ချက်ကို သူ အကြွင်းမဲ့ လက်ခံခေါင်းညိတ်မိ၏။

"ဟိုနေ့က မျက်ရည်တွေနဲ့ ရာရာ ပြောသွားကတည်းက ကျွန်တော် နားလည်နေခဲ့ပါပြီ၊ ရာရာက မျက်ရည်ကျလောက်အောင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပျော့ညံ့တဲ့ မိန်းကလေး တစ်ယောက်မှ မဟုတ်တာ''

''အဲဒီ မျက်ရည်တွေ မင်းရှေ့မှာပဲ သူ ခံစားခွင့်ရတာပါ ထသုန်း၊ သူ့ပတ်ဝန်းကျင်နဲ့ မိသားစုရှေ့မှာ သူ ဟန်ဆောင်မျိုသိပ်ထားခဲ့ရတာ၊ သူ ကြိတ်ခံစားရတဲ့ ဝေဒနာတွေက ရင်ထဲမှာ ပြည့်နှက်နေတာ သိတဲ့ သူ့မိခင်ကလည်း ပြတ်သားစွာ ဖျောင်းဖျ တိုက်တွန်းချင်ပေမယ့် ရာရာ ခံစားချက်ကို ငဲ့ညှာပေးနေရတာပေါ့ကွာ''

အားလုံးကို သူ နားလည်လက်ခံနိုင်ပါသည်။ ရာရာရဲ့ အမုန်းတွေ ဖြစ်တည်ခဲ့သောကိစ္စမှာ တရားခံအစစ်အမှန်က သူပဲဆိုတာ ထင်ရှားနေ၏။

''ကျွန်တော် လူကြမ်းကြီးတစ်ယောက် ဖြစ်ခဲ့သလား ကိုစိုးရာ''

မျက်ရည်တွေ ရစ်ဝိုင်း ရီဝေနေသော ဖြူစင်သည့် မျက်ဝန်းတွေထဲကို ကိုစိုးလွင် ငေးကြည့်ရင်း

''ငါ့အမြင်မှာတော့ မင်းက မင်းသားလေးတစ်ပါးပါ၊ ရာရာက ရုပ်ပြင်ထဲက စင်ဒရဲလားပေါ့၊ မင်းက မင်းသမီးလေးရဲ့ ဖိနပ်တစ်ဖက်ကို ကိုင်ပြီး အချစ်ကို ရှာခဲ့တယ်၊ မင်းတို့နှစ်ယောက် ကြားထဲက ကြမ္မာဆိုးတွေက စင်ဒရဲလားရဲ့ မိထွေးနဲ့ သမီးတွေပဲပေါ့၊ ငါ ဆုတောင်းမိတာ ခေတ်သိမ်းရင် မင်းတို့ ပျော်ရွှင်စွာ ပေါင်းဖက်ပါရစေလို့''

ကိုစိုးနှုတ်က ကဗျာဆန်ဆန် စကားတွေအတွက် သူ ကြည်နူး





ကျေနပ်ချင်ပေမယ့် အခုချိန်မှာ သူ ရင်ဆိုင်ခံစားနေရတာ သောကပူတွေနဲ့ ချစ်သူရဲ့ အမုန်းတရား။

ရာရာရယ် နောင်ဘဝအထိ မုန်းမယ်တဲ့လား။

ကိုယ်ကတော့ မင်းကို နောင်ဘဝဆက်တိုင်း မြတ်နိုးချစ်ခွင့်ရချင်ပါတယ်။

ဒါပေမဲ့ အဲဒီဘဝတွေမှာ ဒီလိုအမုန်းတွေ ကင်းစင်ဖို့တော့ ဆုတောင်းချင်ပါရဲ့ ရာရာရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ကျွန်မတို့ ရပ်ကွက်လေးရဲ့ ဒီလိုချောင်ကျကျ လက်ဖက်ရည်ဆိုင်လေးမှာ ရှင့်ကိုခေါ်တွေ့ရတဲ့အတွက် အားနာပါတယ် ကိုစိုးလွင်"

အနက်ရောင် ရှပ်လက်တိုနှင့် အပြာရင့်ရင့် ထဘီလေးကို ဝတ်ဆင်ထားသော ရာရာ မျက်နှာလေးမှာ အခြွယ်အသတို့ ကင်းစင်နေသည်။

ပန်းနုပါးပြင်နှစ်ဖက်နှင့် နှုတ်ခမ်းစိုရဲရဲတွေထက် နီမြန်းနေသော မျက်ဖန်းတွေကို ကြည့်ရင်း သူမ ငိုကြွေးထားမှန်း သူ သိနေ၏။

"ဒီနေရာက ပြဿနာ မဟုတ်ပါဘူး ရာရာ၊ ကျွန်တော်လည်း ဆင်းရဲသား လူတန်းစား တစ်ယောက်ပါပဲ၊ စိန်နားကပ်ရောင်နဲ့ ပါးပြောင်ခွင့်ရနေသူ ဆိုပါတော့"





"ကိုစိုးလွင်ကို ရာရာ နားလည်ပါတယ်၊ ကိုစိုးလွင်ကို ခေါ်တွေ့တာ အဓိပ္ပါယ်မဲ့ မဟုတ်ဘူးလို့ သိနိုင်မှာပါ"

"သိပါတယ် ရာရာ၊ ဆုံးဖြတ်ချက်အတွက် မင်း မတွေဝေတတ်သူလို့လည်း နားလည်ထားတယ်၊ ပြောစရာရှိရင် အစ်ကိုတစ်ယောက်လို ပွင့်ပွင့်လင်းလင်း ပြောပါ"

သူ့စကားကြောင့် ရာရာ နှုတ်ခမ်းလေးတွေ မပွင့်တပွင့် ပြုံးခဲ့အပြစ်ဆိုလို့ မြူတစ်မှုန်မထင်သော ရာရာ မျက်နှာလေးရဲ့ လှပချောမွေ့မှုကြောင့် ဝသုန် မြတ်နိုးငြိတွယ်သွားတာ မဟုတ်ဟု ကိုစိုးလွင် တွေးကြည့်နေမိသည်။

မင်းစက်ဝသုန် အနီးမှာ လှပချောမောသော မိန်းကလေးတွေ အဆင့်တူ ဂုဏ်ရည်တူတွေ ရှိနေခဲ့ကြသည်။

မင်းစက်ဝသုန် တွယ်ငြိသွားတာ ပွင့်လင်းဖြူစင်သော ရာရာရဲ့ နှလုံးသားလေးကိုပဲ ဖြစ်လိမ့်မည်။

"ရှင့်ကို ကျွန်မ တောင်းဆိုစရာလည်း ရှိတယ်၊ ပိတ္တုပင်စရာလည်း ရှိနေတယ် ကိုစိုးလွင်"

ကြိုတင်ခန့်မှန်းမရနိုင်သော ရာရာ စကားတွေအတွက် သူ တိတ်ဆိတ်စွာပဲ နားထောင်နေလိုက်ပါသည်။

မာနရိပ်တို့ဖြင့် တောင်းပန်နေခဲ့သော မျက်ဝန်းတွေ ပျော့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သလားဟု တွက်ဆနေတုန်းမှာ ရာရာ ပင့်သက်ကလေး ရှိုက်သည်။ ပြီးမှ

"အမေနဲ့မောင်လေးကို အရင်အတိုင်းပဲ တာဝန်ယူပေးပါ ကိုစိုးလွင်"

"ဗျာ"

"ပြီးတော့ သမီးလေးကိုလည်း သူ့လက်ထဲ အရောက်ပို့ပေးပါ"

"ဘာ ဘာရယ် ရာရာ"

မမျှော်လင့်သော ဖြစ်ရပ်တွေမို့ ကိုစိုးလွင် အထိတ်တလန့် မေးမိ၏။ ရာရာ မျက်နှာက ပကတိ ဆုံးဖြတ်ပြီး တည်ငြိမ်စွာဖြင့်

"မောင်လေးရဲ့ ရည်မှန်းချက် ပန်းတိုင်နဲ့ အမေ့ရဲ့ ဘဝသစ်အတွက် ကျွန်မ ဆုံးဖြတ်လိုက်တာပါ။ မင်းစက်ကို ပြတ်သားစွာ ကျွန်မ ပြောခဲ့ပေမယ့် တကယ်တမ်းကျ မိသားစုကို အတ္တဆန်သလို ဖြစ်မှာ ကျွန်မ နားလည်လိုက်တယ်၊ အားလုံးကို ကျွန်မ ရှုံးနိမ့်မှုပေးလိုက်ပြီ၊ သမီးလေး ကျွန်မဆီမှာ ရှိနေရင် သူ ပတ်သက်ဖို့ ကြိုးစားနေဦးမှာပဲ၊ ဒါကြောင့် သမီးလေးကို ကျွန်မ"

တိမ်ဝင်သွားသည့် အသံတွေကို ရပ်ဆိုင်းပစ်ရင်း မျက်ရည်တွေကို ရာရာ မျက်တောင်ကော့ကြီးတွေနှင့် သိမ်းဆည်းဖို့ ကြိုးစားသည်။





ဒါပေမဲ့ ပြည့်လျှံနေသော မျက်ရည်တွေက ပါးနုနုပေါ် တားမရ စီးကျလာ၏။

"ရာရာ မင်းက ဘယ်ကိုထွက်သွားမှာလဲ"

သူ့အမေးကို ရာရာ မဖြေနိုင်သေးဘဲ မျက်ရည်တွေကို လက်ဖမိုးတွေနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်သည်။ ပြီးမှ မျက်ဝန်းနီနီလေးတွေဖြင့် သူ့ကို ရင်ဆိုင်ကြည့်ရင်း

"ပိတ်ပင်စရာရှိတယ်ဆိုတာ အဲဒါပဲ ကိုစိုးလွင်၊ သူ့မျက်နှာကို မမြင်နိုင်တဲ့ နေရာကို ကျွန်မ ထွက်ခွာသွားမှာ၊ ဘယ်နေရာလဲဆိုတာ ရှင် လိုက်မစုံစမ်းစေချင်ဘူး၊ အရှုံးပေးသွားတဲ့ သူကိုမှ ရှင်တို့ ထပ်ပြီး ဒုက္ခတွေပေးလာရင် ကျွန်မကို လောကကြီးထဲက အပြီးစွန့်ခွာနိုင်းတာလို့ သတ်မှတ်လိုက်မယ်"

ကိုစိုးလွင် ဘာမှဆက်မပြောရဲလောက်အောင် ခွဲ့အသွားခဲ့၏။ မာနရိုပ်တို့ ကင်းစင်နေပြီဆိုပေမယ့် ရာရာရဲ့ ခိုင်ကျည်သော စိတ်ဓာတ်ကိုတော့ သူ သိပါသည်။

သူမ ချစ်သော မိသားစုနှင့် သူမရဲ့ ရင်သွေးလေးကိုတောင် စွန့်ပစ်ရက်အောင် ဆုံးဖြတ်ချက် ကြီးမားနေခဲ့ခြင်းက

"ရာရာရယ် ဝသုန်ကို မင်း ဒီလောက်အထိ မုန်းတီးနေသလား ညီမလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးလွင် မချိုတင်ကဲ ရေရွှတ်တော့ သူမ ခေါင်းကလေး မော့ကာ တစ်ချက်ပြုံးသည်။

အမှန်တရားတို့ သိုဝှက်ထားသော အပြုံးလား သူ မဝေခွဲတတ်ပါ။

"ကျွန်မ နှလုံးသားက အပြီးတိုင် သေဆုံးသွားခဲ့တာ ကြာပြီ ကိုစိုးလွင်၊ ဒါကြောင့် ဘာခံစားချက်မှ မရှိတော့ဘူး၊ ကဲ ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ချက်ချင်း လှည့်ထွက်သွားသည့် ခြေလှမ်းတွေရဲ့ ဦးတည်ရာ အရပ်သည်

"ဝသုန်ရယ် မင်းအတွက် ငါ စိတ်မကောင်းလိုက်တာ"

ကိုစိုးလွင် ရင်ထဲမှ အသံမဲ့စကားတွေကိုသာ မင်းစက်ဝသုန် ကြားသိခွင့်ရခဲ့လျှင်...။

■ ■ ■



## အခန်း (၃၇)

"ရာ ရာရာ ကျွန်တော့်ကို ဒီလောက်အထိ ရက်စက်ရက် သလားဗျာ"

ကိုစိုးလွင် ဘာစကားမှ ခွန်းတုံ့မပြန်ပါ။ တုံ့ပြန်ဖို့ စကားတွေ မရှိအောင် ဖြစ်သွားပြီပေါ့။

ရာရာရယ် အဲဒီလောက်ထိ ခါးသီးနေခဲ့မယ်လို့ မထင်ခဲ့ဘူး။ မုန်းတီးနေမှာ သိပေမယ့် ရက်စက်မယ် မထင်ဘူး။ အခုတော့ အားလုံး ကို ဥပေက္ခာပြုရက်အောင် ခါးသီးနေခဲ့တာဟာ

"ဟာ ဘာတွေလဲကွာ"

"ခလွမ်း ခွမ်း"

"ဂလွမ် ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



မင်းစက်ဝသုန် ရှုးရှုးဝါးဝါး အော်ဟစ်ပြီး စားပွဲပေါ်က ပုလင်းတွေ ပန်းကန်တွေကို လက်ပြန်ရိုက်ချပစ်သည်။

ကိုစိုးလွင် မတားရက်ဘဲ ကြည့်နေမိတာ ဝသုန် ရင်ထဲက ဝေဒနာ ပြေလျော့စေချင်တာကြောင့်သာ။

"ရာရာရယ်"

စိတ်ရှိသမျှ ဖွင့်ထုတ်ပြီးတော့ ဝသုန် မောပမ်းစွာ ရှေရှုတ်သည်။ ဟက်တက်ကွဲသွားသော လက်ဖမိုးမှာ နီရဲသော သွေးစတို့က ယိုစီးကျလာသည်။

တံခါးဝမှာ မင်သက်တုန်လှုပ်စွာ ရပ်နေသော မသန်းကို ကိုစိုးလွင် မျက်နှာရိပ်ပြလိုက်၏။

မသန်း ပြေးထွက်သွားတော့မှ ဝသုန် ပခုံးကို ဖက်ကာ ဆိုဖာထိုင်ခုံမှာ ထိုင်စေသည်။

"ရာရာ ဘယ်ထွက်သွားတာလဲ ကိုစိုး၊ ပြောစမ်းပါဗျာ"

"ငါ မသိဘူး ဝသုန်၊ ရာရာက ငါ့ကို ဘယ်ပြောခဲ့မှာလဲကွာ"

မင်းစက် ဟူးခနဲ ပင့်သက်မှုတ်ထုတ်ရင်း အာရုံထဲမှာ သတိရလိုက်မိတာ မာမီမျက်နှာ။

"ဟာ ဟုတ်တယ် မာမီတော့ စုံစမ်းပေးနိုင်မှာပါ"

မျှော်လင့်ချက်ရောင်စဉ် ဖြာလက်သွားသော ဝသုန် မျက်ဝန်း





တွေထဲကို ကိုစိုးလွင် စူးစိုက်ကြည့်နေပြီးမှ

"အဲဒီ အစီအစဉ်ကို ငါ မတိုက်တွန်းချင်ဘူး ဝသုန်၊ ဘာဖြစ်လို့လဲဆိုတော့ ရာရာက သိနေလို့ပဲ၊ သူ မှာသွားတယ်၊ အားလုံးကို အရှုံးပေးနေသူကို ဆက်နှောင့်ယှက်တာ သူ့ကို လူ့လောကကြီးထဲက မောင်းထုတ်နေတာတဲ့"

"ဟင်"

မင်းစက် မျက်ဝန်းတွေ ချောက်ချား ထိတ်လန့်စွာ ကိုစိုးလွင်ကို မော့ကြည့်သည်။

ကိုစိုးလွင် မျက်ဝန်းတွေထဲမှာလည်း ပူပန်ရိပ်တွေ အထင်အရှားထင်နေဆဲ။

"အကောင်းဆုံးက သူ့ဆန္ဒကို မင်း နားလည်ပေးလိုက်ပါကွာ"

"ဒါ ဒါဆို ကျွန်တော် ရာရာကို တစ်သက်လုံး မြင်တွေ့ခွင့် မရှိတော့ဘူးပေါ့"

"လောကကြီးထဲမှာ သူ ရှိနေသေးတယ်ဆိုတဲ့ အသိနဲ့ မင်း ကျေကျေနပ်နပ် လွမ်းခွင့်ရှိပါသေးတယ်"

မင်းစက် ခေါင်းငိုက်စိုက် တိတ်ဆိတ်သွားခဲ့သည်။ ထိုစဉ်မှာပဲ မသန်းက ဆေးသေတ္တာကိုင်ကာ အခန်းထဲ ရောက်လာသည်။

ကိုစိုးလွင် လှမ်းယူပြီး မင်းစက်ဝသုန် ဒဏ်ရာကို ဆေးကြော



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆေးထည့် ပတ်တီးစည်းပေးလိုက်သည်။

"ကျွန်တော့်ဘဝ သေဆုံးသွားတာနဲ့ မခြားပါဘူးဗျာ"

"မင်းဘဝ သေဆုံးလို့ မဖြစ်သေးဘူး ဝသုန်၊ မင်းရဲ့ သမီးလေး ရှိနေသေးတယ်"

"ဟင် ဟုတ်တယ် ကျွန်တော့် သမီးလေး"

မင်းစက်ဝသုန် လှုပ်ခတ်စွာ ရေရွတ်ရင်း ထရပ်သည်။ ကိုစိုးလွင်လည်း သူနှင့်တူ ထရပ်ရင်း

"မင်းနဲ့ ရာရာရဲ့ သမီးလေး ပြီးတော့ ဥပေက္ခာပြုထားခဲ့တဲ့ ရာရာ အမေနဲ့မောင်လေး၊ သူတို့အတွက် မင်းရှိမှ ဖြစ်မယ် ဝသုန်"

မင်းစက်ဝသုန် နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ကာ ပြုံးသည်။ ခံစားမှုကင်းမဲ့သော အပြုံးတို့က အသက်မဲ့နေသည်။

"ရာရာ ကျွန်တော့်ကို မုန်းတီးသွားပေမယ့် သမီးလေးနဲ့ အမေတို့ ရှိနေလို့ ကျေနပ်ပါတယ် ကိုစိုး၊ ဒါပေမဲ့ ရာရာကို ချစ်တဲ့ ကျွန်တော့် နှလုံးသားက သေဆုံးတဲ့အထိ ရှင်သန်နေမှာပါဗျာ"

အချစ်ကြီးတာကိုပဲ မင်းစက်ဝသုန် သက်သေပြနေတာလား။

တစ်ယောက်ကတော့ အမုန်းတရားကို သက်သေပြ ဥပေက္ခာပြုသွားခဲ့သည်။

အချစ်နှင့် အမုန်းသည် အင်အားကြီးမားတာတော့ သေချာ၏။





ဘယ်အရာက ပိုအင်အားကြီးမားသလဲဆိုတာတော့

ကိုစိုးလွင် ဝေခွဲမတတ်ပါ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၈)

"ရေခဲရေ ရေခဲရေ အေးအေးလေးနော်"

ပါးစပ်က စူးစူးရှရှ ဟစ်အော်ရင်း လက်ကလည်း ကော်ရေခွက်လေးကိုင်ကာ ရေခဲပုံးကို မနားတမ်း ခေါက်အော်နေသံကို ကိုစိုးလွင် အဝေးကတည်းက ကြားသည်။

"ဗျို့ ကိုဗညား နပ်ဆေးနဲ့ပဲနော်၊ ဒီမှာ တစ်ရာဖိုး အသင့်ထုပ်ထားတယ်"

ဆိုင်ရှေ့ကို လင်ခရူဇာ ကားကြီးထိုးရပ်တာတောင် ဂရုမထားနိုင်ဘဲ မင်းစက်ဝသုန် ကွမ်းယာထုပ်ကို လိုင်းကားဒရိုင်ဘာဆီ ပြေးပေးနေသည်။

ဆိုင်လေးဆီက ပြန်လှည့်တော့မှပဲ ကားပေါ်က သူ့ကို မြင်သွားကာ





"ဟာ ကိုစိုး ဘာကိစ္စရှိလို့လဲ"

"မင်းဆီ တမင်ဝင်လာတာ၊ မင်းမာမီဆီက ဖုန်းလာတယ်"

မင်းစက်ဝသုန် မျက်မှောင်ကျုံ့သွားရင်း ရောင်စုံထီးပိုင်းကြီးအောက်က ဆိုင်ကလေးမှာ ပြန်ထိုင်သည်။

"နောက်သုံးလဆို အန်တီတို့ လင်မယား မြန်မာပြည်ကို အပြီးပြန်ပြောင်းလာကြတော့မယ်တဲ့"

"ဘာလဲ မာမီက ကျွန်တော့်ကို စိန်မြရံခြယ် စံအိမ်ကြီးမှာ ရှိနေစေချင်တယ်တဲ့လား"

"အေး မင်းအခုလို ပင်ပန်းဆင်းရဲခံပြီး ဈေးရောင်းနေတာ၊ အိမ်ခန်းကျဉ်းကျဉ်းလေးမှာ နေနေတာကို မင်းမာမီ မြင်ရက်မှာ မဟုတ်ဘူးလေ"

"ကျွန်တော်လိုချင်တာ ဒီဘဝလေးလေ၊ ပိုင်ဆိုင်ခဲ့ရဖူးတာပဲဒါပေမဲ့ ရာရာမရှိတော့မှ ကျွန်တော် စွန့်ပစ်ရမှာလား၊ ဒီအိမ်လေးနဲ့ ဒီဘဝလေးက ပြည့်စုံခမ်းနားတဲ့ စိန်မြရံခြယ် စံအိမ်ကြီးထက် နွေးထွေးတယ် ကိုစိုး၊ သမီးလေးရဲ့ ငိုသံချိုချိုလေးရယ်၊ အမေနဲ့ညီလေးတို့ရဲ့ မေတ္တာအရိပ်ရယ်၊ ကျွန်တော့်အတွက် ပြည့်စုံတယ်"

ကိုစိုးလွင် ပင့်သက်ကို ရှိုက်မိသည်။

ရာရာ မရှိတော့သည့် နောက်ပိုင်းမှာ တစ်ချိန်က ရာရာတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနှင့် နေထိုင်ခဲ့ဖူးသော အိမ်ကလေးကို ပြောင်းရွှေ့ကာ မင်းစက်ဝသုန် နေထိုင်မည်ဆိုတော့ ဒုတိယအကြိမ် မိုက်မဲပြန်ပြီဟု သူ ထင်ခဲ့မိ၏။

မင်းစက်ဝသုန်က ရာရာ နေထိုင်ခဲ့သည့် အိမ်ကလေးမှာ နေထိုင်သည်။ ပြီးတော့ ရာရာ ရုန်းကန်ခဲ့သည့် ဘဝအတိုင်း ရှင်သန်သည်။

စိန်မြရုံခြံယ်နှင့် ရှိသမျှ လုပ်ငန်းတွေကို ဥပေက္ခာပြုထားခဲ့တာမို့ ကိုစိုးလွင်ပဲ တာဝန်ယူရ၏။ ဒေါ်စိန်မြလှိုင်လည်း သားဖြစ်သူ ဆန္ဒတွေကို မတားမြစ်နိုင်ခဲ့ပါ။

ရက်မှ လတိုင်လာလျှင် မင်းစက်ဝသုန် စိတ်ပြောင်းသွားမည်ဟု ထင်ခဲ့မိသည်။ သို့ပေမယ့်

သုံးလကျော်တိုင် သည်အထိ မင်းစက်ဝသုန် မညည်းတွားခဲ့ပါ။ အိမ်ရဲ့ စားသောက်ရေးတာဝန်ကို ကားဂိတ်လေးမှာ ဈေးရောင်းပြီး ရှာဖွေနေသည့်ဘဝကို ကျေနပ်နေ၏။

"မင်းအသားတွေ ညိုသွားတယ် ဝသုန်"

တစ်ပတ်နှမ်း ရှုပ်ညိုလက်တို့နှင့် ပုဆိုးကွက် အဟောင်းနှင့် မင်းစက်ဝသုန်က သူ့စကားကြောင့် ကျေနပ်စွာပြုံးရင်း

"ကျွန်တော့်ဘဝ အသားကျနေပြီ ကိုစိုး၊ ဒီဆိုင်လေးဝင်ငွေက တစ်နေ့ကို သုံးထောင်နဲ့ လေးထောင်ကြားမှာရှိတယ်၊ လေးယောက်





စားဝတ်နေရေး အဆင်ပြေပါတယ်"

"မင်းသမီးလေး ကြီးလာရင်ကော ဝသုန်"

"စိန်မြရုံခြံယ်မှာ ပြန်ခိုလှုံမယ် မထင်ပါနဲ့ ကိုစိုး၊ ကျွန်တော့်သမီးကို ကျွန်တော့်အစွမ်းနဲ့ ရှာဖွေစောင့်ရှောက်မှာပါ၊ အဲဒီအချိန်ကျရင် ညီလေး ကောင်းစံလည်း ဆရာဝန်ကြီးဖြစ်နေလောက်ပြီ"

အဆင်းရော အချင်းပါ မထင်မှတ်လောက်အောင် ပြောင်းလဲသွားသည့် မင်းစက်ဝသုန်ကို ကိုစိုးလွင် အံ့သြစွာ ငေးကြည့်နေမိဆဲ။

မင်းစက် မြတ်နိုးသော ရာရာ မရှိတော့သည့် အိမ်ကလေးမှာ မင်းစက် အသားကျ ပျော်ရွှင်နေတာ သူ ဝမ်းသာမိတာ အမှန်။

ဒီအချိန် ဒီကာလမှာသာ မင်းစက် အသွင်ကို ရာရာ မြင်တွေ့လိုက်လျှင် ဘယ်လောက် အံ့သြတုန်လှုပ်သွားမည်လဲ။

ဒါပေမဲ့

ရဲရင့်ပြတ်သားသော ရာရာက သုံးလကျော်ခဲ့သည့်တိုင် ဘာသတင်းမှ အစအန မကြားရပါ။

တကယ်ပဲ မင်းစက်ကို ရာရာ မုန်းတီးမေ့ပစ်ခဲ့ပြီ ထင်ရဲ့။

"ကိုစိုးပြန်တော့ဗျာ၊ ကျွန်တော် ဈေးရောင်းရဦးမယ်"

ယဉ်ယဉ်ကလေးနှင့် နှင်ထုတ်တာ ကိုစိုး သိပါသည်။ မင်းစက်ပခုံးကို ရင်းနှီးစွာပဲ ပုတ်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မင်းဘဝလေးကို ငါလည်း မြင်တွေ့ အားကျမိတာ အမှန်ပဲ ဝသုန်၊ တကယ်ပါ ကဲ ငါသွားမယ် ဝသုန်"

နှုတ်ဆက်ပြီး ကိုစိုးလွင် ရပ်ထားသည့် ကားဆီ လှည့်ထွက်ခဲ့သည်။ သည်ကား သည်အဆောင်အယောင် အားလုံးသည် မင်းစက်ဝသုန်ရဲ့ ပိုင်ဆိုင်မှုတွေ ဆိုပေမယ့်

ဥပေက္ခာပြု ထားလောက်အောင် မင်းစက်ဘဝ ပြည့်စုံနေခဲ့တာတော့ သေချာပါသည်။

ကားပေါ်ရောက်မှ ကိုစိုးလွင် ပြန်လှည့်ကြည့်တော့ မင်းစက်သူ့ကို လှည့်တောင် မကြည့်အားပါ။

ဈေးဝယ်သူတွေကို ရောင်းချပေးနေသည်။

မင်းစက်ဝသုန် မင်းဘဝလေးက တကယ် ပြည့်စုံအေးချမ်းခဲ့တာ ငါယုံတယ်။ ဒါပေမဲ့

မင်းနှလုံးသားအတွက်တော့. . .။

■ ■ ■



## အခန်း (၃၉)

ရာရာ ဘယ်လိုမှ မယုံနိုင်သော သည်မြင်ကွင်းလေးကို အဝေးက နေစဉ် တိတ်တခိုး ငေးမော ကြည့်တတ်ခဲ့တာ ကြာပြီ။

ကားဂိတ်လေးမှာ ဈေးရောင်းနေသော မင်းစက်ကို စတင်မြင်တွေ့စဉ်က သူ ဘာဟန်ဆောင်ပြန်ပြီလဲဟု ဒေါသတွေ့ တရိပ်ရိပ်ထွက်ခဲ့မိသည်။

အဝေးဆုံးကို ထွက်သွားမည် ဆုံးဖြတ်ပြီးမှ မပြတ်တောက်နိုင်သော သံယောဇဉ်တွေကြောင့် တစ်ပတ်အကြာမှာ ရာရာ အိမ်ကို ပြန်ခဲ့မိသည်။

အမေ မောင်လေးနှင့် သမီးလေးကို ရာရာ မစွန့်ခွာနိုင်ပါ။ မင်းစက်ကြောင့် ဒီသံယောဇဉ်တွေကိုတော့ ပြတ်တောက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ အိမ်မပြန်ခင် စုံစမ်းသိရှိလိုက်ရသည့် သတင်းတွေက အံ့သြစရာကောင်းသည်။

မင်းစက်က အမေတို့နှင့်အတူ ရာရာတို့ နေထိုင်ခဲ့သော အိမ်ကလေးမှာ လာနေသည်တဲ့။ ပြီးတော့ အမေတို့ မိသားစု ဝမ်းရေးအတွက် ကားဂိတ်လေးမှာ ဈေးရောင်းသည်တဲ့။

မင်းစက် ဘာတွေ ကြံစည်နေတာလဲ။

ရာရာ ရှင်သန်ခဲ့သည့် ဘဝကို သိမ်းပိုက်လိုက်တာလား။ ပြည့်စုံမှုတွေကို စွန့်ခွာပြီး ဒီဘဝထဲ ဆင်းခဲ့တာ ဘာရည်ရွယ်ချက်လဲ။

သံသယတွေနှင့် နေ့စဉ် စောင့်ကြည့်ရင်း မင်းစက်ရဲ့ ရည်ရွယ်ချက်ကို ရာရာ သိခဲ့ပါသည်။

"အဲဒီ ကောင်လေးက သမီးကလေးနဲ့ နေတာ၊ ယောက္ခမနဲ့ ယောက်ဖကိုလည်း စောင့်ရှောက်ကျွေးမွေး ရှန်းကန်နေတာ၊ ကလေး အမေကတော့ သေသွားသလိုလို ပြောသံ ကြားတာပဲ၊ တော်တော်လိမ္မာတဲ့ ကောင်လေးပါကွယ်"

မင်းစက်အကြောင်းကို ဝေဖန်ပြောဆိုသံတွေ ရာရာ ကြားသည်။ ကိုယ်တိုင်လည်း နေ့စဉ် စောင့်ကြည့်ရင်း ယုံကြည်လာခဲ့သည်။

ရာရာရဲ့ တာဝန်တွေကို မင်းစက် နိုင်နင်းစွာ ထမ်းဆောင်ပေးနေခဲ့တာပေါ့။





ဒါကို နားလည်မိတော့ ရာရာ နှလုံးသားတွေ ကြည်နူးရသည်။ မင်းစက် အရိပ်လေးကို ကြည့်ငေးကာ ရာရာရဲ့ အမုန်းတွေ ပြေခဲ့သည်။ ဒါကိုတော့ မင်းစက် မသိနိုင်ပါ။

"ဟင်"

အတွေးတို့ လွင့်စင်သွားစေသော မြင်ကွင်းကြောင့် ရာရာ မျက်ဝန်းလေးတွေ ပြူးကျယ်သွားခဲ့၏။

မင်းစက် ဆိုင်ကလေးကို သမီးလေးချီကာ ရောက်လာတာက မောင်လေး ကောင်းစံ ဖြစ်နေသည်။

ရာရာ ကားလမ်းတစ်ဖက်မှာ ရပ်ကြည့်နေတာကို သူတို့ မြင်နိုင်ပေမယ့် သိမှာမဟုတ်။ လျှာထိုးဦးထုပ်နှင့် ဝတ်ဆင်ထားသောဒီဇိုင်းက ရှက်လက်ရှည်နှင့် ဂျင်းပင်နှင့်ဆိုတော့ အဝေးကဆို ယောကျ်ားလေးလို့တောင် ထင်မှတ်မှားနိုင်၏။

"သ သမီးလေး"

သုံးလကျော်ခန့် ခွဲနေခဲ့ရသော သမီးလေးဆိုသော အသိနှင့် ရာရာ ရင်တွေလှုပ်ခတ်သွားခဲ့သည်။

မင်းစက်က မောင်လေး ချီပိုးလာသော သမီးလေးကို ထွေးပွေ့နမ်းရှိုက်နေတော့ ရာရာ ရင်ထဲမှာ ပိုလို့ ဆူးနစ်လိုက်ပိုလာမိသည်။

သမီးလေးကို ထွေးပွေ့ချင်ပေမယ့် သူ ရှိနေတာမို့ ငြိမ်နေခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိသည့်အဖြစ်။

ရာရာ သတိထားမိချိန်မှာ ကားလမ်းမကို ဖြတ်ကူးပြီး သမီးလေးကို အနီးဆုံး မြင်ရမည့် နေရာအထိ ရာရာ တိုးကပ်ရောက်ရှိလာခဲ့သည်။

ချစ်စရာကောင်းလိုက်တဲ့ သမီးလေး။ မေမေ့ သမီးလေးရဲ့ အတွက် မာနတွေနဲ့ မေမေ စွန့်ပစ်ခဲ့ပေမယ့် မေမေ့နှလုံးသားက မခံစားနိုင်ဘဲ ရောက်ခဲ့ရတယ်။

"အဲ အဲ ဝါး ဝါး"

ရုတ်တရက် သမီးလေး စူးစူးဝါးဝါး ထအော်ငိုတော့ ရာရာ ရင်ထဲမှာ နင့်ခနဲ။

မင်းစက်က သမီးလေးကို လှုပ်ခတ်ချော့မြူရင်း

"ညီလေး သမီး နို့ဆာနေသလား မသိဘူး။ နို့ဘူးပါလာသလား"

"ပါတယ် ကိုကြီးမင်းစက် ခြင်းထဲမှာ"

မင်းစက် ခြင်းတောင်းထဲက နို့ဘူးကို ထုတ်ကာ သမီးလေးကို ချော့မြူတိုက်ကျွေးနေ၏။ ရာရာ ရင်တွေ တင်းကြပ်စပ်ဖျဉ်းလာတာ မိခင်မေတ္တာစိတ်ကြောင့်လား။

ကွမ်းယာရောင်းပေးနေသော မောင်လေးကိုလည်း ဂရုမစိုက်





နိုင်။ မင်းစက်ကိုလည်း သတိမရ။ ရာရာ စိတ်အာရုံက နီထွေးထွေး သမီးလေး မျက်နှာမှာ ငေးမောနစ်မျောနေခိုက်

"ဟင် မင်း မင်း ရာ ရာရာ"

"ဟင်"

မင်းစက်က ရာရာကို သတိထားမိသွားကာ အံ့ဩစွာ ရေရွတ်သည်။ ရာရာ ချာခနဲ လှည့်ကာ ကားလမ်းတစ်ဖက်ကို ဖြတ်ပြေးသည်။

"ညီလေး ရော့ သ သမီးကို ခဏချီထား"

မင်းစက် သမီးကို မောင်ကောင်းစံ လက်ထဲ အမြန်လွှဲပေးကာ ရာရာ နောက်သို့ ပြေးလိုက်သည်။

"ရာ ရာရာ နေပါဦး ရာရာ"

မောင့်ခေါ်သံက စူးစူးရှရှ ထွက်လာတာမို့ တစ်ဖက် ပလက်ဖောင်းရောက်နေသည့် ရာရာ လှည့်အကြည့်

"ဟင်"

ကားလမ်းမကို အပြေးဖြတ်ကူးလာသည့် မင်းစက် အန္တရာယ်ကို ဂရုမထားနိုင်ပါ။ ညာဘက်လမ်းကြောက မောင်းနှင်လာသော ကားတစ်စီးက

"မောင် မ မလာနဲ့"

ရာရာ မျက်လုံးတွေ စုံမှိတ်ကာ စူးစူးဝါးဝါး ဟစ်အော်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဂျီ"

"ဒုန်း"

ဘရိတ်ဖိနင်းသည့်အသံ။ ပြင်းထန်သော တိုက်ခိုက်မိသံတွေကို ရာရာ အထိတ်တလန့် ကြားလိုက်သည်။

"ဘုရား ဘုရား မောင် မောင်"

"ရာရာ"

အနားက ကပ်ခေါ်လာသည့်အသံကြောင့် ရာရာ မျက်ဝန်းတွေ ဖွင့်ကြည့်တော့ သူမ ရှေ့မှာ ရပ်နေတာ မင်းစက်ဝသုန်။

"မောင် မောင်"

မင်းစက် ခန္ဓာကိုယ်လေးကို ရာရာ မယုံမရဲ တို့ထိကြည့်တော့ မင်းစက် လက်တွေက ရာရာကို တင်းကြပ်စွာ ပွေ့ဖက်ထားရင်း

"ရာရာရယ် မောင့်ကို ခွဲမသွားပါနဲ့တော့နော်"

ရာရာ ဟန်မဆောင်ချင်ပါ။ မောင့်အရိပ်ကို ငေးပြီး နေ့စဉ် ခံစားနေရသော ဝေဒနာ အပူတွေကိုလည်း မခံစားနိုင်တော့ပြီမို့

"မောင်ရယ် ရာရာကို ခွင့်လွှတ်ပါ"

"ကံကောင်းလို့ပေါ့ ရာရာရယ်၊ ကားက ဘရိတ်နင်းမြန်လို့ ကိုယ့်ကို ရှောင်ရင်း ပလက်ဖောင်းနဲ့ဝင်တိုက်မိတာ၊ သိပ်တော့ မထိခိုက်





မိပါဘူး"

"တော်သေးတာပေါ့ မောင်ရယ်၊ မောင့်ကို တိုက်မိပြီလို့ ရာရာ ထင်လိုက်တာ"

ရာရာက သူ့ကိုတင်းကြပ်စွာ ပြန်ပွေ့ဖက်ရင်း ပြောသည်။ မင်းစက် ပလက်ဖောင်းကို ဝင်တိုက်မိသည့် ကားဆရာ၏ ဒုက္ခကို လှမ်းကြည့်ရင်း

"အစ်ကိုကြီး ဘာမှမပူနဲ့ ကျွန်တော် အားလုံး တာဝန်ယူ ဖြေရှင်းပေးမယ်၊ ခဏလေးစောင့်၊ လာ ရာရာ သမီးလေးဆီ သွားရ အောင်"

ကားဒရိုင်ဘာ ပုဂ္ဂိုလ် ခေါင်းကုတ်ကျန်ရစ်ခဲ့သည်။ မင်းစက်ဝသုန် ရာရာလက်ကို ဆွဲကာ သမီးလေးဆီ လှမ်းခဲ့သည်။

သမီးလေးကို ပွေ့ချီရင်း သူတို့နှစ်ဦးကို လှမ်းကြည့်နေသော မောင်ကောင်းစံ မျက်နှာမှာ အပြုံးရိပ်တွေ ဝေလျက်

ဆုပ်ကိုင်ထားသော မောင့်လက်ကို ရာရာ လွှတ်ထွက်သွား မတတ် တင်းကြပ်စွာ ပြန်ဆုပ်ကိုင်လိုက်မိပါသည်။

အမုန်းတရားတွေနှင့် မောင့်ကို သောကတွေ ပေးမိခဲ့ခြင်း အတွက် ရာရာ ကျေနပ်အောင် တောင်းပန်ချင်သေးသည်။

ဖြူစင်သော နှလုံးသားနှင့် မောင်ကလည်း ခွင့်လွှတ်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ရာရာ ယုံသည်။

မေတ္တာတရားရဲ့ အင်အားသည် အမုန်းတရားတို့ အင်အားထက် သာလွန်သည်ဆိုခဲ့လျှင်. . .။

ပရိသတ်အတွက်

အမြဲတမ်း

မြူး



www.burmeseclassic.com